# ဘာသာရေး ပြဿနာများ

၁

ရဝေထွန်း

www.dhammaransi.com

ရဝေထွန်း

# ဘာသာရေးပြဿနာများ(၅)

မြတ်မင်္ဂလာစာစောင်၌ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှ
၂၀၀၁ ခုနှစ် ဒီဇင်ဘာလအထိ ဖော်ပြခဲ့သော
အမေးအဖြေများကို စုစည်းထုတ်ဝေသည်။

ပါရမီ
စာပေ

www.dhammaransi.com

ဘာသာရေးပြဿနာများ(၅)
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၄/ ၂၀၀၃(၁)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၆၈၅/ ၂၀၀၂(၁၂)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

တန်ဖိုး ၁၂၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

# မာတိကာ


| | စာမျက်နှာ |
|---|---|
| ကလေးဝယ်ခြင်း | ၂၈ |
| ကာမေသုအကျိုးဆက်လား | ၁၈ |
| ကုဋေကိုးထောင်ကျော် | ၁၇၅ |
| ကုသိုလ်၏တူသောအကျိုးပေး | ၁၇၀ |
| ကောတုဟလမင်္ဂလာ | ၁၇၇ |
| ကံ စိတ် ဥတု အာဟာရနှင့် သုံးဆယ့်နှစ်ကောဋ္ဌာသ | ၁၈၈ |
| ကိုးပါးသီလ နဝမသိက္ခာပုဒ် | ၉၄ |
| ကမ္မဋ္ဌာန်းတရား၏လောကီအကျိုး | ၁၆၈ |
| ကိုယ်တော်နှင့် သင်္ကန်းတော်ကိစ္စ | ၉၇ |
| ကိုယ်လက်သန့်စင် တရားထိုင်လျှင် | ၁၄၃ |
| ကိုယ့်ကိုယ်ကို သတ်ခြင်း | ၁၇၀ |
| ကျေးဇူးတရား | ၁၄၅ |
| ကျောင်းထိုင်ဘုန်းကြီးအင်္ဂါငါးပါး | ၉၉ |
| ကျောင်းသူကျောင်းသားနှင့် ဝိပဿနာတရား | ၁၁၂ |
| ကျန်းမာခြင်းသည် လာဘ်တစ်ပါး ပါဠိ | ၁၅၂ |
| ကြေးစည် ခေါင်းလောင်းနှင့် တဘက် ပဝါ | ၁၃၃ |
| ခိုးသူလား လူသတ်သမားလား | ၇၈ |
| ချမ်းသာခုနစ်ဝ | ၁၈၄ |
| ခြင်္သေ့ရုပ်တု | ၁၅၃ |


www.dhammaransi.com

| | |
|---|---|
| ခွေးကလေးအား ရည်မှန်း၍ | ၁၀၀ |
| ဂိလာနအရ လူပုဂ္ဂိုလ် လူမမာ ပါမပါ | ၁၅၅ |
| ငါးပါးသီလသည် နိစ္စသီလ | ၅၇ |
| ငါးပါးသီလ အတိုခံယူနည်း | ၁၆၀ |
| စကြဝဠာ ကုဋေတစ်သိန်း | ၁၁၇ |
| စိတ်တစ်ခုယုတ်ကိုးဆယ်နှင့် စိတ်ကုဋေတစ်သိန်း | ၄၃ |
| စိတ်နာမည်များ | ၁၀၅ |
| ဆီးဖြူဖန်ခါး ရဟန်းစား | ၅၃ |
| ဆုကြီးပန်အဖြစ်မှ | ၁၂၀ |
| ဆဲဆို၍ ကူညီခြင်း | ၅၂ |
| ဆည်းလည်း ဆွဲလဲ | ၁၂ |
| ဆိတ်တစ်ကောင်ကို သတ်၍ | ၁၄၇ |
| ဆွမ်းတော်တင်နှင့် သံဃာဆွမ်း | ၁၅၄ |
| ဆွမ်းသွတ်ခြင်း | ၁၈၅ |
| ဆွမ်းဟင်းလောင်းလှူခြင်း | ၄၄ |
| ဇာတိဿရဉာဏ် | ၈၇ |
| ဉနှင့် ပေါ် | ၁၂၁ |
| ညနှင့် ညဥ့် | ၈၅ |
| တပမင်္ဂလာ | ၄၉ |
| ဒါနနှင့်စာဂ | ၆၄ |
| ဒါနပြုပေးခြင်းနှင့် ပြုစေခြင်း | ၁၁၃ |
| ဒါနသုံးမျိုး | ၁၇၆ |

ဒိဗ္ဗစက္ခုအဘိညာဉ် ရှိနိုးဂါထာ ၆၁
ဒုဿီလနှင့် အလဇ္ဇီ ၁၀၃

ဓမ္မစကြာဟူသောအမည် ၂၁

နာကိုးတောင်းရှစ်ဂါထာ ၁၆၅
နိဗ္ဗုဒ္ဓကုသိုလ် ၇ မျိုး ၁၃၉
နီလရောင်ခြည်တော် ၉၉
နည်းတစ်ထောင် ၂၉
နတ်စစ်သူကြီးနှင့် နတ်တပ်သားများ ၁၃၁

ပဋိသန္ဓေနှင့် ရုပ် ၁၀၇
ပဋိသန္ဓေနှင့် အနိယတအာပတ် ၁၀၇
ပရိတ်ရွတ်ရာ၌ နတ်ဖိတ်ခြင်း ၁၇၉
ပရိတ်ရွတ်၍ ကျန်းမာခြင်း ၁၁
ပါရမီ ၆၈
ပါရာဇိကနှင့် ကန်တော့ခြင်း ၁၇၃
ပါရာဇိကအမျိုးမျိုး ၃၇
ပါဠိသံ ၂၆
ပါဠိအမှားအမှန် ပြင်ပေးရန် ၁၄၉
ပိဋကနှင့် အက္ခရာ ၇၄
ပိသုဏာဝါစာ မဂ်ပယ်ရာ ၁၇
ပုတီးစိပ် ၁၆၁
ပိုးမွှားများ ဖြဟွှာပြည်ရောက်မရောက် ၁၁၅
ပိုးသတ်ဆေးနှင့် လယ်သမား ၁၁၉
ပစ္စည်းရှိလျက် မသုံးရသူ ၁၅၉
ပဥ္စပတိဋ္ဌိတအင်္ဂါ ၉၀
ပဌာန်းပါဠိတော် ရွတ်ဆိုမှု ၁၀၃


www.dhammaransi.com

ပုဗ္ဗေနိဝါသာနုဿတိ ၂၂
ပြိတ္တာ ၈၀

ဗောဓိပင်ကို ထီးတင်ခြင်း ၁၈၃
ဗုဒ္ဓဂယာဘုရားဖူးများ ၁၄၈
ဗုဒ္ဓဘာသာနှင့် သုံးဆယ့်ခုနစ်မင်းနတ်များ ၁၈၉
ဗုဒ္ဓဘာသာမှန်သမျှ အပါယ်မကျ ၆၂
ဗုဒ္ဓဝစန သုံးပါးပြ ၁၄၀

ဘုရား ၈၅
ဘုရားကိုးဆူ ၁၄၁
ဘုရားတစ်ဆူ ချွတ်သောသူနှင့် ဘုရားပစ္စေကဗုဒ္ဓါတို့ဈာန်တန်ခိုး ၄၁
ဘုရားမီးလှုံပွဲ ၁၈၁
ဘုရားရှင့်အရိုးတော်နှင့် ရဟန္တာ့အရိုးတော်များ ၄၅
ဘုရားလက်ထက်သိမ် ၁၆၇
ဘုရားလောင်းနှင့် တိရစ္ဆာန်ဘဝ ၉၆
ဘုရားလောင်းများ ငယ်မည် ၁၉
ဘုရားအနေကဇာတင်ခြင်း ၁၄၅
ဘုရားအနေကဇာတင်နှင့် ဆန်ပန်းပေါက်ပေါက် ၁၆
ဘုရားအုတ် လမ်းခင်း ၁၁၂
ဘုန်းကြီးကျောင်းနှင့် ဝေယျာဝစ္စ ၁၁၅
ဘွဲ့တော်များ ၂၅

မနောဒွါရမနောကံ ၁၇၈
မဖောက်မပြန်တတ်သော ပရမတ္ထတရား ၂၃
မရဏာနုဿတိ ၃၆
မာတုဂါမ မောင်းသောကား ၁၂
မိဘကျေးဇူးဆပ်ပုံများ ၈၂

www.dhammaransi.com

| | |
|---|---|
| မိဘစတဲ့ကျေးဇူးရှင်များအပေါ် ကျေးဇူးဆပ်နည်း | ၁၅၀ |
| မာရ်နတ်မင်းနှင့် လက်ရုံးတစ်ထောင် | ၃၁ |
| မြေမိုးခြင်း | ၁၃ |
| မြတ်စွာဘုရားတို့သက်တမ်းနှင့် အသချေ်အကြောင်း | ၁၂၄ |
| မြတ်စွာဘုရားနှင့် ကဆုန်လ ဝါဆိုလ အမည်များ | ၁၃၃ |
| မြတ်စွာဘုရားရုပ်ပွားတော်နှင့် နားတော် | ၅၆ |
| မြတ်စွာဘုရားအထံ၌ ရေစက်ချခြင်း | ၂၀ |
| မြတ်စွာဘုရား၏ စကားခွန်းတော် | ၁၅၁ |
| ယခင်နှင့်ယခု ကွာခြားမှု | ၁၁၈ |
| ယောကျ်ားဘာဝ မိန်းမဘာဝ | ၁၁၃ |
| ယပ် | ၁၆၂ |
| ရဟန်းတို့၏ လုပ်ကျွေးခြင်းကိစ္စ | ၇၇ |
| ရဟန်းနှင့် ဘွဲ့တော် | ၁၂၉ |
| ရဟန်းနှင့် မာတုဂါမ အဘိဓမ္မာ မေးဖြေရာ | ၃၉ |
| ရဟန်းနှင့် သံဃာ | ၄၂ |
| ရဟန်းပြုခြင်းရှစ်မျိုး | ၉၂ |
| ရဟန်းမခံအပ်သူ ၂၅ ယောက် | ၂၉ |
| ရဟန်းဝါကိစ္စ | ၈၁ |
| ရဟန်းဝတ်၍ အမျှဝေလျှင် | ၄၅ |
| ရေစက် | ၁၂၈ |
| ရေထမ်းခြင်း | ၇၅ |
| ရေသပ္ပါယ်ခြင်း | ၁၈၂ |
| ရုပ်ပြစ်ရှစ်ပါး | ၅၁ |
| ရှင်လောင်း ရဟန်းလောင်းများ ညစာစား | ၈၁ |
| ရှစ်ပါးသီလ ခံယူဆောက်တည်ရာ | ၇၀ |


www.dhammaransi.com

| | |
|---|---|
| လဆန်းကိုးရက် ဝါပန်ထွက် | ၁၆၅ |
| လူနှင့် နတ် | ၉၉ |
| လူမိန်းမနှင့် ခွေးထီး | ၁၃၇ |
| လူ့ဝင်စား | ၈၃ |
| လေးသင်္ချေဟူသည် | ၇၂ |
| လောကနီတိလာစကားများ | ၇၆ |
| လောကီသီလ လောကုတ္တရာသီလ | ၁၁၇ |
| လင်ကုသိုလ်ပြုက မယားရမရ | ၁၈၇ |
| လိင်နိုး | ၁၀၅ |
| လျှပ်စစ်မီးနှင့် ဖယောင်းတိုင် | ၁၅ |
| ဝက္ကလိမထေရ် | ၆၉ |
| ဝိညာဉ် | ၈၉ |
| ဝိညာဉ် | ၁၇၂ |
| သာသနာကာလနှင့် အသင်္ချေ | ၄၇ |
| သာသနာငါးထောင် | ၁၅၆ |
| သားသမီးမရအောင် လုပ်မိသော် | ၁၄၄ |
| သေသူအပေါ်သဘောထား ကြော်ငြာပုံ | ၁၅၃ |
| သေသူအား အမျှဝေခြင်း | ၃၃ |
| သောတာပန် | ၂၇ |
| သောတာပန် | ၈၆ |
| သောတာပန်နှင့် ဒိဋ္ဌိတရား | ၁၅၇ |
| သောတာပန်နှင့် အရက် | ၃၂ |
| သံဃာဒိသိသ်အာပတ် သိက္ခာချ၍ ပျောက် မပျောက် | ၉၅ |
| သံဃိကနှင့် ပုဂ္ဂလိကပစ္စည်း | ၁၅၈ |
| သံပုံးတီးခြင်း | ၅၁ |

ဘာသာရေးပြဿနာများ(၅) ၉
သံဝေဂ ၆၅
သံသေဒဇပဋိသန္ဓေ ၁၁၀
သက်တမ်းနှင့် အရွယ် ၉၄
သိက္ခာပုဒ်နှင့် မညီသော ရဟန်း ၃၉
သိက္ခာပုဒ် ပညတ်ခြင်း ၃၄
သိက္ခာပုဒ် အကျယ် ၄၀
သတ္တဝါအနန္တ ၁၄၂
သုတ်အဆုံး နှစ်ဂါထာ ၆၃
သမ္ဗုဒ္ဓေ ဘုရားရှိခိုးလာ အရေအတွက်များ ၃၄
သမ္ဗုဒ္ဓေ ဘုရားဟောလား ၄၆
သမ္မာအာဇီဝ ၅၀
သိမ်ပျက် မပျက် ကိစ္စ ၁၃၆
အကျဉ်းဟော၍ သိသူ ၁၈၀
အခြေခံဝိပဿနာနှင့် အနှစ်ချုပ် ၈၈
အခြွေအရံမရှိ အထီးကျန်ဖြစ်ရခြင်း ၁၆၃
အဂတိတရားလေးပါး ၁၇၆
အဇာတသတ်မင်း ၃၀
အတွင်းအောင်ခြင်းရှစ်ပါး ၉၁
အနုဂါမိကဥစ္စာ မြှုပ်နှံရာ ၃၇
အပရာပရိယနှင့် ဥပပဇ္ဇ ၁၃၈
အဘိညာဉ်နှင့် လူဝင်စား ၁၁၄
အမေကိုကျွေး ဘုရားကိုလှူ ၁၈၃
အမျိုးသမီးမောင်းသောကား စီးအပ် မစီးအပ် ၇၉
အမျိုးသမီးများနှင့် တည်ခြင်းငါးပါး ၇၁
အမွေဝေ ကျွတ်တမ်းဝင်နှင့် ပုဗ္ဗဏှ ၈၄
အမွေဝေပုံ ၆၆

www.dhammaransi.com

အရိမေတ္တေယျဘုရားလောင်း ၅၄
အရိမေတ္တေယျဘုရားလောင်းစံရာဘုံ ၇၃
အရူပဗြဟ္မာနှင့် အသညသတ်ဗြဟ္မာ ၁၂၅
အရူပဘုံလေးရွာ အရိယာရှိ မရှိ ၁၇၄
အရဏ် ၂၄
အရပ်လေးမျက်နှာနှင့် နတ်မင်းကြီးများ ၁၃၀
အရှင်သာရိပုတ္တရာနှင့် သွေးအန်ရောဂါ ၆၀
အလှူဒါန ၅၉
အလှူပဒေသာပင်မှငွေကို ဝေယျာဝစ္စကိစ္စတွင် သုံးခြင်း ၇၂
အသုဘလောကီဈာန် ၂၄
အသက်တစ်ထောင့်သုံးဆယ် ၁၆၉
အသချေ်ယျနှင့် ကမ္ဘာမြေ ၁၂၇
အသညသတ်နှင့် သုဂတိအဟိတ် ၉၃
အသညသတ်ရုပ် ပုပ် မပုပ် ၉၈
အာဠာနာဒိယနှင့် အာဠာနာဋိယ ၂၅
အာပတ်နှင့် အကုသိုလ် ၁၂၆

ဤမယားသုံးမျိုး ၁၃၅

ဥပမာစကား ၁၀၆
ဥပုသ်အမျိုးအစား ၁၃၄
ဦးပုညတေးထပ်မှ သုံးကျိပ်လေး ၅၈

ဧကဗိဇိသောတာပန်နှင့် သကဒါဂါမ် ၁၇၂

ဥစ္စာစောင့် ၁၈၆
ဥဒ္ဒိဿစေတီ ၁၂၃
အိပ်မက် ၆၇


www.dhammaransi.com

## ပရိတ်ရွတ်၍ ကျန်းမာခြင်း

မေး။ ။ အရှင်ဘုရား၊

လူများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မညီမျှမှုကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်များ ဖောက်ပြန်ကြပြီး ကျန်းမာရေးချို့တဲ့ကြပါသည်။ ပရိတ်ရွတ်ခြင်းဖြင့် ကျန်းမာလာနိုင်ပါသလားဘုရား။

မသင်းသင်းအေး၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

ဖြေ။ ။ ပရိတ် မေတ္တာဘာဝနာတရားတို့သည် ကံအလုပ်များ ဖြစ်ကြ၏။

ကုသလကမ္မ၊ ကောင်းသော ကံအလုပ်ကို လုပ်ကိုင်နေသူများအဖို့ စိတ်ကလည်း ကြည်လင်ရွှင်ပျလာသည်။ စိတ်၏ကြည်လင်ရွှင်ပျမှုကြောင့် ပူမှု၊ အေးမှု၊ ဥတု (အထူးအားဖြင့် ခန္ဓာကိုယ်တွင်းရှိ ဥသ္မာ တေဇောဓာတ်) ညီညွတ်မျှတမှုကြောင့် စားသောက်သောအာဟာရကိုလည်း ပါစကတေဇော က ကြေကျက်စေသည်။ ကျန်သော အာပေါ၊ ဝါယောဓာတ်တို့ကလည်း အညီအမျှ လှုပ်ရှားကောင်းမွန်စေ၍ စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့လည်း ဖြစ်ပေါ်လာရပါသည်။ ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုခြင်းဖြင့် ကျန်းမာသည်ဆိုရာ၌ ဗောဇ္ဈင် ၇ ပါး တရားကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ဓာတ်ကြီးလေးပါး ညီမျှစေကြောင်း၊ ရုပ်နာမ်တို့ ကြည်လင်စေကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားချက် ရှိပါသည်။

*

www.dhammaransi.com

## မာတုဂါမ မောင်းသောကား

မေး။ ။ အရှင်ဘုရား၊

မာတုဂါမများ မောင်းသောကားကို ရဟန်းသံဃာများ စီးခွင့်ရှိ၊ မရှိ သိလိုပါသည်။ ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

မနှင်းသီရိ၊ သံတွဲ။

ဖြေ။ ။ ဆရာတော် အရှင်ဇနကာဘိဝံသ စီရင်သော 'ခုဒ္ဒသိက္ခာဘာသာ ဋီကာ' ၄၄၂ ၌ အောက်ပါစကားရပ်များ ပါရှိ၏။

"အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ယာနံ ပုမ ယုတ္တံ" နွားထီး၊ မြင်းထီးစသည် ကအပ်သော (တပ်သော) ယာဉ်ကိုလည်းကောင်း၊ (ဟတ္ထဝဋ္ဋကံ)လက်ဖြင့် လည်စေအပ်သော (လက်ဖြင့်မောင်းသော) ယာဉ်ကိုလည်းကောင်း မကျန်းမာသောရဟန်း စီးကောင်းသည်။ ပုမ ယုတ္တ နွားထီးစသည့် အထီးသတ္တဝါ ကသည့် (တပ်ထားသည့်)ယာဉ်ဖြစ်လျှင် မောင်းနှင်သူမှာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အပ်၏ဟုဆို၏။ မိန်းမ မောင်းသော မော်တော်ယာဉ် စသည်မှာ အထူးဆိုဖွယ် မလိုချေ။ စီးကောင်း၊ စီးခွင့်ရှိသည်ဟု သိနိုင်ပါသည်။

*

## ဆည်းလည်း ဆွဲလဲ

မေး။ ။ အရှင်ဘုရား၊

စေတီတော်တို့၏ ထီးတော်အောက်ဆုံးအဆင့် သံခွေ၌ ချိတ်ဆွဲပူဇော်ထားသော အသံသာယာစွာ မြည်တတ်သည့်အရာဝတ္ထုများကို အချို့က ခေါင်းလောင်း၊ အချို့က ဆွဲလဲဟု အငြင်းပွားလျက် ရှိကြပါသည်။ သို့အတွက်ကြောင့် အမည်နာမ အမှန်ကို အငြင်းပွားသူတို့ စိတ်နှလုံး အေးလောက်အောင် ဖြေကြားပေးတော်မူပါဘုရား။

ဂေါပကအဖွဲ့၊ သမိုင်းဝင် မြစည်းခုံစေတီတော်၊ အင်းမမြို့။

ဖြေ။ ။ 'ခေါင်းလောင်းသံညည်း၊ ရွှေဆည်းလည်း၊ ချည်းချည်းသံလွင်လွင်'

ဆိုသည့်အတိုင်း ခေါင်းလောင်းနှင့် ဆည်းလည်း (ဆွဲလဲ)သည် ပုံစံတူဖြစ်လျက် အကြီးအသေးသာ ကွာခြားပါသည်။ စေတီတော်တို့၏ ထီးတော်၌ ဆွဲထားသော ခေါင်းလောင်းငယ်ကို ခေါင်းလောင်းဟု မခေါ်၊ ဆည်းလည်းဟုသာ ခေါ်ပါသည်။ တွဲလဲဆွဲသည်ဟူသော မြန်မာဝေါဟာရ စကားသံအတိုင်း အများအားဖြင့် ဆွဲလဲဟု ခေါ်ကြပါ၏။ မြန်မာအဘိဓာန် တွင်"ဆည်းလည်း–န/ဆွဲလဲ/၁။ လေတိုက်လျှင် လှုပ်ခတ်ရန် ညောင်ရွက် ဆွဲ အဆန်ထည့်ထားသည့်ခေါင်းလောင်းငယ်(စေတီထီးတော်တွင် ဆွဲ တပ်လေ့ရှိသည်) 'လေညင်းလာက၊ ပဋ္ဌက်လည်း၊ မြမြချည်းချည်း၊ ရွှေဆည်းလည်းနှင့်၊ နရည်းစရာ၊ မနိုင်းသာတည့်။ ဘုံ ၃၃၊ ညောင်းညောင်း ချည်းချည်း၊ ရွှေဆည်းလည်းနှင့်၊ နရည်း မြူးကွန့်" ဟု ဖော်ပြထားပါ သည်။ ထို့ကြောင့် စေတီတော်တို့၌ ဆွဲထားသည့် ခေါင်းလောင်းငယ်ကို ခေါင်းလောင်းဟု မခေါ်၊ ဆည်းလည်း(စကားသံဖြင့် ဆွဲလဲ)ဟုသာ ခေါ် ကြောင်း မှတ်သားထားသင့်ပါသည်။

*

## မြေမြိုးခြင်း

မေး။ ။ အရှင်ဘုရား၊

အိမ်နှစ်အိမ်ကြားဝန်းခြံကာသောအခါ တစ်ဖက်ခြံမြေရှင်မှ အနည်း ငယ် ၃"၊ ၄" ခန့် ပိုကာမိ၍ တစ်ဖက်ခြံမြေရှင်က ကျေနပ်ခွင့်လွှတ်မှု မရှိပါလျှင် အာဒိန္နာဒါနကံ မြောက်ပါသလား။ ထိုအဒိန္နာဒါနကံသည် ခြံဝင်းကာစဉ် ခဏ(တစ်ကြိမ်တည်း)သာ မြောက်ပါသလား။ ထိုခြံဝင်း တည်နေသမျှ ကာလပတ်လုံး ကံမြောက်နေသည်ဆိုခြင်းမှာ မှန်ပါသလား အရှင်ဘုရား။

ခြံမြေ အပိုယူထားသူသည် ဥပုသ်နေ့များ၌ ၈ ပါးသီလ ခံယူ ဆောက်တည်ပါကလည်း အဒိန္နာဒါနကံ ကျိုးပေါက်ပြီး ဖြစ်နေသည် (ဥပုသ်သီလ မမြောက်)ဆိုခြင်းမှာ မှန်ပါသလား အရှင်ဘုရား။ သံသရာ အကျိုးကို မျှော်ကိုး၍ ဖြေကြားပေးတော်မူပါရန် တောင်းပန် လျှောက်ထား ပါသည် အရှင်ဘုရား။

မစန်းခင်၊ (မီးစက်ကွက်သစ်၊ တောင်ကုတ်မြို့)။

ဖြေ။ ။ ခိုးယူအပ်သော ဥစ္စာသည် ဇင်္ဂမဥစ္စာ၊ ထာဝရဥစ္စာဟူ၍ ၂ မျိုးရှိ သည်။ ရွှေ၊ ငွေ၊ ကျွဲ၊ နွား စသော ဥစ္စာသည် ဇင်္ဂမ=ရွှေ့ပြောင်း၍ ရသော ဥစ္စာဖြစ်၍ လယ်၊ ယာမြေ၊ တိုက်တာ၊ အိုးအိမ် စသော ဥစ္စာ သည် ထာဝရ ရွှေ့ပြောင်း၍ မရသောဥစ္စာ ဖြစ်သည်။ ဇင်္ဂမ၊ ထာဝရ မည်သည့်ဥစ္စာမဆို ခိုးယူစဉ် အနိုက်အတန့် (မူလနေရာမှ ရွှေ့စဉ်)၌ သာ အဒိန္နာဒါန ဖြစ်သည်။ တစ်ဖက်မြေမှ ယူ၍ ခြံကာသူအဖို့ ခြံကာစဉ် အဒိန္နာဒါန ဖြစ်သည်။ သို့သော် ထာဝရဥစ္စာဖြစ်၍ မည်သည့်အခါမျှ ပျောက်ပျက်မသွား။ အစဉ်တွေ့မြင်နေရ၍ အခြားသူ မသိသော်လည်း မိမိသိ၍ မြင်တိုင်း၊ သိတိုင်း ငါခိုးမိသည်၊ ယူမိသည်ဟု စိတ်နှလုံး မချမ်း မသာ ဖြစ်နေမည်။ တစ်သက်လုံး ဝိပ္ပဋိသာရ=စိတ်နှလုံးမသာရွှင်မှု၊ ပူပန်မှု ဖြစ်နေရမည်။ ဇင်္ဂမဥစ္စာကို ခိုးမှု၌ ကုသိုလ်ကောင်းမှု အထပ်ထပ် ပြုနေ၍၊ သီလ ဘာဝနာ ပွားများ၍ အကုသိုလ်မပျောက်သည့်တိုင် အားသေးသွား၍ လည်းကောင်း၊ ကုသိုလ်က အားကောင်း၍လည်းကောင်း အပါယ် ပဋိ သန္ဓေ မပေးနိုင်ဖြစ်သွားသော်လည်း ထာဝရဥစ္စာခိုးမှုမှာ ပစ္စည်းက မပျောက်မပျက်၊ တစ်သက်လုံး တွေ့မြင်နေရပြီး တွေ့မြင်တိုင်းလည်း ဝိပ္ပဋိသာရ ဖြစ်ရတော့သည်။ ကုသိုလ်ပြုတိုင်းလည်း ဝိပ္ပဋိသာရဖြစ်နေ၍ ရွှင်ပျကြည်လင်သာရွှင်ခြင်း မဖြစ်၍ အဒိန္နာဒါန အကုသိုလ်က အပါယ် အကျိုးမပေးသည့်တိုင်အောင် ယင်းဝိပ္ပဋိသာရက အပါယ်သို့ ပို့ဆောင်

www.dhammaransi.com

တတ်လေသည်။ ထို့ကြောင့် ထာဝရဥစ္စာ လယ်ယာ ခြံမြေတို့ကို မခိုးယူမိအောင် အထူးပင် ရှောင်ကြဉ်သင့်ပါသည်။

*

## လျှပ်စစ်မီးနှင့် ဖယောင်းတိုင်

မေး။ ။ အရှင်ဘုရား၊

ဘုရားဆီမီးပူဇော်ခြင်းနှင့် ပတ်သက်၍ နေ့လယ်ပိုင်းအလင်းရောင်ရှိနေစဉ်နှင့် မီးချောင်းရောင်ခြည်တော်တို့ဖြင့် ပူဇော်ထားလျှင် ထပ်မံ၍ ဖယောင်းတိုင် ဆီမီးဖြင့် ပူဇော်ခြင်း မပြုရပါ ဆိုသည်ကို ဖြေကြားပေးတော်မူပါဘုရား။

ဒေါ်အေးအေး၊ ရန်ကုန်။

ဖြေ။ ။ နေ့လယ်နေရောင် ထွန်းလင်းနေချိန်၌ ဖယောင်းဆီမီး ပူဇော်ခြင်းမှာ အဓိပ္ပာယ် မရှိလှ။ နေလွဲချိန်တွင် ဆွမ်းကပ်လှူသကဲ့သို့ အချိန်အခါနှင့် ပူဇော်လှူဒါန်းမှု လွဲချော်နေ၍ ကုသိုလ်အထူးဖြစ်ဖွယ် မရှိပါ။ သို့သော် ညဥ့်အခါ၌ လျှပ်စစ်မီးရောင် လင်းနေသော်လည်း ဖယောင်းဆီမီးညှိထွန်းပူဇော်မှုကား အဓိပ္ပာယ်မရှိ မဟုတ်ပါ။ ဘုရားလက်ထက်တော်ကပင် အခြားသူများ အဖိုးတန်ပန်းများ လှူဒါန်းထားသော်လည်း (နတ်များက မန္ဒာရ နတ်ပန်းများဖြင့် ပူဇော်ထားသော်လည်း) ဆင်းရဲသူမကလေးတစ်ဦးက အဖိုးမတန်သော သပွတ်ခါးပန်းကလေးဖြင့် စေတနာထက်သန်စွာ လှူဒါန်းသဖြင့် တန်ခိုးကြီးသော နတ်သမီး ဖြစ်ရကြောင်း ဝတ္ထုရှိပါသည်။ သူဌေးသူကြွယ်များ အဖိုးတန်သော ဆွမ်းများဖြင့် ပူဇော်လှူဒါန်းထားသည့်ကြားမှ မိမိတတ်အားသမျှ ဝင်ရောက်လှူဒါန်းသည်ကိုလည်း မတားမြစ်အပ်ပါ။ ထို့အတူ လျှပ်စစ်မီးများ ပူဇော်ထားသည့်ကြားမှပင် ဖယောင်းတိုင် စသည်တို့ဖြင့် ထွန်းညှိပူဇော်ခြင်းမှာ ပြုသင့်ပြုထိုက်သော လှူဒါန်းပူဇော်မှုပင် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

www.dhammaransi.com

## ဘုရားအနေကဇာတင်နှင့် ဆန်ပန်းပေါက်ပေါက်

မေး။ ။ အရှင်ဘုရား၊

ဘုရား အနေကဇာတင်သော အလေ့အကျင့်သည် မည်သည့်ခေတ်က ပေါ်ပေါက်ခဲ့ပါသလဲဘုရား။ အနေကဇာတင်ဂါထာများကို ရွတ်ဆို၍ ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ဆင်းတုတော်ကို ပက်ခြင်း၏ အကျိုးအာနိသင်ကို ရှင်းပြတော်မူပါဘုရား။ (ပြဿနာကို လိုရင်းမျှသာ ဖော်ပြလိုက်သည်။)

ဦးထွန်းရင်၊ ရွှေပြည်သာမြို့။

ဖြေ။ ။ ဘုရား အနေကဇာတင်ခြင်းကို ဗုဒ္ဓါဘိသေကမင်္ဂလာ ပြုခြင်းအနေဖြင့် အင်းဝခေတ်ပြု ဝိနည်းဋီကာဖြစ်သော ဝိနယာလင်္ကာရ ဋီကာတွင် တောင်ဖီလာဆရာတော် ရေးခဲ့သည်ကို တွေ့ရ၍ မြန်မာနိုင်ငံသာသနာတော်တစ်လျှောက်လုံးပင် ပြုလုပ်ခဲ့သည်ဟု ယူဆရ၏။ ထို့ထက်စော၍ ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် ပြုလုပ်ခဲ့ကြောင်း အထောက်အထားလည်း တွေ့ရသေးသည်။ ဆန်ပန်းပေါက်ပေါက်ဆိုင်ရာမှာ "ဒဗ္ဗတိဏ၊ သုဒ္ဓတဏ္ဍုလ၊ သိဒ္ဓတ္ထ၊ သုမနမကုလ၊ လာဇသေခိတာနိ" ဟူသော ဇာတ်ဋီကာစကားအရ နေစာမြက်၊ ဆန်ပန်း၊ မုန်ညင်း၊ မလေးငုံ၊ ပေါက်ပေါက် ဤငါးမျိုးမှာ ပစ်ပေါက်ပူဇော်ရသော ပန်းငါးမျိုးဟုကျမ်းဂန်တို့တွင် ဆိုသည်။ ယင်းငါးမျိုးလုံးကိုဖြစ်စေ၊ လေးမျိုး၊ သုံးမျိုး၊ နှစ်မျိုး မရနိုင် အဆုံး တစ်မျိုးတည်းကိုဖြစ်စေ ဘုရားစသည်၌ ပစ်ကြဲ၍ ပူဇော်ကြရကုန်၏။ ဤခေတ်တွင် ဆန်ပန်း (အစိမ်း၊ အနီ၊ အဝါ စသည် ဆေးဆိုးထားသောဆန်)နှင့် ပေါက်ပေါက်ကို ရော၍ အသုံးပြုလေ့ ရှိကြသည်။

*

www.dhammaransi.com

## ပိသုဏာဝါစာ မဂ်ပယ်ရာ

မေး။ ။ အရှင်ဘုရား၊

မနောကံသုံးပါး၌ ပါဝင်သော ပိသုဏာဝါစာကို အနာဂါမိမဂ်က ပယ်ကြောင်း "ပိသုဏာဝါစာ ဖရုသဝါစာ ဗျာပါဒေါတိ တတိယဉာဏေ ဝဇ္ဈာ"ဟု ဝိသုဒ္ဓိမဂ်၌ ဆိုပါသည်။ သို့သော် "ပါဏာတိပါတော အဒိန္နာဒါနံ မိစ္ဆာစာရော မုသာဝါဒေါ ပိသုဏာဝါစာ မိစ္ဆာဒိဋ္ဌိတိ ဣမေဓမ္မာ သောတာပတ္တိ မဂ္ဂေန ပဟီယန္တိ"ဟူ၍ ပိသုဏာဝါစာကို သောတာပတ္တိ မဂ်ကပယ်ကြောင်း အင်္ဂုတ္တရ အဋ္ဌကထာက ဆိုပါသည်။ ထိုအဖွင့်အဆို နှစ်မျိုးအား မည်ကဲ့သို့ ညှိ၍ ယူရမည်ကို ဖြေကြားတော်မူပါဘုရား။

အရှင်သုမင်္ဂလ (မန်း)။

ဖြေ။ ။ ပိသုဏာဝါစာကို ဝိသုဒ္ဓိမဂ်၌ အနာဂါမိမဂ်ပယ်ကြောင်း၊ အင်္ဂုတ္တရ အဋ္ဌကထာ၌ သောတာပတ္တိမဂ်ပယ်ကြောင်း အဆိုမညီရှိသော်လည်း ကုက္ကုစ္စကို ထို့အတူပင် အဆိုမညီရှိရာ၌ "ကတာ ကတာ ကုသလာ ကုသလ ဝိသယံ"စသည်ဖြင့် ဝိသုဒ္ဓိမဂ် ဋီကာဖွင့်ဆိုကာ အပါယ်လားကြောင်း ကမ္မပထဖြစ်သော ကုက္ကုစ္စကို သောတာပတ္တိမဂ်က ပယ်၍ အပါယ်လားကြောင်းမဟုတ်သော ကုက္ကုစ္စအနံ့ကို အကြွင်းအကျန်မရှိ အကုန်အစင် အနာဂါမိမဂ်ကပယ်ကြောင်းဆိုသကဲ့သို့ပင် အပါယ်လားကြောင်းကမ္မပထမြောက် ပိသုဏာဝါစာကို သောတာပတ္တိမဂ်က ပယ်၍ အပါယ်လားကြောင်းမဟုတ်သည့် သိမ်မွေ့သော သုခုမဒေါသကို အနာဂါမိမဂ်က အကုန်အစင်ပယ်ကြောင်း ယူသင့်သည်ဟု ဆရာအရှင်မြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။

*

www.dhammaransi.com

## ကာမေသုအကျိုးဆက်လား

မေး။ ။ အရှင်ဘုရား၊

အချို့သော ယောက်ျားလေးများသည် ကျားကျားလျားလျား မရှိဘဲ မိန်းမစိတ်ပေါက်ကာ မိန်းမလျာ ဖြစ်နေကြပါသည်။ သနပ်ခါးလိမ်း၊ နှုတ်ခမ်းနီ၊ ပါးနီ၊ မိတ်ကပ်ခြယ်သကာ မိန်းမကဲ့သို့ ဝတ်စားပြင်ဆင်၍ သူတို့၏ လက်ရှိဘဝနှင့် အံဝင်ခွင်မကျ ဖြစ်နေရခြင်းမှာ

(၁) ရှေးရှေးဘဝက အကုသိုလ်၏ အကျိုးဆက်ကြောင့်ဟူသည် မှန်ပါသလား။

(၂) လူအများ ပြောကြသကဲ့သို့ ၎င်းတို့သည် ယခင်ဘဝများက ကာမေသုမိစ္ဆာစာရကံကို ပြုခဲ့၍ ဟူသည် မှန်ပါသလား။

ဖြေကြားပေးပါရန် လျှောက်ထားပါသည် အရှင်ဘုရား။

သိန်းလွင်၊ ရေပြာကျေးရွာ၊ ဖြူးမြို့နယ်။

ဖြေ။ ။ ယောက်ျားဘဝ၊ ယောက်ျားစစ်စစ်ဖြစ်လျက် ယောက်ျားစိတ်မရှိ၊ မိန်းမစိတ်ပေါက်လျက် စိတ်မမှန်သူ မိန်းမလျာများမှာ ပြဿနာရှင် ဆိုလိုသကဲ့သို့ ကာမေသုမိစ္ဆာစာရကံ ကံအကုသိုလ် အကျိုးဆက်ကြောင့်ဖြစ်ရသည်ဟုဆိုလျှင် မမှားပါ။ အရှင်အာနန္ဒာအလောင်းသည် ပါရမီပြည့်စုံသော ယောက်ျားစင်စစ် ရွှေပန်းထိမ်သည်သား ဖြစ်ရာမှ လူပေါင်းမှား၍ ကာမေသုမိစ္ဆာစာရကံ (အကုသိုလ်)ကို ပြုမှားမိ၍ ထိုဘဝမှနောက် မဟာရောရုဝငရဲ၌ ကာလနှစ်ပေါင်း သိန်းသောင်းသချေ်ာအကုဋေမက ခံရပြီးမှ ဆိတ်၊ မျောက်၊ နွားဘဝတို့၌ ဖြစ်၍ အသင်းခံရ၏။ ထို့နောက် ကျား၊ မ မဟုတ်၊ ပဏ္ဍုက်မိန်းမလျာဘဝတို့၌ ဖြစ်ပြန်ရလျက် ယောက်ျားဘဝကို ကမ္ဘာများစွာပင် ပြန်မရဘဲ ရှိနေရကြောင်း သံဝေဂဝတ္ထုဒီပနီ စသည်တို့၌ ပါရှိလေသည်။ ထို့ကြောင့် မိန်းမလျာတို့သည် ကာမေသုမိစ္ဆာစာရကံ၏ အကျိုးဆက် အကျိုးဖျားကို ခံစားနေရသူများ ဖြစ်သည်ဟု ဆိုထိုက်ပါသည်။

*

www.dhammaransi.com

## ဘုရားလောင်းများ ငယ်မည်

မေး။ ။ အရှင်ဘုရား၊

ပွင့်ကုန်ပြီးသော နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ၏ (ဂေါတမ မြတ်စွာဘုရား၏ 'သိဒ္ဓတ္ထ'ဟူသော အမည်လို)ငယ်မည်များကို နှစ်ကျိပ် ရှစ်ဆူလုံး အစဉ်လိုက် ၁ ကအစ ၂၈ အဆုံး ဖြေကြားပေးတော်မူပါ ဘုရား။ တပည့်တော်တို့ နှစ်ကျိပ်ရှစ်ဆူ ဘုရားသမိုင်းကို ဘောချပ်တင် ၍ လှူဒါန်းလို၍ ဖြစ်ပါသည်ဘုရား။

ကိုငြိမ်း၊ ကြိမ်ခါးကုန်းရွာ၊
ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။

ဖြေ။ ။ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဗုဒ္ဓဝင်တွင် ငယ်မည်မပါကြ။ ဒီပင်္ကရာ ဘုရားမှစ၍ ဘုရားအမည်တော်၊ ကမ္ဘာ၊ ဇာတိပင်၊ ခမည်းတော်၊ မယ်တော်၊ မိဖုရား၊ သားတော်၊ တောထွက်ရာဒ္ဒ ယာဉ်၊ လက်ယာရံ၊ လက်ဝဲရံ၊ ရဟန္တာ၊ ရဟန္တာမ အလုပ်အကျွေး စသည်မျှသာ ပါရှိပါသည်။ များသောအားဖြင့် ဘုရားအမည်တော်တို့မှာ အမည်ရင်း (ငယ်မည်များ) မဟုတ်။ အနွယ်တော်ဆိုင်ရာ အမည်များသာ ဖြစ်သည်။ ငယ်မည်ကို ဖော်ပြရေးသားလျှင် မရှိသေရာကျသဖြင့် အနွယ်အမည်ကိုသာ အသုံး ပြုကြရသည်။ ငါတို့ဘုရားအမည် ဂေါတမဘုရားဟူသည်မှာလည်း ဂေါတမအနွယ်က ဖြစ်လာသဖြင့် ထိုအမည်ဖြင့် ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ကဿပအနွယ်မှဖြစ်၍ ကဿပဘုရား၊ ကောဏာဂမနအနွယ်မှ ဖြစ်၍ ကောဏာဂုံဘုရား စသည်တို့ ဖြစ်ပါသည်။

*

www.dhammaransi.com

## မြတ်စွာဘုရားအထံ၌ ရေစက်ချခြင်း

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အလှူဒါနပြုပြီးသည့် အခါ ရေစက်ချပါသလား ဘုရား။ မည်သည့်ခေတ်ကစ၍ ရေစက်ချသည့် အလေ့အကျင့် ပေါ်ခဲ့ပါသလဲဘုရား။

ဒေါ်ခင်အေးမူ၊ တောင်ဥက္ကလာပ။

ဖြေ။ ။ မြတ်စွာဘုရားလက်ထက်ကပင် ရေစက်ချ၍ လှူဒါန်းခဲ့ပါသည်။

အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းရာ၌ ရွှေ ရတနာ ၁၈ ကုဋေပေး၍ မြေကို ဝယ်သည်။ ၁၈ ကုဋေ အကုန်ခံ၍ ကျောင်းတော်ကို ဆောက်သည်။ ၁၈ ကုဋေ အကုန်အကျခံ၍ ကျောင်းရေစက်ချပွဲကြီး (ကျောင်းလွှတ်ပူဇာသဘင်)ပြုသည်။ ဝိသာခါသည်လည်း ပုဗ္ဗာရုံကျောင်းတော်ကြီးကို ကိုးကုဋေဖြင့် မြေကို ဝယ်သည်။ ကိုးကုဋေဖြင့် ကျောင်းဆောက်ကာ ကိုးကုဋေကုန်ရေစက်ချပွဲကြီး ဆင်နွှဲခဲ့သည်ဟု ဆိုပါသည်။ နန္ဒိယသူဌေးဝတ္ထုတွင် "ဗုဒ္ဓပမုခဿ သံဃဿ ဒါနံဒတွာ တထာ ဂတဿ ဒက္ခိဏောဒကံ အဒါသိ" ဘုရားအမှူးရှိသော သံဃာအား အလှူပေး၍ မြတ်စွာဘုရားအား အလှူရေစက်ကို ပေး၏၊ ရေစက်ချလှူဒါန်း၏ဟု ပါရှိပါသည်။ ကျောင်းရေစက်ချပုံနှင့်စပ်၍ "သတ္ထုဟတ္ထေ ဒက္ခိဏောဒကေ ပတိဋ္ဌာနေနေ သဒ္ဓိံ ယေဝ တာဝတိံသဒေဝ လောကေ သဗ္ဗဒိသာသု ဒွါဒသယောဇနိကော ဥဗ္ဗံ ယောဇနေ သတဘူမိကော သတ္တ ရတနမယော နာရိဂဏ သမ္ပန္နော ဒိဗ္ဗပါသာဒေါဥဂ္ဂစ္ဆိ" မြတ်စွာဘုရားလက်တော်၌ အလှူရေစက်ကို ချလိုက်သည်နှင့် တစ်ပြိုင်နက် ပင် တာဝတိံသာနတ်ပြည်၊ အရပ်လေးမျက်နှာ၌ တစ်ဆယ့်နှစ် ယူဇနာ၊ အမြင့်ယူဇနာတစ်ရာရှိ နတ်သမီးအပေါင်းနှင့်ပြည့်သော ရတနာဗိမာန်ကြီး ပေါ်လာလေ၏ဟု ဆိုပါသည်။ ရေစက်ချရာ၌ အလှူခံပုဂ္ဂိုလ် (မြတ်စွာ

www.dhammaransi.com

ဘုရား၏)လက်တော်ထဲ၌ ရေစက်ချသည်ဟု ဖော်ပြထားပါသည်။ ထိုမှ တစ်ပါး ဘုရားလောင်း ဝေဿန္တရာမင်း၊ ဘုရားလောင်း ကာလာမပုဏ္ဏား ကြီးတို့လက်ထက်(ဘုရားမပွင့်မီ)ကပင် ရေစက်ချခြင်း အစဉ်အလာ ရှိခဲ့ သဖြင့် ရေစက်ချခြင်း အလေ့အကျင့်သည် အလှူလုပ်တိုင်းပင် ပြုလုပ်ရ သော ရှေးရှေးပဝေဏီ ထုံးတမ်းစဉ်လာပင်ဖြစ်ကြောင်း မှတ်သားအပ်ပါ သည်။

*

## ဓမ္မစကြာဟူသော အမည်

မေး။ အရှင်ဘုရား၊

သစ္စာလေးပါးတရားတော်ဟု မခေါ်ဘဲ အဘယ်ကြောင့် ဓမ္မစကြာ တရားတော်ဟု မှည့်ခေါ်ကြောင်း ရှင်းပြတော်မူပါဘုရား။

မလဲ့လဲ့ရည်၊ မြောက်ဥက္ကလာပမြို့နယ်။

ဖြေ။ ။ "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" သစ္စာလေးပါးမှ လွတ် သော တရားမည်သည် မရှိဟု ဆိုပါသည်။ မြတ်စွာဘုရား တရား တော်တိုင်း၊ သုတ်တော်တိုင်း သစ္စာလေးပါးနှင့် မကင်းနိုင်။ တစ်နည်း မဟုတ်တစ်နည်း သစ္စာလေးပါး ပါသည်ချည်းပင်။ ငါးရာ့ငါးဆယ် ဇာတ်တော်များမှာပင် အဆုံး၌ သစ္စာကိုပြ၍ ဟောပါသည်။ ထို့ကြောင့် သစ္စာလေးပါးတရားဟု အမည်ခေါ်ရလျှင် တရားတော်တိုင်းကိုပင် ခေါ်ရ ပေလိမ့်မည်။ ဓမ္မစကြာတရားတော်မှာ သစ္စာလေးပါးသာမက အစွန်း တရားနှစ်ပါး၊ မဇ္ဈိမပဋိပဒါတရား စသည်များလည်း ပါသေးသည်။ အထူးအားဖြင့် တရားစက်ကြီးသည် ဘုရားအဆူဆူ ပွင့်တော်မူတိုင်း လည်ပတ်၍နေရာ ထိုဘုရားများ ပရိနိဗ္ဗာန်စံတော်မူလျှင် လည်ပတ်မှု ရပ်နားသွားပါသည်။ ကဿပမြတ်စွာဘုရား ရှိတော်မူစဉ် လည်ပတ်နေ သော တရားစက်ကြီးသည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသွား

www.dhammaransi.com

သောအခါ လည်ပတ်မှု ရပ်နားသွားတော့၏။ ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုရပ်နားနေသော တရားစက်ကြီးကို ပဥ္စဝဂ္ဂီငါးဦးတို့ရှေ့တွင် စတင်၍နှိုးကာ လည်စေတော်မူခဲ့ပါသည်။ ထိုတရားစက်ကြီးသည် အယုတ်တရားပြကာ မဇ္ဈိမပဋိပဒါနှင့် သစ္စာလေးပါးတည်းဟူသော စက်အကန့်များဖြင့် လည်ခဲ့သဖြင့် ဓမ္မစက္ကပဝတ္တန တရားစက်ကို လည်စေသောတရား၊ အတိုချုပ် ဓမ္မစကြာတရားဟု ခေါ်ရပါသည်။

*

## ပုဗ္ဗေနိဝါသာနုဿတိ

မေး။ ။ အရှင်ဘုရား၊

ရဟန္တာအားလုံး ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရပါသလား။ ရခဲ့လျှင် ၎င်းဉာဏ်သည် အရဟတ္တမဂ်၏အကျိုးဆက် ဖြစ်ပါသလား။ ပဥ္စမဈာန်စိတ်၏ အကျိုးဆက် ဖြစ်ပါသလား။ ရလည်းရ ဈာန်စိတ်၏ အကျိုးဆက်လည်း ဖြစ်ခဲ့ပါလျှင် ဈာန်မပါဘဲ ဝိပဿနာသက်သက်ဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသည်ဟု ဟောကြ၊ ပြောကြ၊ ရေးသားကြသည်မှာ အစွန်းထွက်နေပါသည်။ ဖြေရှင်းပေးတော်မူပါဘုရား။

မောင်ကျော်၊ မန္တလေး။

ဖြေ။ ။ ရဟန္တာပုဂ္ဂိုလ်သည် (၁)ပဋိသမ္ဘိဒါပတ္တ ရဟန္တာ၊ (၂)ဆဠာဘိညရဟန္တာ၊ (၃) တေဝိဇ္ဇ ရဟန္တာ၊ (၄) သုက္ခဝိပဿကရဟန္တာ ဟူ၍ လေးမျိုး ရှိပါသည်။ ထို ၄ မျိုးတွင် အမှတ် ၁၊ ၂၊ ၃ ရဟန္တာတို့သာ ပု–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိ–ဒိဗ္ဗစက္ခုဉာဏ်နှင့် အာ–အာသဝက္ခယဉာဏ်တို့ကို ရနိုင်ပြီး၊ အမှတ် ၄ ဖြစ်သော သုက္ခ ဝိပဿကရဟန္တာမှာ ဈာန်မပါဘဲ ဝိပဿနာသက်သက်ဖြင့် ရဟန္တာဖြစ်သဖြင့် ဖော်ပြပါ ပု၊ ဒိ၊ အာ ဝိဇ္ဇာသုံးပါးတွင် အာသဝက္ခယ ဝိဇ္ဇာဉာဏ်မျှသာ ရရှိပါသည်။ ပုဗ္ဗေနိဝါသာနုဿတိနှင့် ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်များ မရရှိနိုင်ပါ။

*

www.dhammaransi.com

## မဖောက်မပြန်တတ်သော ပရမတ္ထတရား

မေး။ ။ အရှင်ဘုရား၊

အချို့ပုဂ္ဂိုလ်များ စိတ်ဖောက်ပြန်ပြီး ရူးသွပ်သွားတယ်ဆိုတာလဲ ကြားဖူးပါတယ်ဘုရား။ ရုပ်တရားတွေဟာလည်း ဖောက်ပြန်ခြင်း ရှိတယ်ဆိုတာလည်း ကြားဖူးပါတယ်ဘုရား။ အဲသည် အရပ်သုံးစကားတွေနှင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါးဟာ မဖောက်မပြန် မှန်ကန်သောကြောင့် မြတ်တယ်လို့ ဆိုထားတဲ့ အဘိဓမ္မတ္ထ သင်္ဂဟ စကားအရ ဆန့်ကျင်နေပါသလား။ ရှင်းလင်းအောင် ဖြေကြားပေးတော်မူပါဘုရား။

ဦးသာဒွန်းအောင်၊ သမ္မာရိုး၊ ဝက်လက်။

ဖြေ ။ ။ 'အဝိပရီတ သဘာဝတော ဝေ ပရမော ပဓာနော အတ္ထောတိ ပရမတ္ထော' ဟုဆိုသည့်အတိုင်း မဖောက်မပြန်တတ်သောကြောင့် မြတ်သောသဘောကို ပရမတ္ထဆိုသည်။ စိတ်သည် အာရုံကို ကြံတတ်၊ သိတတ်သောသဘော ရှိသည်။ မကြံတတ်၊ မသိတတ်သော သဘောသို့ ဖောက်ပြန် ပြောင်းလဲ၍ မသွားပေ။ ရူးသွပ်သူတို့ စိတ်ဖောက်ပြန်သည် ဆိုသည်မှာ စိတ်၏ အထူးထူး အထွေထွေ ကြံစည်သိရှိသည့်အတိုင်း ထိန်းသိမ်းနိုင်မှု မရှိ။ ပြောဆိုပြုမူနေသည်ကို ဆိုသည်။ စိတ်သဘာဝက ကြံမှု၊သိမှုမှ သွေဖည် ဖောက်ပြန်၍ သွားခြင်းမဟုတ်။ ရုပ်၏ပရမတ် သဘောမှာလည်း "ရုပ္ပနလက္ခဏေန ရူပန္တိပိ ဝဋ္ဋတိ"အဆေးဟူသော သီတဥတုအရ ဖောက်ပြန်သည်။ အပူဟူသော ဥဏှဥတုအရ ဖောက်ပြန် သည်တို့ကို ဆိုသည်။ သူ၏ဖောက်ပြန်မှု သဘောမှ မဖောက်ပြန်မှု သဘောသို့ ပြောင်းရွှေ့ မသွားခြင်းသည်ပင် ပရမတ္ထသဘော ဖြစ်သည် ဟု မှတ်ရပါသည်။ ထို့ကြောင့် လောကဝေါဟာရ ဖောက်ပြန်သည်ဆိုခြင်း နှင့် ပရမတ္ထသဘောတရားကို နှိုင်းယှဉ်၍ မယူသင့်ကြောင်း သတိပြု သင့်ပါသည်။

*

www.dhammaransi.com

## အရုဏ်

မေး။ ။အရှင်ဘုရား၊

ဗုဒ္ဓဘာသာတို့ ပြောဆို သုံးစွဲနေကြသော'အရုဏ်' ဆိုသည်မှာ နောက်တစ်နေ့သို့ ကူးပြောင်းခြင်းဟု ဆိုလိုပါသလားဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာ။

ဖြေ။ ။ အရုဏ်ဟူသည်မှာ အရုဏ ဟူသော ပါဠိမှ သက်သော မြန်မာ ဝေါဟာရဖြစ်၍ စဉ်းငယ် နီမြန်းသော(ဝါ) ရှေးဦးစွာ တက်လာသော နေ၏အရောင်ဟု ဆိုလိုပါသည်။ နေမထွက်မီ တစ်နာရီခန့်တွင် အရှေ့လောကဓာတ်၌ ငါးကြင်း၏မျက်စိအရောင်ကဲ့သို့ နီမြန်းသော ရောင်ခြည်ဦးပင်ဖြစ်၍ သာသနာတော် အလိုအားဖြင့် နေ့သစ် တစ်နေ့ ဖြစ်ထွန်းလာခြင်းပင် ဖြစ်ပါသည်။

*

## အသုဘ လောကီဈာန်

မေး။ ။အရှင်ဘုရား၊

မိမိ ခန္ဓာကိုယ်ကို ဆံပင်၊ မွေးညင်း စသော ၃၂ ကောဋ္ဌာသနှင့် အသုဘကမ္မဋ္ဌာန်း စီးဖြန်းလျှင် လောကီ ဈာန် ရ၊ မရ သိလိုပါသဖြင့် ရှင်းလင်းစွာ ဖြေကြားပေးတော်မူပါဘုရား။

နန္ဒာဖုန်းနိုင်၊ ဝန်းသို။

ဖြေ။ ။ကေသာ၊ လောမာ(ဆံပင်၊ မွေးညင်း)စသော ဒွတ္တိံသာကာရ ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်းနှင့် ဥဒ္ဓုမာတက စသော အသုဘ ၁၀ ပါး ကမ္မဋ္ဌာန်းများကို စီးဖြန်းပွားများလျှင် ပဌမဈာန်ကို ရနိုင်ကြောင်း ဝိသုဒ္ဓိမဂ်တွင် ဆိုပါသည်။ ဒုတိယ၊ တတိယ စသောအထက်ဈာန်များကို ရလိုလျှင် ကသိုဏ်း ၁၀ ပါး စသော အခြား သမထကမ္မဋ္ဌာန်းများကို ကူး၍ ဆက်လက် အားထုတ်သွားနိုင်ပါသည်။

*

www.dhammaransi.com

## အာဋာနာဋိယနှင့် အာဋာနာဋိယ

မေး။ ။ အရှင်ဘုရား၊

ပရိတ်ကြီးသင်တန်းတွင် ဆရာက အာဋာနာဋိယ သုတ် ဟုဆို၍ သင်ကြားပါသည်။ တပည့်တော်မ၏ပရိတ်ကြီးစာအုပ်တွင် အာဋာနာဋိယ သုတ်ဟုပါပါသည်။ အာဋာနာဋိယ၊ အာဋာနာဋိယ နှစ်မျိုးတွင် မည်သည် က မှန်ပါသနည်း။ သိလို၍ ဖြေကြားပေးတော်မူပါဘုရား။

အိအိခင်၊ ဘုန်းကြီးလမ်း၊ ရန်ကုန်။

ဖြေ။ ။ စလင်းပရိတ်ကြီးနိဿယတွင် 'အာဋာန ဒဏ္ဍိဝတ္ထာတိ အာဋာ နာဋိယံဟု ဝိဂြိုဟ်ပြုကာ၊ ဝတ္ထ=ဤတောကျောင်း၌။ အာဋာ= ယောက်မ ပါးပျဉ်းနှင့်တူသော၊ နှုတ်သီးရှိသော ငှက်တို့သည် (ဟေစ်ငှက် တို့သည်)။ န ဒဏ္ဍိ=မြည်တတ် (တွန်တတ်)ကုန်၏။ ဣတိ= ထို့ကြောင့်။ တံအရည သေနာသန်=ထိုတောကျောင်းသည်။ အာဋာနာ ဒိယံ= အာဋာ နာဒိယ မည်၏'ဟုဆိုကာ မြတ်စွာဘုရား သီတင်းသုံးသော ဂိဇ္ဈကုဋ်တောင် တောကျောင်း၌ ယောက်မပါးပျဉ်းနှင့် တူသောနှုတ်သီး ရှိသည့် ဟေစ် ငှက်တို့ နေကုန်၏။ ထိုကျောင်း၌ ဝေဿဝဏ်နတ်မင်းကြီး လာလျှောက် ထားသော ပရိတ်သုတ်ဖြစ်၍ အာဋာနာဋိယသုတ်ခေါ်ကြောင်း ဆိုသည်။ တစ်နည်းမှာ ဝေဿဝဏ် နတ်မင်းကြီး၏နေရာ နတ်ပြည်ကို အာဋာနာ ဋိယ နတ်မြို့တော်ဟု ဆိုသည်။ ထိုအာဋာနာဋိယ နတ်မြို့တော်မှ လာ ၍ လျှောက်ထားသောသုတ် ဖြစ်၍လည်း အာဋာနာဋိယသုတ် မည်ပါ သည်။ ထို့ကြောင့် နှစ်မျိုးလုံးပင် မှန်ပါသည်။

*

## ဘွဲ့တော်များ

မေး။ ။ အရှင်ဘုရား၊

မြန်မာနိုင်ငံရှိ ရဟန်းတော်များ၏ဘွဲ့တော်များ နေ့နံအရ မှည့်ခေါ် သလို သီဟိုဠ်(သီရိလင်္ကာ)၊ ယိုးဒယား (ထိုင်း)စသောနိုင်ငံတို့ရှိ ရဟန်း

www.dhammaransi.com

တော်များလည်း နေ့နံ့အရ မှည့်ခေါ်ကြပါသလား။ ထို့အတူ မြတ်စွာဘုရား လက်ထက်က ရဟန်းတော်များလည်း နေ့နံ့အရ မှည့်ခေါ်ကြပါသလား။ သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

အရှင်ပညာသီရိ၊ မိတ္ထီလာမြို့။

ဖြေ။ ။ မြန်မာနိုင်ငံမှာကဲ့သို့ပင် အခြားထေရဝါဒနိုင်ငံများရှိ ရဟန်းတော်များလည်း အများအားဖြင့် နေ့နံ့အရ ဘွဲ့တော်များကို မှည့်လေ့ မှည့်ထ ရှိပါသည်။ ဘုရားလက်ထက်က်မူ အကြောင်းအားလျော်စွာ ခေါ်ဝေါ်ကြပါသည်။ အချို့မှာ အနွယ်ကို လိုက်၍ အရှင်မဟာကဿပ၊ ကုမာရ ကဿပ၊ တိဿ၊ ဂေါတမ စသည်၊ အချို့ထူးခြားသော ရှေး အကြောင်းကို ထောက်၍ ပဋ္ဌဒီပိက မထေရ်(ဆီမီးတိုင်ငါးတိုင် လှူဖူးသူ) မဟာပန္ထက၊ စူဠပန္ထက(လမ်းမှာမွေးဖွားသူ) စသည်များဖြစ်၏။ အချို့ အမိအမည်ကို စွဲ၍ သာရိပုတ္တ၊ မောဂ္ဂလာန၊ အမျိုးနှစ်မျိုးက မွေးထား သူဖြစ်၍ ဗာကုလ၊ သစ်ခွံတို့ကို စီ၍၊ ဝတ်ရုံ၍ ဒါရုစီရိယ စသည်တို့ ဖြစ်ကြပါသည်။ ထေရာပဒါန် စသည်တို့ကိုဖတ်လျှင် ပို၍ သိသာနိုင် ပါသည်။ အင်္ဂုလိမာလမထေရ်၏ ငယ်မည်မှာ အဟိံသက ဖြစ်သော် လည်း ရဟန်းဘဝတွင် လူသတ်ခိုးသားဘဝက လက်ချောင်းကို သီကုံး၍ ဆွဲထားသည်ကိုစွဲ၍ အင်္ဂုလိမာလဟူ၍ အမည်ဖြစ်ခဲ့ရသည်။ ဤသို့ စသည် ဖြင့် ဘုရားလက်ထက်က အမည်များ၊ ဘွဲ့များမှာ အကြောင်းအားလျော် စွာ ခေါ်ဝေါ်ကြသည်ကို မှတ်သားရပါမည်။

*

## ပါဠိသံ

မေး။ ။ အရှင်ဘုရား၊

ပါဠိတော်များတွင် ဝဇ္ဇပေါက်နှစ်လုံး မပါသော်လည်း ဂစ်ဆန်းတု၊ သုဏာန်းတု၊ အာယန်းတုဟု ဆိုသည့်အသံများကို နေ့စဉ်ကြားနေရပါ

www.dhammaransi.com

သည်။ ပုဂ္ဂိုလ်တစ်ဦးက "ရေးတော့ အမှန်၊ ဖတ်တော့အသံ"ဟု ပြောပါသည်။ အများအမှန်ကို ညွှန်ပြတော်မူပါဘုရား။

ဦးပု၊ လှည်းကူးမြို့။

ဖြေ။ ။ ပါဠိစာတွင် မြန်မာစာကဲ့သို့ ရေးတော့အမှန်၊ ဖတ်တော့အသံ မရှိပါ။ အရေးအတိုင်း ပီပီသသ ဝစ္စနစ်လုံးပေါက်သံ မပါစေဘဲ ဂစ်ဆန်တု၊ သုဏာန်တု၊ အာယန်တုဟု အသံထွက်စေရပါသည်။ ထို့ပြင် ရကောက်သံများကိုလည်း ယပက်လက်သံ မထွက်စေဘဲ လျှာဖျားကို အာခေါင်သို့ ထိစေပြီး ရသံပီပီ (အင်္ဂလိပ် Rသံ)ထွက်စေရန် အရေးကြီးပါသည်။ ပရိတ်တော်များ၌ ထိုကဲ့သို့ ဝစ္စပေါက်သံ၊ ယပက်လက်သံများ ဖြစ်နေက အက္ခရာမမှန်၍ ပရိတ်အကျိုး လျော့ပါးနိုင်၏။ ကမ္မဝါစာများ တွင်မူ ကံမအောင်မြင်ဘဲ ရှိတတ်သဖြင့် ရဟန်း ရှင် လူ မည်သူမဆို ပါဠိသံများကို ပီသအောင် ကြိုးစားသင့်ပါသည်။

*

## သောတာပန်

မေး။ ။ အရှင်ဘုရား၊

တမလွန်ဘဝက သောတာပန်ဖြစ်ခဲ့သူသည် လူ့ဘဝရောက်ခဲ့သော် ပစ္စုပ္ပန်ဘဝ၌ သောတာပန်အဆင့်ပင် တည်နေပါသလား ဘုရား။

မောင်တင်နိုင်ဝင်း၊ မြောက်ဥက္ကလာပမြို့။

ဖြေ။ ။ သောတာပန်ဖြစ်သူသည် သောတာပန်ဖြစ်ပြီးလျှင် ပြန်လည်လျှောကျသွားရိုး မရှိ။ အများဆုံး ခုနစ်ဘဝ လူ့ပြည်၊ နတ်ပြည်တို့တွင် ကျင်လည်၍ နောက်ဆုံးဘဝတွင် မဂ်ဖိုလ်အဆင့်ဆင့်တက်ကာ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံဝင်ရပါသည်။

*

www.dhammaransi.com

## ကလေးဝယ်ခြင်း

မေး။ ။ အရှင်ဘုရား၊

ယခုခေတ် ကလေးမိခင်များသည် မိမိ၏ ကလေးငယ်များကို ရောဂါကင်းရန် သံဃာတော်များကို ရောင်းလေ့ရှိပါသည်။ ထိုသို့ ရောင်းလျှင် သံဃာတော်များက ဝယ်ကောင်းပါသလား။ ထိုကိစ္စမျိုး ဘုရားရှင်၏လက်ထက်တော်၌ ရှိပါသလား။ ဖြေကြားတော်မူပါဘုရား။

ရှင်ဣန္ဒာစရိယ (သောဘဇနေ)၊ ပဒ္မောတာရုံတိုက်၊ ချောင်းဦးမြို့။

ဖြေ။ ။ ကလေးကို ရောင်းခြင်း၊ ဝယ်ခြင်းဟူသော ကိစ္စမျိုးများမှာ ခေတ်အားလျော်စွာ ခေါ်ဆိုကြသော ဝေါဟာရ ဖြစ်ပါသည်။ အမှန်မှာ တန်ဖိုးအတိအကျဖြင့် ရောင်းဝယ်ခြင်း မဟုတ်။ ရဟန်းသံဃာထံမှ စတိသဘောမျိုးဖြင့် ဆပ်ပြာတစ်ခဲ၊ ပဝါတစ်ထည်ယူ၍ ကလေးကို ပေးခြင်းမျိုး ဖြစ်သည်။ (ငွေဆိုလျှင်လည်း ငါးကျပ်၊ တစ်ဆယ်သာ ဖြစ်သည်။) ရောင်းဝယ်သည်ဟု မဆိုထိုက်ပါ။ ရိုးရိုးသားသား ကလေးကို လှူသည်ဟူ၍သာ ဖြစ်သင့်ပါသည်။ မြတ်စွာဘုရားလက်ထက်၌ ကာဠီဘီလူးမဝတ္ထုတွင် ဘီလူးမကြီး စားမည့် ကလေးအား မိခင်က မြတ်စွာဘုရားရှေ့၌ ချ၍ ကယ်ဆယ်ပါရန် တောင်းပန်လျှောက်ထားသည်။ ဟတ္ထာဠဝကဝတ္ထု၌လည်း ဘီလူးစာပေးသော ကလေးကို အာဠဝက ဘီလူးက မြတ်စွာဘုရားလက်ထဲသို့ ထည့်၍ လှူဒါန်းခြင်းအမှု ပြုခဲ့သည်။ ဤသည်တို့ကို ထောက်ဆ၍ ကလေးကို ရဟန်းသံဃာတော်များလက်သို့ ထည့်၍ မိန်းကလေးဖြစ်လျှင် ရှေ့တွင်ချ၍ လှူဒါန်းခြင်းမျိုး ပြုလုပ်ရန် သင့်ပါသည်။ ပစ္စည်းဝတ္ထုတစ်စုံတစ်ရာဖြင့် လဲလှယ်ရောင်းဝယ်ခြင်းမျိုး မလုပ်သင့်ဟု ထင်ပါသည်။

*

www.dhammaransi.com

## ရဟာန်းမခံအပ်သူ ၂၅ ယောက်

မေး။ ။ အရှင်ဘုရား၊

ရဟာန်းမခံကောင်းသူ ၂၅ ဦးရှိသည်ဟု ကြားဖူးပါသည်။ ၎င်း ၂၅ ဦးကို ရေတွက်ပြပေးတော်မူပါဘုရား။

ရှင်ပုညဝဏ္ဏ၊ ကချင်ပြည်နယ်။

ဖြေ။ ။ ရဟာန်းမခံအပ်သူ ၂၅ ဦးမှာ (၁) ရဟာန်းပါရာဇိက ၄ ပါး၊ဘိက္ခုနီ သီးသန့်ပါရာဇိက ၄ ပါး ပေါင်း ၈ ပါး၊ (၂) ရှင်မပြုရသော အဘဗ္ဗပုဂ္ဂိုလ် ၁၁ ယောက်၊ (၃) လူထွက်သော ဘိက္ခုနီ ၁ ပါး၊ (၄) လမ္ဘီ၊ မုဒုပိဋ္ဌိက၊ ပန်းစုပ်သူ၊ သူ့လိင်ပေါ်သို့ ရှေးရှုထိုင်သူ ဟူသော အနုလောမ ပါရာဇိက ၄ ပါး၊ အားလုံး စုစုပေါင်း ၂၄ ဦးနှင့် (၅) အသက် ၂၀ မပြည့်သူ ၁ ဦးတို့ ပေါင်းလျှင် ရဟာန်းမခံကောင်းသူ ၂၅ ဦး ဖြစ်ပါသည်။

၎င်း ၂၅ ဦး မှတ်ဖွယ်ဆောင်ပုဒ်မှာ "ဘိက္ခု၊ ဘိက္ခုနီ၊ ရှစ်ပါးမို၊ ပါရာဇိ မှတ်ပါ။ အဘဗ္ဗဆို၊ ဆယ့်တစ်ကို၊ ထိုတွင် ထည့်သွင်းပါ။ ထွက် ဘိက္ခုနီ၊ မု၊ လမ္ဘီ၊ စုပ်သည် ထိုင်မှုပါ၊ သက်မပြည့်ငြား၊ ထည့်တစ်ပါး၊ နှစ်ဆယ့်ငါးဖြစ်လာ။ ရဟာန်းမခံရ၊ ပုဂ္ဂလ ပဥ္စဝီသပါ။

(ဝိ၊ ၃၊ ၁)

*

## နည်းတစ်ထောင်

မေး။ ။ အရှင်ဘုရား၊

ပဥ္စဝဂ္ဂီငါးဦး အပါအဝင် အရှင်အဿဇိက "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"စတဲ့ ဂါထာဟောရာမှာ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿ ပရိဗိုဇ်က ဂါထာတစ်ဝက်မျှ နာကြားရုံဖြင့် ထိုဂါထာတစ်ဝက်ကို နည်း ပေါင်းတစ်ထောင် အကျယ်ချဲ့ တန်ဆာဆင်ပြီး သုံးသပ်သဖြင့် သောတာ

www.dhammaransi.com

ပဋ္ဌာန်းမဂ်ကို ရတယ်လို့ ဆိုပါတယ်။ ၎င်းနည်းပေါင်းတစ်ထောင် ဆိုတာကို သိလိုပါတယ်။ ဖြေဆိုပေးတော်မူပါဘုရား။

သိလိုသူ ဒါယကာမောင်နှောင်း၊ ကန့်မြို့။

ဖြေ။ ။ သောတာပတ္တိမဂ်တစ်မျိုးကို သုညတအပ္ပဏိဟိတ နှစ်မျိုးနှင့် မြှောက်၊ သောတာပတ္တိမဂ်နှစ်မျိုးဖြစ်၏။ ၎င်းနှစ်မျိုးကို ပဋိပဒါ လေးပါးနှင့် မြှောက်၊ သောတာပတ္တိမဂ် ရှစ်မျိုးဖြစ်၏။ ယင်းနှစ်မျိုးနှင့် ရှစ်မျိုးကို ပေါင်း၊ ဈာန်၏အမည်အားဖြင့် ဆယ်မျိုးဖြစ်၏။ ထို့အတူ မဂ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ သစ္စာ၊ သမထ၊ ဝိပဿနာ၊ ဓမ္မ၊ ခန္ဓာ၊ အာယတနဓာတ်၊ အာဟာရ၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဤ ၁၉ ပါးသော အမည်တို့၌လည်း သောတာပတ္တိမဂ် ၁၀ မျိုးစီ ရ၏။ ပေါင်းသော် သောတာပတ္တိမဂ်နှစ်ရာ ဖြစ်၏။ ၎င်းနှစ်ရာကို အဓိပတိလေးပါးနှင့် မြှောက်၊ သောတာပတ္တိမဂ် ရှစ်ရာ ဖြစ်၏။ အဓိပတိ မပါသော ယခင်သောတာပတ္တိမဂ်နှစ်ရာနှင့် ပေါင်းက သောတာပတ္တိမဂ်နည်းပေါင်း ၁၀၀၀ ဖြစ်၏။ သဘောတရား အကျဉ်းတရားစဉ်ကိုသာ ဖော်ပြလိုက်သည်။ အဘယ်ကြောင့် ပေါင်းရသည်၊ မြှောက်ရသည် စသည့်အကျယ်ဖြစ်စဉ်ကို နီးစပ်ရာ ပညာရှင်ဆရာတော်များကို လျှောက်ထားမေးမြန်း၍ မှတ်သားပါဟု ညွှန်ကြား ဖြေဆိုလိုက်ပါသည်။

*

## အဇာတသတ်မင်း

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားဖြစ်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်ချိန်တွင် ဗိမ္ဗိသာရမင်း၏သား အဇာတသတ်မင်းသားငယ်သည် မည်သည့်အသက်အရွယ် ရောက်နေမည်ကို သိလိုပါသည် ဘုရား။

မာယိန္ဒ (ဖောင်းပြင်)။

www.dhammaransi.com

ဖြေ။ ။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွလာချိန်မှာ ဘုရားဖြစ်တော်မူစ ၃၅ နှစ်အရွယ်၌ ဖြစ်သည်။ ထိုအချိန်၌ အဇာတသတ်မင်းသား ဖွားပင် မဖွားသေးပေ။ မြတ်စွာဘုရား သက်တော် ၆၀ ရှိမှ အဇာတ သတ် ဖွားမြင်ပါသည်။ ထိုအချက်များကို ဗုဒ္ဓဝင်ကို ကြည့်ရှု၍ တွက်ချက် နိုင်ပါသည်။

အဇာတသတ်မင်းသား ၁၆ နှစ်သားအရွယ်မှာပင် ဒေဝဒတ်၏ မြှောက်ပင့်အကြံပေးချက်အရ ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်၍ မင်းအဖြစ် ရယူသည်။ အဇာတသတ်သည် မင်းအဖြစ်ဖြင့် မြတ်စွာဘုရား ကို ၄ နှစ်သာ အလုပ်အကျွေးပြုခဲ့ရ၏။ (ဆိုလိုသည်မှာ အဇာတသတ် နန်းသက် ၄ နှစ်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်။)

*

## မာရ်နတ်မင်းနှင့် လက်ရုံးတစ်ထောင်

မေး။ ။ အရှင်ဘုရား၊

မာရ်နတ်မင်းမှာ လက်ရုံးတစ်ထောင်ရှိသည်ဟု ကြားဖူးပါသည်။ မှန် မမှန်၊ ဖြစ်နိုင် မဖြစ်နိုင် ဖြေကြားတော်မူပါဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့။

ဖြေ။ ။ မာရ်နတ်၏ လက်ရုံးဟူသည်မှာ အဖျက်စွမ်းအားကို တင်စား၍ ခေါ်ဝေါ်သုံးစွဲခြင်းသာ ဖြစ်ပါသည်။ တစ်ထောင်ဆိုသည်မှာလည်း တစ်ထောင်အတိအကျကို မဆိုပါ။ အနေကသင်္ချာအများကို ဆိုလိုသဖြင့် အဖျက်စွမ်းအား များပြားစွာရှိသော မာရ်နတ်ဟု ဆိုလိုပါသည်။ မာရ် နတ်မှာ ဝသဝတ္တီ နတ်ပြည်သနင်း နတ်မင်းကြီးမဟုတ်၊ ၎င်းနတ်ပြည် တစ်စိတ်ကိုသာ ပိုင်စိုးသော နတ်ဆိုးနတ်မင်းတစ်ပါး ဖြစ်သည်။ (လူ့ပြည် တွင် နယ်မြေတစ်စိတ်တစ်ဒေသကို အတင်းစိုးအုပ်ထားသူ သူပုန်မင်းသား သဖွယ်သာဖြစ်ကြောင်း ကျမ်းစာတို့တွင် ဆိုပါသည်။)

www.dhammaransi.com

ငင်းမှာ ကံအလျောက် ဘုန်းကံကြီးသော နတ်မင်းတစ်ပါးဖြစ်သည်။ သိကြားနတ်မင်း စသော ဘုန်းကြီးသောနတ်တို့သည် မိမိနေရာ နတ်ပြည်မှတစ်ပါး လူ့ပြည်၌ စုတေကွယ်လွန်ရခြင်း မရှိပါ။ ထိုသို့ မရှိသဖြင့် မြတ်စွာဘုရားကို မည်မျှပင် ပြစ်မှားလုပ်ကြံသော်လည်း ဒေဝဒတ်တို့လို မြေမျိုခြင်း မရှိနိုင်ပါ။ သို့သော် သူ့အကုသိုလ်ကံကြောင့် နတ်သက်စေ့အောင် မနေနိုင်။ စုတေ၍ ငရဲ၌ဖြစ်ရာအကြောင်း ရှိနေပါသည်။ ဒုသီမာရ်နတ်သည် ကကုသန် မြတ်စွာဘုရား၏ လက်ယာရံ သာဝကကြီးအား ပြစ်မှား၍ နတ်ပြည်ပြန်သွားပြီး မကြာမီ စုတေ၍ ငရဲ၌ ဖြစ်ရပုံကို ထောက်ဆနိုင်ပါသည်။ စကားဆက်စပ်၍ ပြဿနာရှင်၏ အခြားပြဿနာများအတွက်ပါ ဖြည့်စွက်ဖြေဆိုလိုက်ပါသည်။

*

## သောတာပန်နှင့် အရက်

မေး။ ။ အရှင်ဘုရား၊

သောတာပန်ပုဂ္ဂိုလ်အား အရက်နှင့် နို့ရော၍ တိုက်သည့်အခါ အရက်မဝင် နို့ရည်သာ ဝင်သည်ဟု ကြားဖူးပါသည်။ ထိုစကား မှန်၊ မမှန် ဖြေကြားပေးတော်မူပါဘုရား။

ပညာသီရိ၊ မိတ္ထီလာ။

ဖြေ။ ။ ထိုစကားမှာ သီလက္ခန္ဓအဋ္ဌကထာ ကူဋဒန္တသုတ်အဖွင့်တွင် ပါရှိသော စကားပင် ဖြစ်ပါသည်။ ယင်းအဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၇၃)၌ "သစေပိဿ သုရဉ္စခီရဉ္စ မိဿေတွာ မုခေပက္ခိ ပန္တိ၊ ခီရမေဝ ပဝိသတိ နသုရာ" (ထိုသောတာပန် အရိယာပုဂ္ဂိုလ်အား သေရည်နှင့် နို့ရည်ကိုရော၍ ခံတွင်း၌ထည့်လျှင် နို့ရည်သာ ဝင်သည်။ သေရည်မဝင်) ဟု အထင်အရှား ဖွင့်ဆိုထားသဖြင့် ယုံကြည်လက်ခံထိုက်သည့် မှန်ကန်သောစကားပင် ဖြစ်ပါသည်။ (သေတုဃာတ ဝိရတီနှင့် စပ်၍ အကျယ်ဖွင့်ဆိုချက်ကို ထိုကျမ်းတွင် ကြည့်ပါ။)

*

www.dhammaransi.com

## သေသူအား အမျှဝေခြင်း

မေး။ ။ အရှင်ဘုရား၊

သေသူကို ရည်ညွှန်း၍ ပြုလုပ်သော ကုသိုလ်သည် သေသူက ပြိတ္တာဖြစ်၍ သာဓုခေါ်နိုင်မှ ရနိုင်သည်။ သေသူသည် နတ်၊ ဗြဟ္မာ၊ လူ၊ ငရဲ၊ တိရစ္ဆာန်တစ်မျိုးမျိုးဖြစ်ခဲ့သော် သာဓုမခေါ်နိုင်၍ အကျိုးမရဟု မှတ်သားရဖူးပါသည်။ သေသူကို ရည်ညွှန်း၍ ကုသိုလ်ပြုလုပ်ရာအခါ၌ နတ်တို့သနင်းသိကြားမင်း၊ ရေမြေသနင်းပြည့်ရှင်မင်း၊ ငရဲသနင်း ယမမင်း၊ ကိုယ်စောင့်နတ်ကို အစထား၍ စသည်ဖြင့် အဘယ်ကြောင့် အမျှဝေရပါသနည်း။ ဖြေကြားပေးတော်မူပါ။

ဦးသာဒင်၊ သမ္မာရိုး၊ ဝက်လက်။

ဖြေ။ ။ သေသူကို ရည်ညွှန်း၍ ကုသိုလ်ပြုအမျှဝေရာ၌ သေသူသည်ပြိတ္တာ (ပရဒတ္တူပဇီဝိကပေတ)ဘဝသို့ရောက်၍ သာဓုခေါ်နိုင်မှ ကုသိုလ်အကျိုးကို ရရှိခံစားနိုင်သည်မှာ မှန်ပါသည်။ သေသူသည် နတ် စသည်ဖြစ်၍ သာဓုမခေါ်နိုင်သော်လည်း ကုသိုလ်ရှင်တို့က ကုသိုလ်အဖို့ကို အမျှဝေရာ၌ ကြားသိ၊ တွေ့မြင်၍ ရွှင်လန်းဝမ်းမြောက်စွာ သာဓု ခေါ်ကြသော ပုဂ္ဂိုလ်များ၊ မိမိရည်ညွှန်းရာ သေသူမှတစ်ပါး အခြားသော ပရလောကမှ ဘိုးဘွား၊ မိဘ၊ မိတ္တဆွေညာများ၊ ဘဝများစွာက ကွယ်လွန်၍ မကျွတ်မလွတ်သေးသူများတို့ သာဓုခေါ်၍ ကျွတ်လွတ်ချမ်းသာသွားနိုင်ကြသည်။ သိကြားမင်း၊ ပြည့်ရှင်မင်း၊ ကိုယ်စောင့်နတ် စသည်တို့မှာ မိမိတို့အား ကူညီစောင့်ရှောက်နိုင်သောကြောင့်လည်းကောင်း၊ ယမမင်းမှာ အကယ်၍ မိမိကွယ်လွန်ခါနီး နှလုံးသွင်း ချွတ်ချော်၍ ငရဲသို့ ရောက်သွားရသည့်တိုင်အောင် "အသင်သည် မည်သည့်ကုသိုလ်ပြုစဉ်က ငါ့အား အမျှဝေဖူးသည် မဟုတ်လော" စသည်ဖြင့် သတိပေး၍ ငရဲမှ လွတ်စေနိုင်သောကြောင့်လည်းကောင်း ယင်းတို့အား အထူးပြု၍ အမျှဝေရခြင်း ဖြစ်ပါသည်။

*

## သိက္ခာပုဒ် ပညတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

လူတို့၏သက်တမ်းရှည်သော ကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့သည် ရဟန်းတို့အား ဩဝါဒပါတိမောက်ကိုသာ ပြပြီး ဝိနည်းသိက္ခာပုဒ် ပညတ်သော အာဏာပါတိမောက်ကို မပြဟု မှတ်သားရပါသည်။ ဘုရားရှင်တို့၏ ဓမ္မတာ ၃၀ တွင် ရဟန်းတို့အား ဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း၊ အာဏာပါတိမောက်ပြခြင်းသည် တစ်ခု ပါဝင်ကြောင်းလည်း မှတ်သားရပါသည်။ ထိုအကြောင်းအရာ နှစ်ခုအား သံသယရှင်းလင်းသွားစေရန် ဖြေကြားပေးတော်မူပါဘုရား။

ကိုဟန်ဝင်း၊ အင်းစိန်မြို့သစ်။

ဖြေ။ ။ ဘုရားရှင်တို့ အာဏာပါတိမောက်ပြခြင်း ဟူသည်မှာ တပို့တွဲလပြည့်နေ့ မဟာသန္နိပါတ၌ ရဟန်းသံဃာအား မြတ်စွာဘုရားကိုယ်တော်တိုင် သဗ္ဗပါပဿအကရဏံ ၃ ဂါထာ အာဏာပါတိမောက်ကို ပြ (ဟော)တော်မူခြင်း ဖြစ်ပါသည်။ ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်းသည် အာဏာပါတိမောက်ပြခြင်း မဟုတ်ပါ။ အာဏာပါတိမောက်ကို သံဃာတော်တို့သည် လပြည့်၊ လကွယ်၊ ဥပုသ်နေ့တိုင်း (တစ်လနှစ်ကြိမ်)ပြကြရပါသည်။ ပညတ်ခြင်းနှင့် ပြခြင်းကို ခွဲခြားမှတ်သားသင့်ပါသည်။ မြတ်စွာဘုရားတို့၏ ဓမ္မတာ ၃၀ တွင် ၂၃ အကြောင်းရှိလျှင် ရဟန်းတို့အား ဝိနည်းသိက္ခာပုဒ်တော်တို့ကို ပညတ်တော်မူခြင်းဟု ပါရှိပါသည်။

*

## သမ္ဗုဒ္ဓေဘုရားရှိခိုးလာ အရေအတွက်များ

မေး။ ။ အရှင်ဘုရား၊

သမ္ဗုဒ္ဓေဘုရားရှိခိုးတွင် ပွင့်ပြီးသော ဘုရားအဆူပေါင်းကို ၄ မျိုးပေါင်းထားပါသည်။ အဋ္ဌဝီသဉ္စ၊ နှစ်ကျိပ်ရှစ်ဆူ ၂၈၊ ဒွါဒသဉ္စ သဟ

သင်္ကေ ၁၂၀၀၀ ဆူ၊ ပဋ္ဌသတသဟဿာနိ ၅၀၀၀၀၀ ဆူနှင့် ဂင်္ဂါဝါဠူ သဲစုမက ဘုရားများဟု ဖော်ပြထားရာ မည်သည့်အရေအတွက်က မှန်ပါသလဲ ဘုရား။ ဤကဲ့သို့ အတိအကျအရေအတွက်ကို ဘယ်လို သိရပါသလဲဘုရား။

မတင်တင်ယု၊ ရွှေပြည်သာမြို့နယ်။

ဖြေ။ ။ သောတတ္ထကိကျမ်းတွင် "စိတ္တေ တံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ၊ ကာယ ဝါစာစတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ"ဟူသော ဂါထာ ရှိသည်။ ထိုဂါထာအရ စိတ်ဖြင့်ကြံ၍ ဆုတောင်းခဲ့သော ခုနစ်သင်္ချေအတွင်း၌ ဘုရားပေါင်းတစ်သိန်းနှစ်သောင်း ငါးထောင်ပွင့်ခဲ့၏။ နှုတ်ဖြင့် ဆုတောင်းခဲ့သော ကိုးသင်္ချေအတွင်း၌ ဘုရားပေါင်း သုံးသိန်းရှစ်သောင်းခုနစ်ထောင် ပွင့်ခဲ့၏။ ကိုယ်ရောနှုတ်ပါ ဆုတောင်းခဲ့သော လေးသင်္ချေ (နှင့် အစွန်းထွက် ကမ္ဘာတစ်သိန်း)အတွင်း၌ ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူ ပွင့်ခဲ့၏။ အားလုံးပေါင်းက ဘုရားပေါင်း (ယင်းသင်္ချေ နှစ်ဆယ်အတွင်း၌) ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈) ပွင့်ခဲ့သည်ကို သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ စသည်ဖြင့် ဂါထာစီ၍ ပြထားပါသည်။ ယင်းဂါထာမှာ ပါဠိဘာသာ မိဿက သင်္ချာခေါ် အပေါင်းသင်္ချာနည်းဖြင့် သုံးရပ်ခွဲ၍ အနည်းမှ အများသို့ ၂၈+၁၂၀၀၀+ ၅၀၀၀၀၀=၅၁၂၀၂၈ ဆူ ဖြစ်လာပါသည်။ ထိုဘုရားပေါင်းမှာ သင်္ချေ နှစ်ဆယ်အတွင်း၌ ပွင့်သော ဘုရားများသာ ဖြစ်ပါသည်။ ထိုသင်္ချေ နှစ်ဆယ်အထက် အတိတ် သံသရာကာလများစွာကလည်း ဘုရားများစွာ ပွင့်နိုင်သေးရာ သံသရာရှည်သည်နှင့်အမျှ ပွင့်ခဲ့သော ဘုရားများမှာလည်း ဂင်္ဂါမြစ်အတွင်းရှိ သဲစုနှင့်အမျှ ရှိရာသည်ဟူသော ကြံဆချက်ဖြင့် သမ္ဗုဒ္ဓေဂါထာတွင် 'အပ္ပကာ ဝါဠုကာဂင်္ဂါ'စသော ဂါထာကို ဆက်၍ ထားပါသေးသည်။ ထိုဂါထာများအရ သင်္ချေနှစ်ဆယ်ရှိ ဘုရားများကို

www.dhammaransi.com

သချာတပ်၍လည်းကောင်း၊ ထိုထက်မက သံသရာဘဝအဆက်ဆက်က ဘုရားများကို သချာမတပ်နိုင်ဘဲ သံစုနှင့် နိုင်းနှိုင်း၍လည်းကောင်း ဆိုထားခြင်းဖြစ်ကြောင်း သဘောပေါက်သင့်ပါသည်။

*

## မရဏာနုဿတိ

မေး။ ။ အရှင်ဘုရား၊

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပုံကို ဖြေကြားပေးစေလိုပါသည်ဘုရား။(အမေးကို လိုရင်းမျှသာ ဖော်ပြထားပါသည်။)

သုတမောင်၊ ရမ်းဗြဲ။

ဖြေ။ ။ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသူသည် (၁) ချစ်ခင်သူ၏ သေခြင်း၊ မုန်းသောသူ၏ သေခြင်းတို့ကို အောက်မေ့လျှင် သောက ဟူသော စိုးရိမ်ပူဆွေးခြင်း၊ ပါမောဇ္ဇ ဟူသော ဝမ်းမြောက်ခြင်းတို့ ဖြစ်တတ်သဖြင့် မချစ်မမုန်း လျစ်လျူရှုရှိသောသူ၏သေခြင်းကို အောက်မေ့၍ ဤသူကဲ့သို့ ငါလည်း သေရအံ့။ "မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ နိရုဇ္ဈိဿတိ" ငါ့အား သေခြင်းသည် ဖြစ်လတ္တံ့။ အသက် ဇီဝိတိန္ဒြေသည် ပြတ်လတ္တံ့"ဟု အကြိမ်ကြိမ် နှလုံးသွင်း၍ မရဏာဿတိ ထင်သည့်တိုင်အောင် ပွားများရပါသည်။ "သေခြင်းတရား၊ ဤတစ်ပါးကား၊ များပြား လူ့ဘောင်၊ အကျိုးဆောင်သည်၊ အိုအောင်အောက်မေ့၊ စီးဖြန်းကြ" ဟူသောစကားအတိုင်း ဤသေခြင်းမရဏာနုဿတိကို အောက်မေ့ စီးဖြန်းနေသူသည် မကောင်းမှုတို့ကို ပြုလုပ်ရန် ကြောက်လန့်လာသဖြင့် အစဉ်ကုသိုလ်ဖြစ်နေသောကြောင့် သေခြင်းတရားသည် လူတို့၏ အကျိုးဆောင်တရား ဟု အဆို ရှိပါသည်။ ထို့ကြောင့် အမြဲပွားများ အားထုတ်ရန်သင့်ကြောင်း ဖြေကြားလိုက်ပါသည်။

*

www.dhammaransi.com

## အနုဂါမိကဥစ္စာ မြှုပ်နှံရာ

မေး ။ ။ အရှင်ဘုရား၊

အနုဂါမိကဥစ္စာ၏ အဓိပ္ပာယ်နှင့် ၎င်းဥစ္စာ မြှုပ်နှံရာ ဌာနတို့ကို ဖြေကြားပေးတော်မူပါဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့။

ဖြေ။ ။ပြဿနာရှင်သိလိုသော အနုဂါမိကဥစ္စာနှင့် မြှုပ်နှံရာဌာနအကြောင်းကို နိဓိကဏ္ဍသုတ် (ခု၊ ၁-၉)တွင် ပါရှိပါသည်။ ၎င်းသုတ်မှာ ဂါထာ ၁၆ ဂါထာပါရှိ၍ ဂါထာနံပါတ် ၇ တွင် "စေတိယမှိ စ သံဃေဝါ၊ ပုဂ္ဂလေ အတိထီသုဝါ၊ မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ" ဟုရှိရာ အဓိပ္ပာယ်မှာ "စေတီသုံးမျိုး၊ သံဃာ၊ မြတ်သောပုဂ္ဂိုလ်၊ အဝေးရောက်ဧည့်သည်၊ အမိအဖနှင့် မိမိထက်ကြီးသော အစ်ကိုကြီး၊ အစ်မကြီးတို့၌ အနုဂါမိက ရွှေအိုးကို မြှုပ်နှံရာ၏"ဟု ဆိုလိုပါသည်။ အနုဂါမိကရွှေအိုးဟူသည်မှာ သံသရာ၌ အရိပ်ကဲ့သို့ မိမိသွားလေရာ ထက်ကြပ်လိုက်ပါတတ်သော ဒါန၊ သီလ၊ သံယမ စသော ကုသိုလ်ကောင်းမှုများကို ဆိုလိုသည်ဟု ဟောတော်မူထားပါသည်။

(အကျယ်ကို ဖော်ပြပါသုတ်အဖွင့်တို့တွင် ကြည့်ပါ။)

*

## ပါရာဇိကအမျိုးမျိုး

မေး။ ။ အရှင်ဘုရား

ရဟန်းပါရာဇိက၊ ရှင်သာမဏေပါရာဇိက၊ ဘိက္ခုနီပါရာဇိက၊ သာမဏေရီ ပါရာဇိကနှင့် လူပါရာဇိကတို့ ဆုံးရှုံးပုံကို ရှင်းပြပေးပါဘုရား။ တစ်ဖန် ထိုပါရာဇိကကျသူများ မဂ်ဖိုလ်မှ မတားမြစ် (မဆုံးရှုံးရ)အောင် မည်သို့ဆောင်ရွက်နိုင်ပုံနှင့် သီလရှင်များ ပါရာဇိက ကျနိုင်၊ မကျနိုင် ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

စောရန်နိုင်ထွန်း၊ တာချီလိတ်။

www.dhammaransi.com

ဖြေ။ ။ ပါရာဇိကဟူသည် မဂ်ဖိုလ်မှ ဆုံးရှုံးခြင်းဖြစ်၍ ရဟန်း၏ ပါရာဇိက လေးပါးမှာ (၁) မေထုန်မှုပြုခြင်း၊ (၂) လူဇာတ်ရှိသူကို သတ်ခြင်း၊ (၃) တစ်မတ်နှင့် ၎င်းအထက် ထိုက်တန်သော ဝတ္ထုကို ခိုးယူခြင်း၊ (၄) မရှိသော၊ မရသေးသော ဈာန်မဂ်ဖိုလ်ကို ပြောခြင်းတို့ ဖြစ်သည်။ သာမဏေ၌ လိင်ဆယ်ပါးကို ကျူးလွန်ခြင်းဖြစ်သည်။ ဘိက္ခုနီ၌ ရဟန်းဆိုင်ရာ ဖော်ပြပါလေးပါးနှင့် ဘိက္ခုနီဆိုင်ရာ အခြားလေးပါး ပေါင်းသော် ရှစ်ပါးဖြစ်သည်။ သာမဏေရီ(သာမဏေမ)မှာ သာမဏေနှင့် အတူ ဖြစ်သည်။ လူတို့မှာ ပါရာဇိကဟု အမည်မတပ်သော်လည်း သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်ဖြစ်သော ပဉ္စာနန္တရိယ ကံငါးပါးကို ကျူးလွန်ခြင်းတို့ ဖြစ်သည်။

ရဟန်းနှင့် ဘိက္ခုနီတို့အဖို့ ဘိက္ခုနီဘဝတို့မှ လူထွက်၊ လူဝတ်လဲလိုက်လျှင်လည်းကောင်း၊ သာမဏေ၊ သာမဏေရီတို့မှာ သရဏဂုံသီလ ထပ်မံခံယူလိုက်လျှင်လည်းကောင်း ဈာမဂ်ဖိုလ်မှ မတားမြစ် (မဆုံးရှုံး) နိုင်။ ဤသည်တို့မှာ ပါရာဇိက ကုစားနည်း ဖြစ်သည်။

လူပါရာဇိကဟု ဆိုအပ်သော အမိ၊ အဖ သတ်ခြင်း စသော ကံကြီးများမှာမူ ဂရုကံကြီးများဖြစ်၍ မည်သည့်ကုသိုလ်ကောင်းမှုနှင့်မျှ အပါယ်ငရဲသို့ ကျရောက်ခြင်းမှ မတားမြစ်နိုင်တော့ပါ။ အဇာတသတ်မင်းသည် ဘုရားကို ရာသက်ပန်ကြည်ညိုလျက် မပြတ်လှူဒါန်း၍ သီလဆောက်တည်ကာ နေခဲ့သည်။ ထို့အပြင် ပထမသင်္ဂါယနာတင်သည့်အထိ သာသနာပြုလုပ်ငန်းများကိုလည်း လုပ်ခဲ့သည်။ ဤကဲ့သို့ ကုသိုလ်ကြီးများကိုပြုလုပ်ခဲ့ပါသော်လည်း ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိသဖြင့် လောဟကုမ္ဘီငရဲ၌ ကျရောက်ရသေးသည်။ ယခုကာလ သီလရှင်များအတွက်ကား လူတို့ ပါရာဇိကအတိုင်းသာ မှတ်သားသင့်ပါသည်။

*

www.dhammaransi.com

## ရဟန်းနှင့် မာတုဂါမ အဘိဓမ္မာ မေးဖြေရာ

မေး။ ။ အရှင်ဘုရား၊

အဘိဓမ္မာအမေးအဖြေ ရဟန်းငယ်နှင့် မာတုဂါမ(မိန်းမ) အမေးအဖြေ ပြုလုပ်ကောင်းပါသလား ဘုရား။ မေးမည်၊ ဖြေမည်ဆိုပါက မည်သည့်အကျိုးအပြစ်များ ရရှိနိုင်ပါသလဲ ဘုရား။ မည်သို့ မေးနိုင်၊ ဖြေနိုင်ကြောင်းကိုလည်း ဖြေကြားပေးတော်မူပါဘုရား။

ဒေါ်ညွန့်ညွန့်မြိုင်၊ တရော်မြေ။

ဖြေ။ ။ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ ပိဋကတ်ဆိုင်ရာများ ဗုဒ္ဓဘာသာရေးရာများကို ပညာတတ် ရဟန်းတော်များအား မာတုဂါမများအနေဖြင့် မေးမြန်းလေ့လာသင်ကြားမှုပြုနိုင်ပါသည်။ မြတ်စွာဘုရားလက်ထက်တော်ကပင် အရှင်အာနန္ဒာသည် သာဝတ္ထိပြည်၊ ကောသလမင်းကြီး နန်းတော်ဆောင်အတွင်း၌ မလ္လိကာ၊ ဝါသဘခတ္တိယာ စသော မိဖုရား၊ မောင်းမမိဿံများအား ပိဋကတ်စာပေသင်ကြားခြင်း၊ ပြဿနာဖြေခြင်းများကို မြတ်စွာဘုရား၏ စေခိုင်းချက်ကြောင့် ပြုလုပ်ပေးခဲ့ကြောင်း ဓမ္မပဒ အဋ္ဌကထာတွင် ပါရှိပါသည်။ ထို့အတူ ကောသမ္ဗီပြည်၊ ဥတေနမင်းကြီး၏ နန်းတော်တွင်းမှာလည်း ပြုလုပ်သင်ကြားပေးကြောင်း တွေ့ရသည်။ သို့သော် ဝိနည်းတော်အရ မာတုဂါမချည်းရှိသော ပရိသတ်၌ ဟောကြား၊ ဖြေကြားလျှင် အာပတ်သင့်နိုင်သဖြင့် ယောကျ်ားကလေး တစ်ဦးတလေ အနီးတွင် ရှိသင့်သည်ကိုမူ သတိပြုသင့်ပါသည်။

*

## သိက္ခာပုဒ်နှင့် မညီသော ရဟန်းများ

မေး။ ။ အရှင်ဘုရား၊

ဝိနည်းသိက္ခာပုဒ်နှင့် မညီသောရဟန်းသံဃာများကို ဝေဖန်ပြောဆို ပြစ်တင်ရှုတ်ချလျှင် အပြစ် ဖြစ်ပါသလား။ (ဥပမာ၊ ဓားပြတိုက်ရာတွင်

www.dhammaransi.com

လက်ထောက်ချခြင်း၊ ဆင်းရဲ ချမ်းသာ မကြည့်၊ မတရားဘက်လိုက်သဖြင့် မှန်ကန်သော ဆင်းရဲသား ပိုမို နစ်နာဆုံးရှုံးခြင်း။)

ဦးခင်မောင်သိန်း၊ ညောင်ရွှေမြို့နယ်။

ဖြေ။ ။ ဘုန်းတော်ကြီးဦးသီလထေရုပ္ပတ္တိ ၌

"ဟဲ့ ငတိုး၊ ရှင်ဘုရင်ကြီးတစ်ဦးမှာ သားတော် ၂ ပါး ရှိတယ်။ အကြီးက တရားရှိတယ်။ ခင်မင်ကြည်ညိုသူများတယ်။ အငယ်က တရားမရှိဘူး။ မုန်းတီးသူတွေ များတယ်။ ထိုလူယုတ်မာလေးကို လက်ဖြင့်သွားလုပ်လျှင် ဘယ်လိုဖြစ်မလဲ။ (သူ့အဖေ ရှင်ဘုရင်ကြီးက လက်ဖြတ်ပါလိမ့်မယ် ဘုရား။) ဒါဖြင့် သွားကန်လျှင်ကော (ခြေဖြတ်ခံရပါလိမ့်မယ် ဘုရား။) ဆဲရေးတိုင်းထွာလျှင်ကော (အာဟက်ခံရပါလိမ့်မယ် ဘုရား။) အေး အေး၊ မင်းတို့ ဒီလို သိလျှင် တော်ပြီ။ ဘုရားရှင် သားတော်တွေအပေါ်လည်း နင်တို့ သတိထားတတ်ရောပေါ့ဟု မိန့်တယ်။ ဆူးပေါ် ဖက်ကျမို့ ငါဖြင့် လန့်လိုက်လေကွယ်။ မောင်ဘိုးအင်ရယ်ဟု ညောင်လေးပင် မြို့၌ ဦးဘိုးအင်ဆိုသည့် သူ၏ မိတ်ဆွေအား ရှေ့နေဦးတိုးကြီးက ပြန်၍ ပြောပြဖူးသည်ဆို၏"ဟုပါရှိသည်။ ထိုဘုန်းတော်ကြီး ဦးသီလ စကားတော်အတိုင်း မှတ်သားအပ်ပါသည်။

*

## သိက္ခာပုဒ်အကျယ်

မေး။ ။ အရှင်ဘုရား၊

ဝိနည်းတဲ့ သိက္ခာ၊ နှစ်ရာနှစ်ဆယ့်ခွန်မှ၊ ချဲ့ပြသောအခါ၊ ကုဋေလာ၊ ကိုးထောင်ကျော်သာ၍၊ ဘယ်သိက္ခာ ဘယ်မှပွားသည်ဟု၊ အကျဉ်းသာ သွင်းကာ ကြားလို့ရယ် ပွားပြစေကြောင်း။

အရှင်တေဇောဘာသ၊ မူလမင်းကွန်းသတိပဋ္ဌာန်ကျောင်း၊ မုဒုံမြို့။

www.dhammaransi.com

ဖြေ။ ။ ကိုးထောင်တစ်ရာ၊ ရှစ်ဆယ်သာ၊ သချာၤကုဋေထုတ်။ ငါးသန်း
သုံးသောင်း၊ ခြောက်ထောင်ပေါင်း၊ များတောင်းသိက္ခာပုဒ်။
ပါတိမောက်သာ၊ မဆိုရာ၊ လေးဖြာ သီလချုပ်။
ပေယျာလလျှင်၊ အမြွက်တင်၊ ချုံးလျှင်ပြဆောင်လုပ်။
မည်သည့်သိက္ခာ၊ ပုဒ်မှလာ၊ ပြောသာမည် မဟုတ်။
အပရိယန္တ၊ မြတ်သီလ၊ ဟောပြသိက္ခာပုဒ်။

*

## ဘုရားတစ်ဆူ ချွတ်သောသူနှင့် ဘုရားပစ္စေက ဗုဒ္ဓါတို့ ဈာန်တန်ခိုး

မေး။ ။ အရှင်ဘုရား၊

(၁) ဘုရားရှင်တစ်ဆူကို ဘုရားရှင်နှင့်အတူ ကျွတ်တမ်းဝင်နိုင်မည့် ပုဂ္ဂိုလ်အရေအတွက် ပိုင်းခြားပြီး ဖြစ်သည်မှာ ဟုတ်ပါသလား။ မည်မျှ ပါနည်း။ မည်သို့သော ပုဂ္ဂိုလ်များ ပါဝင်ပါသနည်း။

(၂) ဘုရားအဖြစ်သို့ ရောက်တော်မူရန် ရက်အနည်းငယ်သာ ကျင့်တော်မူသော မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သည် သစ္စာလေးပါးကို သိတော်မူသည်နှင့် ဈာန်တန်ခိုးများ အလိုအလျောက် ရရှိပါသလား။ သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

သူရငယ်၊ ပွင့်ဖြူ။

ဖြေ။ ။ (၁) "စတုဝီသတာ သချေယျာ"စသော ဂါထာဖြင့် ဘုရားတစ်ဆူလျှင် ကျွတ်တမ်းဝင်မည့်သူ နှစ်ဆယ့်လေးသချေနှင့် ကုဋေ ခြောက်ဆယ် မိုလ်ခြေတစ်သိန်းဖြစ်ကြောင်း တထာဂတုပ္ပတ္တိကျမ်းတွင် ဆိုသည်။ ထို့အတူ ဇိနာလင်္ကာရကျမ်းကလည်း ဆိုသည်။ သို့သော် ခိုင်ခံ့သော ပါဠိအဋ္ဌကထာကျမ်းတို့တွင် မလာရှိသည့်အပြင် ဓမ္မပဒကျမ်းတို့၌ တစ်ဂါထာ တစ်ဂါထာကို ဟောတော်မူလျှင် ကျွတ်တမ်းဝင်သော သတ္တဝါ

www.dhammaransi.com

ဝေနေယျတို့ မရေတွက်နိုင်ဟူ၍လည်းကောင်း၊ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ စူဠရာဟုလောဝါဒသုတ်၊ သမစိတ္တပရိယာယသုတ်၊ ဓမ္မစက္ကသုတ်၊ ပရာဘဝသုတ်တို့ကို ဟောရာ၌ ကျွတ်တမ်းဝင်သူ အပ္ပမေယျ အသင်္ချေ အနန္တ ရှိသည်ဟု ဆိုသောကြောင့် လည်းကောင်း ဘုရားတစ်ဆူ၊ တစ်ဆူ၌ ကျွတ်တမ်းဝင်သူ မည်မျှဟု မပြောနိုင်ကြောင်း သိရပါသည်။ (၂) ပရိသမ္ဘိဒါပတ္တ၊ ဆဠာဘိညရဟန္တာတို့သည်ပင် ရဟန္တာဖြစ်လျှင်ဖြစ်ချင်း ဈာန်အဘိညာဉ်တန်ခိုးများ ဖြစ်ပေါ်လာသဖြင့် ရဟန္တာထက် အဆင့်မြင့်သော ဘုရားပစ္စေကဗုဒ္ဓါတို့၌ သဗ္ဗညုတာလေးပါးကို သိလျှင်သိချင်း ဈာန်တန်ခိုးများ အလိုအလျောက် ရလာနိုင်ကြောင်းကို အထူးပြောဖွယ်ပင် လိုတော့မည် မဟုတ်ပါ။

*

## ရဟန်းနှင့် သံဃာ

မေး။ ။ အရှင်ဘုရား၊

ရဟန်းနှင့်သံဃာ ကွာခြားမှုရှိပါသလားဘုရား။ အချို့က ရဟန်းသံဃာဟု တွဲခေါ်ပါသည်။ ရဟန်းခံပွဲဟုသာ ခေါ်ကြပြီး သံဃာခံပွဲဟု မခေါ်ကြပါ။ သံဃာတော်များအား ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ပစ္စည်းဝတ္ထုလှူသည်ဟုသာ သုံးကြပါသည်။ ရှင်းပြတော်မူပါဘုရား။

တင်တင်ယု၊ ရွှေပြည်သာမြို့နယ်။

ဖြေ။ ။ ပုဂ္ဂိုလ်တစ်ပါးချင်းကို ရဟန်းဟုခေါ်၍ လေးပါးနှင့် လေးပါးမှ အထက်ကို သံဃာဟု ခေါ်သည်။ သံဃာဟူရာ၌ မှတ်သားရန်မှာ သံဃာဟုဆိုလျှင် ရဟန်းတော်တို့၏ အစုအဖွဲ့ အပေါင်းအစည်းဟု မှတ်သား၍ မြတ်စွာဘုရားလက်ထက်က အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ မှစ၍ သာသနာတစ်လျှောက်လုံးနှင့် ယခုမျက်မြင်ထင်ရှားရှိသော ရဟန်းသာမဏေများအထိ မြင်ရန်လိုအပ်

www.dhammaransi.com

ပါသည်။ ထိုသို့မြင်ထားမှသာလျှင် သံဃာတော် ဟု ဆို၍ လှူဒါန်းရာ၌ ရဟန်းသာမဏေတစ်ပါးကို ဆွမ်းလောင်းရာ၌ဖြစ်စေ၊ သံဃဿဒေမဟု ဆို၍ လှူလျှင် သံဃာတော်အားလုံးကို လှူရာ ရောက်ပါသည်။ ယင်းသို့ သံဃာတော်အားလုံးကို အာရုံပြု၍ လှူရာ၌ ဒုဿီလ၊ အလဇ္ဇီဟူ၍ မရှိတော့ပါ။ ထို့ကြောင့် ဗုဒ္ဓဘာသာတိုင်း သံဃာတော်အား လှူဒါန်း ပူဇော်တတ်ရန်နှင့် ရဟန်းနှင့် သံဃာကို ကွဲပြားရန် အထူးပင် အရေးကြီးပေသည်။

*

## စိတ်တစ်ခုယုတ်ကိုးဆယ်နှင့် စိတ်ကုဋေတစ်သိန်း

မေး။ ။ အရှင်ဘုရား၊

စိတ် ၈၉ ပါး (စိတ်တစ်ခုယုတ်ကိုးဆယ်)ရှိသည် ဟု သင်္ဂြိုဟ်တွင် ဆိုထားပါသည်။ လက်ဖျစ်တစ်တွက်အတွင်း စိတ်ပေါင်း ကုဋေတစ်သိန်း ဖြစ်သည်ဟုလည်း ဆိုထားပါသည်။ ဘာကို အမှန်ယူရပါမည်နည်းဘုရား။

မသင်းသင်းအေး၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

ဖြေ။ ။ စိတ် ၈၉ (စိတ်တစ်ခုယုတ်ကိုးဆယ်) ဆိုသည်မှာ စိတ်အမျိုးအမည်တို့ကို ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ထိုစိတ်တစ်ခုယုတ်ကိုးဆယ် ထဲမှ ဝါ စိတ် ၈၉ ပါးထဲမှ စိတ်တစ်ခု၊ တစ်ခုတို့၏ ဖြစ်မှု၊ ပျက်မှုမှာ လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်အတွင်းတွင် ကုဋေတစ်သိန်း (မက) ဖြစ်ပျက်၍ နေပါသည်။ ဥပမာ မိုးသားကင်းစင်သော ညအခါတွင် ကောင်းကင်ကို မော့ကြည့်လျှင် ကြယ်ပေါင်းမြောက်မြားစွာကို တစ်ပြိုင်နက် မြင်ရပါလိမ့်မည်။ အမှန်မှာ ကြယ်တစ်လုံးကို ဝီထိစိတ် ၃၊ ၄ ကြိမ် ဖြစ်ပြီးမှ မြင်ပြီး နောက်တစ်လုံးကို ပြောင်း၍ ဝီထိများကျ၍ မြင်ရပါသည်။ ကြယ်ပေါင်းများစွာကို တစ်လုံးပြီးတစ်လုံး ဝီထိများ ကျ၍ မြင်ရသော်လည်း ဝီထိစိတ်များ ဖြစ်ပျက်မြန်လှ၍ တစ်ပြိုင်တည်း မြင်ရ

www.dhammaransi.com

သကဲ့သို့ဖြစ်နေပါသည်။ ဤသို့ဖြင့် လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်အတွင်း စိတ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်နေသည်ဆိုခြင်းကို သဘောပေါက်လိမ့်မည်ဟု ယူဆပါသည်။

*

## ဆွမ်းဟင်းလောင်းလှူခြင်း

မေး။ ။ အရှင်ဘုရား၊

အချို့အိမ်များ၌ ဆွမ်းခံသံဃာအပါးရေ လွန်စွာ များပြားသဖြင့် ဆွမ်းဟင်းလောင်းလှူရာ၌ ဥပမာ ခရမ်းသီးနှပ်၊ ကန်စွန်းရွက်ကြော်စသည့် ဒုတိယတန်းစား ဟင်းများနှင့် လောင်းလှူကြပါသည်။ ၎င်းတို့စားသောအခါ ဥပမာ ကြက်၊ ဝက် စသည့် ပထမတန်းဟင်းများနှင့် စားကြပါသည်။ ဤကဲ့သို့ လောင်းလှူကြသဖြင့် မည်သည့် အကျိုး၊ အပြစ်များရှိသည်ကို သိလိုပါသည် အရှင်ဘုရား။

မရွှိ၊ အလုံ။

ဖြေ။ ။ ဆွမ်းခဲဖွယ် ဘောဇဉ် စသည် လှူဒါန်းရာ၌ (၁) ဒါနဒါသ=မိမိသုံးဆောင်သည်ထက် ယုတ်ညံ့သော ဝတ္ထုကို လှူဒါန်းခြင်း၊ (၂) ဒါနသဟာယ=မိမိသုံးဆောင်သည်နှင့် အလားတူ ဝတ္ထုကို လှူဒါန်းခြင်း၊ (၃) ဒါနသာမိ=မိမိ သုံးဆောင်သည်ထက် ကောင်းမွန်သောဝတ္ထုကို လှူဒါန်းခြင်းဟူ၍ သုံးမျိုး ရှိသည်။ ထိုတွင် ၁ မှာ ကျွန်တို့ကို ကျွေးသကဲ့သို့ ဖြစ်၍ ၂ မှာ မိတ်ဆွေ အပေါင်းအသင်းများကို ကျွေးသကဲ့သို့ ဖြစ်သည်။ ၃ မှာ အစိုးတရပုဂ္ဂိုလ် မိမိအရှင်သခင်တို့အား ကျွေးမွေးဧည့်ခံသကဲ့သို့ ဖြစ်ပါသည်။ စေတနာကိုလည်း အစဉ်အတိုင်း ဟီန၊ မဇ္ဈိမ၊ ပဏီတဟု ဆိုသဖြင့် အကျိုးပေးရာတွင်လည်း အယုတ်၊ အလတ်၊ အမြတ် အကျိုးပေးနိုင်ပါသည်။

*

www.dhammaransi.com

## ဘုရားရှင့်အရိုးတော်နှင့် ရဟန္တာအရိုးတော်များ

မေး။ ။ အရှင်ဘုရား၊

ဘုရားရှင်တို့အရိုးတော်သည် ကွင်းဆက်၊ ရဟန္တာ အရှင်မြတ်တို့ အရိုးတော်သည် ချိတ်ဆက်၊ သာမန်လူ ပုဂ္ဂိုလ်တို့အရိုးသည် တေ့ဆက် ဟူ၍ တပည့်တော် မှတ်သားထားမိဖူးပါသည်။ သို့ဆိုလျှင် ရဟန္တာမဖြစ်မီ ရဟန္တာအလောင်းတော်တို့၏ အရိုးတော်သည် သာမန် လူတို့နှင့် မတူ၊ ထူးခြား၍နေပါသလားဘုရား။ သိလိုလှ၍ ရိုသေစွာ လျှောက်ထား မေးမြန်းအပ်ပါသည်ဘုရား။

လေးမောင်မောင်၊ (ခေတ္တ စင်ကာပူနိုင်ငံ)။

ဖြေ။ ။ ပြဿနာရှင် အမှတ်မှားနေခြင်းသာ ဖြစ်ပါသည်။ အဋ္ဌကထာ (ဒီ၊ ဋ္ဌ၊ ၂-၁၅၄)တွင် "မဟာဇနေသ အဋ္ဌီနိကောဋိယာကောဋိ အာ ဟစ္စ ဌိတာနိ၊ ပစ္စေကဗုဒ္ဓါနံ အင်္ကုသက လဂ္ဂါ နိဝိယ၊ ဗုဒ္ဓါနံ ပန သင်္ခလိကာနိ ဝိယ ဧကော ဗဒ္ဓါနိဟုတွာ ဌိတာနိ"ဟု ဖွင့်ဆိုထားသဖြင့် ရိုးရိုးလူများ တေ့ဆက်၊ ပစ္စေကဗုဒ္ဓါများ ချိတ်ဆက်၊ ဘုရားရှင်တို့မှာ ကွင်းဆက်ဖြစ်ပါသည်။ ရဟန္တာအထူး မဆိုပါ။ လူသာမန်ထဲမှ ရဟန္တာ ဖြစ်ရသဖြင့် လူသာမန်တို့အတိုင်းပင် ဖြစ်ပါသည်။ သာသနာပတွင် ဘုရား ငယ် တစ်ဆူအဖြစ် ပွင့်တော်မူသည့် ပစ္စေကဗုဒ္ဓါတို့မှာသာ လူသာမန် မှ ထူး၍ ချိတ်ဆက်ဖြစ်ရပါသည်။ အဋ္ဌကထာ အဆိုအတိုင်းပင် ပြင်ဆင်၍ မှတ်သားရန် လိုပါသည်။

*

## ရဟန်းဝတ်၍ အမျှဝေလျှင်

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဒုလ္လဘ ရဟန်းအဖြစ် သို့ သုံးကြိမ်သုံးခါဝတ်ပြီး ရဟန်းဝိနည်းနှင့်အညီ ကျင့်ကြံ၍ တရား

www.dhammaransi.com

အားထုတ်နေခဲ့သည်။ ထိုသို့ကျင့်ကြံခဲ့သောရဟန်း လူထွက်လျှင်ပင် ထိုသူ၏ ကွယ်လွန်သူ မိဘတို့သည် ကောင်းရာ သုဂတိဘုံသို့ ရောက်နိုင်ခြင်း၊ အပါယ်ငရဲသို့ မလားနိုင်ခြင်း၊ လားသော်လည်း လွတ်မြောက်နိုင်ခြင်း ဖြစ်ရကြောင်း အများပြောဆိုသည်ကို ကြားရပါသည်။ ဟုတ်၊ မဟုတ် ဖြေကြားပေးတော်မူပါရန် လျှောက်ထားပါသည်ဘုရား။

ကိုထွန်းရင်၊ ရန်ကုန်မြို့။

ဖြေ။ ။ ရဟန်းဘဝ၊ ဒုလ္လဘဖြင့် နေရသမျှ ဝိနည်းတော်နှင့်အညီ ကျင့်သုံးလျက် တရားဘာဝနာအားထုတ်ပြီး အမျှဝေလျှင် ဗုဒ္ဓဂယာ ဗောဓိပင် ရွှေပလ္လင်မှာ ဖြစ်စေ၊ မိမိနေရာ မြန်မာနိုင်ငံမှာ ဖြစ်စေ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် နေရာ ပဓာနမဟုတ်၊ ပတ္တိဒါန၊ ပတ္တာနုမောဒနကုသိုလ် အနေဖြင့် မိဘတို့ကလည်း သာဓုခေါ်နိုင်သော ဘဝမှာရှိလျှင် ရနိုင်ပါသည်။ အကယ်၍ အပါယ်ငရဲသို့ ကျရောက်နေလျှင်ကား သာဓုခေါ်နိုင်ရန် ခက်ခဲသဖြင့် ကျွတ်လွတ်ရန် မလွယ်ကူပါ။ အထူးမှာ ဒုလ္လဘရဟန်းဘဝတွင် ပြဿနာရှင်၏ စာတွင်ပါသလို ဝိနည်းတော်နှင့်အညီ နေထိုင်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ခြင်း၊ ရနိုင်သမျှ ခုတင်တရားများကို ကျင့်သုံးခြင်းများ တကယ်လိုအပ်ပါသည်။ ဒုလ္လဘရဟန်းခံပြီး ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၍ တရားအားမထုတ်၊ ရဟန်းအလုပ်မလုပ်ဘဲနေလျှင် ကွယ်လွန်သူ မိဘများအတွက်သာမက မိမိအတွက်ပါ အကျိုးမဖြစ်ဘဲ အပြစ်သာ တိုးပွားစရာ ဖြစ်နိုင်သည်ကို သတိပြုသင့်ပါသည်။

*

## သမ္ဗုဒ္ဓေ ဘုရားဟောလား

မေး။ ။ အရှင်ဘုရား၊

အန္တရာယ်ကင်း ရန်စွယ်ရှင်းဟု၊ သတင်းပြန့်ပေ၊ သမ္ဗုဒ္ဓေအား ဘုရားသာမုက္ကံ၊ နှုတ်သံမိန့်မြွက်၊ ဓမ္မစက်နှင့်၊ နှုတ်ထွက်ဂါထာ၊ မဟုတ်ပါ

ဟု၊ ဆရာတစ်ပါး မိန့်ကြားခဲ့ရာ၊ စကားလာသည် မှန်ပါသလား၊ မှားပါ
လားကို အများသိရန် အဖြေမှန်၊ ပြန်လှန်ဖြေကြား တော်မူပါဘုရား။

သုတေသီ၊ (မြောင်းမြ)။

ဖြေ။ ။ သမ္ဗုဒ္ဓေဟု၊ နှုတ်ချွေသမုတ်၊ ဂါထာပုဒ်ကား၊ သာမုက္ကံသိက၊ ဗုဒ္ဓ
ဟောကြား၊ ဂါထာများဟု၊ မှတ်သား မသင့်၊ ထောက်ချင့်စရာ၊
ပြရပါမူ၊ ဋ္ဌကထာဟော၊ ရှင်ဗုဒ္ဓဃောသ၊ ခေတ်ကာလတွင်၊ စူဠဗုဒ္ဓ
ဃောသ၊ ကျမ်းဂန္ထဖြစ်၊ သောတတကီ၊ ကျမ်းဂမ္ဘီမှ၊ 'စိန္တိတံ သတ္တ သချေ
ယျံ'၊ နှုတ်သံဂါထာ၊ မိပ္ပာယ်လာသော၊ ဝီသာသချေ၊ များဇိနေ၏၊ တွက်ရေ
အရ၊ ပဋ္ဌသတ၊ သဟဿ,စ၊ နောက်ထေရတို့၊ ထုတ်ပြစီချွေ၊ ရေးခဲ့လေ
၍၊ သမ္ဗုဒ္ဓေဂါထာ၊ ပေါ်ပေါက်လာသည်၊ ကောင်းစွာမှတ်သားစေချင်၏။

*

## သာသနာကာလနှင့် အသချေ

မေး။ ။ အရှင်ဘုရား၊

သာသနာနှင့် ကြုံခဲသည်ဖြစ်ရာ သုမေဓာရှင်ရသေ့ ဘဝမှ ဂေါတမ
ဘုရားရှင်ဘဝသို့တိုင် လေးသချေနှင့် ကမ္ဘာတစ်သိန်းကာလ၌ ဘုရား
လောင်းကိုယ်တိုင် သာသနာနှင့် ဘယ်နှကြိမ်ကြုံဆုံသည်၊ တစ်သချေလျှင်
အတိုင်းအတာကာလ မည်မျှရှိသည်ကို သိလို၍ မေးလျှောက်ပါသည်
ဘုရား။

မောင်မင်း၊ တောင်ကြီး။

ဖြေ။ ။ မြတ်စွာဘုရားအလောင်းတော်သည် သုမေဓာဘဝမှ ဂေါတမ
မြတ်စွာဘုရားဖြစ်သည့်တိုင် လေးသချေနှင့် ကမ္ဘာတစ်သိန်း
အတွင်း၌ ပွင့်တော်မူသမျှ နှစ်ကျိပ်လေးဆူသောဘုရားတို့နှင့် တွေ့ကြုံရပါ
သည်။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်၌ သုမေဓာရှင်ရသေ့ဖြစ်၍
နိယတ ဗျာဒိတ်ပန်း ဆင်မြန်းရသည်။ ထို့နောက် ကောဏ္ဍညဘုရား

www.dhammaransi.com

လက်ထက်၌ ဝိဇိတာဝီ စကြာမင်း၊ မင်္ဂလဘုရားလက်ထက်၌ သုရုစိ ပုဏ္ဏား၊ သုမနဘုရားလက်ထက်၌ အတုလနဂါးမင်း၊ ရေဝတဘုရား လက်ထက်၌ အတိဒေဝပုဏ္ဏား၊ သောဘိတ ဘုရားလက်ထက်၌ သုဇာတ ပုဏ္ဏား၊ အနောမဒဿီဘုရားလက်ထက်၌ ဘီလူးစစ်သူကြီး ဖြစ်ခဲ့သည်။ ထို့နောက် ပဒုမဘုရားလက်ထက်၌ ခြင်္သေ့မင်း၊ နာရဒဘုရားလက်ထက်၌ ရျာန်ရရသေ့၊ ပဒုမုတ္တရဘုရား လက်ထက်၌ ဇဋိလတိုင်းကြပ်မင်း၊ သုမေဓ ဘုရားလက်ထက်၌ ဥတ္တရလုလင်၊ သုဇာတဘုရားလက်ထက်၌ စက္ကဝတ္တိ မင်း၊ ပိယဒဿီ မြတ်စွာဘုရား လက်ထက်၌ ကဿပပုဏ္ဏား လုလင်၊ အတ္ထဒဿီ ဘုရားလက်ထက်၌ သုသိမရသေ့၊ ဓမ္မဒဿီ မြတ်စွာဘုရား လက်ထက်၌ သိကြားနတ်မင်း၊ သိဒ္ဓတ္ထဘုရားလက်ထက်၌ မင်္ဂလရသေ့၊ တိဿဘုရားလက်ထက်၌ သုဇာတရသေ့၊ ဖုဿဘုရားလက်ထက်၌ ဝိဇိတာဝီမင်း၊ ဝိပဿီမြတ်စွာဘုရားလက်ထက်၌ အတုလနဂါးမင်း ဖြစ်ခဲ့သည်။ ထိုမှတစ်ဖန် သိခီမြတ်စွာဘုရား လက်ထက်၌ အရိန္ဒမမင်း၊ ဝေဿဘူမြတ်စွာ ဘုရားလက်ထက်၌ သုဒဿနမင်း၊ ကကုသန် မြတ်စွာ ဘုရားလက်ထက်၌ ခေမမင်း၊ ကောဏာဂမန မြတ်စွာဘုရားလက်ထက်၌ ပဗ္ဗတမင်း၊ ကဿပမြတ်စွာဘုရားလက်ထက်၌ ဇောတိပါလ ပုဏ္ဏား လုလင် ဖြစ်ခဲ့ပါသည်။ ဘုရားတိုင်းအထံတွင် ထပ်မံ၍ ဗျာဒိတ်ခံယူရပါ သည်။ ထိုတွင် ကောဏ္ဍညာ၊ မင်္ဂလ၊ သုမေဓ၊ သုဇာတ၊ ဖုဿ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူသော ဘုရားရှင်ကိုးဆူတို့အထံ၌ ရဟန်းဖြစ်ခဲ့ဖူးပါသည်။ ဤသို့ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းအတွင်း ၌ ရဟန်းဘဝ ၉ ဘဝသာ ရခဲ့ပါသည်။ အသင်္ချေဟူသည်မှာ အရေအတွက် မရှိ၊ မရေတွက်နိုင်ဟု ဆိုလို၍ အတိုင်းအတာ ကာလကို မပြဆိုနိုင်ပါ။ တစ်ကမ္ဘာ၏ အတိုင်းအတာကိုမျှ မပြဆိုနိုင်သော် ကမ္ဘာအသင်္ချေဆိုက မည်သို့ပြဆိုနိုင်ပါမည်နည်း။ အသင်္ချေ၊ ဝါ တစ်သင်္ချေဟူသည် တစ်

www.dhammaransi.com

နောက်တွင် သူည တစ်ရာ့လေးဆယ် ရေးရသော ဂဏန်းသချာ် ဖြစ်ပါသည်။

*

## တပမင်္ဂလာ

မေး။ ။ အရှင်ဘုရား၊

မင်္ဂလာတရား ၃၈ ပါးတို့တွင် တပေါ စ=မြိုးမြဲစွာ ကျင့်ရခြင်းသည်လည်းကောင်း ဟူသည်ကို ဆရာကြီးတစ်ဦးက မြိုးမြဲချွေတာခြင်းဟု အဓိပ္ပာယ်ဖွင့်ကာ အသံလွှင့်ဟောပြောသွားသည်ကို ကြားလိုက်ရပါသည်။ တပေါစ ဟူသော တပ မင်္ဂလာသည် ချွေတာခြင်း ဟုတ် မဟုတ်သိသာထင်ရှားအောင် ဖြေကြားပေးတော်မူပါ ဘုရား။

သန်းထွန်း (ဓမ္မာစရိယ)၊ မော်လမြိုင်မြို့။

ဖြေ။ ။ တပမင်္ဂလာဟူသည် မြိုးမြဲခြင်းဟု ရှေးက အနက်ပေးသော်လည်း ယခုခေတ်အခေါ် ချွေတာခြင်းကို မဆိုလိုပါ။ မြတ်သောအကျင့်ကို ကျင့်ခြင်း (ဗြဟ္မစရိယအကျင့်ကို)ဆိုလိုပါသည်။ မင်္ဂလာအဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာ (ခု ၁၊ ဋ္ဌ၊ ၁၂၈)တွင် 'တပေါတိ'တွေ့ ပါပကေ ဓမ္မေတပတီတိတပေါ၊ ဗြဟ္မာနံစရိယံ ဗြဟ္မစရိယံ၊ သေဋ္ဌ စရိယန္တိ ဝုတ္တံဟောတိ"ဟု ဖွင့်ဆိုပါသည်။ ထိုအဓိပ္ပာယ်ကိုပင် မင်္ဂလသုတ်ပျို့ (ပိုဒ် ၁၃)၌ "ညွှန်တဏှာဝ၊ သံသာရမှ၊ ထွက်ရလွယ်ကြောင်း၊ ရည်ဆုတောင်း၍၊ ထိန်းကျောင်း ကိုယ်နှုတ်၊ ဥပုသ်သီတင်း၊ မြိုးမြဲခြင်းဖြင့်၊ ဖြောင့်စင်းစွဲသုံး၊ နလုံးမကျန်း၊ ကျင့်တန်းမှန်စွာ၊ စောင့်စည်းရာ၏"ဟု မုံရွေးဇေတဝန် ဆရာတော် စပ်ဆိုပါသည်။ လိုရင်းအဓိပ္ပာယ်မှာ ကာမဂုဏ်ကို ရှောင်ကြဉ်ရသော ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးခြင်း၊ ဝါ ဥပုသ်စောင့်ခြင်းကို ဆိုလိုပါသည်။ မြန်မာဘာသာ ချွေတာခြင်း မင်္ဂလာမှာ "သလ္လဋ္ဌိစ=ရှောင့်ရဲလွယ်ခြင်းမင်္ဂလာ" ပင်ဖြစ်ပါသည်။ "ရှောင့်ရဲသိပ်သည်း၊

ပညာတည်း၍၊ ပစ္စည်းဥစ္စာ၊ ရာမရာကို၊ ထောက်ညှာ ဆိုင်တွဲ၊ ရောင့်ရဲ လွယ်ခြင်း၊ နလုံးသွင်းလော့”ဟု မင်္ဂလသုတ်ပျို့တွင် ဆိုထားပါသည်။

*

## သမ္မာအာဇီဝ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့အနေဖြင့် စီးပွားရေးလုပ်ငန်းများကို သမ္မာအာဇီဝ ကျသော လုပ်ငန်းများနှင့် သမ္မာအာဇီဝမဟုတ်သော လုပ်ငန်းများအဖြစ် ခွဲခြားနိုင်ရန်အလို့ငှာ ၎င်းလုပ်ငန်းနှစ်မျိုးအကြောင်း သဘောတရားအား ဖြင့်လည်းကောင်း၊ ဥပမာ၊ ဥပမေယျတို့ဖြင့်လည်းကောင်း ခွဲခြား ဖော်ပြ ပေးတော်မူပါဘုရား။

မောင်ဝေဖြိုးဇော်၊ မော်ဘီမြို့။

ဖြေ။ ။ သဂြိုဟ်စေတသိက်ပိုင်း စေသိက် ၅၂ ပါးထဲတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူ၍ စေတသိက် ၃ မျိုး ခွဲခြား ဖော်ပြ ထားရာ၌ သမ္မာအာဇီဝဟူသည် အသက်မွေးမှုကို ငဲ့၍ ဝစီကံလေးပါးကို လွန်ကျူးမှုမှ ရှောင်ကြဉ်ခြင်း၊ ကာယကံသုံးပါးကို လွန်ကျူးမှုမှ ရှောင် ကြဉ်ခြင်း ဖြစ်သည်။ ဥပမာဖြင့် ထင်ရှားအောင် ဖော်ပြရသော် ပါဏာတိ ပါတဆိုင်ရာ၌ ရိုးရိုးတောပစ်ဝါသနာပါ၍ တောလည်လျက် သားကောင် များကို အပျော်သဘောပစ်သတ်ခြင်းသည် ရိုးရိုးပါဏာတိပါတပင် ဖြစ် သည်။ မုဆိုးအဖြစ်ဖြင့် သားကောင်များကို ရှာဖွေပစ်သတ်၍ အသားကို ရောင်း၍ အသက်မွေးခြင်းသည် မိစ္ဆာဇီဝ ဖြစ်သည်။ ဤကဲ့သို့ သားသတ် မုဆိုးအဖြစ် စွန့်ပစ်၍ အခြားအသက်မွေးမှုကိုပြုလျှင် သမ္မာအာဇီဝ ဖြစ်ပါ သည်။ ဤဥပမာအတိုင်း ခိုးဝှက်၍ အသက်မွေးမှု၊ လိမ်လည်လှည့်ဖြား၍ အသက်မွေးမှုတို့၌ သိနိုင်ပါ၏။ ထိုကဲ့သို့ ဒုစရိုက်မှုတို့မှ ကင်းရှင်းသော လုပ်ကိုင်ရှာဖွေအသက်မွေးမှုတို့ကို သမ္မာအာဇီဝဟုခေါ်ရသဖြင့် ဗုဒ္ဓဘာသာ

www.dhammaransi.com

သမ္မာနွယ်ဝင် သူတော်စင်တိုင်း ဤကဲ့သို့ အသက်မွေးနေထိုင်နိုင်ရန် ကြိုးစားသင့်လှပါသည်။

*

## ရပ်ပြစ်ရှစ်ပါး

မေး။ ။ အရှင်ဘုရား၊

ဩကာသကန်တော့ခန်းတွင် ပါသော ရပ်ပြစ်ရှစ်ပါးကို သိလိုသဖြင့် ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဦးစက်ဖေ၊ တောင်ကြီး။

ဖြေ။ ။ (၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) အသညသတ် ဗြဟ္မာဘုံ၊ (၅) သာသနာတွင်းဖြစ်သော်လည်း ဣန္ဒြေချို့တဲ့သူ (ဆွံ့အ နားမကြား အရိယိုခြင်း စသည်)၊ (၆) မိစ္ဆာဒိဋ္ဌိ၊ (၇) ပစ္စန္တရစ် (ဘုရားသာသနာမရှိရာ အရပ်)၊ (၈) သာသနာပ တိဟိတ်ပုဂ္ဂိုလ် ။ ဤရှစ်မျိုး၌ ဖြစ်ရလျှင် ဘုရားပွင့်သောအချိန်အခါ ဖြစ်စေကာမူ မင်္ဂဖိုလ်မရနိုင်၍ အရပ်ပြစ် (အပြစ်ရှိနေသော အရပ်)ရှစ်မျိုး (ရပ်ပြစ်ရှစ်ပါး)ဟု ဆိုပါသည်။

ဆောင်ပုဒ်။ ။ "ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်သည်။ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။"

*

## သံပုံးတီးခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော် သံသယတစ်ခုရှိသည်မှာ ရွာမှာ သံဃာတော်များပင့်ပြီး ပရိတ်တရားနာပါသည်ဘုရား။ ပြီးလျှင် တစ်ရွာလုံး ဆန်ကောရိုက်၊ သံပုံးတီးလုပ်ကြပါသည်။ တပည့်တော်တို့ ပေလီရွာတွင် စစ်တပ်လည်း ရှိသည်။ သူတို့လည်း တီးကြသည်။ သည်ဆန်ကောရိုက်ခြင်း၊ သံပုံးတီး

www.dhammaransi.com

ခြင်းကိစ္စကို တပည့်တော် ဘယ်စာအုပ်မှာမှ မတွေ့ဖူးပါ။ သည်ကိစ္စကို ဖြေရှင်းပေးပါရန် လျှောက်ထားပါသည် ဘုရား။

ဦးညီမောင်၊ ငပလီ၊ သံတွဲမြို့။

ဖြေ။ ။ ဓမ္မပဒအဋ္ဌကထာ ကာဠီဘီလူးမ ဝတ္ထု၌ ကာဠီဘီလူးမနှင့် သာဝတ္ထိပြည်သူအမျိုးသမီးတစ်ဦးတို့ ဘဝအဆက်ဆက် ရန်ငြိုးကြောင့် တစ်ယောက်တစ်ပြန် သတ်ဖြတ်နှိပ်စက်လာကြရာ မြတ်စွာဘုရားတရားကို နာရ၍ ၂ ဦးလုံး သောတာပန် ဖြစ်သွားကြသည်။ ထို့နောက် အမျိုးသမီးက ဘီလူးမအား အိမ်သို့ခေါ်လာကာ ခေါင်းရင်းခန်း၌ ထား၍ အစားအစာ ကျွေးမွေးပသခြင်းဖြင့် ချီးမြှောက်ထားပါသည်။ သို့သော် အိမ်၌ ဆန်ထောင်းခြင်း၊ ဆန်ပြာခြင်း၊ တောင်းခါခြင်း၊ သံပုံးမှောက်ခြင်း စသော အသံများကို ကြားလျှင် အူအသည်းပြောင်းပြန်လန်မတတ် ခံစားရသောကြောင့် အိမ်မှာ မနေလိုကြောင်း ဘီလူးမက ပြောသည်။ ထိုသို့ ပြောသဖြင့် အိမ်၏ မနီးမဝေးတွင် အဆောက်အအုံငယ်တစ်ခု ဆောက်လုပ်၍ ပူဇော်ပသထားရကြောင်း လာရှိပါသည်။ ထိုသို့ ဘီလူးစသော ပရလောကသားတို့သည် အိမ်တွင်း၊ ရွာတွင်းမှ ဆန်ထောင်းခြင်း၊ ဆန်ပြာခြင်း၊ သံပုံးတီးခေါက်ခြင်း စသော အသံများကို ကြောက်လန့်ကြောင်း စာရှိသည်။ ထိုသို့ စာရှိသည်ကို အစွဲပြု၍ ဗုဒ္ဓဘာသာတို့သည် ဘီလူး၊ တစ္ဆေတို့အား ဆန်ကောရိုက်၍၊ သံပုံးတီး၍ နှင်ထုတ်ရသော အလေ့ရှေးရှေးအခါကပင် ရှိခဲ့ပါသည်။ ထို့ကြောင့် ပရိတ်ရွတ်ပြီးလျှင် ရှေးရိုးစဉ်လာ ဆန်ကောရိုက်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်ဟု မှတ်သားသင့်ပါသည်။

*

## ဆဲဆို၍ ကူညီခြင်း

မေး။ ။ အရှင်ဘုရား၊

အရေးကြီးသည့်ကိစ္စဖြင့် ခရီးသွားနိုက် လမ်းမှာ ဒုက္ခရောက်နေသူကို တွေ့ရ၍ ကူညီရာတွင် ဆဲဆို ကြိမ်းမောင်းပြီး ကူညီသည့်အတွက်

www.dhammaransi.com

ကုသိုလ်ရသည် မရသည် အငြင်းအခုံ ဖြစ်နေကြပါသည်ဘုရား။ ထို့ကြောင့် ကုသိုလ်ရနိုင်၊ မရနိုင် ဖြေကြားပေးတော်မူပါ ဘုရား။

သီသီမိုး၊ ခရမ်းခြံ တန့်ဆည်မြို့နယ်။

ဖြေ။ ။ ဒုက္ခသည်ကို တွေ့၍ ကူညီခြင်းသည် ထိုသူ၏ စိတ်ရင်းစေတနာ ကောင်းမှုပင် ဖြစ်သည်။ ဆဲဆိုခြင်းသည် စရိုက်ကြမ်းခြင်း (ဒေါသ စရိုက်ရှိမှု)ကို ပြသည်။ ကူညီရာ၌ ဆဲဆိုမှုမှာ ဒေါသကြောင့် ဆဲဆိုခြင်း ဟု မဆိုသာ။ သူ၏ စရိုက်ကို ဖော်ပြခြင်းသာဖြစ်ရာ ကြမ်းတမ်းသော စေတနာ မပါပေ။ အမေက ဤလမ်းမသွားနှင့်ဟုတားရာ သားက ဇွတ် သွား၍ "နင့်ကို တောထဲက ကျွဲရိုင်းမကြီး ထွက်၍ ခတ်ပါစေဟယ်"ဟု ဆိုရာ၌ ကြမ်းတမ်းသော စေတနာမပါ၍ ဖရုသဝါစာ မဖြစ်သကဲ့သို့ "ဟဲ့ ခွေးမသား၊ နင် ဒုက္ခရောက်နေပြီ မဟုတ်လား၊ လာခဲ့ ဒီကို"ဟု ဆို၍ တတ်နိုင်သော အကူအညီကို ပေးသူ၏ စကားကြမ်းမှာ ကရုဏာ ဒေါသောဟူသော ခေတ်စကားကဲ့သို့ ကရုဏာသံမျိုးသာ ဖြစ်သင့်သဖြင့် အကုသိုလ်မဖြစ်၊ ကုသိုလ်ဖြစ်သည်ဟု ယူဆသင့်ပါသည်။ ရှင်ဘုရင်က သေမိန့်ပေးရာ၌ "ကဲ သူ့ကို ချမ်းချမ်းသာသာ အိပ်ပါစေ"ဟု အချိုသာဆုံး ဆိုသော်လည်း ဖရုသဝါစာဖြစ်သည်ဆိုသည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။

*

## ဆီးဖြူဖန်ခါး ရဟန်းစား

မေး။ ။ အရှင်ဘုရား၊

ဆီးဖြူဖန်ခါး ရဟန်းစားဟူသော စကားကို အကိုးပြု၍ ဝိကာလ အခါတွင် ရဟန်းသာမဏေများ ဆီးဖြူသီး၊ ဖန်ခါးသီး စားကြသည်ကို တွေ့ဖူးပါသည်။ ထိုသို့စားလျှင် အာပတ်၊ ဒဏ်သင့်ပါသလား။ အမှန်ပင် စားကောင်းခဲ့သော် အဘယ်ကြောင့် စားခွင့်ရသည်။ ဆားရည်စိမ် ဆီးဖြူ

သီးကို စားကောင်း၊ မစားကောင်း။ ထိုအရာနှင့်စပ်၍ ကျမ်းဂန်တို့၌ လာသော စကားကို ဖြေကြားပေးသောအားဖြင့် တပည့်တော်၏ သံသယ ကုက္ကုစ္စကို ဖြေဖျောက်ပေးတော်မူပါဘုရား။

ရှင်ပညာတိက္ခ၊ စစ်ကိုင်းတောင်ခြေ။

ဖြေ။ ။ ကျိုးသဲလေးထပ်ဆရာတော် ပြုစုသော သံသယဝိသောဓနေကျမ်း ကာလိကကဏ္ဍတွင် "တစ်ခုတစ်ခုသော ရောဂါကို ပယ်ဖျောက်နိုင်သော ဆီး‌ဖြူ၊ သျှိသျှား၊ ဖန်ခါး အစရှိသော ဆေး၊ အစပ်၊ အငန်၊ အဖန်၊ အခါးဖြစ်သော အမြစ်၊ အသီး၊ အရွက်၊ အခေါက်ဖြစ်သော ဆေးတို့သည် အကပ်ခံ၍ မကုန်မချင်း အသက်ထက်ဆုံး သုံးဆောင်အပ်သော ကြောင့် ယာဝဇီဝံ ကာလံ အဿတိ ယာဝဇီဝကာလော၊ သော ယေဝ ယာဝဇီဝကော ဟူသည်နှင့်ညီစွာ ယာဝဇီဝက မည်၏"ဟု အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ ပဋိဂ္ဂဟေတွာ ကာလေပိအကာလေပိ ပရိ ဘုဉ္ဇိတုံ ပါဠိတော်အရ ဆုံးဖြတ်ဖော်ပြထားပါသည်။ (၎င်းကျမ်း-၂၁၉)

*

## အရိမေတ္တေယျ ဘုရားလောင်း

မေး။ ။ အရှင်ဘုရား၊

မြန်မာနိုင်ငံ၌ ထင်ရှားသော တန်ခိုးကြီးဆရာတော်ကြီးများထဲမှ တစ်ပါးအပါအဝင် (ဘွဲ့အမည်တော် မဖော်ပြလို) ဆရာတော်ကို တပည့်တော်တို့ သွားဖူးပါသည်။ ထိုအခါ အမျိုးသမီးကြီးတစ်ဦးက လူပရိသတ် အတော်များများရှေ့မှာ ထိုဆရာတော်ဘုရားကြီးသည် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားအလောင်းတော်ဖြစ်သည်ဟု ပြောဆိုနေသည်ကို ကြားရသည်။ ဆရာတော်ကို ကြည်ညိုသော်လည်း ထိုအမျိုးသမီး၏စကား

www.dhammaransi.com

ကို တပည့်တော် မယုံပါ။ ထို့ကြောင့် အရိမေတ္တေယျဘုရားအလောင်းတော် သည် ယခုလက်ရှိ မည်သည့်ဘုံ၊ မည်သည့်ဘဝ၌ ရောက်ရှိနေမည်ကို တပည့်တော်အပါအဝင် နောင်လာနောက်သားများ အမှတ်မမှားစေရန် မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါဘုရား။

မောင်စောရန်နိုင်၊ မန္တလေးမြို့။

ဖြေ။ ။ အရိမေတ္တေယျ ဘုရားအလောင်းနှင့် ၎င်း၏ လက်ယာရံ၊ လက်ဝဲရံ ရဟန္တာအလောင်းများ၊ တုသိတာနတ်ဘုံ၌ နတ်သားများအဖြစ်ဖြင့် ရှိနေကြောင်း အနာဂတဝင်ကျမ်းများ၌ ဖော်ပြထားပါသည်။ ရဿဝါ ဟိနီ၌ သီဟိုဠ်ကျွန်းမှ မလယမထေရ် (ရှင်မာလဲ ရဟန္တာ)သည် ဈာန် တန်ခိုးဖြင့် တာဝတိံသာ စူဠာမဏိစေတီကို သွားရောက်ဖူးမြော်စဉ် တုသိ တာ နတ်ပြည်မှ အရိမေတ္တေယျအလောင်းတော်နတ်သား စူဠာမဏိစေတီ ကို လာရောက်ဖူးမြော်ခိုက် တွေ့ကြုံ၍ စကားမေးမြန်းပြောဆိုခဲ့ဖူးကြောင်း လာရှိပါသည်။ ထိုတုသိတာ နတ်သက်တမ်းသည် ၎င်းတို့ နတ်တို့၏ အရေအတွက်ဖြင့် နှစ်ပေါင်းလေးထောင် (လူတို့၏ အရေအတွက်ဖြင့် တစ်ဆယ့်နှစ်ကုဋေ တစ်သိန်းခြောက်သန်း)နှစ်အရေအတွက်ရှိကြောင်း (သင်္ဂြိုဟ် ဘုံပိုင်း၌) ဖော်ပြထားပါသည်။ ထို့ကြောင့် ဤ ဂေါတမမြတ်စွာ ဘုရားလက်ထက်တွင် ရဟန်းလာ၍ မဖြစ်ဖူးသေးသော အရိမေတ္တေယျ ဘုရားအလောင်းတော်အဖို့ သူ့တွင် လူသက်နှစ်ထောင်ကျော်လေးမျှသာ တုသိတာဘုံတွင် ကြာသေးသဖြင့် လူ့ပြည်တွင် လူလာဖြစ်ရန် ဝေးကွာ လွန်းလှပါသေးသည်။ ထို့ကြောင့် ထိုအရိမေတ္တေယျ ဘုရားအလောင်း တော် နတ်သားသည် ယခုအခါ တုသိတာနတ်ဘုံ၌ ရှိနေမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*

www.dhammaransi.com

## မြတ်စွာဘုရားရုပ်ပွားတော်နှင့် နားတော်

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ ပုံတော်များ၊ ရုပ်တုတော်များတွင် နားရွက်တော်မှာ ပခုံးထိ ရှည်ထားပါသည်။ ကျမ်းဂန် အထောက်အထား ရှိပါသလားဘုရား။

မြတ်စိုး၊ တောင်တွင်းကြီး။

ဖြေ။ ။ သမန္တစက္ခုဒီပနီကျမ်း (ပုစ္ဆာ ၁၀၀ အဖြေ)တွင် "ဘုရားသခင် ရုပ်တုတော်များမှာ အဘယ်အကြောင်းကြောင့် နားရွက်တော်ကို အလွန်ရှည်လျားစွာ ထုလုပ်လေသနည်းဟူ၍ မေးရာ၌ သက်တော်ထင်ရှား ရှိသော ဘုရားကိုယ်တော်စစ်ကပင် နားရွက်တော်ရှည်သောအဖြစ်ကို အသီတာနုဗျဉ္ဇန လက္ခဏာတော်အရာ၌ အာယတာရစိကဏ္ဏာ=ရှည်သော နား၊ နှစ်လိုဖွယ်သော နားရှိသောအဖြစ်ဟု ဆိုသည်။ ဤသို့ဆိုသော လက္ခဏာတော်ကို ထောက်၍ ရုပ်တုတော်မှာလည်း ကျမ်းဂန်နှင့်ညီအောင် နားရွက်တော်ကို အရှည်ထား၍ ထုလုပ်လေသည်"ဟူ၍လည်းကောင်း၊ "ဘုရားရုပ်တုတော်မှာ ရှေးအစဉ် ရှည်လျားစွာသော ကာလကပင် သဏ္ဌာန် လက္ခဏာ အနေအထိုင်ကို သိကုန်သော ပညာရှိတို့သည် ထားခဲ့သော စနစ် ဥပဒေသရှိ၍ လုပ်ဆောင်လေသည် ဟူ၍လည်း မှတ်သင့်သည်"ဟူ၍လည်းကောင်း ဆို၍ ရှေးရှေးပုံတော်ထုလုပ်ပုံစနစ်များကို အကျယ်တဝင့်ဖော်ပြထားပါသည်။ အသီတာနုဗျဉ္ဇန လက္ခဏာတော်အရ နားတော်သည် ပခုံးထိရမည်ဟူ၍ကား မပါပါ။ အာယတာရစိကဏ္ဏာ=ရှည်သောနား၊ နှစ်လိုဖွယ်သောနားဟုသာ ဆိုသည်။ နားတော်သည် မျက်နှာတော်နှင့် အဆင်သင့် လှပပြေချော၍ ပျော့ပျောင်းသော နားသီး၊ နားပျဉ်းတော်သည် လည်တော်ထက်ဝက်ရောက်မျှကျ၍ ကြည်ညိုဖွယ်ရှိကြောင်း ဆိုပါသည်။ ယခုခေတ် ရုပ်တုတော်များမှာ ကျောက်၊ သစ်သား စသည်

www.dhammaransi.com

များဖြင့် ထုလုပ်ခြင်းဖြစ်၍ နားတော် ပခုံးသို့ မထိဘဲထားလျှင် မကြာမီ ကျိုးပဲ့သွားဖွယ်ရာရှိသဖြင့် ပခုံးတော်နှင့် ထိထားရခြင်း ဖြစ်ဖွယ် ရှိပါသည်။

*

## ငါးပါးသီလသည် နိစ္စသီလ

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဘာသာဝင်များသည် ငါးပါးသီလကို မလွဲမသွေ ဆောက်တည် ရမည်ဖြစ်သော်လည်း ထိုကဲ့သို့ သီလကျိုးပေါက်ပြောက်ကျား၍ ဘုရား သံဃာရှေ့၌ သီလခံယူပြီး ကျိုးပေါက်နေခြင်းထက် တစ်ပါးသီလ၊ နှစ်ပါးသီလ စသည်ဖြင့် ခံယူပါက အကျိုး (ကုသိုလ်) ရှိ၊ မရှိ။ ဘုရား တရားတော်ကို ဖျက်ဆီးရာရောက်၍ အကုသိုလ် ဖြစ်၊ မဖြစ်။ နေ့စဉ် စောင့်ထိန်းရသော သီလဖြစ်၍ မည်သို့ ကျင့်သုံးသင့်ကြောင်း မိန့်ကြား ပေးပါရန် ရိုသေစွာ တောင်းပန်အပ်ပါသည် ဘုရား။

ထွန်းထွန်း၊ ရန်ကုန်။

ဖြေ။ ။ ငါးပါးသီလသည်လူတို့၏ နိစ္စသီလ၊ ဝါရိတ္တသိက္ခာပုဒ်များဖြစ်၍ ခံယူသည်ဖြစ်စေ၊ မခံယူသည်ဖြစ်စေ၊ ဗုဒ္ဓဘာသာဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အပြည့်အစုံ စောင့်ထိန်းကြရမည်သာ ဖြစ်သည်။ ငါးပါးသီလကို မခံယူသော်လည်း သူ့အသက်သတ်ခြင်းမှစ၍ လိမ်လည် ခြင်း၊ သေအရက်သောက်ခြင်း စသည်တို့သည် အကုသိုလ်ဖြစ်သည်ချည်း ဖြစ်သည်။ တစ်ပါးသာ နှစ်ပါးသာ ဆောက်တည်၍လည်း မဖြစ်ပါ။ ဆောက်တည်လျှင် ငါးပါးလုံးသာ ဆောက်တည်ရပါမည်။ တစ်ပါးနှစ်ပါး ခွဲ၍ ဆောက်တည်ခြင်းမှာလည်း ပြဿနာရှင်ပြောသည့်အတိုင်း ဘုရား တရားတော်ကို ဖျက်ဆီးရာ ရောက်ပါသည်။ ထို့ကြောင့် သီလငါးပါးလုံး ကို မကျိုးမပေါက်၊ မပြောက်မကျားရအောင် ဘုရားတပည့်သား ဗုဒ္ဓ ဘာသာပီပီ ကြိုးစားအားထုတ်စေလိုပါသည်။

*

www.dhammaransi.com

## ဦးပုညတေးထပ်မှ သုံးကျိပ်လေး

မေး။ ။ အရှင်ဘုရား၊

ဦးပုညတေးထပ်မှ 'သုံးကျိပ်လေး သူကောင်မွေ'ဆိုသော သရုပ်ကို အတိအကျ မခွဲတတ်ပါ၍ ခွဲဝေပြတော်မူစေလိုပါသည် ဘုရား။ တေးထပ်မှာ "နိဗ္ဗုတာပြည်နီးတဲ့၊ လမ်းမကြီးဆယ်ဖြာ၊ ဘေး မရှိ လွန်ချမ်းသာ၊ သွားစရာ ကျယ်ဝန်း။ ယာဉ်ရထားသုံးဆူမှာ၊ စီးလိုသူ စီးကြဖို့ခင်း။ သုံးထုပ်သော ရိက္ခာကို၊ ကိုယ်မကွာ ဆောင်ကြဉ်း၊ စိန်သန်လျက် ထိန်ဝင်းကို၊ လက်တွင်းမှာမြဲစေ၊ ဆယ့်နှစ်ကောင် တောဘီလူးကိုတော့၊ တပ်ဦးမှာ သုတ်သင်ကြလေ။ သုံးကျိပ်လေး သူကောင်မွေကို သေကျေအောင် ဖျက်ဆီးမှ၊ ရန်မီးကို ငြိမ်းစေမယ်၊ ပေါ့လေနှင့်ကွယ်၊ ဆိုးလှတဲ့ သူပုန်ကြယ်ကို၊ ဖြတ်ပယ်ကာ ရှင်းပါကြလေး"ဟူ၍ ဖြစ်ပါသည်။

မပညာစာရီ၊ ပခုက္ကူမြို့။

ဖြေ။ ။ တေးထပ်ပါ အခြားခက်ဆစ်များကိုပါ အကျဉ်းဖော်ပြပါမည်။

၁။ လမ်းမကြီးဆယ်ဖြာ= ပါရမီ ၁၀ ပါး၊

၂။ ယာဉ်ရထားသုံးဆူ= အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊

၃။ သုံးထုပ်သောရိက္ခာ= ဒါန၊ သီလ၊ ဘာဝနာ၊

၄။ စိန်သန်လျက်=အရဟတ္တမဂ်၊

၅။ ၁၂ ကောင်တောဘီလူး= အကုသိုလ်စိတ် ၁၂၊

၆။ သုံးကျိပ်လေးသူကောင်မွေ=၃၁ ဘုံ၌ရှိသော ပုထုဇဉ် ၃၄။

(ပုထုဇဉ် ၃၄ သရုပ်မှာ အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၄၊ လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိ အဟိတ်ကြဉ် ပုထုဇဉ် ၆၊ အထက် နတ်ပြည်ငါးထပ်၌ ၃၊ သု ကြဉ် ပုထုဇဉ် ၁၀၊ ဗြဟ္မာပြည်တွင် ပ ဈာန် ၃ ဘုံ၊ ဒုဈာန် ၃ ဘုံ၊ တဈာန် ၃ ဘုံ၊ စတုတွင် ဝေဟပ္ဖိုလ်ဘုံ ၁၊ ရင်းဗြဟ္မာ ၁၀ ဘုံ၌ တိဟိတ်ပုထုဇဉ် ၁၀၊ အရူပလေးဘုံ၌ ပုထုဇဉ် ၄၊ စုစုပေါင်း

www.dhammaransi.com

၃၄၊) ယင်း ၃၄ သည်ပင် သုံးကျိပ်လေး သူကောင်မွေ၏သရုပ်ပင် ဖြစ်ပါသည်။ တေးထပ်အရ ၎င်းသုံးကျိပ်လေးဦးသော ပုထုဇဉ်တို့၏ ပုထုဇဉ်စိတ်များကို ဖျက်ဆီး၍ မဂ်ဖိုလ်ရအောင် အားထုတ်ကြပါဟု တိုက်တွန်းလိုရင်း ဖြစ်ပါသည်။

*

## အလှူဒါန

မေး။ ။ အရှင်ဘုရား၊

အလှူဒါနကို စေတနာသုံးတန်ဖြင့် အချိန်အခါမရွေး ကြုံလျှင်ကြုံသလို တွေ့လျှင်တွေ့သလို မည်သည့်ပုဂ္ဂိုလ်ကိုမဆို လှူဒါန်းခြင်းထက် အကျင့်သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကို ရွေးချယ်ပြီးမှ လှူဒါန်းခြင်းတို့တွင် မည်သည့်လှူဒါန်းခြင်းမျိုးက ပိုပြီးမြတ်၊ ပိုပြီး ကုသိုလ်ရပါသလဲ ဘုရား ဖြေကြားပေးတော်မူပါဘုရား။

ဦးခင်မောင်သန်း၊ လှိုင်သာယာ။

ဖြေ။ ။ သာသနာတော်တွင်း၌ လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်လှူဒါန်းခြင်းမှာ သာသနာပြုဒါနဖြစ်၍ မြတ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဘုရားအလောင်းတော်တို့ ဒါန ပါရမီအရာ၌ မိမိ၏ စိတ်စေတနာကိုသာ ပဓာနထား၍ အလှူခံပုဂ္ဂိုလ်၊ အလှူပစ္စည်းတို့ကို ရွေးချယ်မနေဘဲ အခြေအနေအရ လာသမျှ ပုဂ္ဂိုလ်၊ လိုသမျှပစ္စည်းတို့ကို ပေးလှူခြင်း၊ အယုတ်အလတ် အမြတ်မရွေး ပေးကမ်းခြင်းတို့ကိုလည်း ကုသိုလ်မရဟု မဆိုနိုင်ပါ။ သာသနာပအခါ၌ ဇူဇကာလို ဒုဿီလ ပုဂ္ဂိုလ်များကိုပင်လည်း မယား၊ သား၊ သမီးတို့ကို လှူဒါန်းနိုင်သော ဒါနပါရမီကို ပြုနိုင်မှသာ ပါရမီစိတ်ထား ဖြစ်နိုင်ကြောင်း စဉ်းစား၍ တရားသဘောအရ သင့်လျော်သလို နှလုံးသွင်းနိုင်ရန် အရေးကြီးလှပါသည်။

*

## အရှင်သာရိပုတ္တရာနှင့် သွေးအန်ရောဂါ

မေး။ ။ အရှင်ဘုရား၊

အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးသည် မိခင် သာရီ ပုဏ္ဏေးမကြီး၏ တိုက်ခန်းတွင် သွေးအန်ပြီး ပရိနိဗ္ဗာန် ပြုသည်ဟု ဆိုပါသည်။ အရှင်မြတ်ကြီး သွေးအန်ရခြင်းမှာ မည်သည့်ဝိပါက်တော်ကြောင့် ဖြစ်သည်ဆိုတာ သိလိုပါ၍ ဖြေကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သိလိုသူ ဒကာတစ်ဦး (လှိုင်သာယာမြို့)။

ဖြေ။ ။ အရှင်သာရိပုတ္တရာသည် မိခင် သာရီ ပုဏ္ဏေးမကြီးအိမ်၊ မိမိ၏ ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန် စံတော်မူခန်းကို မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ သတိပဋ္ဌာနသံယုတ် စုန္ဒသုတ်အဖွင့် (သံ ဋ္ဌ ၃၊ ၂၄၅)တွင် အကျယ်ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ထိုတွင် "လောဟိတ ပက္ခန္ဒိကာ မာရဏန္တိကာ ဝေဒနာ ဝတ္တန္တိ"ဟုဆိုပါသည်။ မည်သည့်ဝိပါက်ကြောင့်ဟု မဆိုပါ။ ဝိပါက်ဟု ဆိုရလောက်အောင်လည်း ကြာရှည်ခံစားနေရသည် မဟုတ်ပါ။ မိမိ၏ဖွားရာတိုက်ခန်းသို့ ရောက်ရှိပြီးနောက် အဖော်ရဟန်းများကို ထွက်ခွာသွားစေပြီးလျှင်ပင် မထေရ်မြတ်၌ ရောဂါဖြစ်ပေါ်လာသည်။ ထိုသို့ ရောဂါဖြစ်ပေါ်လာပြီး သွေးအန်ကြောင်း၊ သေဝပါးနီး ဝေဒနာကြီး ဖြစ်လာကြောင်း၊ ညဦးပိုင်းကစ၍ ဖြစ်ပေါ်လာပြီး နတ်မင်းကြီးများ၊ သိကြားမင်းကြီးနှင့် ဗြဟ္မာမင်းကြီးများ လာသော်လည်း အပြုစုမခံဘဲ ပြန်လွှတ်လိုက်ကြောင်းအဆိုရှိပါသည်။ ထို့နောက် မယ်တော်ကြီး မေး၍ ယင်းနတ်ဗြဟ္မာများမှာ မြတ်စွာဘုရား၏ အလုပ်အကျွေးများသာဖြစ်ကြောင်း ဖြေဆိုပြီး မယ်တော်ကြီးအား တရားဟောကြောင်း၊ ထို့နောက် ရှာန်အဆင့်ဆင့် ဝင်စား၍ စတုတ္ထဈာန်အဆုံး၌ ပရိနိဗ္ဗာန်စံတော်မူကြောင်း ဖွင့်ပြထားသည်။ ဓာတ်ရှိ၍ ဖရောဂါရောဖြစ်ကာ ဗျာဓိဒဏ်

www.dhammaransi.com

ကို ခံစားရခြင်း မေ့တတ်သောကြောင့် တစ်ညတာအချိန်တို့မျှသာ ရောဂါဝေဒနာ ဖြစ်ရသဖြင့် ဝိပါက် ဝဋ်ကြွေးဟု မဆိုသာကြောင်း မှတ်သားရပါသည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ဝိပါက်တော်ကြောင့် သွေးအန်ရခြင်း မဟုတ်ကြောင်း ဖြေကြားအပ်ပါသည်။

*

## ဒိဗ္ဗစက္ခုအဘိညာဉ် ရှိခိုးဂါထာ

မေး။ ။ အရှင်ဘုရား၊

နားရောဂါရှင်တို့ ရွတ်ဆိုဘုရားရှိခိုးရန် ဂါထာတော်ကို ချီးမြှင့်ရေးသား ဖြေကြားပေးသဖြင့် ဝမ်းသာပီတိဖြစ်ရပါသည်။ မျက်စိဝေဒနာရှင်များ ရွတ်ဆိုရှိခိုးရန် ဂါထာတော်ကိုလည်း ချီးမြှင့်တော်မူပါ အရှင်ဘုရား။

ခင်မာဆွေ၊ ရေနီစက္ကူစက်။

ဖြေ။ ။ ဒူရဋ္ဌ သုခုမံ ရူပံ၊
ဒဋ္ဌုံ သမတ္ထနာယကံ။
တိရောဓာနေ ဌိတံ ရူပံ၊
ဒိဗ္ဗစက္ခုံ နမာမဟံ။

ဘန္တေ=ဒိဗ္ဗစက္ခု၊ မြင်မှုထင်ရှား၊ အို မြတ်စွာဘုရား။ ဒူရဋ္ဌရူပဥ္စ=စကြဝဠာ လွန်ဝေးကွာသည့် ရူပါရုံများ အစားစားကိုလည်းကောင်း။ သုခုမံ ရူပံ=ပရမာဏု ပမာပြု၍ မြင်မှုမလွယ် လွန်သေးငယ်သည့် နုနယ်လုံးစုံ သိမ်မွေ့သော ရူပါရုံကိုလည်းကောင်း။ တိရောဓာနေ=တောတောင်မြိုင်စွယ် အသွယ်သွယ်တို့ ဖုံးကွယ်နေရာ မမြင်သာသော ဌာနဋ္ဌ၊ ဌိတံ=မြင်နိုင်ခက်ပေ တည်ရှိနေသော။ ရူပဥ္စ=ကြီးငယ်အလတ် အရပ်ရပ်သော ရူပါရုံကိုလည်းကောင်း။ ဒဋ္ဌုံ=နတ်မျက်စိသွင် ဉာဏ်တော်ရှင်မို့ ထင်မြင်ကြည့်ရှုတော်မူခြင်းငှာ။ သမတ္ထံ=စွမ်းနိုင်တော်မူသော။ နာယကံ= လောက

www.dhammaransi.com

သုံးပါး ရှေ့သွားသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ= မျက်စိဒုက္ခခံနေရ၍ လုံးဝပျောက်ကင်း အမြင်ရှင်းလျက် ထင်းလင်းရန်မျှော် ဘုရားတပည့်တော်သည်။ နမာမိ=ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

*

## ဗုဒ္ဓဘာသာမှန်သမျှ အပါယ်မကျ

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဘာသာတို့သည် သရဏဂုံ၊ ငါးပါးသီလစသော နိဗ္ဗာန်ကုသိုလ်များကြောင့် သောတာပန်အလားဖြစ်၍ အပါယ်မကျခြင်း၊ တရားနာခြင်းကြောင့် ကိုးကမ္ဘာ၊ တရားတောင်းခြင်းကြောင့် ရှစ်ကမ္ဘာ၊ သာဓုခေါ်ရုံမျှဖြင့်ပင် တစ်ကမ္ဘာအပါယ်မလားခြင်း စသည်ဟောပြောကြသည်ကို နာယူမှတ်သားရပါသဖြင့် ဗုဒ္ဓဘာသာ မှန်သမျှ အပါယ်မကျဟု ယူဆရတော့မည် ဖြစ်နေပါသည်။ ထိုကိစ္စများအား ရှင်းလင်းဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

(အမေးစာမှာ ရှည်လျား၍ လိုရင်းသိသာရုံ ဖော်ပြသည်။)

ဦးအုန်းမောင် (အငြိမ်းစားဆရာ)၊ ပုသိမ်မြို့။

ဖြေ။ ။ ကုသိုလ်အကျိုးပေးမှုနှင့် ပတ်သက်၍ မဟဂ္ဂုတ်ကုသိုလ်ကဲ့သို့ ဂရုကံများမှတစ်ပါး အခြား ကုသိုလ်ကံများမှာ မုချအပါယ်မကျဟု မဆိုနိုင်ပါ။ ယေဘုယျအနေဖြင့်သာ ဆိုနိုင်ပါသည်။ ပုထုဇဉ်ဖြစ်၍လည်း မုချမဆိုသာခြင်း ဖြစ်သည်။ အမြိဒါနကုသိုလ်ပြုလျက် ဘုရားကျောင်းအမကြီးဖြစ်ပြီး မဟာအသဒိသအလှူကြီးကို ပေးလှူခဲ့သော မလ္လိကာမိဖုရားကြီးသည် သေခါနီး၌ မုသာဝါဒတစ်ခုပြုမိသည်ကို အမှတ်ရ၍ အကုသိုလ်အာသန္နကံဖြင့် အပါယ်သို့ ကျရသည်။ ရဟန်းဘဝ သီလကောင်းစွာ အားထုတ်ခဲ့ပါလျက် သေခါနီးတွင် သင်္ကန်း၌ စွဲလမ်းခဲ့မှု

www.dhammaransi.com

ကြောင့် တိဿရဟန်းကြီးသည် သန်းဖြစ်ရသည်။ ယင်းတို့မှာ သေခါနီး၌ အကုသိုလ် အာသန္နကံက ကုသိုလ်ကံများကို ကျော်ဖြတ်၍ အကျိုးပေးသွားပုံပင် ဖြစ်ပါသည်။ အာသန္နကံကို နွားအိုကြီးဥပမာဖြင့် ပြဆိုပုံမှာ နွားပေါင်းများစွာရှိသော နွားခြံကြီးတွင် နွားများကို ခြံတွင်းသို့ မောင်းသွင်းရာ၌ နွားအိုကြီးမှာ အားနည်း၍ နောက်ဆုံးမှ ခြံတွင်းသို့ ဝင်ရသဖြင့် ခြံဝတွင် အိပ်နေရသည်။ နံနက်တွင် နွားများကို ခြံမှထုတ်သောအခါ ခြံဝတွင် အိပ်ရသော နွားအိုကြီးက ရှေးဦးစွာ ထွက်ရပေသည်။ ထို့အတူပင် အာသန္နကံသည် အားသေးသော်လည်း သေခါနီး၌ဖြစ်၍ တခြား အားကောင်းသော အာစိဏ္ဏကံတို့ကို ကျော်ဖြတ်၍ အကျိုးပေးနိုင်လေသည်။ ထို့ကြောင့် မည်သည့်ကုသိုလ်ကြောင့် အပါယ်မကျဟုဆိုသော်လည်း ပုထုဇ္ဇဘဝ၌ စိတ်မချရ၊ ယေဘုယျဟုသာ မှတ်သား၍ အားကောင်းသော ကုသိုလ်တရားတို့ကို မပြတ်ပွားများကြရန် လိုအပ်လှပေသည်။

*

## သုတ်အဆုံး နှစ်ဂါထာ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ရဟန်းသံဃာတော်များ အိမ်တက် အလှူ မင်္ဂလာ စသည်တို့၌ ပရိတ်ရွတ်သည့်အခါ ဓဇဂ္ဂသုတ်အဆုံးဂါထာနှင့် အာဋာနာဋိယသုတ်အဆုံးဂါထာတို့ကို ရွတ်ဆို၍ အဆုံးသတ်လေ့ရှိသည်ကို ကြားနာရပါသည်။ ထို ၂ သုတ်လုံး နောက်ဆုံးစာပိုဒ်များကို ရွတ်ရုံမျှဖြင့် ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်စဆုံး အကျိုးအာနိသင်ကို ရနိုင်၊ မရနိုင် သိလိုပါသည် အရှင်ဘုရား။

မောင်လှဋ္ဌေး (စာတိုက်မှူး)၊ အင်းလေး၊ ခေါင်တိုင်။

ဖြေ။ ။ ပြဿနာရှင်၏ အမေးပါ ဓဇဂ္ဂသုတ်အဆုံးဂါထာဆိုသည်မှာ"ဖဝံ ဗုဒ္ဓံ သရန္တာနံ"စသည်ဖြစ်သည်။ မေတ္တာသုတ် စသည် ရွတ်ဖတ်

www.dhammaransi.com

သည့်အဆုံး၌ ဣတိပိသော စသော ဘုရားဂုဏ်တော်နှင့် တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို ရွတ်ဆိုသည်။ ထိုဂုဏ်တော်တို့၏ အကျိုးပြ ဂါထာအဖြစ် ထိုဓဝံ ဗုဒ္ဓံ စသည်ကို ဆိုပါသည်။ ထိုဘုရား၊ တရား၊ သံဃာတော်တို့၏ ဂုဏ်တော်တို့မှာ အမှတ်ရသူသည် ကြောက်ရွံ့ခြင်း၊ ကြက်သီးမွေးညင်းထခြင်း စသည်ပင် မဖြစ်နိုင်ဟုဆိုသော စကားမှာ ဣတိပိသော ဂုဏ်တော်တို့၏ နိဂုံးစကားပင် ဖြစ်သည်။ ထို့ကြောင့် ဣတိပိသောအဆုံး၌ ထည့်၍ ရွတ်ပါသည်။ အာဋာနာဋိယသုတ် အဆုံး ဂါထာမှာ "အဘိဝါဒန သီလိဿ" စသော ဂါထာ ဖြစ်သည်။ ဤသို့ ဂုဏ်ကြီးမားသောရတနာသုံးပါးတို့ကို အမြဲရိုသေလေးစားသူအား အသက် ရှည်ခြင်းစသော အကျိုးတရားလေးပါး (အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ)တို့ တိုးပွားကြကုန်၏။ (တိုးပွားကြပါစေ)ဟု အာသီသပြုလို၍ ထည့်သွင်း ခြင်းဖြစ်ပါသည်။ အာဋာနာဋိယတစ်သုတ်လုံး ရွတ်ဆိုဖွယ် မလို၍ မရွတ်ဆိုခြင်းဟု မှတ်သားစေလိုပါသည်။ နောက်ဆုံးအပြီးသတ်တွင် လည်း ယံ ဒုန္နိမိတ္တံ သုံးဂါထာ၊ ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာတို့ကို လည်း အာသီသပြု၊ မေတ္တာပို့၍ အဆုံးသတ်ပေးကြပါသည်။ စင်စစ် မြန်မာ့ သာသနာဝင်၌ ရွတ်ဆိုလေ့ရှိသော ကောင်းမွန်သည့် ထုံးတမ်းစဉ် လာ ပရိတ်ဒေသနာတော်ပင် ဖြစ်ပါသည်။

*

## ဒါနနှင့် စာဂ

မေး။ ။ အရှင်ဘုရား၊

ဒါနနှင့် စာဂ မည်ကဲ့သို့ ကွာခြားသည်ကို မေတ္တာရှေ့ထား၍ ရှင်းလင်းဖြေကြားတော်မူပါအရှင်ဘုရား။

ဦးမောင်ဦး၊ တောင်ငူမြို့။

ဖြေ။ ။ ပါဠိအဘိဓာန်တွင် 'စာဂ၊ ဝိဿဇ္ဇန၊ ဒါန၊ ဝေါဿဂ္ဂ၊ ပဒေသန၊ ဝိဿာဏန၊ ဝိတရဏ၊ ဝိဟာယိတ၊ အပဝဇ္ဇန'ဟူ၍ ပေးကမ်းစွန့်ကြဲခြင်း ပရိယာယ် ၉ မျိုးရှိရာ ဒါနနှင့် စာဂကို အများဆုံး သုံးပါသည်။ မြန်မာ၌ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ ဝေငှခြင်း စသည်ဖြင့် ပရိယာယ်အမျိုးမျိုး ရှိသကဲ့သို့ပင် ဖြစ်ပါသည်။ အကျင့်သီလတွင်လည်း 'တပ၊ သံယမ၊ သီလ'ဟူ၍ ၃ မျိုး ရှိပါသည်။ နေရာဌာနအားလျော်စွာ သင့်လျော်သလို သုံးနှုန်းသွားပါသည်။

*

## သံဝေဂ

မေး။ ။ အရှင်ဘုရား၊

တပည့်တော် ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။ "သံဝေဂ"ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို သိလိုပါ၍ ဖြေကြားပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

လှသိန်း၊ မင်္ဂလွန်းရွာ။

ဖြေ။ ။ သံဝေဂဟူသည်မှာ သံဝေဂ=(သံ+ ဝိဇိ+ဏ) ထိတ်လန့်ခြင်းဟူ၍ ဖြစ်ပါသည်။ သံသရာ ဝဋ်ဒုက္ခ စသည်တို့မှ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ပါသည်။ ကျမ်းဂန်များတွင် သံဝေဂဝတ္ထု ရှစ်ပါး ဖော်ပြထားသည်မှာ ဇာတိဒုက္ခမှ ကြောက်ရွံ့ခြင်း၊ ဇရာဒုက္ခမှ ကြောက်ရွံ့ခြင်း၊ ဗျာဓိ ဒုက္ခမှ ကြောက်ရွံ့ခြင်း၊ မရဏဒုက္ခမှကြောက်ရွံ့ခြင်း၊ အပါယ်ဒုက္ခမှ ကြောက်ရွံ့ခြင်း၊ အတိတ်၌ ဖြစ်သော ဝဋ်ဒုက္ခမှ ကြောက်ရွံ့ခြင်း၊ အနာဂတ်၌ဖြစ်သော ဝဋ်ဒုက္ခမှ ကြောက်ရွံ့ခြင်း၊ ပစ္စုပ္ပန်၌ အာဟာရ ရှာမှီးရခြင်းဒုက္ခမှ ကြောက်ရွံ့ခြင်းဟူ၍ ရှစ်ပါးရှိကြောင်း ဖော်ပြထားကြပါသည်။ ထိုရှစ်မျိုးတို့ကို စိတ္တုတြာသသံဝေဂဟူသော ဒေါသတရားကိုယ်ရှိသော ကြောက်ရွံ့ခြင်း၊ ဉာဏ္တပ္ပသံဝေဂ ဟူသော ဉာဏ္တပ္ပစေတသိက်

ဟူသော ကြောက်ရွံ့ခြင်း၊ ဉာဏသံဝေဂ ဟူသော သြတ္တပ္ပနှင့်တကွ ပညာ စေတသိက် တရားကိုယ်ရှိသော ကြောက်ရွံ့ခြင်း၊ ဓမ္မသံဝေဂ ဟူသော သြတ္တပ္ပါကာရအားဖြင့် အမောဟ စေတသိက်လျှင် တရားကိုယ်ရှိသော ကြောက်ရွံ့ခြင်းဟု လေးမျိုးခွဲ၍ ဉာဏသံဝေဂ၊ ဓမ္မသံဝေဂတို့သည်သာလျှင် ဘုရားအလောင်း သူတော်ကောင်းတို့ ဖြစ်လေ့ရှိသော သံဝေဂတို့ကို မှတ်သားအပ်ပါသည်။ အကျယ်ကို သံဝေဂ ဝတ္ထုဒီပနီစသည်တို့၌ ကြည့်ရှုလေ့လာသင့်ပါသည်။

*

## အမျှဝေပုံ

မေး။ ။ အရှင်ဘုရား၊

ကုသိုလ်ကောင်းမှုပြုလုပ်ပြီး အမျှပေးဝေရာ၌ အချို့ဆရာတော်က "၃၁ ဘုံရှိ ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းအား ရည်မှန်း၍ အမျှ၊ အမျှ၊ အမျှ"ဟူ၍လည်းကောင်း၊ အချို့ဆရာတော်က "အားလုံး ကြားကြားသမျှ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်လော"ဟူ၍ လည်းကောင်း အချို့ဆရာတော်က "အထက်ပါနှစ်ခု မှားတယ်၊ အားလုံး ကုသိုလ် အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ"ဟု ဆို၍ အမျှဝေရန် ခိုင်းပါသည်။ ဘယ်ဟာမှန်ပါသလဲ ဘုရား။

ဆန်းချိုဦး၊ ပုသိမ်မြို့နယ်။

ဖြေ။ ။ ယခင်က ရေစက်ချရာ၌ ဆရာတော်များက အလှူဒါယကာ၊ ဒါယိကာမများကိုယ်စား ပါဠိအနက်ဆို၍ ရေစက်ချပေးလေ့ရှိရာ အမျှဝေခန်းတွင် "ဣဒံ ပုညဘာဂံ=ဤကုသိုလ်၏ အဖို့ဘာဂဟူသမျှကို။ သဗ္ဗသတ္တာနံ=အလုံးစုံသော ၃၁ ဘုံ၌ရှိသော သတ္တဝါတို့အား။ ဘာဇေမ= အမျှ၊ အမျှ၊ အမျှ ပေးဝေပေပါကုန်၏။ တေတေ သတ္တာ=ထိုထိုသတ္တဝါ တို့သည်။ အမေ့ဟိ=ကုသိုလ်ရှင်ဖြစ်ကုန်သော အကျွန်ုပ်တို့နှင့်။ သမံ=

www.dhammaransi.com

အညီအမျှ၊ လဗ္ဘန္တု=ရရှိကြပါစေသတည်း”ဟု ဆိုပါသည်။ ယင်းကို အမှီ ပြု၍ ယခုခေတ်တွင် အများအားဖြင့် မြန်မာဘာသာချည်း သက်သက် ဆိုလေ့ ရှိပါသည်။ ထိုရရှိကြပါစေသတည်းဟူ၍ အဆုံးသတ်လျှင်ပင် သာဓု၊ သာဓု၊ သာဓုဟု ပရိသတ်များက သာဓုခေါ်နိုင်ကြပါပြီ။ သို့သော် အများအားဖြင့် ထိုအဆုံးတွင်မှ ရေစက်ခွက်ကိုင်သူက အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်လော့ဟူ၍ ဆိုလျက် အမျှပေးဝေလေ့ရှိပါသည်။ ထိုသို့ အမျှပေးဝေရာ၌ “ဤကုသိုလ်အဖို့ကို”ဟူ၍ ထည့်၍ဆိုရန် လိုအပ်ပါ သည်။ “အားလုံး ကြားကြားသမျှ”ဟူ၍ ဆိုသည့်အတိုင်း အဝေးမှ ကြား၍ သာဓုခေါ်နိုင်ရန်လည်း ကျယ်နိုင်သမျှ ကျယ်စွာ အသံထုတ်၍ အမျှဝေရန် လိုအပ်ပါသည်။ မိမိ အသံမကျယ်နိုင်၍ ကြေးစည်၊ ခေါင်းလောင်းများ တီးခေါက်၍ အဝေးမှ သာဓုခေါ်နိုင်ရန် အမျှဝေရသည်ကို သတိပြုရန် လိုပေသည်။

*

## အိပ်မက်

မေး။ ။ အရှင်ဘုရား၊

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့ အိပ်မက် မမက်ဟု ကြားဖူးပါသည်။ အဘယ်ကြောင့် ၎င်းတို့ အိပ်မက် မမက်ရကြောင်းကို သာဓကပြ၍ ဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးသောင်းဟန်၊ ပုသိမ်။

ဖြေ။ ။ အနာဂါမ်မှာ အိပ်မက်မက်နိုင်ပါသေးသည်။ ရဟန္တာပုဂ္ဂိုလ်သာ အိပ်မက်မက်ခြင်းမရှိဟု ကျမ်းစာတို့တွင် ဆိုပါသည်။ ရဟန္တာ ပုဂ္ဂိုလ်မှာ “သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ ဟူသော ဝိပလ္လာသတရားတို့ကို အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်သောကြောင့် အိပ်မက် မမက်တော့ဟုဆိုပါသည်။ “တံ ပနေတံ စတုဗ္ဗိ ဓမ္မိ သုပိနံ သေခပုထုဇ္ဇ

www.dhammaransi.com

နာဝ ပဿန္တိ အပ္ပဟီန ဝိပလ္လာ သတ္တာ၊ အသေခါ နပဿန္တိ ပဟီန ဝိပလ္လာသတ္တာ" (အံ ၄ ၃၊ ၇၂) အင်္ဂုတ္တိုရ်ပဠက နိပါတ်အဖွင့်တွင် အကျယ် ဖော်ပြထားပါသည်။ (ဤအဖြေကို ဦးတင်မောင်(တောင်ငူ)လည်း မှတ်သားသတိပြုရန် ဖြစ်ပါသည်။)

*

## ပါရမီ

မေး။ ။ အရှင်ဘုရား၊

ယခုကာလတွင် ကလေးများ အကတတ်လွယ်သည်၊ အဆိုတတ် လွယ်သည်၊ အတီးတတ်လွယ်သည်ကအစ ပါရမီရှိ၍ ဖြစ်သည်။ ပါရမီရှင် ကလေး စသည်ဖြင့် ခေါ်ကြ၊ ပြောကြပါသည်။ ထိုကဲ့သို့ ဘာမဆို တတ် လွယ်၊ သိလွယ်သည်ကိုပင် ပါရမီပါလာသူဟုဆိုခြင်းမှာ သင့်ပါမည်လား။ ဖြေကြားပေးတော်မူပါ ဘုရား။

ဦးဂေါပက၊ သိရိခေတ္တရာနဂရ။

ဖြေ။ ။ ပါရမီဟူသည်ကို 'ဒါနာဒီနံ ဂုဏာနံ ပါလကော ပူရကောစ မဟာ မဟာဗောဓိ သတ္တော၊ ပရမဿ ဣဒံ ပါရမီ၊ ပရမဿ ကမ္မံဝါ ပါရမီ၊ ဒါနာဒိကိရိယာ' စသည်ဖြင့် ဆိုပါသည်။ ဘုရားဖြစ်ရာ သဗ္ဗညုတ ဉာဏ်၏အကြောင်း မြင့်မြတ်သော ဒါနစသည်ကိုသာ ပါရမီ ဆိုသည်။ ဘုရားအလောင်းတော်တို့သည်ပင် ရိုးရိုးပညာသင်ခြင်း၊ တတ်ခြင်း၊ တိုင်းပြည်အုပ်ချုပ်ခြင်း၊ စစ်တိုက်ခြင်း၊ ကခြင်း၊ သီခြင်း အရာရာ တတ်မြောက်အောင် အားထုတ်ခြင်းတို့ကို ပါရမီဟု မဆိုရပါ။ လူ့ဘဝ အားလျော်စွာ မိဘလုပ်ကျွေးခြင်း၊ သားမယားတို့အတွက် စီးပွားရှာခြင်း၊ ပေးကမ်းခြင်း၊ ရှာန်တရားတို့ကို အားထုတ်၍ ဈာန်ရခြင်း၊ တန်ခိုးဖန်ဆင်း ခြင်းတို့ကိုလည်း ပါရမီ မခေါ်ရပါ။ ပါရမီမှာ ဗောဓိဉာဏ်ရရန်၊ မဂ်ဖိုလ်

www.dhammaransi.com

ရရန် ရည်သန်၍ ဒါန၊ သီလ စသည်တို့ကို ပြုလုပ်ခြင်းကိုသာ ခေါ်ပါသည်။ ရိုးရိုးလောကီကိစ္စများကို ပါရမီ မခေါ်ပါ။ ဉာဏ်ကောင်းခြင်း၊ သင်ကြား၍ တတ်လွယ်ခြင်းတို့မှာ အထုံဝါသနာနှင့် ဣန္ဒြေတရားတို့ ပြည့်စုံခြင်းကြောင့်သာဟု ဆိုသင့်ပါသည်။

*

## ဝက္ကလိမထေရ်

မေး။ ။ အရှင်ဘုရား၊

ဝက္ကလိမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ပုံသည် တစ်ကျမ်းနှင့် တစ်ကျမ်း မတူဘဲ မှုကွဲနေသည်ဟု သိရပါသည်။ မည်သည့်မှုက မှန်သည်။ အဘယ်ကြောင့် မှုကွဲနေသည်ကို ရှင်းပြပေးတော်မူပါဘုရား။

အရှင်ပညာသီရိ၊ မိတ္ထီလာ။

ဖြေ။ ။ မြတ်စွာဘုရား သာသနာတော်တွင် ဝက္ကလိမထေရ် ၂ ပါး ရှိပါသည်။ တစ်ပါးမှာ မြတ်စွာဘုရားကို တစိမ့်စိမ့်ဖူးမြင်နေပြီး အနားက မခွာဘဲ ရှိနေ၍ မြတ်စွာဘုရားက နှင်ထုတ်သည်။ ထိုအခါ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ခုန်ချရန် ကြံစည်ဆဲ မြတ်စွာဘုရား တရားဟော၍ တောင်ပေါ်မှ ခြေတစ်ဖက်အကြွတွင် ရဟန္တာ ဖြစ်သွားသည်။ ထိုဝက္ကလိ ရဟန်းမှာ သဒ္ဓါဓိမုတ္တတောဒဂ်ရ ဝက္ကလိ ဖြစ်ပါသည်။ ၎င်း၏အကြောင်း အင်္ဂုတ္တရအဋ္ဌကထာ ၁ တွင် အကျယ်ပါရှိပါသည်။ အခြား ဝက္ကလိတစ်ပါးမှာ မြတ်စွာဘုရားထံအလာ ရောဂါဝေဒနာ ဖိစီး၍ လမ်းခရီး ဇရပ်ပေါ်တွင် ရှိနေရာ မြတ်စွာဘုရားကြွလာ၍ တရားဟောသည်။ ဘုရား ပြန်ကြွသွားပြီးနောက် ဝေဒနာဒဏ် မခံစားလို၍ မိမိလည်ကို မိမိသင်တုန်းဖြင့် လှီးစဉ် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုသွားပါသည်။ ၎င်းဝက္ကလိအကြောင်းမှာ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဝက္ကလိသုတ်တွင် ထင်ရှားပါသည်။

*

www.dhammaransi.com

## ရှစ်ပါးသီလခံယူဆောက်တည်ရာ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် စီးပွားရေးကို ဦးစီးရှာဖွေသူ ဖြစ်ပါသည်။ ဝါတွင်း၌ ဥပုသ်နေ့တိုင်း မြတ်စွာဘုရားထံပါး၌ ရှစ်ပါးသီလခံယူ၍ ဆိုင်၌ ရောင်းဝယ်ရင်း ဥပုသ်စောင့်ရပါသည်။ ရ၊ မရနှင့် ဈေးရောင်းနေပါ သဖြင့် သီလ မခံယူမီ သင့်တင့်သော သနပ်ခါးလိမ်းပြီးမှ ရှစ်ပါးသီလ ခံယူပါသည်။ ရ၊ မရကို ဖြေကြားပေးတော်မူပါ ဘုရား။

ဥမ္မာကျော်၊ တောင်ဥက္ကလာပမြို့။

ဖြေ။ ။ ဥပုသ်နေ့တိုင်း သီလခံယူသည်ဆို၍ ချီးကျူးဖွယ်ပင် ဖြစ်ပါသည်။

သို့သော် ဥပုသ်သည်ဟူသည် မိမိခံယူထားသော ဥပေါသထ ရှစ်ပါးသီလကို မညစ်မညူးအောင် ထိန်းသိမ်းနိုင်ရန် ထိုနေ့တွင် လူမှုကိစ္စ တို့ကို အနားပေး၍ အနုဿတိဆယ်ပါး မြတ်တရားတို့ဖြင့် အားထုတ် ကျင့်သုံးနိုင်ရန် အရေးကြီးပါသည်။ အထူးအားဖြင့် ဗုဒ္ဓါနုဿတိ စသည် ရတနာ ၃ ပါး ဂုဏ်တော်များကို ပွားများ၍လည်းကောင်း၊ မေတ္တာဘာဝနာ စသည် ဗြဟ္မစိုရ်တရားတို့ဖြင့် မွှမ်းထုံ၍လည်းကောင်း နေသင့်ပါသည်။ ရှေးမြန်မာတို့သည် ဥပုသ်နေ့၌ တစ်နေကုန် ကျောင်း၌နေ၍ တရားနာ ခြင်း၊ တရားဆွေးနွေးခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပွားများခြင်းတို့ဖြင့် နေ၍ ယောကျ်ားများမှာ ဥပုသ်ဇရပ်၌ အိပ်ခြင်း၊ မိန်းမများမှာ အိမ်သို့ပြန်၍ အိပ်စက်ကာ ဥပုသ်ဆွမ်း ချက်ပို့ခြင်းများ ပြုလုပ်ထိန်းသိမ်းကြောင်း သိရ ပါသည်။ ဥပုသ်သာစောင့်၍ လူမှုကိစ္စများကို အနားမပေး လုပ်ဆောင်နေ က ဥပုသ်ညစ်နွမ်း၍ အကုသိုလ်မဖြစ်သည့်တိုင်အောင် ကုသိုလ်မပွား၍ အကျိုးမများလှကြောင်း သတိရှိရန် လိုအပ်ပါသည်။

*

## အမျိုးသမီးများနှင့် တည်ခြင်းငါးပါး

မေး။ ။အရှင်ဘုရား၊

ခြေလက်နဖူး တံတောင်ဒူး တည်ဦးငါးအင်္ဂါ စသောလင်္ကာဖြင့် ထိထိမိမိရှိခိုးမှ ရှိခိုးရာကျရောက်သည်ဟုဆိုကြရာ အမျိုးသမီးများလည်း ၎င်းအတိုင်းပင် ရှိခိုးကြရမည်လော၊ ဘုရားဟော ပါဠိတော်များရှိလျှင် ကျမ်းထောက်ပြ၍ ဖြေကြားပေးပါ ဘုရား။

အရှင်သီရိဝံသ၊ မဟာမဏ္ဍိမာရုံစာသင်တိုက်၊ သန်လျင်မြို့။

ဖြေ။ ။ တည်ခြင်း (ထိခြင်း)ငါးပါးကို ဝိနည်းပရိဝါပါဠိတော်၌ ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာစသည်ဖြင့် ဟောထားရာ အဋ္ဌကထာက ရှင်းလင်းဖွင့်ဆို၍ ဋီကာတို့က အကျယ်ဖော်ပြထားကြသည်။ "ပဉ္စပတိဋ္ဌိ တေနာ တိဒွေ ပဉ္စဟိ အင်္ဂေဟိ အဘိမုခံ ဌိတေနာတိ အတ္ထော၊ ပါဒ ဇာဏု ကပ္ပ ရဟတ္ထ သီသသင်္ခါတာနိ ပဉ္စအင်္ဂါနိ သမံကတွာ ဩနာမေတွာ အဘိမုခံ ဋ္ဌိတေန ပဋ္ဌမံဝန္ဒိတွာတိ ဝုတ္တံဟောတိ" စသည်ဖြင့် ပြဿနာရှင် ဖော်ပြထားသော လင်္ကာအတိုင်းပင် 'ခြေလက်နဖူး တံတောင်ဒူး' ငါးဦး လုံး မြေ(ဖျာပေါ်)၌ ထိဖို့ လိုပါသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ ခြေဖျား၊ ဒူး၊ တံတောင်ဆစ်၊ လက်ဝါးနှင့် နဖူးမြေကျ တိတိပပ ရှိခိုးကြည့်ပါလျှင် ပဉ္စပတိဋ္ဌိတ ဖြစ်ပါသည်။ ယခု အချို့သူတို့ ရှိခိုးပုံမှာ တံတောင်ဆစ် မထိသဖြင့် ပဉ္စပတိဋ္ဌိတ မဖြစ်ဘဲ ပုဆိန်ပေါက် ဦးချခြင်း မျိုး ဖြစ်နေပါသည်။ ထို့ကြောင့် ကလေးများကို လက်အုပ်ချီထားရာမှ "လက်ထောက် ဒူးချ၊ တံတောင်ချ၊ နဖူးချကာ၊ ဦးချပါ"ဟု ဆိုခိုင်းပြီး အစဉ်အတိုင်း ပဉ္စပတိဋ္ဌိတ တည်ခြင်း (ထိခြင်း) ငါးပါး ညီညွတ်အောင် သင်တန်းဆရာများက သင်ပေးလေ့ ရှိပါသည်။

*

www.dhammaransi.com

## လေးသင်္ချေဟူသည်

မေး။ ။အရှင်ဘုရား၊

ကမ္ဘာအသင်္ချေဟူသည် ကမ္ဘာပေါင်းမည်ရွေ့မည်မျှဟု မသိနိုင်။ မရေတွက်နိုင်အောင် များသည်ဟု ဆိုပါသည်။ သို့ဖြစ်ပါလျက် တစ်သင်္ချေ၊ နှစ်သင်္ချေဟု အဘယ်သို့ ပိုင်းခြားရေတွက် ခေါ်ဝေါ်နိုင်ပါသနည်း။ အဘယ်ကြောင့် လေးသင်္ချေဟု ဆိုနိုင်ပါသနည်း။ ရှင်းလင်းသိသာအောင် ဖြေကြားပေးတော်မူပါဘုရား။

မောင်တင်လတ်၊ စက်မှုတက္ကသိုလ်။

ဖြေ။ ။ ကမ္ဘာအသင်္ချေကို ဘုရားပွင့်သော ကမ္ဘာဖြစ်ပေါ်လာခြင်းဖြင့်

ပိုင်းခြားရပါသည်။ ပုံစံအားဖြင့် ဒီပင်္ကရာ မြတ်စွာဘုရားပွင့်တော်မူသောကမ္ဘာ ကုန်ဆုံးသွားပြီးနောက် ကမ္ဘာတစ်သင်္ချေ သုညကမ္ဘာများချည်း ဖြစ်နေပြီးနောက်တွင် ကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူသော ကမ္ဘာဖြစ်ပေါ်လာပါသည်။ ထို့နောက် ဘုရားမပွင့်သော သုညကမ္ဘာများ တစ်သင်္ချေ ဖြစ်လာပြန်ပါသည်။ ထို့နောက် သောဘိတ ဘုရားပွင့်သော ကမ္ဘာဖြစ်လာပြန်သည်။ ဤသို့ ဘုရားပွင့်သော ကမ္ဘာများဖြင့် အသင်္ချေများကို ပိုင်းခြားရေတွက်ရပါသည်။ ဤသို့ဖြင့် လေးအသင်္ချေကို မှတ်သားသင့်ပါကြောင်း ဖြေကြားလိုက်ပါသည်။

*

## အလှူပဒေသာပင်မှ ငွေကို ဝေယျာဝစ္စကိစ္စတွင် သုံးခြင်း

မေး။ ။အရှင်ဘုရား၊

တပည့်တော်တို့မြို့တွင် ပဋ္ဌာန်းရွတ်ဆိုပွဲ ကျင်းပရာ ပဋ္ဌာန်းရွတ် သံဃာတော်များအား လှူရန်ဖြစ်သော ငွေပဒေသာပင်မှ ငွေကို အသံချဲ့စက်နှင့် အဖျော်ရည်အတွက် စသည်ယူ၍ သုံးစွဲမှုများ ရှိပါသည်။ တပည့်တော်တို့ သဘောမှာ သံဃာလှူရန်ငွေကို ဝေယျာဝစ္စကိစ္စ၌ မသုံးစွဲသင့်ဟု

www.dhammaransi.com

ယူဆပါသည်။ ဤသို့ သုံးစွဲသဖြင့် အပြစ်ရှိ၊ မရှိ သိလိုပါ၍ ဖြေကြားပေးတော်မူပါဘုရား။

သိလိုသူ ဥပါသကာတစ်ဦး၊ ပုသိမ်မြို့။

ဖြေ။ ။ ရဟန်းသံဃာတို့၏ ဝိနည်း (ပါတိမောက်)တွင် ပရိဏတသိက္ခာပုဒ်ဟူ၍ ရှိပါသည်။ ထိုသိက္ခာပုဒ်မှာ "ယောပန ဘိက္ခုဇာနံ သံဃိကံ လာဘံ ပရိဏတံ အတ္တနော ပရိဏာမေယျ နိဿဂ္ဂိယံ ပါစိတ္တိယံ"ဟု ဆိုပါသည်။ သံဃိကအဖြစ် လှူထားသော ဝတ္ထု (လှူဖွယ်)ကို မိမိအား ညွတ်စေလျှင် (ပုဂ္ဂိုလ်အား ညွတ်စေလျှင်) အာပတ်သင့်သည်ဟု ဆိုပါသည်။ ဘုရားတစ်ဆူအား လှူရန်ပန်းကို အခြားဘုရားတစ်ဆူအား လှူလျှင်၊ ရဟန်းတစ်ပါးအား လှူရန်ပစ္စည်းကို အခြားရဟန်းတစ်ပါးအား လှူလျှင်၊ အောက်ထစ်ဆုံး ခွေးတစ်ကောင်အား ကျွေးရန်ထားသော အစာကို အခြားခွေးတစ်ကောင်အားကျွေးလျှင် ရဟန်းတို့အား အာပတ်သင့်ပါသည်။ ထို့ကြောင့် ရဟန်းတို့အနေဖြင့် သံဃာတော်အား လှူရန်ဖြစ်သည့် ငွေပဒေသာပင်မှ ယူ၍ ဝေယျာဝစ္စကိစ္စ၌ သုံးလျှင် အာပတ်လွတ်စရာ အကြောင်း မရှိပါ။ သို့သော် လူများ၌ ထိုဝိနည်းမသက်ရောက်၍ အကြောင်းအားလျော်စွာ ငွေပဒေသာပင်မှ ငွေကို ဝေယျာဝစ္စကိစ္စ၌ စေတနာ ကောင်းဖြင့် စေ့စေ့ငငေ၊ ပြေပြေလည်လည် ဖြစ်စေရန် စီမံသုံးစွဲခြင်း၌ အပြစ်ရှိသည်ဟုဆိုရန် အကြောင်းမရှိပါကြောင်း ဖြေဆိုလိုက်ပါသည်။

*

## အရိမေတ္တေယျဘုရားလောင်းစံရာဘုံ

မေး။ ။ အရှင်ဘုရား၊

မေးလိုသည်မှာ နောင်ပွင့်မည် အရိမေတ္တေယျ မြတ်စွာဘုရားအလောင်းတော်သည် ယခု မည်သည့်ဘုံတွင် ရောက်ရှိနေသည်ကို ဖြေကြားပေးတော်မူပါ ဘုရား။

မောင်သန်းဝင်းအောင်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

www.dhammaransi.com

ဖြေ။ ။ မဟာဝင်ဝတ္ထုတွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သာသနာနှစ် ၄၀၀ ခန့်က ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခါနီးတွင် နတ်ရထား များ ဆိုက်ရောက်လာပုံ၊ တရားရွတ်ဖတ်နေသော ရဟန္တာအရှင်မြတ်များ အား မည်သည့်နတ်ပြည် ကောင်းမွန်ပါသနည်းဟု မေးပုံ၊ ရဟန္တာအရှင် မြတ်များက တုသိတာနတ်ဘုံ၌ ယခုအခါ အရိမေတ္တေယျ ဘုရားလောင်း နတ်သားရှိနေ၍ တုသိတာနတ်ဘုံ အကောင်းဆုံးဖြစ်ပုံကို မိန့်ကြားခြင်း ပါရှိသည်။ အရှင်မာလယမထေရ် တာဝတိံသာနတ်ပြည် စူဠာမုနိစေတီ တော်ကို ဖူးမြော်စဉ် တုသိတာဘုံမှ အရိမေတ္တေယျ အလောင်းတော် နတ်သား စူဠာမုနိသို့ ဘုရားဖူးလာသည်ကို တွေ့ဆုံခဲ့ပုံများ ပါရှိပါသည်။ ထို့ကြောင့် အရိမေတ္တေယျအလောင်းတော်သည် ယခု တုသိတာနတ်ဘုံ၌ ရှိသည်ဟု မှတ်ယူသင့်ပါသည်။

*

## ပိဋကနှင့် အက္ခရာ

မေး။ ။အရှင်ဘုရား၊

(၁) သီဟိုဠ်မှ သင်္ဂါယနာတင်မထေရ်များ ဗုဒ္ဓ၏ ပိဋကဒေသနာ များကို မည်သည့်ဘာသာ အက္ခရာဖြင့် ဘယ်အပေါ်မှာ ရေးသားတင်ထား ခဲ့ပါသနည်း။

(၂) သီဟိုဠ် (သီရိလင်္ကာ)မှာ အက္ခရာတင်ထားသော သုတ်ဝိနည်း အဘိဓမ္မာကျမ်းများကို အရှင်မဟာဗုဒ္ဓဃောသသည် မည်သည့်ဘာသာ အက္ခရာဖြင့် ကူးယူခဲ့ပါသနည်း။

(၃) ရှင်အရဟံ မထေရ်မြတ် ပုဂံအနော်ရထာမင်းကြီးထံ ယူလာ သော ဗုဒ္ဓပိဋကတ်များသည် မည်သည့်ဘာသာ အက္ခရာများ ဖြစ်ပါ သနည်း။

www.dhammaransi.com

(၄) မြန်မာအက္ခရာစာပေများ ပီပီပြင်ပြင်ဖြစ်လာသည်မှာ အရှင်အရဟံမထေရ်မြတ်က အစလား၊ အခြားပုဂ္ဂိုလ်များလား၊ အရေးကြီးသောပုဂ္ဂိုလ်များကို သိလိုပါသည် ဘုရား။

ဦးကျော်ဒင်၊ မြင်းခြံမြို့။

ဖြေ။ ။ (၁) သီဟိုဠ်ကျွန်း စတုတ္ထသင်္ဂါယနာတွင် ပိဋကတ်တော်များအား သီဟိုဠ်အက္ခရာဖြင့် ပေရွက်များပေါ်တွင် ရေးသားခဲ့ကြပါသည်။

(၂) ယင်းသီဟိုဠ်အက္ခရာဖြင့် ရေးသားထားသော ပိဋကတ်တော်များကို အရှင်မဟာဗုဒ္ဓဃောသသည် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် မာဂဓဘာသာသို့ ပြန်ဆိုရေးသားခဲ့ပါသည်။

(၃) အနော်ရထာမင်းကြီး သထုံမှ ပုဂံသို့ ပင့်ဆောင်ခဲ့သော ဗုဒ္ဓပိဋကတ်တော်များမှာ မွန်ဘာသာအက္ခရာရေးများဖြစ်၍ နောင် မြန်မာအက္ခရာဖြင့် ဖလှယ်ခဲ့ကြပါသည်။

(၄) မြန်မာအက္ခရာ ပီပီပြင်ပြင်ဖြစ်လာသည်မှာ အနော်ရထာမင်းကြီးလက်ထက်တွင် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကျန်စစ်မင်းလက်ထက် ရာဇကုမာရ်ကျောက်စာတွင် မြန်မာအက္ခရာ ပီပြင်နေပါပြီ။ အရှင်အရဟံဦးဆောင်သော မြန်မာရဟန်းတော်များ ဦးဆောင်ခဲ့သည်ဟု ယူဆနိုင်ပါသည်။

*

## ရေထမ်းခြင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ ကိုရင်များ ထမ်းပိုးဖြင့် ရေတစ်ဖက်တစ်ပုံးကို ထမ်း၍ ရေခပ်လာရာ ကျောင်းဆရာတော်က မည်သို့မျှ မပြောသော်လည်း အာဂန္တုဘုန်းကြီးက ဤသို့ မထမ်းကောင်းဘူးဆိုကာ ရေ ၂ ပုံးကို ထမ်းပိုး

www.dhammaransi.com

အလယ်မှာ စုထားနိုင်းပြီး ကိုရင် ၂ ပါး ဦးပွဲထမ်းပါဟု ဆိုပါသည်။ အဲဒါ မှန်ပါသလား ဘုရား။

သုတသာမဏေ၊ အညာမြေ။

ဖြေ။ ။ "န ဘိက္ခဝေ ဥဘတော ကာဇံ ဟရိတဗ္ဗံ။ ပ။ ဒုက္ကဋဿ" ဟူသော စူဠဝါ ပါဠိတော်အရ "ဂါဟေယျ န'ဘတောကာဇံ"စသည်ဖြင့် ခုဒ္ဒ သိက္ခာတွင် ဂါထာစီ၍ ပြသည်။ အဓိပ္ပာယ်မှာ ၂ ဖက် ဝန်ရှိသော ထမ်းပိုးကို မထမ်းကောင်း။ တစ်ဖက်ဝန်ရှိသော ထမ်းပိုး၊ နှစ်ဦးကြား၌ ဝန်ရှိသော ထမ်းပိုးကို ထမ်းကောင်း၏။ ဝန်ထုပ်ကို ခေါင်းပေါ်တင်၍ ရွက်ခြင်း၊ ပုခုံးပေါ်၌ ထမ်းခြင်း၊ ခါးစောင်းတင်ခြင်း၊ လက်ဖြင့်ဆွဲခြင်း တို့ကို ပြုနိုင်၏ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် နှစ်ဖက်ဝန်ကို မထမ်းဘဲ ဦးပွဲထမ်းရန် ညွှန်ကြားသော အာဂန္တုဘုန်းတော်ကြီး၏ ပြောကြားချက်မှာ ဝိနည်းတော်နှင့်အညီပင် ဖြစ်ပါသည်။

*

## လောကနီတိလာစကားများ

မေး။ ။ အရှင်ဘုရား၊

"ကွမ်းရွက်၏အလယ်၌ ကုဝေရနတ်မင်းစောင့်၏။ အရင်းဘက်၌ ဘီလူးစောင့်၏။ အဖျားဘက်၌ နတ်မိစ္ဆာ စောင့်၏။ ထို့ကြောင့် ကွမ်းစားသောအခါ ထိုအရင်း အဖျားတို့ကို ဖြတ်၍စားလျှင် ဘုန်းကျက်သရေ တိုးတက်၏"ဟူသော လောကနီတိကို တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ကလေးငယ်များအား သင်ကြားပေးနေရပါသည်။ ထိုနီတိမှန်၊ မမှန်နှင့် ၎င်းကို ကလေးငယ်များအား သင်ကြားပေးသင့်၊ မသင့် ဖြေကြားတော်မူပါဘုရား။

မောင်မြင့်ကြည် (မိတ္ထီလာမြို့)။

www.dhammaransi.com

ဖြေ။ ။ လောကနီတိစသော နီတိကျမ်းများသည် 'အမျိုးလေးပါးတို့အကျိုးမှာ ရေးသားပေအံ့' ဆိုသည့်အတိုင်း သူတို့ခေတ် (စတုရင်္ဂအမတ်ကြီး၊ ပင်းယခေတ်၊ သက္ကရာဇ် ၆၆၀ ခန့်)က မင်း၊ ပုဏ္ဏား၊ ကုန်သွယ်၊ လယ်လုပ် အမျိုးလေးပါးတို့ ထင်ရှားခဲ့သည်။ ထို့ကြောင့် ပုဏ္ဏား (ဗြာဟ္မဏ)တို့၏ ကျမ်းဂန်များကိုလည်း လက်မလွှတ်သာဘဲ ၎င်းကျမ်းလာ ဂါထာစကားများကိုပါ ထည့်သွင်း ရေးသားခဲ့ကြရပါသည်။ အချို့နီတိကျမ်းတို့တွင် ပုဏ္ဏားတို့အား ဆိုရာအခန်းဟူ၍ပင် အခန်းဖွဲ့၍ပေးကြရပါသည်။ လောကနီတိတွင်မူ ပကိဏ္ဏကအခန်းဟုဆို၍ ၎င်းအခန်း၌ ပုဏ္ဏား(ဗြာဟ္မဏ)တို့၏ အယူအဆများကို ထည့်သွင်းထားပါသည်။ ပြဿနာရှင် ဖော်ပြသောအချက်များမှာ ထိုအယူအဆများဖြစ်၍ ဗဟုသုတ အလို့ငှာ မှတ်သားရုံမှအပ အနှစ်သာရအားဖြင့် မယူစွဲသင့်ပါ။ ကလေးများကို သင်ကြားရာ၌ မထည့်ဘဲသော်လည်းကောင်း၊ ဖော်ပြပါအတိုင်း ကျိုးကြောင်းရှင်းပြ၍သော်လည်းကောင်း ပြသင့်ပါသည်။ ကျန်အလားတူစကားများကိုလည်း ဤအတိုင်းမှတ်ယူပါဟု ပြောလိုပါသည်။

*

## ရဟန်းတို့၏ လုပ်ကျွေးခြင်းကိစ္စ

မေး။ ။ အရှင်ဘုရား၊

ရဟန်းဟူသည် အမိနှင့်အဖတို့ကိုသာ လုပ်ကျွေးပြုစုကောင်း၏ဟု ဘုရားရှင်ခွင့်ပြုတော်မူသည်ဟု ဆိုပါသည်။ သိမ်ထပ်သော ဒါယကာ၊ ဒါယိကာမများ ရှိပါက ထိုရဟန်းသည် ပြုစုလုပ်ကျွေးကောင်းပါသလား။ ကျွေးမွေးသင့်ရဲ့လား၊ ထိုဒါယကာတို့၌ သားသမီးရှိရှိ၊ မရှိရှိ ရဟန်းက လုပ်ကျွေး၏။ ထိုရဟန်းသည် ကုသိုလ်ဖြစ်မလား၊ အကုသိုလ်ဖြစ်မလား စုံလင်စွာ ဖြေကြားတော်မူပါဘုရား။

ကိုတက်တိုး၊ ကိုညွန့်လွင်၊ ကိုပေါ်၊ မန္တလေး။

www.dhammaransi.com

ဖြေ။ ။ ရဟန်းတို့က လုပ်ကျွေးခြင်း၊ ဆေးဝါးကုသခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း ထိုက်သူမှာ အမိအဖ၊ ရှင်လောင်း၊ မိမိဝေယျာဝစ္စပြုသူ ကျောင်းသား စသည်တို့သာ ဖြစ်ပါသည်။ ရဟန်းဒါယကာ၊ ကျောင်း ဒါယကာ စသော ပစ္စည်းလေးပါး ဒါယကာတို့အား လုပ်ကျွေးခြင်း၊ ဆေးဝါးကုသခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း မပြုအပ်ပါ။ ကျောင်းသို့ရောက်လာသော မင်းစိုးရာဇာများ၊ ခိုးသားဓားပြများကိုကား ပေးကောင်း၊ ကျွေးကောင်း၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က မိမိအားအန္တရာယ်ပြုနိုင်သောကြောင့် ဖြစ်၏။ မိမိ၏ မိရင်း၊ ဖရင်း မဟုတ်၊ သို့သော် မွေးစားမိဘ၊ မိမိအား ကျေးဇူးများသော စတုပစ္စယ ဒါယကာတို့ မကျန်းမမာဖြစ်၍ ပြုစုမည့်သူ မရှိလျှင် ဤအနာကို ဤဆေးဖြင့် ပျောက်ကင်းတတ်၏စသော နှုတ်ဖြင့် ဆောင့်ရှောက်ခြင်းသာ အပ်၏။ ကိုယ်တိုင်ပြုစုခြင်း၊ ဆေးပေးခြင်း မပြုအပ်။ "သဒ္ဓံ ကုလံ ဟောတိ စတူဟိ ပစ္စယေဟိ ဥပဋ္ဌာယကံ ဘိက္ခုသံဃဿ မာတာပိတုဋ္ဌာနိယံ၊ တတြ စေ ကောစိ ဂိလာနော ဟောတိ။ ပ။ နေဝဒါတဗ္ဗံ န ကာတဗ္ဗံ"(ဝိနယသင်္ဂဟ၊ ၁၀) ကုလဒူသက သိက္ခာပုဒ်အရ အာပတ်သင့်သဖြင့် အကုသိုလ်ဖြစ်သည်ဟု ဖြေဆိုရပါမည်။

*

## ခိုးသူလား လူသတ်သမားလား

မေး။ ။ အရှင်ဘုရား၊

မြတ်မင်္ဂလာစာစောင်တွင် အင်္ဂုလိမာလကို ခိုးသူကြီးဟု ပါရှိပါသည်။ အင်္ဂုလိမာလသည် ခိုးသူကြီးလား၊ လူသတ်သမားလား၊ လူဆိုးလား ဆိုသည်ကို ရှင်းလင်းဖြေကြားပေးစေလိုပါသည် ဘုရား။ (အမေးကို ချုံ့ထားသည်။)

ဦးအောင် (ကျောင်းဆရာ)၊ မိုလ်တထောင်။

www.dhammaransi.com

ဖြေ။ ။ ကျမ်းဂန်စာပေတို့တွင် လူသတ်ခိုးသား ဓားပြများကို စောရဟူ၍သာ ဆိုပါသည်။ စောရဟုဆိုလျှင် ခိုးသူဟု သာမညဆိုသော်လည်း ပစ္စည်းယူ၊ လူသတ်နေသော လူဆိုး၊ သူဆိုးများကို ဆိုရပါသည်။ ကျမ်းဂန်စာပေတို့တွင် ကန္တာရငါးမျိုးရှိရာ (၁) နိရုဒကကန္တာရ=ရေမရှိသော ခရီးခဲ၊ (၂) ယက္ခကန္တာရ=ဘီလူးဘေးရှိသော ခရီးခဲ၊ (၃) မိဂကန္တာရ=ကျား၊ ခြင်္သေ့စသော သားရဲတိရစ္ဆာန်ဘေးရှိသော ခရီးခဲ၊ (၄) ဝါလုက ကန္တာရ=ပြန့်ကျယ်သော သဲပြင်ကြီးသာ ဖြစ်၍ ငတ်မွတ်ခြင်းဘေးရှိသော ခရီးခဲနှင့် (၅) စောရ ကန္တာရ=ခိုးသူ၊ သူသတ်၊ ဓားပြဘေးရှိသော ခရီးခဲဟူ၍ ကန္တာရငါးမျိုးတွင် အင်္ဂုလိမာလခေတ်က ၎င်းယကြွသောင်းကျန်းနေသော တောခရီးကို စောရကန္တာရဟု ခေါ်ပါသည်။ ထို့ကြောင့် အင်္ဂုလိမာလကို စောရဟုဆို၍ ခိုးသူကြီးဟု သာမည ဘာသာပြန်ကြသော်လည်း လူသတ်နေသော လူဆိုးဓားပြကြီးဟု နားလည်ကြရပါသည်။

*

## အမျိုးသမီးမောင်းသောကား စီးအပ်၊ မစီးအပ်

မေး။ ။ အရှင်ဘုရား၊

ကားကြိုတဲ့ရောက်လာ။ ။ မောင်းသူမှာ မျိုးသမီး၊ စီးခွင့်မသာ။ စီးမှာတဲ့ စီးပါ၊ ပြစ်နာဆာ မရှိ။ ။ တိုက်တွန်းသူ ဆရာရှင်နှင့်၊ ထိုကားတွင် အတူစီးပါခဲ့၊ ပြစ်ကြီးငယ်ငြိ မငြိ၊ သိလိုပါ၏။

ဦးစိန္တာမယ (ရန်ကုန်)။

ဖြေ။ ။ ထမ်းစင်ပ မိန်းမတို့ထမ်းရာ။ ။ ရဟန်းရှင်စီးကာလိုက်၊ စီးထိုက်သည်သာ။ ။ နွားမဆွဲ လှဲ(လှည်း)ကိုသာ၊ စီးပါချေအာပတ်။ ။ နွားထီးယှဉ်၊ လှည်းဖြစ်လျှင် မိန်းမမောင်းသော်လည်း စီးကောင်းသည်စာအရှိကို၊ မြဲသိစေမှတ်။ ။ "ဧတ္တ စ ပုရိသယုတ္တံ ဣတ္ထိသာရထိ ဝါ ဟောတု၊ ပုရိသသာရထိ ဝါ၊ ဝဋ္ဋတိ။"(ဝိနယ. သင်္ဂဟ ဋ္ဌ၊ ၄၅၇)

*

www.dhammaransi.com

## ပြိတ္တာ

မေး။ ။ အရှင်ဘုရား၊

ဘာသာရေးဆိုင်ရာ စာပေတို့တွင် ခွေးပြိတ္တာ၊ ဝက်ပြိတ္တာ၊ သန်းပြိတ္တာစသည်ဖြင့် ဖတ်ရှုရပါသည်။ အဘယ်အတွက်ကြောင့် အပါယ်လေးဘုံသားနှစ်မျိုးကို တွဲစပ်ခေါ်ဆိုရပါသနည်း။ ၎င်းတိရစ္ဆာန်အမည်ရ ပြိတ္တာတို့သည် မည်သို့သော သတ္တဝါမျိုး ဖြစ်ပါသနည်း ဘုရား။ သိရှိလိုပါ၍ ဖြေကြားပေးတော်မူပါ ဘုရား။

မောင်ကျော်စိုး၊ တိုင်တစ်ရာ၊ သထုံ၊ မွန်ပြည်နယ်။

ဖြေ။ ။ အပါယ်လေးဘုံသားတို့တွင် ပြိတ္တာတို့သည် ပုံစံသဏ္ဌာန် အတိအကျ မရှိ။ အချို့လူနှင့် တူသည်။ အချို့ ခွေး၊ ဝက် စသော တိရစ္ဆာန်တို့နှင့် တူသည်။ စာပေကျမ်းဂန်တို့တွင် အဇဂရသဒိသ=စပါးကြီးမြွေနှင့်တူသော ပြိတ္တာ၊ ပဗ္ဗတင်္က=တောင်နှင့်တူသော ပြိတ္တာ၊ သတ္တင်္က=ဓားလက်နက်နှင့်တူသော ပြိတ္တာ စသည်ဖြင့် သူ၏ အကုသိုလ်အားလျော်စွာ ခံစားရမည်။ အနေအားလျော်စွာ ပုံသဏ္ဌာန်များဖြင့် ဖြစ်ပေါ်ရသည်။ ဂူထံခါဒတီတိ ဂူထ ခါဒကော၊ ဂူထခါဒက ပြိတ္တာသည် ဝက်ကဲ့သို့ဖြစ်ကာ အမြဲ မစင်ကို စားနေရသော်လည်း ပကတိ အေးမြသော မစင်မဟုတ်၊ ပူလောင်သော မီးကျီးစုတို့ကို မစင်ကဲ့သို့ စားနေရသည်ဟု ဆိုသည်။ ထို့အတူ အခြားတိရစ္ဆာန်ပုံစံတို့၌လည်း တိရစ္ဆာန်တို့ကဲ့သို့ အေးဆေးငြိမ်သက်စွာ နေရသည် မဟုတ်။ တိဿရဟာန်းသည် သင်္ကန်းကို ခြုံလမ်း၍ သေရာ သင်္ကန်းခေါက်အတွင်း၌ သန်းသဏ္ဌာန်ပြိတ္တာဖြစ်ရသည်။ ခုနစ်ရက်လုံးလုံး ပူလောင်ပြင်းပြစွာ ခံစားနေရပြီး ရဟန်းတရားအရှိန်ကြောင့် ခုနစ်ရက်လွန်လျှင် ကျွတ်လွတ်၍ ကောင်းရာသုဂတိသို့ ကူးပြောင်းရသည်။ ဤသို့ပင် ခွေးပြိတ္တာ၊ မြွေပြိတ္တာတို့၌လည်း သိသင့်ပါသည်။(သံဝေဂဝတ္ထု ဒီပနီ ပြိတ္တာဘုံခန်းတွင် အကျယ်ကြည့်၍ သိနိုင်ပါသည်။)

*

www.dhammaransi.com

## ရှင်လောင်း ရဟန်းလောင်းများ ညစာစား

မေး॥ ॥ အရှင်ဘုရား၊

ဒုလ္လဘ ရဟန်းခံပွဲတစ်ခုတွင် ရဟန်းလောင်း၊ ရှင်လောင်းများအား ဆရာတော်က ဆွမ်း (ထမင်း)စားခွင့်ပြုပါသည်။ အချိန်မှာ ညနေပိုင်း ဖြစ်ပါသည်။ ရဟန်းလောင်း၊ ရှင်လောင်းများ ညနေပိုင်းစားသောက်ခြင်း မှာ အပြစ်ရှိသည် ထင်ပါသည်။ အပြစ် ရှိ၊ မရှိ ဖြေကြားတော်မူပါဘုရား။ (အမေးကို သင့်လျော်အောင် အကျဉ်းချုပ်၍ ပြုပြင်ထားသည်။)

မောင်ကြည်စိုးဟန်၊ ခေတ္တ ရန်ကင်းမြို့။

ဖြေ॥ ॥ ရဟန်းလောင်း၊ ရှင်လောင်းတို့သည် ရှင်မပြုမီ(ဆံမချမီ) ညစာ ထမင်းစားကောင်းပါသည်။ ရဟန်းလောင်း၊ ရှင်လောင်းတို့အား ဆရာသမား၊ ရဟန်းသံဃာတော်များကိုယ်တိုင်ပင် ဂရုတစိုက် ပြုစုကျွေး မွေးထိုက်ကြောင်း ဘုရားခွင့်ပြုချက်ပင် ရှိပါ၏။ ရှင်ရဟန်းဖြစ်ပြီးမှသာ ညစာစားလျှင် အပြစ်ရှိနိုင်သဖြင့် ရှင်ရဟန်းမဖြစ်မီ လူ့ဘဝတွင် စား သောက်၍ အပြစ်မရှိပါ။

*

## ရဟန်းဝါကိစ္စ

မေး॥ ॥ အရှင်ဘုရား၊

တပည့်တော်သည် ၁၃၅၈ ခုနှစ် (ဝါထပ်နှစ်)တော်သလင်းလဆန်း ၂ ရက်နေ့တွင် ရဟန်းဖြစ်ခဲ့ပါသည်။ ထိုနှစ်ဝါကို (ရဟန်းဝါ)ဖြင့် ထည့် ၍ ရေတွက်နိုင်ခွင့် ရှိမရှိကို မြတ်မင်္ဂလာမှတစ်ဆင့် ဖြေကြားပေးစေလို ပါသည် ဘုရား။

ဦးစန္ဒိမာ၊ မိုးကုတ်မြို့။

ဖြေ॥ ॥ သောစေ ပစ္ဆိမိကာယ ဥပသမ္ပဇ္ဇတိ ဂဏပူရကော စေဝ ဟောတိ စသည်ဖြင့် ဝိနယာလင်္ကာရဋီကာ၌ ဆိုသဖြင့် မည်သည့်ဝါ (ထပ်

www.dhammaransi.com

မထပ်) နှစ်၌ ဖြစ်စေ၊ ပစ္ဆိမဝါ (ဒုတိယဝါ)ဖြစ်သော ဝါခေါင်လပြည့် အတွင်း၌ ရဟန်းခံ၍ ဝါခေါင်လပြည့်ကျော် ၁ ရက် ပစ္ဆိမဝါကို ရဟန်းအဖြစ်ဖြင့် မီပါမူ ရဟန်းဝါ ရေတွက်နိုင်သည်။ [ဆိုလိုသည်မှာ ကိုရင်ဘဝဖြင့် ပထမဝါ (ပုရိမဝါကို ဆိုခဲ့ပြီး ဒုတိယဝါ (ပစ္ဆိမဝါ)အတွင်း ရဟန်းဖြစ်ခဲ့မူ] ဝါကျွတ်ကထိန်ပွဲ၌ ဂဏပူရဏဖြစ်၍ ကထိန်အနုမောဒနာပြုကာ ကထိန်အကျိုးကို ရနိုင်ပါသည်။ ရဟန်းဝါကို ရေတွက်နိုင်သည်ဟု ဆိုပါသည်။ ဦးစန္ဒိမာမှာ တော်သလင်းလဆန်း ၂ ရက်နေ့မှ ရဟန်းဖြစ်သဖြင့် ပစ္ဆိမဝါကို ရဟန်းအဖြစ်ဖြင့် မမီပါ။ ထို့ကြောင့် ၁၃၅၈ ခုနှစ်ဝါကို ရနိုင်ခွင့်မရှိဟု မှတ်သားနိုင်ပါသည်။

*

## မိဘကျေးဇူးဆပ်ပုံများ

မေး။ ။ အရှင်ဘုရား၊

လောကမှာ မိဘတို့ကျေးဇူးသည် အလွန်တရာမှ ကြီးမားလှပါသည်။ ဤမျှ ကြီးမားလှသော မိဘကျေးဇူးကိုဆပ်ရာမှာ အမှန်မြတ်ဆုံးနှင့် အကျေပွန်ဆုံးဖြစ်အောင် အဘယ်သို့ ဆေးဆပ်ရ၊ ဆောင်ရွက်ရပါမည်နည်း ဘုရား။

မောင်မြင့်ရွှေ၊ တောင်ငူ။

ဖြေ။ ။ မိဘကျေးဇူးတရား ကြီးမားလွန်းသဖြင့် သာမန်လူတစ်ဦးအဖို့ မိကိုလက်ယာ၊ ဖကိုလက်ဝဲ ပခုံးထက်၌တင်၍ ထိုပခုံးထက်မှာပင် အညစ်အကြေးတို့ကို သုတ်သင်၍ တစ်သက်တာပတ်လုံး ကျွေးမွေးပြုစု ကျေးဇူးဆပ်သော်လည်း မကျေနိုင်။ ထိုမိဘတို့အား ရတနာသုံးပါးတို့၌ မကြည်ညိုလျှင် ကြည်ညိုအောင်၊သဒ္ဓါတရားမရှိလျှင် ရှိအောင်၊ မိစ္ဆာဒိဋ္ဌိဖြစ်နေက ထိုအယူကို စွန့်လွှတ်၍ သမ္မာဒိဋ္ဌိဝင် သူတော်စင်ဖြစ်လာအောင်၊ တတ်နိုင်လျှင် မဂ်တရား ဖိုလ်တရားများ ရရှိနိုင်သော လမ်းမှန်သို့ ရောက်

www.dhammaransi.com

အောင် ဟောဖော်ညွှန်ပြ ခမ္မတရားဖြင့် ကျေးဇူးဆပ်နိုင်မှသာ ကျေးဇူး တရားကို ဆပ်ရာရောက်ကြောင်း၊ ပြေကုန်နိုင်ကြောင်း တရားတော်တွင် လာရှိပါသည်။

*

## လူဝင်စား

မေး။ ။ အရှင်ဘုရား၊

လူတိုင်းလူတိုင်းသည် ပြီးခဲ့သော အတိတ်ဘဝများ ရှိကြပါသည်။ သို့သော်လည်း လူတိုင်းသည် အတိတ်ဘဝအကြောင်းကို မပြောနိုင်ကြပါ။ သို့သော်လည်း အချို့ပုဂ္ဂိုလ်များ အတိတ်ဘဝအကြောင်းကို ပြန်လည် ပြောနိုင်ကြသည်မှာ အဘယ်ကြောင့်ပါနည်း။ တစ်ဖန် လူဝင်စားများ အကြောင်း ဖတ်ရာတွင် လူဆိုးလူမိုက်၊ သူခိုးဓားပြဘဝမှ ကွယ်လွန်ပြီး လူပြန်ဖြစ်ခြင်း၊ မြောက်ဘဝ၊ တစ္ဆေဘဝ၊ ငရဲဘဝမှ လူပြန်ဖြစ်ခြင်းတို့မှာ မကောင်းသောဘဝတို့မှ လာကြောင်းများကို တွေ့သိရပါသည်။ ထိုကိစ္စ များကို ရှင်းလင်းစွာ ဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးစိုးကြည်လေး၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြေ။ ။ လူဝင်စားများအကြောင်း မကြာမကြာ ဖြေကြားနေရပါသည်။

ထို့ကြောင့် သိသာရုံ ရေးသားပါမည်။ လူတိုင်း အတိတ်ဘဝကို ပြန်၍ မပြောနိုင်ကြသည်က များပါသည်။ အချို့ ရှေ့ဘဝက ရုတ်တရက် ကွယ်လွန်ခဲ့၍ ရောဂါဝေဒနာဒဏ် မေ့မြောခံစားမှုနည်းသူများ ပြန်ပြော နိုင်ကြသည် ဆိုပါသည်။ လူဆိုး၊ လူမိုက် အကုသိုလ်သမားများ ဖြစ်သော် လည်း အပရာ ပရိယကုသိုလ်ကံ (ဘဝများစွာက ပြုခဲ့သော ကောင်းမှု) တို့က အကျိုးပေးခဲ့သော် ထိုထိုဘဝက ပြုခဲ့သော အကုသိုလ်ကံများကို ကျော်ဖြတ်၍ အကျိုးပေးနိုင်ပါသည်။ မြောက်ဘဝ၊ တစ္ဆေဘဝ၊ ငရဲဘဝ တို့မှာလည်း အပရာပရိယကုသိုလ်ကြောင့် လူ့ဘဝရောက်၍ ပြန်ပြောနိုင်

www.dhammaransi.com

ကြသည်။ တေမိမင်းသားသည် ဗာရာဏသီပြည်၌ အနှစ် ၂၀ မင်းလုပ်၍ ဥဿဒငရဲတစ်ခု၌ အနှစ် နှစ်သောင်း ခံခဲ့ရသည်။ ထိုမှ လွတ်၍ နတ်ပြည်၊ နတ်ပြည်မှ တေမိမင်းသားဘဝ ရောက်ခဲ့ကာ ဇာတိဿရ ဉာဏ်ရ၍ အတိတ်ဘဝများကို မြင်နိုင်ခဲ့သည်ဟု ဆိုပါသည်။

*

## အမျှဝေ ကျွတ်တမ်းဝင်နှင့် ပုဗ္ဗဏှ

မေး။ ။ အရှင်ဘုရား၊

(၁) ကြားကြားသမျှ အမျှဝေတာ ပြည့်စုံပါသလား။ (၂) သာသနာ ၅၀၀၀ မှာ နိမ္မိတပွင့်၍ ကျွတ်တမ်းဝင်ကြမည်ဆိုတာ ဟုတ်ပါသလား။ (၃) ပရိတ်ကြီး ပုဗ္ဗဏှသုတ်ကို ဘယ်အခါ ရွတ်သင့်ပါသလဲ ဘုရား။

ဒါယကာ ဦးကံရှိန်၊ အိမ်မဲမြို့။

ဖြေ။ ။ (၁) မိမိကုသိုလ်ပြုသည်ကို ပတ္တိဒါနပုညကိရိယအဖြစ် အမျှဝေရာ၌ အသံကျယ်ကျယ်ဖြင့် ကြားကြားသမျှ အမျှ ယူတော်မူကြပါ ကုန်လော့ဟု အများကြား၍ သာဓုခေါ်နိုင်ရန် အမျှပေးဝေလျှင် ပြည့်စုံပါသည်။ အများကြားသိရန် ကြေးစည်ခေါင်းလောင်းများ တီးခတ်ရသည်ကို သတိပြုရန် ဖြစ်ပါသည်။ (၂) သာသနာကုန်ဆုံး၍ မြတ်စွာဘုရား၏ ဓာတ်တော်အားလုံး ဗောဓိမဏ္ဍိုင်၌စု၍ နိမ္မိတဘုရားပုံတော်ပေါ်၍လာပြီး တေဇောဓာတ်လောင်ပါသည်။ နိမ္မိတဘုရားကလည်း တရားမဟောပါ။ တန်ခိုးကြီးသော နတ်ဗြဟ္မာများသာ ဖူးခွင့်ရနိုင်ပြီး လူများ ဖူးခွင့်မရပါ။ ထို့ကြောင့် ကျွတ်တမ်းလည်း မဝင်နိုင်ကြပါ။ (၃) ပုဗ္ဗဏှဟူသော ပါဠိမှာ နံနက်ဟု အဓိပ္ပာယ်ရပါသည်။ ယင်းသုတ်၌ "သုနက္ခတ္တံ သုမင်္ဂလံ သုပ္ပဘာတံ သုဟုဋ္ဌိတံ"ဂါထာအရ သူတော်ကောင်းတရားနှင့် ပြည့်စုံသူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ မိုးသောက်ကောင်း၊ နိုးထကောင်းများဖြစ်ကြောင်း (ယခုခေတ်အဆို မင်္ဂလာနံနက်)များသာ ဖြစ်နိုင်

www.dhammaransi.com

ကြောင်း ဟောထားသော ဂါထာကိုအကြောင်းပြု၍ ပုဗ္ဗဏှသုတ်ဟု ဆိုပါသည်။ အများအားဖြင့် နံနက်စောစောတွင် ရွတ်ဆိုသင့်ပါသည်။ သို့သော် ပရိတ်တိုင်း၏ နိဂမအာသီသ သဖွယ်ဖြစ်၍ နေ့ညမရွေး ရွတ်နိုင်ပါသည်။

*

## ဘုရား

မေး။ ။အရှင်ဘုရား၊

ဗုဒ္ဓဆိုသည်မှာ ပါဠိဘာသာဖြစ်၍ ဘုရားဆိုသည်မှာ ပါဠိသက် ဝေါဟာရဖြစ်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ဘုရားဟူသော ဝေါဟာရ စကားလုံး၏ အဓိပ္ပာယ်ကို သိရှိလိုပါ၍ ရှင်းလင်းဖြေကြားပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ရွှေဒေါင်းတောင် မောင်ထွန်းမြင့်(မဲတီး)၊ ကျောက်ပန်းတောင်းမြို့။

ဖြေ။ ။ ဗုဒ္ဓဟူသော ပါဠိကို ဘုရားဟူ၍ မြန်မာပြန်ဆိုပါသည်။ သို့သော်

ဘုရားဟူသော မြန်မာဝေါဟာရသည် ဗုဒ္ဓပါဠိမှ ဆင်းသက်လာသည် မဟုတ်ပါ။ ပုဂံကျောက်စာများတွင် ဘုရားကို ပုရဟာ–ပုရှာ၊ ဖုရဟာ–ဖုရှာဟု ရေးထိုးကြပါသည်။ ပူဇာရဟ (ပူဇော်ခြင်းငှာ ထိုက်တန်သော ပုဂ္ဂိုလ်မြတ်)ဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု ယူနိုင်ပါသည်။ ပူဇာရဟာမှ ဦးဒီဃကို ဥရဿပြု၊ ပကိုဖပြု၊ ဘသို့ပြောင်း၍ ဇာနှင့်ဟကျေ၍ ရတွင် အာဒီဃရောက်၊ ဝိသဇ္ဇနီပေါက်လျက် ဘုရားဟု ဖြစ်လာသည်ဟု ဆိုနိုင်ပါသည်။

*

## ညနှင့် ညဥ့်

မေး။ ။ အရှင်ဘုရား၊

ညနှင့်ညဥ့် မည်သည့်ကွာခြားမှုရှိသည်ကို ဖြေကြားတော်မူပါ ဘုရား။

ဦးမောင်ဦး၊ တောင်ငူ။

www.dhammaransi.com

ဖြေ။ ။ ညှ၊ ညဦ မြန်မာစာအရေးအသားဆိုင်ရာဒွိဝေါဟာရထွပကာသနီ
တွင် "နေဝင်ပြီး၍ နေရောင် နေရှိန်ပျောက်ရဲ့သည်မှာ နံနက်နေ အရဏ်မြင်သောအခါသည် "ညဦည"မည်၏။ နေဝင်သည်မှ နေထွက်ရုံ အခါဟူ၍လည်း ဆိုသင့်၏။ နေဝင်အခါ နေဝန်းထက်ဝက်မြင်သည်မှ နေထွက်အခါ နေဝန်းထက်ဝက်မြင်တိုင်ရုံသည် ညဉ့်ညမည်၏လည်း ဆိုသင့်၏။ နေဝင်တိုင် အနာဂတ်နာရီအဦးအစမှသည် နေထွက် တိုင် အတိတ် နာရီအဆုံးအကုန်သည် ညဦညမည်၏လည်း ယူသင့်၏။ ဤကို ထောက်၍ ညဦဟူသည်၊ ညဟူသည် အရမကွဲ။ 'မွန်းလွဲခြည်ငြိမ်း၊ ညဦည ယိမ်းက။ ညနေချမ်းခါ၊ သင်းမြူတာနှင့်၊ သဒ္ဒါကြည်ဆွ၊ သွန်းမည်ညဝယ်' စသည်ပြင့် မွန်းလွဲကြီး ၃ ချက်တီးကျော် နေရှိန်နေဝါ၊ နည်းညံ့ခါမျှ၊ နေ့နာရီ အတွင်း၊ အကြွင်းရှိသေးလျက်ကို၊ ညဆိုလိုရိပ်၊ တစ်စိတ်မျှ ထင်သဖြင့် ညဟူသော ဝေါဟာရကား လတစိုးတစိရှိခန့် ထင်၏" (၃၁၉) ဆိုလိုသည်ကား စကားဖြင့် ညသည် စာဖြင့် ညဉ့်ဖြစ်ဟန်တူပါသည်။

*

## သောတာပန်

မေး။ ။ အရှင်ဘုရား၊

သောတာပန်ပုဂ္ဂိုလ်တို့သည် ဣဿာ မစ္ဆရိယ ကင်းသည်ဆိုရာဒွိ စိတ်တွင် ဖြစ်ပေါ်လာခြင်း လုံးဝ မရှိတော့ဘဲ ကင်းသည့်သဘော (သို့ မဟုတ်) ဖြစ်ပေါ်လာသော ဣဿာ မစ္ဆရိယစိတ်ကို ဖြစ်လျှင်ဖြစ်ချင်း လျှင်မြန်စွာသိ၍ ထိန်းသိမ်းနိုင်သည့်သဘော ဖြစ်ပါသလားဘုရား။ အဆင် သင့်မည်ဆိုပါက ဇာတကတစ်ခုဖြင့် ထောက်ပြ၍ ဖြေကြားပေး တော်မူပါ ဘုရား။

မင်းသုတ၊ မော်လမြိုင်။

ဖြေ။ ။ သောတာပန်ပယ်သောတရား၊ သို့မဟုတ် သောတာပတ္တိမဂ် ပယ် သောတရားတို့တွင် ဣဿာ မစ္ဆရိယ မပါသေးပါ။ ဣဿာ

www.dhammaransi.com

မစ္ဆရိယမှာ ဒေါသနှင့်အတူဖြစ်သော တရားများဖြစ်၍ အနာဂါမိမဂ်ကမှ ပယ်နိုင်ပါသည်။ သောတာပတ္တိမဂ် ပယ်သောတရားမှာ (သို့မဟုတ်) သောတာပန်ပုဂ္ဂိုလ်တို့ကင်းသော တရားမှာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့် ဝိစိကိစ္ဆာဖြစ်ရာ ယင်းတရားငါးပါးတို့ကို သောတာပတ္တိမဂ်က လုံးဝအမြစ်ပြတ် ပယ်သတ်လိုက်သည်။ ထိုသို့ ပယ်သတ်လိုက်သဖြင့် သောတာပန်ပုဂ္ဂိုလ်၏ ဘဝတွင် အငွေ့အသက်မျှ ထပ်မံဖြစ်ပေါ်လာခြင်း မရှိတော့ပေ။

သာဓကမှာ သုရမ္ဗဋ္ဌသူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြား၍ သောတာပန်ဖြစ်သည်။ ထိုအခါ မာရ်နတ်က စမ်းသပ်လိုသဖြင့် ဘုရားအသွင် ဖန်ဆင်း၍လာကာ အိုအချင်း သူရမ္ဗဋ္ဌ၊ စောစောက ငါဟောကြားခဲ့သောတရားသည် အနည်းငယ်ချွတ်ယွင်းသွားသဖြင့် ငါ ယခု ပြန်လာ၍ ပြင်ဆင်လိုသည်။ သင်္ခါရတရားအားလုံးသည် အနိစ္စ မဟုတ်၊ အချို့နိစ္စ၊ အချို့အနိစ္စဖြစ်သည် စသည်ဖြင့် ပြောဆိုသည်။ ထိုသို့ပြောဆိုသည့်အခါ သောတာပန်ဖြစ်၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းနေသော သုရမ္ဗဋ္ဌက ဘုရားဟူသည် စကားနှစ်ခွန်းပြောသည်မဟုတ်။ သင်္ခါရတရားဟူသည်လည်း နိစ္စမရှိ၊ ယခုလာသူကား ဘုရားမဟုတ် မာရ်နတ်သာဖြစ်မည်ဟု စဉ်းစားကာ သင်ကား ဘုရားမဟုတ်နိုင်၊ မာရ်နတ်သာဖြစ်ရမည်။ ငါ့ထံက အမြန်ထွက်သွားလေဟုဆိုလေသည်။ သောတာပန်ပုဂ္ဂိုလ်တို့အဖို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတရား လုံးဝအမြစ်ပြတ်သွားသဖြင့် ထိုသို့ ဆိုနိုင်ခြင်း ဖြစ်လေသည်။

*

## ဇာတိဿရဉာဏ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် ဇာတိဿရဉာဏ်ကို ယုံကြည်ပါသည် ဘုရား။ ဇာတိဿရဉာဏ် ရရှိရေးအတွက် မည်သည့် ကုသိုလ်ကောင်းမှု ပြုလုပ်ရ

www.dhammaransi.com

ပါသလဲ။ ဇာတိဿရဉာဏ်၏ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း ရှင်းပြပေးစေလိုပါသည် ဘုရား။ (အမေးမှာ ရှည်လျားသည်။ လိုရင်းမျှသာ ဖော်ပြသည်။)

နိုင်ထွန်းအေး၊ ဘီလူးကျွန်း၊ မွန်ပြည်နယ်။

ဖြေ။ ။ ဇာတိဿရဉာဏ်သည် လွန်လေပြီးသော ဘဝဟောင်းများကို ပြန်လည်သိမြင်နိုင်စွမ်းသော ဉာဏ်ဖြစ်၍ သာမန်အားဖြင့် ကောင်းသည်၊ နှစ်သက်ဖွယ်ပင် ဖြစ်သည်။ သို့သော် ဇာတိဿရဉာဏ်ကြောင့် မိစ္ဆာအယူကို စွဲလမ်းသွားကြောင်း နာရဒဇာတ်တွင် ဟောပြထားသည်ကို သတိပြုရပါမည်။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ၌ ကုသိုလ်စေခုနစ်ကြိမ်ရှိရာ ပဌမစေက မျက်မှောက်ဘဝတွင် အကျိုးပေးသည်။ အဆုံးစေက ဒုတိယဘဝတွင် အကျိုးပေးသည်။ အလယ်စေ ငါးချက်က တတိယဘဝမှစ၍ နိဗ္ဗာန်အထိ အကျိုးပေးသည်။ အကုသိုလ်စေများလည်း ထို့အတူ ဇာတိဿရဉာဏ်ကြောင့် တတိယဘဝက ကုသိုလ်အလယ်စေများ အကျိုးပေးသည် မမြင်ဘဲ ဒုတိယဘဝက မကောင်းမှုပြုခဲ့သည်ကိုသာ မြင်ပြီး ဤဘဝ၌ ချမ်းသာစည်းစိမ်နှင့် ဒုတိယဘဝက မကောင်းမှုတို့ကို တွဲ၍ မြင်မိသဖြင့် ယခင်ဘဝက သူတစ်ထူးကို နှိပ်စက်ခဲ့၊ သတ်ဖြတ်ခဲ့ပြီး ယခုဘဝတွင် ငါချမ်းသာနေသည်။ မကောင်းမှုပြုသော်လည်း ကောင်းကျိုးရနေသည်။ ကောင်းမှုပြုဖွယ်မလိုဟု အထင်လွဲမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်သွားနိုင်ပေသည်။ နာရဒဇာတ်တွင် ဇာတိဿရဉာဏ်ကြောင့် မှားယွင်းရပုံကို အကျယ်ပြဆိုထားသည်။ ထို့ကြောင့် ထိုဉာဏ်ရတိုင်း ကောင်းသည်ဟု မယူဆစေလိုကြောင်း ဖြေကြားလိုက်ပါသည်။

*

## အခြေခံဝိပဿနာနှင့် အနှစ်ချုပ်

မေး။ ။ အရှင်ဘုရား၊

ဝိပဿနာတရားကို အားထုတ်လိုသော ရဟန်းရှင်လူတို့တွင် မည်သည့်နည်းက အခြေခံ၊ မည်သည့်နည်းက အနှစ်ချုပ်ဟု ဆိုနေကြပါသည်

www.dhammaransi.com

ဘုရား။ တပည့်တော်တို့ သာမန်လူများ နားလည်သိရှိရန် ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

မနီနီ၊ လှည်းကူး။

ဖြေ။ ။ မည်သည့်ဝိပဿနာနည်းက အခြေခံ၊ မည်သည့်ဝိပဿနာနည်းက အနှစ်ချုပ် ဟူ၍ မရှိပါ။ ဝိပဿနာနည်းတိုင်းမှာပင် စတင်စီးဖြန်းသည်မှ နောက်ဆုံးတိုင်အောင် အားထုတ်သူ၏ ဉာဏ်အားလျော်စွာ ပေါက်ရောက် သိမြင်သွားနိုင်သည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာရိပ်သာဌာနတစ်ခုခုတွင် အစအဆုံး အားထုတ်ကြည့်သင့်ပါသည်။

*

## ဝိညာဉ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော် တရားစာများ ဖတ်ရှုရာ၌ "ဝိညာဉ်"နှင့် "ဝိညာဏ်" ဟူ၍ ပါရှိရာ ၎င်းတို့၏ အသံထွက်နှင့် အဓိပ္ပာယ်များကို သိလိုပါ၍ ရှင်းလင်းပေးတော်မူပါဘုရား။

မောင်ထွန်းစိန်၊ မရမ်းကုန်းမြို့နယ်။

ဖြေ။ ။ ပါဠိ ဝိညာဏဖြစ်၍ ဝိညာဏ်, ဝိညာဉ်ဟု မြန်မာမှုပြုသည်။ ညကြီး အက္ခရာမှာ ဉ+ဉနှစ်လုံးတွဲ သံယုတ်ဖြစ်သည်။ ညသည် တစ်လုံးက အသတ်ဖြစ်ကာ တစ်လုံးက အသံထွက်၍ ဝိဉ် (ဝိန်) ဉာဏ် (ဉ ဉ်–ဉင်) ဖြစ်လာသည်။ ထို့ကြောင့် ဝိန်ညန်ဟူ၍လည်းကောင်း၊ ဝိန်ညင် ဟူ၍လည်းကောင်း အသံထွက်ရပါသည်။ သတ္တဝါ၏ အသက်ဝိညာဉ် ကို ဆိုပါသည်။ မြန်မာလူမျိုး၊ ကလေး၊ လူကြီးအများပင် ဝိဉင်ဟု အသံထွက်နေကြသည်ကို ကြားရပါသည်။ ဝိန်ညင်ဟု ပီပီသသ အသံထွက်ဖတ်ပါ။ ထို့အတူ ဥယျာဉ်ကို အုန်ယောဇင် ဟူ၍ အသံထွက်ဖတ်ပါ။

www.dhammaransi.com

ပညာ၊ သညာ၊ ပညတ်၊ ဝိညတ်၊ သဍ္ဍာ၊ မဍ္ဍူတို့၌လည်း အသံထွက် မှန်ကန်ရန် သတိပြုစေလိုပါသည်။

*

## လူနှင့် နတ်

မေး။ ။အရှင်ဘုရား၊

လူသည် နတ်၏ပကတိရုပ်အဆင်းကို မမြင်ထိုက်။ မြင်လျှင် မူးမေ့သွားရသည်ဟု ဆိုကြပါသည်။ လယ်တီ၌ ထင်ရှားသောပုဂ္ဂိုလ်ကြီးသည် ရက္ခစိုးနတ်ကြီးနှင့် မိတ်ဆွေဖြစ်၍ မြင်ရ၊ တွေ့ရ၊ စကားပြောရကြောင်း ဖတ်ဖူးပါသည်။ ဖြေကြား ရှင်းလင်းတော်မူပါဘုရား။

အရှင်ဘုရား၏စာဖတ် ပရိသတ်တစ်ဦး၊ မြို့တော်ရန်ကုန်။

ဖြေ။ ။ "မနုဿာ စ ဒေဝရူပံ ဒိသွာ ဘာယန္တိ" ဟူသော ခန္ဓဝိဘင်း မူလဋီကာအရ နတ်တို့၏ပကတိကိုယ်မှာ ဂါမခေတ်တစ်ခေတ် (ရွာကြီးတစ်ရွာခန့်) ရှိ၍ ရှုမြင်ခြင်းငှာ မထိုက်။ ရှုမြင်မိလျှင် လန့်ကြောက်မူးမေ့၍ သွားဖွယ်ရာ ဖြစ်သည်။ ကံအားလျော်စွာ တွေ့မြင်ထိုက်က သင့်လျော်မည့် အဆင်းသဏ္ဌာန်ပမာဏသို့ ဖန်ဆင်းပြသရသည်ဟု ဆိုပါသည်။ ဤသည်မှာ "ဘုန်းသမ္ဘာ မတူမျှသောကြောင့် မူးမိုင်ကာ တွေ့ရတယ်။" ဟူသော သတပဒီကကျမ်းအရ ဖြေဆိုရှင်းလင်းခြင်း ဖြစ်ပါသည်။

*

## ပဋ္ဌပတိဋ္ဌိတအင်္ဂါ

မေး။ ။အရှင်ဘုရား၊

ရှိခိုးဦးချရာ၌ ပဋ္ဌပတိဋ္ဌိတ–တည်ခြင်း (ထိခြင်း)ငါးပါးဆိုရာဝယ် ဒွိဇာဏု ဒွိဟတ္ထ နလာတ–ဒူးနှစ်ဖက်၊ လက်ဖဝါးနှစ်ဖက်၊ နဖူးဟု ဤအင်္ဂါ ငါးပါးသာ လာကြောင်း၊ တံတောင်ဆစ်နှစ်ဖက် မပါကြောင်း ပြောကြပါသည်။ ယခု သင်တန်းတို့က ခြေ၊ ဒူး၊ တံတောင်၊ လက်၊ နဖူးငါးမျိုး

www.dhammaransi.com

ထိရမည်ဟု သင်ကြားပါသည်။ ဘယ်ဟာမှန်၊ မမှန် ဖြေရှင်း ဆုံးဖြတ်ပေး ပါဘုရား။

သင်တန်းဆရာတစ်ဦး၊ မြေလတ်ဒေသ။

ဖြေ။ ။ ပဉ္စပတိဋ္ဌိတကို ပဉ္စပတိဋ္ဌိတေနာတိ ဒွိ ဇာဏု ဒွိဟတ္ထ နလာဋေဟိ

ပဉ္စပတိဋ္ဌိတံ ကတွာဟု ပုဆစ်နှစ်ဖက်၊ လက်နှစ်ဖက်၊ နဖူးဟု ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌ ပြသော်လည်း သီလက္ခန် ဋီကာသစ်က အသေး စိတ် ဖွင့်ဆိုရာတွင် ပါဒ ဇာဏု ကပ္ပရ ဟတ္ထသီသသင်္ခါတာနိ ပဉ္စအင်္ဂါနိ သမံ ကတွာ ဟု ဖွင့်ဆိုပြထားသည်။ ထိုဖွင့်ပြချက်ကို သာသနာဝင် တစ်လျှောက်လုံး လိုက်နာကျင့်သုံးခဲ့သဖြင့် ပဉ္စပတိဋ္ဌိတ တည်ခြင်း(ထိ ခြင်း) ငါးပါးဟူသည်မှာ ခြေဖျား၊ ဒူး၊ တံတောင်၊ လက်၊ နဖူး ဤငါးဦး မြေ(ဖျာ)၌ ထိ၍ ရှိခိုးခြင်းကိုသာ ဆိုလိုကြောင်း မှတ်သားနိုင်ပါသည်။ ယင်းငါးမျိုးထိခြင်းကိုသာ"ခြေ တံတောင် ဒူး၊ လက် နဖူး၊ ငါးဦးမြေကျ၊ ရှိခိုးမှ၊ ပဉ္စပတိဋ္ဌိတမည်"ဟု ဆိုကြပါသည်။

*

## အတွင်းအောင်ခြင်း ၈ ပါး

မေး။ ။ အရှင်ဘုရား၊

အပြင်အောင်ခြင်း ရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး ဟူ၍ရှိရာ အပြင်အောင်ခြင်းရှစ်ပါးမှာ လူကြမ်း၊ နတ်ကြမ်း၊ တိရစ္ဆာန်ကြမ်း ၈ ဦးအား အောင်ခြင်းဖြစ်ကြောင်း သိရပါသည်။ အတွင်းအောင်ခြင်း ရှစ်ပါး မှာ အဝိဇ္ဇာ စသောအတွင်းရန်တို့အား အောင်ခြင်းဟူ၍ မှန်းဆ သိရပါ သည်။ ရှစ်ပါးသရုပ်ကို ဖော်ပြပေးစေလိုပါသည် ဘုရား။

ဦးသာဌေး၊ ကျောက်မြောင်း။

ဖြေ။ ။ အပြင်အောင်ခြင်းခေါ်သော အောင်ခြင်းရှစ်ပါး၌ မာရ်နတ် စသော

ပုဂ္ဂိုလ်ရှစ်ဦးအား အောင်သကဲ့သို့ ဘုရားအဖြစ်သို့ ရောက်တော်မူ

www.dhammaransi.com

သော် အခါ၌ အဝိဇ္ဇာစသော အတွင်းရန် အကုသိုလ်တရားတို့ကို အောင်တော်မူပါသည်။ သို့သော် အကုသိုလ်တရား ၈ ပါးဟု မဆိုလိုပါ။ အကုသိုလ် ဟူသမျှ အောင်မြင်တော်မူပါသည်။ အပြင်အောင်ခြင်းရှစ်ပါးဟု သရုပ်ဖော်၍ ပြောဆိုသလို အတွင်းအောင်ခြင်းရှစ်ပါးဟု လိုက်၍ခေါ်ခြင်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် အပြင်အောင်ခြင်းကဲ့သို့ ဂါထာရှစ်ပုဒ်ဖြင့် ဟောထားသဖြင့်လည်း အတွင်းအောင်ခြင်းရှစ်ပါးဟု ခေါ်ခြင်း ဖြစ်ပါသည်။

*

## ရဟန်းပြုခြင်းရှစ်မျိုး

မေး။ ။ အရှင်ဘုရား၊

မြတ်ဗုဒ္ဓသာသနာ၌ ရဟန်းပြုပေးခြင်းရှစ်မျိုးရှိကြောင်း ကြားဖူးပါသည်ဘုရား။ ဟုတ် မဟုတ် သိလိုပါသည်။ ရှင်းလင်း ဖြေကြား ပေးပါရန်၊ ယခုအခါ ၎င်းရှစ်မျိုးအနက် မည်သည့်ရဟန်းပြုနည်းဖြင့် ရဟန်းပြုပေးနေသည်ကို သိလိုပါသည်ဘုရား။

အောင်မင်းသိန်း၊ စမ်းချောင်း။

ဖြေ။ ။ ရဟန်းပြုပေးခြင်း ရှစ်မျိုးဆိုသည်မှာ (၁) ဧဟိဘိက္ခုပသမ္ပဒါ=

မြတ်စွာဘုရားက ဧဟိဘိက္ခု–ရဟန်းလာလှည့်ဟုခေါ်လျှင် တန်ခိုးဖြင့် ပြီးသောသင်္ကန်းပရိက္ခရာများရ၍ ရဟန်းဖြစ်ခြင်း၊ (၂) သရဏဂမနူပသမ္ပဒါ=သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးခြင်း၊ (၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ=ဩဝါဒကို ခံယူစေခြင်းဖြင့် ရဟန်းပြုပေးခြင်း။ (၄) ပဉှာဗျာကရဏူပသမ္ပဒါ=ပြဿနာကို ဖြေစေခြင်းဖြင့် ရဟန်းပြုပေးခြင်း၊ (၅) ဂရုဓမ္မပဋိဂ္ဂဟဏူပ သမ္ပဒါ=ဂရုဓံတရားရှစ်ပါးကို ဝန်ခံစေခြင်းဖြင့် ရဟန်းပြုပေးခြင်း၊ (၆) ဒူတေနူပသမ္ပဒါ=တမန်ဖြင့် စေလွှတ် ခံယူစေခြင်းဖြင့် ရဟန်းပြုပေးခြင်း၊ (၇) အဋ္ဌဝါစိကူပသမ္ပဒါ=ဉတ်ကမ္မဝါစာ ရှစ်ကြိမ်

www.dhammaransi.com

ဖြင့် ရဟန်းပြုပေးခြင်းနှင့် (၈) ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ=ဉတ်နှင့်တကွ လေးကြိမ်မြောက် ကမ္မဝါစာဖြင့် ရဟန်းပြုပေးခြင်း ရှစ်မျိုး ဖြစ်ပါသည်။ အဓိပ္ပာယ်ကို ဖော်ပြရှင်းလင်းလျှင် လွန်စွာ ကျယ်ဝန်းပါသည်။ နီးစပ်ရာ ဆရာတော်၊ သံဃာတော်များအား မေးလျှောက်မှတ်သားစေလိုပါသည်။ ယခုအခါ၌မူ အမှတ်(၈) ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒါ တစ်မျိုးတည်းဖြင့်သာ ရဟန်းပြုပေးနေကြပါသည်။

*

## အသညသတ်နှင့် သုဂတိအဟိတ်

မေး။ ။ အရှင်ဘုရား၊

တိဟိတ်ပုထုဇဉ်၊ ဒွိဟိတ်ပုထုဇဉ်၊ သုဂတိအဟိတ်ပုထုဇဉ်၊ ဒုဂ္ဂတိ အဟိတ်ပုထုဇဉ်ဟု ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်တို့တွင် တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တစ်ယောက်သာ ဈာန်မဂ်ဖိုလ် ရနိုင်ပါလျက်၊ ဈာန်မဂ်ဖိုလ်ရပုဂ္ဂိုလ် တို့သာ လားရာဖြစ်သော ဗြဟ္မာ့ပြည် အသညသတ်ဘုံဝယ် သုဂတိ အဟိတ် ပုဂ္ဂိုလ် အဘယ်ကြောင့် ရောက်ရှိရပါသလဲ ဘုရား။

သောတုဇနသာမဏေ၊ မြောင်းမြ။

ဖြေ။ ။ ပုဂ္ဂိုလ်အပြား ဝါးကရား ကောက်ယူရာတွင် "အသညသတ် ရုပ်

သာမှတ်၊ ယူလတ်သုဟိတ်သာ"ဟုဆိုကာ လုံးဝနာမ်တရား မရှိ ရုပ်တရားအတိသာဖြစ်သော အသညသတ်ပုဂ္ဂိုလ်အား မကောက်ဘဲ ဖယ်ထား၍လည်း မဖြစ်သဖြင့် သုဂတိအဟိတ်၌ ထည့်၍ ကောက်သည်။ လူ့ဘုံ၊ စတုမဟာရာဇ်ဘုံတို့၌ရှိသော သုဂတိ အဟိတ်၊ ဇစ္စန္ဓ တို့ကဲ့သို့ ယုတ်ညံ့သော သုဂတိအဟိတ်မျိုး မဟုတ်၊ စိတ်နာမ် မရှိ၍သာ ဟိတ်မရှိ 'အဟိတ်'ဆိုခြင်း ဖြစ်သည်။ အသညသတ်၊ အရူပဘုံတို့ကို အပါယ်ဘုံများ နှင့် တစ်တန်းတည်းထား၍ ရုပ်ပြစ်ရှစ်ပါးတွင် ထည့်သွင်းထားသကဲ့သို့ မှတ်သားသင့်ပါသည်။

*

## ကိုးပါးသီလ နဝမသိက္ခာပုဒ်

မေး။ ။အရှင်ဘုရား၊

ဤနှစ် ဝါတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆရာတော်များ ကိုးပါးသီလ ပေးရာ၌ အချို့ဆရာတော်တို့က နောက်ဆုံးသိက္ခာပုဒ်ကို ဖရိတ္တာဝိဟာရာမိဟု တိုင်ပေး၍ အချို့ဆရာတော်တို့က ဖရိတ္တာဝိဟာရဏ သမာဒိယာမိဟုတိုင်ပေးပါသည်။ ထိုနှစ်မျိုး မည်သည်က မှန်ပါသလဲ ဘုရား။

ဥပုသ်သည်၊ ရန်ကုန်။

ဖြေ။ ။ ကိုးပါးသီလမှာ ရှစ်ပါးသီလတွင် မေတ္တာကို ထည့်သွင်း ကျင့်သုံးခြင်း ဖြစ်သည်။ မေတ္တာမှာ သီလ မဟုတ်၊ ဘာဝနာဖြစ်သဖြင့် သီလကဲ့သို့ သမာဒိယာမိဟုဆို၍ ဆောက်တည်ဖွယ်မလိုပါ။ ထိုသို့ မလိုသဖြင့် ဖရိတ္တာဝိဟာရာမိဟု ဆိုခြင်းက မှန်ပါသည်။

*

## သက်တမ်းနှင့် အရွယ်

မေး။ ။အရှင်ဘုရား၊

ယခု လူတို့သက်တမ်း ၁၀၀ တမ်းကို ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟု ပိုင်းခြားကြပါသည်။ ၇၅ နှစ်တမ်းကို မည်သို့ ပိုင်းခြားရမည်နည်း။ ဖြေကြားပေးပါရန် လျှောက်ထားပါသည် ဘုရား။

ဦးပညာ၊ စမ်းချောင်း။

ဖြေ။ ။ သက်တမ်း ၁၀၀ တမ်း၌ ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားသည် အသက် ၁၀၀ တမ်း၌ မယ်တော်အသက် (ဒုတိယအရွယ်) ၏ သုံးပုံနှစ်ပုံ ရောက်ချိန်တွင် သန္ဓေယူကြောင်းဆိုသော စကားအရဖြင့် တွက်ချက်လျှင် ပထမအရွယ် ၃၃ နှစ်၊ ၄ လနှင့် ဒုတိယအရွယ်၏ ၃ ပုံ ၂ ပုံ၊ ၂၂ နှစ်၊ ၂ လ၊ ၂၀ ရက်ကို ပေါင်း၍ ၅၅ နှစ်၊ ၆ လ၊ ၂၀ ရက်

www.dhammaransi.com

တွင် မယ်တော်ဝမ်း၌ ဘုရားရှင် ပဋိသန္ဓေနေကြောင်း သိရ၏။ 'ဗောဓိသတ္တမာတာပိ ပဌမဝယေ သမ္ပတ္တိံ အနုဘဝိတွာ မဇ္ဈိမဝယဿ တတိယေ ကောဋ္ဌာသေ ဝိဇာယိတွာ' (ဒီဋ္ဌ ၂)နှင့် အညီ ဖြစ်သည်။ ထို့ကြောင့် လူ့သက်တမ်း ၁၀၀ ကို ၃ ပုံပုံလျှင် ၃၃ နှစ် ၄ လစီ ပိုင်းခြားရမည်ဟု သိနိုင်ပါသည်။ ၇၅ နှစ်တမ်းဟူ၍ မရှိပါ။ သို့သော် အများစကားအရ ယူလျှင်ကား ၂၅ နှစ်စီခွဲလျှင် ဖြစ်နိုင်စရာ ရှိပါသည်။ (ယခု)အချို့ပြောစကားအရ ဘုရားလက်ထက်က နှစ် ၁၀၀ တမ်း ဖြစ်ပါသည်။ အနှစ် ၁၀၀ လျှင် တစ်နှစ်လျော့ပါက နှစ်ပေါင်း ၂၅၀၀ ကျော်ဖြစ်လျှင် ၂၅ နှစ် လျော့သည်။ ထို့ကြောင့် ယခုသက်တမ်း ၇၅ နှစ်တမ်းဟု ပြောနေကြ၏။ ထိုစကားကို အမှန်မယူသာပါ။ ဝေဿန္တရာမင်း ဘဝမှာ ဘုရားမဖြစ်မီ နှစ်သိန်းပေါင်းများစွာ ခြားကွာပါသည်။ သို့သော် ထိုအချိန်ကပင် အသက် ၁၀၀ တမ်း ဖြစ်သည်ဟု စာပေတို့တွင် ဆိုထားပါသည်။

*

## သံဃာဒိသိသ်အာပတ် သိက္ခာချ၍ ပျောက်၊ မပျောက်

မေး။ အရှင်ဘုရား၊

သံဃာဒိသိသ် အာပတ်သင့်နေသော ရဟန်းတစ်ပါးသည် ၎င်း၏ အပြစ်ကို မကုစားဘဲ သိက္ခာချပြီး ကိုရင်ကြီး လုပ်နေသည်။ တစ်ဖန် ထိုကိုရင်ကြီးဘဝမှ ရဟန်းပြန်ခံသော် ၎င်းသင့်သော သံဃာဒိသိသ် အာပတ် ပြေ၊ မပြေ သိလို၍ ဖြေကြားတော်မူပါဘုရား။

အရှင်အာဒိစ္စ။

ဖြေ။ ။ ရဟန်းဘဝဖြင့် သင့်သောအာပတ်တို့သည် မည်သည့်အာပတ်ပင် ဖြစ်စေ မကုစားဘဲ သိက္ခာချ၍ ကိုရင်ဘဝ၊ လူ့ဘဝသို့ရောက်ပြီး ထို့နောက် ပြန်၍ ရဟန်းခံလျှင် ယခင်ရဟန်းဘဝကအတိုင်းပင် သင့်ရောက်မြဲ သင့်ရောက်နေသည်။ ထို့ကြောင့် အာပတ်များပျောက်အောင်

ထိုက်သင့်သော ကုစားမှုတို့ဖြင့် ကုစားရပါမည်။ သံဃာဒိသိသ်အာပတ်ဆိုက ပရိဝါသ်မာနတ်ဆောက်တည်၍ အဗ္ဘာနကံဆောင်မှ ပျောက်မည်။ ပါစိတ်၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိအာပတ်များဆိုက ဒေသနာကံဖြင့် ကုစားရပါမည်။ ကိုရင်ဘဝ၊ လူ့ဘဝတို့၌ သိက္ခာပုဒ်များ မရှိ၍ ထိုအာပတ်များကင်း၍ နေပါသည်။ ရဟန်းခံလျှင် သိက္ခာပုဒ်များနှင့်အတူ ပြန်၍ ပေါ်လာပါသည်။ 'ဥပသမ္ပန္နောဘိက္ခု အန္တိမဝတ္ထုံ အနဇ္ဈာပန္နော ... ' (ဝဇိရဗုဒ္ဓိ- ဋီ။ ၄၄၄။) ထင်ရှားစေရန် အာဂမယုတ္တိဖြင့် ဖြေကြားပါသည်။

*

## ဘုရားလောင်းနှင့် တိရစ္ဆာန်ဘဝ

မေး။ ။အရှင်ဘုရား၊

ဗုဒ္ဓဂေါတမသည် နစဉ်ဘဝများတွင် ဘုရားအလောင်းတော် ဖြစ်ပါလျက်နှင့် ဘာကြောင့် တိရစ္ဆာန် ဘဝများမှာ ဖြစ်ရပါသလဲ။ မေတ္တာရှေ့ထား ဖြေကြားပေးတော်မူပါဘုရား။

ထွန်းထွန်းနိုင်၊ မြေပုံမြို့။

ဖြေ။ ။ ဘုရားအလောင်းတော်တို့ မဖြစ်ထိုက်သောဘဝမှာ ၁၈ ပါး ရှိပါသည်။ အမိဝမ်းတွင်းမှာ ကန်းသည်၊ နားပင်းသည်၊ ရူးသွပ်သည်၊ အရိယိုသည်၊ ဆွံ့သည်၊ ရိုင်းစိုင်းသည်၊ ကျွန်မသား၊ မိစ္ဆာဒိဋ္ဌိ၊ လိင်ပြန်၊ ဂရုကံငါးပါး ကျူးလွန်၊ နူနာရှိ၊ ငုံးအောက်ငယ်၍ ဆင်ထက်ကြီးသော တိရစ္ဆာန်၊ ခုပ္ပိပါသိက၊ နိဇ္ဈာမတဏှိက၊ ကာလ ကဉ္ဇိက၊ ပြိတ္တာ၊ အသူရာ၊ ငရဲကြီးရှစ်ထပ်နှင့် လောကန္တရိကငရဲ၊ မာရ်နတ်၊ အသညသတ်၊ သုဒ္ဓါဝါသ၊ အရူပဘုံ၊ တစ်ပါးသော စကြဝဠာ- ဤဆယ့်ရှစ်ပါး ဖြစ်၏။ ဘုရားလောင်းသည် ငုံးအောက်ငယ်၍ ဆင်ထက်ကြီးသော တိရစ္ဆာန်မှ

www.dhammaransi.com

တစ်ပါး ဖြစ်နိုင်ပါသေး၏။ ငရဲကြီးရှစ်ထပ်မှလွဲ၍ ဥဿဒငရဲများတွင်လည်း ဖြစ်နိုင်ပါသေး၏။ ဘုရားလောင်းဘဝသည် ပုထုဇဉ်မျှသာ ဖြစ်၍ မှောက်မှောက်မှားမှား အနည်းငယ် ရှိနိုင်သေးကြောင်း သတိပြု၍ ဘဝဟူသည် မတည်မမြဲ လွဲလွဲမှားမှားရှိနိုင်ကြောင်း သတိပြု၍ ကုသိုလ် ကောင်းမှုတို့ကို မမေ့ရန် သတိပေးလိုပေသည်။

*

## ကိုယ်တော်နှင့် သင်္ကန်းတော်ကိစ္စ

မေး။ ။အရှင်ဘုရား၊

အံ့ဖွယ်တော် ၁၈ ပါး ဘုရားရှိခိုး (နံပါတ် ၃ အံ့ဖွယ်တော်)၌ စာရဏဌ သယ်ဆောင်တော်မူသော သင်္ကန်း စသော ပရိက္ခရာတို့သည် ကိုယ်တော်နှင့် မထိ၊ ပကတိ လက်လေးသစ်မျှ ကွာခြား၍ တည်တော်မူခြင်းဟု ပါရှိရာ သင်္ကန်းတော်နှင့် ကိုယ်တော်လက်လေးသစ်ကွာခြား၍ နေသည်ဟူသော စကား ဖြစ်နိုင်၊ မဖြစ်နိုင် စာပေအရ ရှင်းပြဖြေကြားစေလိုပါသည် ဘုရား။

သန်းထွန်း (ဓမ္မာစရိယ)၊ မော်လမြိုင်။

ဖြေ။ ။ယင်းအံ့ဖွယ်တော်အရ ကိုယ်တော်နှင့် သင်္ကန်းတော် မထိ၊ ပကတိ လေးသစ်မျှ ကွာနေရမည်ဆိုလျှင် အများအမြင်အရ မြတ်စွာဘုရားတွင် သင်္ကန်းတော်ပွပွကြီး ဖြစ်နေဖွယ်ရာ ရှိမည်ဟု ပြောစရာပင် ဖြစ်သည်။ ထို့ကြောင့် ထိုအချက်ကို ကျမ်းရင်းရှာဖွေရာ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗြဟ္မာယုဝဂ် ဗြဟ္မာယုသုတ်တွင် ဗြဟ္မာယုပုဏ္ဏားကြီးက တပည့် ဥတ္တရလုလင်အား ဘုရားထံလွှတ်၍ အကဲခတ်စေသည်။ ထိုအခါ ဥတ္တရလုလင်က "ထိုအရှင်ဂေါတမ ကိုယ်တော်၌ သင်္ကန်းသည် အလွန်လည်း မမြင့်တက်၊ အလွန်လည်း မလျော့ကျ။ ကိုယ်တော်၌ ထိကပ် ငြိတွယ်သည်လည်း မဟုတ်၊ ကွာနေသည်လည်း မဟုတ်။ ထိုအရှင်ဂေါတမ၏ ကိုယ်

www.dhammaransi.com

တော်မှ သက်န်းကို လေလည်းမလွင့် စသည်ဖြင့် အစီရင်ခံကြောင်း ပါရှိသည်။ ထိုကိုယ်တော်၌ ငြိတွယ်သည်လည်း မဟုတ် ဟူသောအချက်ကို အဋ္ဌကထာ (မ ဋ္ဌ၊ ၃– ၂၆၉)တွင် "အလ္လီနန္တိ ယထာအညေသံ သေဒေန တိန္တံ အလ္လီယတိ၊ နဇဝံ သတ္ထု"ဟု ဖွင့်ဆိုထားလေသည်။ ထိကပ်၊ ငြိတွယ်ရာ၌ အခြားသူတို့မှာ ချွေးဖြင့် စိုစွတ်၍ (အသားနှင့် အဝတ်သင်္ကန်းမှာ ထိကပ် ငြိတွယ်နေဘိသကဲ့သို့ မြတ်စွာဘုရား၌ မထိကပ်၊ မငြိတွယ်ပေဟု ဆိုပေသည်။ လက်လေးသစ် ကွာနေသည်ဟု မဆို။ ချွေးထွက်၍ ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ အသားတော်နှင့် သင်္ကန်းတော် ထိကပ် ငြိတွယ်၍ မနေခြင်းကိုသာ ဆိုပါသည်။ ထို့ကြောင့် သင်္ကန်း စသော ပရိက္ခရာတော်တို့နှင့် မြတ်စွာဘုရား၏ ကိုယ်တော်မှာ လက်လေးသစ်ခန့် ကွာနေသည်ဟု မှတ်သားထားစရာ မလိုပါ။ လက်လေးသစ်ခန့် ကွာနေသည်ဟူသော အယူအဆမှာ မြတ်စွာဘုရားအရုပ်တော် ၁၈ တောင်ဟု ယူဆရာမှ ကျယ်ပွားလာသည်ဟု ထင်ပါသည်။ မည်သို့ပင် ဖြစ်စေ မြတ်စွာဘုရား အသားတော်နှင့် သင်္ကန်းတော်ထိကပ်ငြိတွယ်မနေဟူ၍သာ မှတ်သားထားသင့်ကြောင်း ဖြေကြားလိုပေသည်။

*

## အသညသတ်ရုပ် ပုပ်၊ မပုပ်

မေး။ ။ ရုပ်ပြစ်ရှစ်ပါး ဟောထားတဲ့ဒေသနာ။
ဖြဟ္မာဘုံ သညသတ် ထူးမှတ်ပါလာ။
နာမ်မရှိ ရုပ်ခန္ဓာ၊ ပုပ်နံ့ရာတရား။
ဘယ်ကုသိုလ်၊ ဘယ်အဟုန်ကြောင့်၊ မပုပ်ပုံ
ထိုသဘောကို ဟောပြပါဘုရား။ ။

ချမ်းမြေ့ကြည်၊ ကောလင်း။

ဖြေ။ ။ ရုပ်ပြစ်ရှစ်ပါး၊ ဟောထားတဲ့ဒေသနာ။
ဖြဟ္မာဘုံ သညသတ်၊ ထူးမှတ်ပါလာ။

www.dhammaransi.com

နာမ်တရားကြောင့်၊ ခံစားရ ဒုက္ခာ၊
ဖြုတ်ခွာချရျာန်ဖြင့်။
ပဌမ ဈာန ဘာဝနာကြောင့်၊
အသညာရုပ်သဘောပေမယ့်၊
ပုပ်ဖောသွေကာဝေးတယ် မွေးရွေ့ရုပ်သွင့်။

*

## နီလ ရောင်ခြည်တော်

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တွင် နီလ ရောင်ခြည်တော်ခေါ် ညိုသော ရောင်ခြည်တော်ကို ယခုခေတ် (သာသနာ့အလံတော် စသည်တို့)၌ အပြာရောင်ဟု သတ်မှတ်ကြောင်း သိရပါသည်။ အဘယ်ကြောင့် အပြာရောင်ကို သတ်မှတ်ပါသနည်း ဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့။

ဖြေ။ ။ ရောင်ခြည်တော်ခြောက်သွယ်အဖွင့် အဋ္ဌကထာတို့တွင် ၎င်းနီလ ရောင်ခြည်ဆိုင်ရာ၌ အဋ္ဌနစုဏ္ဏသမောကိဏ္ဏံဝိယ, ဥမာပုပ္ဖ နီလုပ္ပလ ဒလသဉ္ဆန္နံဝိယ'စသည် (အဘိဋ္ဌ ၁၊ ၁၄)ဖြင့်ကာ မျက်စဉ်းမှုန့်၊ မိုးဆွေပန်း၊ ကြာညိုပန်းတို့၏ အရောင်တို့ဖြင့် နှိုင်းယှဉ်ပြထားသည်။ ၎င်း မျက်စဉ်းမှုန့်၊ မိုးဆွေပန်း၊ ကြာညိုပန်းတို့မှာ အပြာရောင်များ ဖြစ်ကြပါသည်။ ထို့ကြောင့် ကမ္ဘာ့ပညာရှင်များက နီလရောင်ခြည်တော်ကို အပြာရောင် ပြဋ္ဌာန်းထားကြပါသည်။

*

## ကျောင်းထိုင်ဘုန်းကြီး အင်္ဂါငါးပါး

မေး။ ။ အရှင်ဘုရား။

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ"ဟူသော ပရိသုပဋ္ဌာက

www.dhammaransi.com

ကျောင်းထိုင်ဘုန်းကြီး၏အင်္ဂါငါးပါး အကျဉ်းချုပ်လက်္ခဏာကို အကျယ်ရှင်းပြပေးပါ အရှင်ဘုရား။

ရှင်ကုမာရ၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။

ဖြေ။ ။ အင်္ဂါငါးပါးတွင် ၁ နှင့် ၅ မှာ သိသာပါသည်။ (၂)ဝိဘင်းနှစ်ဖြာ အရ ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်း ၂ ပါးဖြစ်၍ လိုရင်းမှာ ပါရာဇိကဏ်ပါဠိအဋ္ဌကထာ၊ ပါစိတ်ပါဠိအဋ္ဌကထာတို့ကို ကြေညက်စွာ သင်ယူနားလည်ခြင်း၊(၃) ကမ္မာကမ္မအရ ကံကြီး၊ ကံငယ်ကိစ္စတို့၌ ကျွမ်းကျင်လိမ္မာရန် မဟာဝါပါဠိအဋ္ဌကထာတို့ကို ကြေညက်စွာ သင်ယူနားလည်ခြင်း၊ (၄) ခန္ဓကပုဒ်အရ စူဠဝါပါဠိအဋ္ဌကထာ၊ ပရိဝါပါဠိ အဋ္ဌကထာတို့ကို ကြေညက်စွာ သင်ယူနားလည်ခြင်းတို့ ဖြစ်ပါသည်။ ခြုံလိုက်သော် ဝိနည်းငါးကျမ်း၊ ပါဠိ၊ အဋ္ဌကထာဆိုင်ရာ ဋီကာတို့ကိုပါ ကျွမ်းကျင်ရန် လိုအပ်ကြောင်း သိစေလိုပါသည်။ မိမိကိုယ်တိုင်လည်း ကျင့်သုံး၊ တပည့်သားတို့အားလည်း သင်ကြား၊ နည်းပေးနိုင်ရန် ပိဋကတ်တော်တို့ကို သင်ယူတတ်မြောက်မှ ကျောင်းထိုင်သင့်ပါသည်။ ထိုကဲ့သို့ အင်္ဂါရပ်နှင့်ပြည့်စုံမှ ကျောင်းထိုင်ဘုန်းကြီးများပေါ်ထွက်နိုင်စေရန် ပြည်နယ်နှင့် တိုင်းတို့တွင် နိုင်ငံတော်က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနေခြင်း ဖြစ်ကြောင်း သတိပြုရန် လိုအပ်ပါသည်။

*

## ခွေးကလေးအား ရည်မှန်း၍

မေး။ ။ အရှင်ဘုရား၊

တပည့်တော်၏အိမ်တွင် မွေးထားသော ခွေးကလေးသည် သေဆုံးသွားပါသည်။ ထို့ကြောင့် ထိုခွေးကလေးအတွက် ရည်စူး၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့၍ ကောင်းမှုကို အမျှပေးဝေပါသည်။ တပည့်တော်တို့ ဝေသောအမျှကို ထိုခွေးကလေး ရနိုင်ပါသလားဘုရား။ တပည့်တော်

www.dhammaransi.com

တို့ မွေးထားသော ခွေးကလေးသည် လူပြောစကားကို အလွန်နားလည်ပါသည်။ အမျှဝေ၍ သာဓုခေါ်နိုင်၊ မခေါ်နိုင် သိလိုပါသည်ဘုရား။ (ချုံ့ထားသည်)

မမြင့်မြင့်အေး၊ မန္တလေး။

ဖြေ။ ။ လူဖြစ်စေ၊ ခွေးဖြစ်စေ သေပြီးနောက် ဂတိငါးမျိုးရှိရာတွင် ပေတဂတိ (ပေတတွင်လည်း လူနှင့် နီးစပ်သော ပရဒတ္တူပဇီဝိတပေတ) သို့ ရောက်မှသာ အမျှဝေသည်ကို သာဓုခေါ်နိုင်စရာ ရှိပါသည်။ ကွယ်လွန်သူအား ရည်စူး၍ လှူဒါန်းမှုဟူသည်မှာ ကုသိုလ်အဖို့ကို ကွယ်လွန်သူ ရရှိမှုထက် မိမိရရှိမှုက သေချာပါသည်။ ကွယ်လွန်သူ ရရှိမှုမှာ မသေချာပါ။ ရေထဲတွင်နေသောငါးကို ခဲဖြင့်ပစ်သကဲ့သို့ ငါးကို မှန်၊ မမှန် မသေချာသော်လည်း ရေတွင် ခဲကျရမည်မှာ သေချာသကဲ့သို့ပင် ဖြစ်ပါသည်။ သို့သော် ကွယ်လွန်သူအား ရည်မှန်း၍ ကုသိုလ်ပြုသင့်သည်သာ ဖြစ်ပါသည်။ မြတ်စွာဘုရားလက်ထက်က အနာထပိဏ်သူဌေးကြီး၏ မြေးမကလေးမှာ ကစားစရာ ရွှံ့ရုပ်ကလေး ရှိသည်။ ၎င်းရွှံ့ရုပ်ကလေးကို သမီးကလေးဟုဆိုကာ ပွေ့ပိုက်ကစားနေရာမှ လွတ်ကျ၍ ကွဲကြေသွားသည်။ ထိုသို့ ကွဲကြေသဖြင့် 'သမီးကလေး သေပါပြီ'ဟု ချော့မရအောင် ငိုနေစဉ် မြတ်စွာဘုရား ကြွလာတော်မူသည်။ ထိုအခါ သူဌေးကြီးက ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထား၏။ ထို့နောက် မြေးမကလေး၏ သမီးကလေး ရွှံ့ရုပ်မယ်အား ရည်စူး၍ သံဃာတော် ငါးရာနှင့် မြတ်စွာဘုရားအား နောက်တစ်နေ့တွင် ပင့်ဖိတ်၍ ဆွမ်းလှူကြောင်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်၍ ဆွမ်းအနုမောဒနာတရား ဟောကြောင်း ပေတဝတ္ထု (ပိဋ္ဌဓီတလိကာဝတ္ထု) (ပေတ၊ ဋ ၁၅) တွင် အထင်အရှားရှိပါသည်။ အသက်မရှိသော ရွှံ့ရုပ်ကလေးကိုပင် ရည်စူး၍ အလှူဒါနပြုခဲ့သေးရာ မိမိတို့ချစ်ခင်သော ခွေးကလေး၊ ကြောင်ကလေး

များအတွက် အလှူပြု၍ အမျှဝေခြင်းမှာ မဆန်းကြယ်ပါကြောင်း ဖြေကြားလိုပါသည်။

*

## ဘုရားအုတ် လမ်းခင်း

မေး။ ။ အရှင်ဘုရား၊

တပည့်တော်များ မြန်မာနိုင်ငံတော်မှာ နှစ်ပေါင်းများစွာကပင် သာသနာတော်ထွန်းကားခဲ့သဖြင့် ဘုရားစေတီလည်း များပြားခဲ့ပါသည်။ ထိုဘုရားစေတီတို့မှ အုတ်ခဲနှင့် အင်္ဂတေပျက်များကို ယူ၍ လမ်းခင်းသင့်၊ မသင့် သိလို၍ ဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးရွှေ၊ မိုလ်ချုပ်လမ်း၊ အထောင်မြို့။

ဖြေ။ ။ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ရောဟဏဇနပုဒ် ဒီဃာဝုစေတီမှ အဝတ်တံခွန်တစ်ခုသည် ပျက်စီး၍ လေဒြ လွင့်ပါကာ လယ်တစ်ကွက်၌ ကျလေသည်။ ထိုအခါ လယ်သမားသည် ထိုအဝတ်တံခွန်ကို ကောက်ယူသွားပြီး အဝတ်ချုပ်၍ ဝတ်ခဲ့၏။ ထို လယ်သမားသည် နောင်အခါ ကွယ်လွန်၍ အထပ်တစ်ထောင် ပြောင်ပြောင်တောက်သောသံပြားတို့ကို ဝတ်ရသော ပြိတ္တာဖြစ်၍ ဒုက္ခကြီးစွာ ခံစားရလေ၏။ တစ်နေ့တွင် မိမိဆရာရဟန်းအား ကိုယ်ထင်ပြ၍ အကြောင်းစုံကို ပြောပြလေသော် ရဟန်းက အသင့်အား ဤဆင်းရဲမှ ကင်းလွတ်ရန် မည်သို့ ငါကူညီရမည်နည်းဟု မေး၏။ ပုဆိုးတစ်ထောင်ကို တံခွန်ပြု၍ ဒီဃာဝုစေတီကို ပူဇော်ပေးလျှင် ဤဒုက္ခမှ လွတ်ကင်းပါလတ္တံ့ဟု လျှောက်၏။ ရဟန်းသည် ပြိတ္တာ၏ ဆွေမျိုးများနှင့် တိုင်ပင်၍ ပုဆိုးငါးဆယ်ဖြင့် တံခွန်ပြုလုပ်လှူဒါန်းကာ အမျှဝေ၏။ ထိုအခါ ပြိတ္တာကြီးလာ၍ "အရှင်ဘုရား၊ သံပြားတစ်ထောင်ဖုံးလွှမ်းနေရာမှ လက်ရှစ်သစ်ခန့် လွတ်ပါပြီ"ဟု ဆို၏။ နောက်ထပ် ပုဆိုးငါးဆယ်ဖြင့် လှူပြန်သော် ရှေးနည်းတူ လက်ရှစ်သစ်ခန့်

www.dhammaransi.com

လွတ်၏။ ဤနည်းဖြင့် ပုဆိုးတစ်ထောင်ပြည့်အောင် လေးကြိမ်လှူသော အခါတွင် ယခုအခါ အကျွန်ုပ် ချမ်းသာပါပြီဟု ပြိတ္တာကြီးက လာရောက် ပြောဆိုလေ၏။ ဤဝတ္ထုကို သီဟိုဠ်ကျွန်းဖြစ် လောကဒီပနီကျမ်း၌ လာရှိ ပေသည်။ ဤဝတ္ထုကို ထောက်ပြ၍ ပြဿနာရှင်၏ ပြဿနာကို ထောက်ဆ ဖြေရှင်းနိုင်ရာ၏။

*

## ဒုဿီလနှင့် အလဇ္ဇီ

မေး။ ။ အရှင်ဘုရား၊

ဒုဿီလနှင့် အလဇ္ဇီ။
ထိုနှစ်ဖြာ၊ လိုရာအမှန်ပြ၊ ဉာဏ်က မမီ။
ဒုဿီ ယုတ်သည်ပ ဆိုထုံး။
အလဇ္ဇီ ညစ်သည်ဆိုပြန်က၊ ထိုနှစ်တန် ဘယ်ပုံခြား၊ပြားပြပါဦး။
သောတုဇနေ၊ မန်း။

ဖြေ။ ။ လေးပါရာ ကျရောက်၍၊ ပပျောက်ခဲ့သီလာ။
ဒုဿီခေါ် ထိုသူယုတ်၊ ထုတ်ပြသေချာ။
သံဃာဒိ ပါစိတ္တာ၊ ရောက်ပါခဲ့ရဟန်း။
ကုစားပြန်လည် ကောင်းနိုင်၍၊
ခေါ်ကြောင်းအလဇ္ဇီကို၊
မှတ်ဘိဥဒါန်း။

(ကျမ်းညွှန်း။ ။ ဝိ၊ ၅၊ ၂၇၉)

*

## ပဋ္ဌာန်းပါဠိတော် ရွတ်ဆိုမှု

မေး။ ။ အရှင်ဘုရား၊

ပဋ္ဌာန်းပါဠိတော် ၂၄ ပစ္စည်း ပစ္စယုဒ္ဒေသပါဠိကို အရပ် ၈ မျက်နှာ လှည့်၍ လက်ညှိုးညွှန်ကာ နေ့စဉ်မှန်မှန် ရွတ်ဆိုပါလျှင် အပြင် ဘေး

www.dhammaransi.com

အန္တရာယ်တို့မှ ကင်းလွတ်သည်ဟု ကြားဖူးပါသဖြင့် တပည့်တော် နေ့စဉ်ကျင့်သုံးလာသည်မှာ အနှစ် ၂၀ ကျော်လောက်ရှိပါပြီ။ အမှန်ပင် ဘေးအန္တရာယ်မရှိ၊ ချမ်းသာစွာ ရှိပါ၏။ သို့ရာတွင် အတွင်းအန္တရာယ် ဖြစ်သော သားဆိုး၊ သမီးဆိုးတို့၏ ရန်ကို တွေ့ကြုံနေရ၍ မည်သည့် ဂါထာများ ရွတ်ဆိုကာကွယ်ရမည်ကို ပြန်ကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ဝါသည်ဘုရား။

ဦးမောင်မောင်၊ လားရှိုးမြို့။

ဖြေ။ ။ ပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ မှန်မှန် ရွတ်ဆိုလျှင် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းနိုင်ကြောင်း အဆိုရှိပါသည်။ လက်တွေ့လည်း ကင်းငြိမ်းပါသည်။ ပြဿနာရှင်စာတွင် "အရပ် ၈ မျက်နှာလှည့်၍ လက်ညှိုးညွှန်ကာ နေ့စဉ် မှန်မှန် ရွတ်ဆိုသည်"ဟုဆိုသဖြင့် အပြင်ပဘေးအန္တရာယ်များ မဝင် မလာ၊ ချမ်းသာစွာရှိကြောင်း ဆိုပါသည်။ သို့သော်လည်း ပြဿနာရှင်က အတွင်းဗဟိုအရပ်ကို ချန်လှပ်ထားသဖြင့် အတွင်းအန္တရာယ်မကင်းဟန် တူပါသည်။ အရပ် ၁၀ မျက်နှာမေတ္တာပို့ရာ၌ အရှေ့အရပ်၊ အရှေ့တောင်အရပ်၊ တောင်အရပ်စသည်ဖြင့် မပို့ဘဲ အလယ်ဗဟိုပါ မကျန်ရအောင် ထောင့်မှန်ဆွဲ၍ 'အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်အရပ်၊ အနောက် မြောက်အရပ်၊ အရှေ့မြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်ဟူ၍အလယ်ဗဟိုကိုဖြတ်ကာ မျက်နှာချင်းဆိုင် ထောင့်မှန်ဆွဲ၍ ပို့ရကြောင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဆိုပါသည်။ ထိုသို့ပို့က အလယ်ဗဟိုပါမကျန် ပြည့်စုံပါသည်။ ထိုကဲ့သို့ ၂၄ ပစ္စည်းကိုလည်း အရပ် ၈ မျက်နှာအလယ်ပါ မကျန်အောင် အာရုပ်လေးမျက်နှာလှည့်ပြီး တစ်ကြိမ်၊ ဗဟို၌ တည်တည်ငြိမ်ငြိမ်ထိုင်၍ တစ်ကြိမ်ရွတ်ဆိုလျှင် ပြည့်စုံမည်ဖြစ်ကြောင်း အကြံပေးလိုပါသည်။

*

www.dhammaransi.com

## လိင်ခိုး

မေး။ ။ အရှင်ဘုရား၊

၁၃ နှစ်အရွယ် ကိုရင်လူထွက်ပြီးစ သင်္ကန်းတို့ကို လျှော်ဖွပ်ရန် အိမ်သို့ ယူလာပြီး ထိုသင်္ကန်းတို့ကို ကိုယ်တိုင်ဝတ်ရုံ၍ ကိုရင်ကြွလာပြီ ဟု ပြောဆိုမိရာ ထိုသူသည် အသွင်ကို ခိုးသော လိင်ခိုး=လိင်္ဂတ္ထေနက ဖြစ်ပါသလား။ ထို့ပြင် သိလိုသည်မှာ ပါရာဇိကကျပြီး ရဟန်းနှင့် လိင်္ဂတ္ထေနက ကိုရင်တို့ ရှင်သာမဏေပြုခွင့် ရဟန်းခံခွင့် ရှိ၊ မရှိနှင့် ဈာန်မဂ်ဖိုလ်တရားတို့ကို ကျင့်သုံးအားထုတ်၍ ရ၊ မရ သိလိုပါသည် ဘုရား။

မောင်ဒနီရန်း၊ အ–ထ–က (၁) ရန်ကင်း။

ဖြေ။ ။ သင်္ကန်းကို ကိုယ်တိုင်ဝတ်၍ သာမဏေတို့နှင့်အတူ နေထိုင်ခြင်းကို အသွင်ခိုးခြင်း=လိင်ခိုး=လိင်္ဂတ္ထေနကဟု ဆိုပါသည်။ မြူးထူးကစားလို၍ ဝတ်ခြင်းမျှဖြင့် လိင်္ဂတ္ထေနက မဖြစ်ပါ။ မဝတ်သင့်၊ မဝတ်ကောင်းသည်ကို ဝတ်၍ နောက်ပြောင်ကျီစယ်ခြင်းမျှဖြစ်သဖြင့် အကုသိုလ်ဖြစ်သည်ဟုသာ ဆိုနိုင်ပါသည်။ အသွင်ခိုး၊ လိင်ခိုး၊ လိင်္ဂတ္ထေနက ဖြစ်လျှင် သာမဏေ မဝတ်ထိုက်၊ ရဟန်း မခံထိုက်ပါ။ ပါရာဇိကကျသော ရဟန်းလည်း ရဟန်းဘဝကို ပြန်၍ မရနိုင်တော့ပါ။ သို့သော် သာမဏေဝတ်၍သော်လည်းကောင်း၊ လူဘဝဖြင့်သော်လည်းကောင်း ကြိုးစားအားထုတ်၍ ဈာန်မဂ်ဖိုလ်တရားများကို ရရှိနိုင်ပါသည်။ လိင်္ဂတ္ထေနကမှာ လူ့ဘဝဖြင့်သာ ရရှိနိုင်ပါသည်။

*

## စိတ်နာမည်များ

မေး။ ။ အရှင်ဘုရား၊

သင်္ဂြိုဟ်မှာပါသော အကုသိုလ်စိတ် ၁၂ ခု၊ အဟိတ်စိတ် ၁၈ ခု၊ လောကုတ္တရာစိတ် ၈ ခုစသော အမည်များ ခွဲခြားဖော်ပြထားပါသည်။

www.dhammaransi.com

မြတ်စွာဘုရားကပင် ခွဲခြားထားခဲ့သလား၊ နောက်ဆရာများက ခွဲခြားထားသလားဆိုတာ ရှင်းပြဖြေကြားတော်မူပါ ဘုရား။

တင်နိုင်ဝင်း၊ မြောက်ဥက္ကလာ။

ဖြေ။ ။ မြတ်စွာဘုရားသည် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ စသည်ဖြင့် ကုသိုလ်၊ အကုသိုလ် စသည့်တရားတို့ကို ထိုက်သင့်သလို အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူခဲ့ပါသည်။ ယင်းကို သာသနာနှစ် တစ်ထောင်ခန့်ကာလတွင် သီဟိုဠ် (သီရိလင်္ကာ)ကျွန်းမှ အရှင်အနုရုဒ္ဓါဆရာက နောင်လာနောက်သားတို့ နားလည်လွယ်စေရန် အဘိဓမ္မတ္ထသင်္ဂဟဟူသော အမည်ဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့ကို အကျဉ်းချုံး၍ ပြရာကျမ်း၌ အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ လောကုတ္တရာစိတ် ၈၊ စေတသိက် ၅၂၊ ရုပ် ၂၈ ခု စသည်ဖြင့် တူရာတူရာပေါင်း၍ အစဉ်အတိုင်း ခွဲပြပြုစုခဲ့ပါသည်။ ထို့ကြောင့်လည်း ဤခေတ်တွင် အဘိဓမ္မာလာ ပရမတ္ထတရားတို့ကို ဤခေတ်လူတို့ လွယ်လွယ်ကူကူ သိရှိမှတ်သားနိုင်ခဲ့ကြပါသည်။

*

## ဥပမာစကား

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားသည် အတုမရှိပုဂ္ဂိုလ်ဖြစ်ပါလျက် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်း၊ ကရဝိက်ငှက်ကဲ့သို့ သာယာသောအသံ ရှိခြင်း စသည်ဖြင့် နှိုင်းယှဉ်ထားပါသည်။ နှိုင်းယှဉ်သူမှာ အပြစ်ရှိ၊ မရှိ ဖြေကြားတော်မူပါ ဘုရား။

မန္တလေး.ကြည်၊ နရွဲပင်ရွာ၊ ပဲနွယ်ကုန်းမြို့။

ဖြေ။ ။ နှိုင်းယှဉ်ပြောဆိုခြင်း ဥပမာစကားဟူသည်မှာ ကြားနာသူတို့ သိလွယ်အောင် နှိုင်းယှဉ်ရခြင်း ဖြစ်သည်။ နှိုင်းယှဉ်ရာမှာ ပဏီတ ဥပမာ–မြင့်မြတ်သောအရာဖြင့် နှိုင်းယှဉ်ခြင်း၊ သဒိသ ဥပမာ–တူညီသော

www.dhammaransi.com

အရာဖြင့် နှိုင်းယှဉ်ခြင်း၊ ဟီနဥပမာ–ယုတ်သောအရာဖြင့် နှိုင်းယှဉ်ခြင်း ဟူ၍ ၃ မျိုးရှိပါသည်။ မြတ်စွာဘုရားမှာ အတုမရှိသော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်၍ မြတ်စွာဘုရား၏ဂုဏ်ကို သိစေလို၍ နှိုင်းယှဉ်လျှင် ပဏ္ဍိတ၊ သဒ္ဒိသ တို့ဖြင့် နှိုင်းယှဉ်စရာ မရှိ။ အယုတ်–ယုတ်သော ဝတ္ထု၊ ပုဂ္ဂိုလ်၊ သတ္တဝါ တို့နှင့်သာ ကြားနာသူနားလည်ရန်အတွက် နှိုင်းယှဉ်ရပါသည်။ ထို့ကြောင့် ဟီနော ဥပမာ–ဟီနဥပမာအနေဖြင့် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်း၊ ကရဝိက် ငှက်မင်းကဲ့သို့ အသံသာခြင်း၊ ထွက်သစ်စ နေမင်းကဲ့သို့ တင့်တယ်ခြင်း၊ ပဒုမ္မာကြာပန်းကဲ့သို့ ကျက်သရေရှိခြင်း စသည်တို့ဖြင့် နှိုင်းယှဉ်ရပါသည်။ စကားဥပမာအဖြစ် တင်စားပြောဆိုရခြင်း ဖြစ်သဖြင့် အပြစ်မရှိပါ။

*

## ပဋိသန္ဓေနှင့် ရုပ်

မေး။ ။ ပဋိသန္ဓေအခါ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ရုပ်တို့ဖြစ်စဉ်ကို သိလိုပါသည်ဘုရား။

ခင်ငြိမ်းငြိမ်း၊ အဘိဓမ္မာသင်တန်းသူ။

ဖြေ။ ။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇ ရုပ်ဖြစ်၍ ဌီခဏ၌ ဥတုဇရုပ် ဖြစ်ပါသည်။ ပထမ ဘဝင်၏ ဥပါဒ်၌ စိတ္တဇရုပ်ဖြစ်ကာ နောက်မှ အာဟာရရုပ်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်အတိုင်း ဆိုရပါမူ ကံ၊ ဥတု၊ စိတ်၊ အာဟာရဟု ဆိုရမည်ဖြစ်သော်လည်း ဒေသနာစဉ် အားဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူ၍ ဆိုရပါသည်။

*

## ပဋိသန္ဓေနှင့် အနိယတအာပတ်

မေး။ ။ အရှင်ဘုရား၊

(၁) ဤဘဝတွင် ကွယ်လွန်၍ နောက်ဘဝတွင် လူဖြစ်ရန် ကံရှိသူ သည် မည်သည့်မိခင်၏ဝမ်းတွင် ပဋိသန္ဓေတည်ရမည်ကို မည်သည့် အကြောင်းအရာများက စီမံပါသနည်း။

www.dhammaransi.com

(၂) မြန်မာလူမျိုးတစ်ယောက် ကွယ်လွန်ပြီး ပြည်တွင်း သို့မဟုတ် ပြည်ပရှိ လူမျိုးခြားဝမ်းတွင် ပဋိသန္ဓေတည်နိုင်ပါသလား။

(၃) နိယတအာပတ်၊ အနိယတအာပတ်ဟူ၍ ကြားဖူးပါသည်။ မည်သို့သော အာပတ်သည် အနိယတအာပတ် ဖြစ်ပါသနည်း။

(၄) အနိယတအာပတ်သင့်လျှင် ငရဲကျအောင် အကုသိုလ်အပြစ်ရှိပါသလား။ ဖြေကြားပေးတော်မူပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဒကာအေးမောင်၊ ရန်ကုန်မြို့။

ဖြေ။ ။ အပိုဒ် ၄ ပိုဒ်ဖြင့် မေးထားသော်လည်း ပြဿနာမှာ ၂ ရပ်သာ ဖြစ်၍ ၂ ပိုဒ်စီ ပေါင်း၍ ဖြေဆိုပါမည်။

(၁) လူပုဂ္ဂိုလ် ၁ ဦး ကွယ်လွန်ရာ၌ လူပြန်ဖြစ်နိုင်သော ကုသိုလ်ဇနကကံကြောင့် ကွယ်လွန်ခါနီး ထင်မြင်လာသည့် ကုသိုလ်ကံ၊ ကမ္မ နိမိတ်နှင့် ဂတိနိမိတ်တို့က သူ လားရောက်ရမည့် လူ့ဘဝ၊ အမိဝမ်း စသည်တို့ကို ထင်မြင်စေသည်။ သို့ထင်မြင်ရာ၌ သွားလာလှုပ်ရှားမှု၊ ပြောဆို တောင်းပန်မှု စသည်များကို အချို့လူဝင်စားများက ပြန်လည်ပြော ဆိုကြသည်။ ၎င်းကို ဝိညာဉ်သွားလာနေသည်ဟု ထင်နေကြသည်။ အမှန်မှာ ဂတိနိမိတ်ထင်မြင်နေမှုပင် ဖြစ်၏။ ဂတိနိမိတ်နှင့် တစ်ဆက်တည်း ဘဝ နိကန္တိဇော (ဖြစ်ရမည့်ဘဝကို တွယ်တာမှု)က မိမိကျက်စားရာ ကျွမ်းဝင်ရာတို့၌သာ စွဲလမ်းတတ်သည်။ ထိုသို့ စွဲလမ်းတတ်သဖြင့် ပဋိသန္ဓေဖြစ်ရာ၌ မိမိမြို့ရွာ ပတ်ဝန်းကျင်၊ ရောက်ဖူးရာ၊ နီးစပ်ရာတို့၌လည်း ဖြစ်တတ်၏။ မိမိနိုင်ငံမှတစ်ပါး နိုင်ငံခြားတွင် ရောက်ရှိခင်တွယ်ရာတို့၌ လည်း ဖြစ်တတ်သည်။ (နတ်ပြည်၊ နတ်ဘဝတို့သို့ကား ထူးခြားသော ဇနကကံက ပို့ဆောင်ပေးပေလိမ့်မည်။)

(၂) နိယတအာပတ်ဆိုသည်မှာ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ် စသည် မိမိပြုရာ အပြစ်အားလျော်စွာ သင့်သော အာပတ်မျိုး ဖြစ်သည်။

မြဲသော အာပတ်ဟု ဆိုသည်။ အနိယတအာပတ်မှာ ပါရာဇိက သံဃာဒိသိသ်၊ ပါစိတ် အမြဲမဟုတ်၊ ထိုက်သင့်သလို သင့်ရသော အာပတ်မျိုးဖြစ်သည်။ ပုံစံမှာ (ပဌမအနိယတအာပတ်) ရဟန်းတစ်ပါးသည် မျက်စိဆိတ်ကွယ်ရာ(အခန်း) စသည်၌ မာတုဂါမနှင့် နှစ်ယောက်ချင်း နေသည်။ ထိုရဟန်းအဖို့ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်တစ်မျိုးမျိုး သင့်နိုင်သည်။ သင့်နေပြီဟု ယူဆနိုင်သည်။ သို့သော် နာမည်တပ်၍ မဆုံးဖြတ်နိုင်။ ထိုအခါ ယုံကြည်ထိုက်သော(ဝိသာခါကဲ့သို့ ဒါကာမကြီးတစ်ဦးက ပါရာဇိကဖြစ်နေသည်ကို မြင်ပါသည်ဟုအစစ်ခံလျှင် သို့မဟုတ် သံဃာဒိသိသ်၊ ပါစိတ်အာပတ်သင့်နေသည်၊ ဖြစ်နေသည်ကို မြင်သည်ဟု အစစ်ခံလျှင်ပင် ကာယကံရှင်ရဟန်း ဝန်ခံသော အာပတ်ဖြင့်သာ ဆုံးဖြတ်ရသည်။ ယင်းကို အာပတ်နိယတ (အမြဲ) မရှိ၍ အနိယတ အာပတ်ဟု ဆိုရသည်။ (ဒုတိယ အနိယတအာပတ်မှာ) နားကွယ်ရာ (၁၂ တောင်ထက် ကွာဝေးသောနေရာ)၌ ရဟန်းနှင့် မာတုဂါမ နှစ်ယောက်ချင်း စကားပြောနေသည်ကို အဝေးက တွေ့မြင်လျှင် ကာမဂုဏ်နှင့်စပ်သောစကား စသည်ပြောကြား၍ သံဃာဒိသိသ်အာပတ်သော်လည်းကောင်း၊ မာတုဂါမနှင့်နှစ်ယောက်ချင်း စကား ၃၊ ၄ ခွန်းပြောမှုကြောင့် ပါစိတ်အာပတ်သော်လည်းကောင်း ဖြစ်နိုင်သည်။(မျက်စိကွယ်ရာ မဟုတ်၍ ပါရာဇိက မသင့်သည်မှာ သေချာသည်။) ဖော်ပြပါ ယုံကြည်ထိုက်သော ဒါကာမကြီးက သံဃာဒိသိသ်၊ ပါစိတ်တစ်ခုခုဖြင့် ပြောလျှင်ပင် ကာယကံရှင်ရဟန်း ဝန်ခံသော အာပတ်ဖြင့်သာ ဆုံးဖြတ်ရသည်။ ဤသို့ အနိယတအာပတ် (သိက္ခာပုဒ်) နှစ်မျိုး ရှိပါသည်။ သိသာရုံ ဖြေကြားပါသည်။ ပြဿနာ ၂ ရပ်လုံးပင် နက်နဲကျယ်ဝန်း၍ နီးစပ်ရာ ဆရာတော်၊ သံဃာတော်များထံ၌ မေးမြန်း၍ လည်းကောင်း၊ စာအုပ်စာတမ်းတို့ကို ကြည့်ရှု၍လည်းကောင်း လေ့လာမှတ်သားသင့်ပါသည်။

*

www.dhammaransi.com

## သံသေဒဇ ပဋိသန္ဓေ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မ ရိုသေစွာ လျှောက်ထားမေးမြန်းအပ်ပါသည်ဘုရား။ အဘိဓမ္မာတရားတော်မြတ်၌ ပဋိသန္ဓေလေးမျိုးရှိသည့်အနက်မှ သံသေဒဇ ပဋိသန္ဓေဟူသည်မှာ ကြာပင်၊ ဝါးပင်၊ မန်ကျည်းပင်၊ ရွံ့အညစ်အကြေး စသည်တို့၌ စွဲ၍ ဖြစ်သည်ဆိုသည်မှာ မှန်ပါသလား ဘုရား။ သံသေဒဇ ပဋိသန္ဓေ မည်ကဲ့သို့ တည်ပါသနည်း ဘုရား၊ ရှင်းလင်း ဖြေကြားပေးတော်မူပါ။

မနုနုစိုင်ဦး၊ ဘီလူးမြို့၊ မိုးညှင်းမြို့နယ်။

ဖြေ။ ။ "ကမလ ကုဏပါဒီကေ သံသေဒေ ဇာတာတိ သံသေဒဇာ"ဟု

ဆိုသည့်အတိုင်း ကြာတိုက်၊ ရေညွန့်အစရှိသော စိုစွတ်ရာအရပ်၌ ဖြစ်တတ်သောကြောင့် သံသေဒဇ မည်ပေရာ ရှေးဘဝကုသိုလ်ပြုစဉ်က အမိဝမ်း၌ မဖြစ်ရပါလိုဟု ဆုတောင်းခဲ့သူတို့သည် ကြာတိုက်၊ သစ်ပင်၊ ဝါးပင်၊ အသီးအပွင့်၊ ရေညွန့်စသည် စိုစွတ်ရာနေရာတို့၌ ပဋိသန္ဓေနေ၍ ဖွားမြင်ကြသည်။ ၎င်းတို့ ကုသိုလ်ကံကြောင့် မွေးမြူမည့်သူနှင့် အဆင်သင့် ပေါက်ဖွားကြသည်ဟု ဆိုပါသည်။ ဥပပါတ်ပဋိသန္ဓေလည်း နည်းတူပင် ဖြစ်သည်။ သို့သော်လည်း သံသေဒဇမှာ ငယ်က တရွေ့ရွေ့ ကြီးပွားရသည်။ မြန်မာနိုင်ငံ၌ မယ်လမု-လမုပင်(အသီး)ကဖြစ်၍ ဝေဠုဝတီ-ဝါးပိုးဝါးအတွင်းက ဖြစ်သည်။ ဇာတ်တော်များတွင် ပဒုမဒေဝီ-ပဒုမ္မာ ကြာပန်းက ဖြစ်သည်။ မြတ်စွာဘုရားလက်ထက် ပေါက္ခရသာတိ-ပုဏ္ဏားရေကန်(ကြာတိုက်)က ဖြစ်သည်။ ဥပပါတ်မှာ အရွယ်ရောက်ပြီး (အရွယ်) ၁၅ နှစ်၊ အနှစ် ၂၀ စသည်ဖြင့် ရုတ်ခြည်းဖြစ်သည်။ မြတ်စွာဘုရား လက်ထက် အမ္ဗပါလီ-သရက်ပင်ကို မှီ၍ဖြစ်သော ဥပပါတ် ပဋိသန္ဓေ

www.dhammaransi.com

ဆို၏။ မြတ်စွာဘုရားကို စွပ်စွဲ၍ မြေမျိုသွားသော စိဉ္စမာဏဝိကာ မှာ မန်ကျည်းပင်၌ဖြစ်သော သံသေဒဇ သန္တေသူဟု ဆိုပါသည်။

*

## အဘိညာဉ်နှင့် လှူဝင်စား

မေး။ ။ အရှင်ဘုရား၊

မြတ်မင်္ဂလာစာစောင်တွင် အရှင်ဘုရား ဖြေကြားသော လှူဝင်စား အကြောင်း ဖတ်ရ၍ ကျေနပ်နှစ်သက်မိပါသည်။ တပည့်တော်သိလိုသည်မှာ သမထဝိပဿနာ အားထုတ်သူတချို့ အဘိညာဉ်ရပြီး အတိတ်ဘဝ (တစ်ဘဝသာမဟုတ်) သိနိုင်၊ မြင်နိုင်သည်ဟု ဆိုကြပါသည်။ ၎င်းအဆိုအပေါ် အရှင်ဘုရားအနေဖြင့် လက်ခံနိုင်၊ လက်မခံနိုင် ရှင်းလင်းဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဦးခင်မောင်မြ၊ ရေနံချောင်း။

ဖြေ။ ။ သမထဝိပဿနာအားထုတ်၍ အဘိညာဉ်ရသည်ဆိုသည်မှာ ပထဝီကသိုဏ်း စသည်တို့ဖြင့် အားထုတ်၍ ရူပဈာန် (စတုက္ကနည်းဖြင့်) လေးပါး၊ အရူပဈာန်လေးပါး၊ ၎င်းရှစ်ပါးကို သမာပတ် ရှစ်ပါးဟု ခေါ်သည်။ ယင်းရှစ်ပါးမှ ရူပကုသိုလ်အဘိညာဉ်နှင့် အရူပကုသိုလ် အဘိညာဉ်ကို အဘိညာဉ်ဒွေးဟု ခေါ်သည်။ ၎င်းအဘိညာဉ်ကိုရမှ ၎င်းအဘိညာဉ်ကို ဝသီဘော်ငါးတန်ဖြင့် အဖန်ဖန် လေ့လာနိုင်ပါမှ ဣဒ္ဓိဟူသော တန်ခိုး ၁၀ ပါးကို ရသည်။ ထိုသို့ ရသဖြင့် ရှေးတီးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည် အမည်အမျိုး စသော ပရမတ်ပညတ်တို့ကို တပ်အပ်သိစွမ်းနိုင်သော ဉာဏ်ကိုရ၍ နောက်ဘဝသာမက ဘဝပေါင်းများစွာကို ပြန်၍ မြင်နိုင်သည်။ ၎င်းဉာဏ်ကို ပုဗ္ဗေနိဝါသဉာဏ်ဟု ခေါ်သည်။ အားထုတ်၍ ယူရသော ဉာဏ်ဖြစ်သည်။ လှူဝင်စားတို့ရသော ဇာတိဿရဉာဏ်မျိုးထက် များစွာ အထက်တန်းကျသည်။

www.dhammaransi.com

ယခုကာလ ရိပ်သာဝင်၍ အားထုတ်သူတို့မှာ ကသိုဏ်း ၁၀ ပါး စသည် ရှု၍ အားထုတ်သော သမထဘာဝနာမျိုး မဟုတ်၍ ဈာန်မရနိုင်။ ဈာန်မရနိုင်၍လည်း အဘိညာဉ်သို့ မရောက်သဖြင့် အတိတ်ဘဝတို့ကို မြင်စွမ်းနိုင်မှု မရှိပါ။ ဝိပဿနာဉာဏ်အဆင့်ဆင့် ပေါက်၍ မဂ်ဖိုလ်သာ ရချင်ရမည်။ သမထယာနိကနည်းဖြင့် အားထုတ်ခြင်းမဟုတ်၍ အဘိညာဉ် ရနိုင်ခွင့်မရှိပါကြောင်း ဖြေကြားလိုက်ပါသည်။

*

## ကျောင်းသူ၊ ကျောင်းသားနှင့် ဝိပဿနာတရား

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ အခြေခံပညာကျောင်းတွေမှာ ကျောင်းမတက်မီ နေ့တိုင်း ထွက်သက်၊ ဝင်သက်လေ (အာနာပါနဝိပဿနာ) ရှုမှတ်ရပါသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးများကို တစ်စိတ်တစ်ပိုင်း ရှင်းပြတော်မူပါဘုရား။ အခြား ဘာသာဝင်များရော ရှုမှတ်နိုင်ပါသလားဘုရား။ သိလိုပါ၍ ဖြေကြားပေးတော်မူပါဘုရား။

မောင်အောင်ဇော်လွင် အ–ထ–က၊ ခင်ဦး။

ဖြေ။ ။ ကျောင်းများတွင် ကျောင်းသူ၊ ကျောင်းသားများအား ဆရာ၊ ဆရာမများက ထွက်သက်၊ ဝင်သက် အာနာပါန အားထုတ်မှုကို အချိန်တစ်ချိန် ပေး၍ အားထုတ်ခိုင်းပါသည်။ ထိုသို့ အားထုတ်ခိုင်းခြင်းမှာ ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ရိပ်သာတွင် စနစ်တကျ အားထုတ်စေသကဲ့သို့ ပေါက်ပေါက်ရောက်ရောက်ဖြစ်စရာ မရှိသော်လည်း ကျောင်းသူ၊ ကျောင်းသားများ ငယ်စဉ်ကပင် ကမ္မဋ္ဌာန်း အားထုတ်ခြင်း၌ အလေ့အလာ ဝါသနာဖြစ်သွားစရာ ရှိပါသည်။ ထို့ပြင် အာနာပါနရှုမှတ်ခြင်းသည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ အားသစ်ဖြစ်ထွန်းစေပြီး ဉာဏ်ပညာကိုလည်း ထက်မြက်စေပါသည်။ ဝိပဿနာအားထုတ်မှုသည် ဘာသာမရွေး အားထုတ်နိုင်သဖြင့် ကောင်းသောအလေ့အကျင့်ဖြစ်၍ အားပေးရ

www.dhammaransi.com

မည့်ကိစ္စ ဖြစ်ပါသည်။ ကျောင်းတိုင်းမှာပင် လုပ်သင့်သော သင်ခန်းစာ ဖြစ်သည်ဟု ဖြေကြားလိုပါသည်။

*

## ဒါနပြုပေးခြင်းနှင့် ပြုစေခြင်း

မေး ။ ။ အရှင်ဘုရား၊

လူတစ်ဦးသည် သူပိုင်ငွေကြေးဖြင့် အခြားသူတစ်ယောက် (သက်ရှိ သူတစ်ယောက်)အတွက် အဲဒီလူ၏ နာမည်ဖြင့် လှူပေးပါက နှစ်ဦးစလုံး ကုသိုလ်ရပါသလား။ လူတစ်ဦးက သူ၏ငွေကြေးဖြင့် အခြားသူအား လှူခိုင်းပါက နှစ်ဦးစလုံး ကုသိုလ်ရပါသလား။ ဘယ်လိုရပါသလဲ ဆိုတာ ဖြေကြားပေးတော်မူပါဘုရား။

အိအိသွယ်၊ ရန်ကုန်။

ဖြေ။ ။ ဒါနသည် စေတနာဒါန၊ ဝတ္ထုဒါန ဟူ၍ ရှိရာ အကျိုးပေးမှု၌ စေတနာသာ ပဓာနဖြစ်ပါ သည်။ စေတနာမပါလျှင် မိမိငွေကြေး ဖြင့် သူတစ်ပါးအား လှူခိုင်းသော်လည်း မိမိကောင်းစွာ မရ။ လှူပေးသူသာ ရနိုင်ပါသည်။ ဘုရား လက်ထက်က ပါယာသိမြို့စားမင်းသည် မိမိက အကုန်ခံ၍ ကိုယ်တိုင် မလှူ။ တပည့် ဥတ္တရလုလင်ကိုသာ အလှူခိုင်းလေ့ ရှိသည်။ နောင်အကျိုးပေးသောအခါ ပါယာသိမြို့စားမှာ ရက္ခစိုးနတ်မျှ သာဖြစ်၍ ဥတ္တရလုလင်က တာဝတိံသာ နတ်ပြည်၌ နတ်မင်းကြီးဖြစ်ရ သည်ဟု ဆိုပါသည်။ ထိုအချက်ကို စဉ်းစား၍ အိအိသွယ်၏ ပြဿနာ၌ ရှင်းလင်းနိုင်စရာ ရှိပါသည်။

*

## ယောကျ်ားဘဝ၊ မိန်းမဘဝ

မေး။ ။ အရှင်ဘုရား၊

ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး၏ အဆိုအမိန့်အရ မိန်းမဘဝမှ ယောကျ်ားဘဝသို့ ကူးပြောင်းရောက်ရှိသွားခြင်းမျိုးမရှိဟုပြောဆိုသည်ကို

www.dhammaransi.com

ကြားသိမှတ်သားခဲ့ရပါသည်။ မိန်းမများသည် သံသရာတစ်လျှောက်လုံးတွင် တစ်စုံတစ်ခုသော ဘဝမှာ ယောကျ်ားဘဝသို့ ရောက်ရှိနိုင်ပါသလား။ ယောကျ်ားများသည်လည်း မိန်းမဘဝသို့ ရောက်ရှိခဲ့ဖူးပါသလားဘုရား။ ဖော်ပြပါ သံသယကိစ္စများကို သာဓကပြ၍ ပြေလည်အောင် ရှင်းလင်းပေးတော်မူပါဘုရား။ (အမေးကို ချုံးထားသည်။)

ကေသရ၊ နန္ဒရုံသီကင်းရုံကျောင်းတိုက်၊ ဝမြို့။

ဖြေ။ ။ အမျိုးသမီး (မိန်းမ)များသည် မိမိဘဝကို နှစ်သက်တွယ်တာလွန်းကြသဖြင့် တစ်ဘဝပြီး တစ်ဘဝ မိန်းမအဖြစ်ဖြင့်သာ အဖြစ်များကြသည်။ မိမိ၏အဆင်း၊ စည်းစိမ်၊ လင်သား စသည်တို့ကို ခင်တွယ်လွန်းသဖြင့် ဆုတောင်းလျှင်ပင် မိန်းမဘဝကိုသာ ဆုတောင်းတတ်ကြသည်။ သို့သော် သံသရာတွင် မိန်းမမှသည် ယောကျ်ား၊ ယောကျ်ားမှသည် မိန်းမ အပြန်ပြန်အလှန်လှန် ကျင်လည်ကြသည်။ မြတ်စွာဘုရားလက်ထက်က ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် မိန်းမဘဝကို စက်ဆုပ်၍ ကုသိုလ်ပြုလုပ်သဖြင့် တာဝတိံသာနတ်ပြည်တွင် ဂေါပကနတ်သားဟူ၍ ဖြစ်ရကြောင်း သက္ကပဉှာသုတ်တွင် လာသည်။ အရှင်အာနန္ဒာအလောင်းသည် ပရဒါရကံကြောင့် မိန်းမဘဝ အကြိမ်ကြိမ်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် မိန်းမဘဝ၊ ယောကျ်ားဘဝ ကုသိုလ်၊ အကုသိုလ်ကြောင့် ရောက်နိုင်၊ ရနိုင်သည်ချည်း ဖြစ်သည်။ ထို့ကြောင့် 'ပုရိသာပိ ဣတ္ထိယောဝ ပုရိသာ အဘူတ ပုဗ္ဗာနာမနတ္ထိ' စသည်ဖြင့် သံယုတ္တ နိကာယ် အနမတဂ္ဂသုတ်အဖွင့်၌ ဆိုပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း 'ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ အာမန္တာ၊ ယဿဝါပန ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိ တဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတီတိ အာမန္တာ' စသည်ဖြင့် မိန်းမ၊ ယောကျ်ား အပြန်ပြန် အလှန်လှန် ဖြစ်နိုင်ကြောင်းကို ဣန္ဒြိယယမိုက်၌ ဟောတော်မူထားပေသည်။

*

## ပိုးမွှားများ ဗြဟ္မာပြည်ရောက်၊ မရောက်

မေး။ ။ အရှင်ဘုရား၊

လောကဣ ပိုးရွခြပုန်း၊ ပုရွက်၊ မှက်၊ ခြင်၊ ယင် စသည်တို့နှင့် ပိုးဟပ်၊ ကြွမ်းပိုး၊ သီးနှံပိုးအမျိုးမျိုးတို့ အပြင် ဝမ်းတွင်းရှိ ပိုးမျိုးရှစ်ဆယ် စသည်တို့သည် ကမ္ဘာပျက်လျှင် ၎င်းတို့ပါ ဗြဟ္မာ့ပြည် ရောက်ကြပါ သလား။ ကမ္ဘာမပျက်မီလည်း လူ့အဖြစ်ကို ရခွင့်ရှိပါသလား ဖြေကြား ပေးတော်မူပါဘုရား။

မောင်စိုးဝင်း၊ အလုံမြို့။

ဖြေ။ ။ စတုဂီရိဆရာတော်ဘုရားကြီးရေး စတုဂီရိ ရှုဖွယ်ကျမ်းတို့တွင်

ဥပေါသထရှုဖွယ်ကျမ်း (၁၂၅၉ ခုနှစ်၊ ကျမ်းပြီး)တွင်

"စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတီ ဟူသော နတ်ပြည်ခြောက်ထပ်၌ မဖြစ်ဖူးသော သတ္တဝါ မည်သည် မရှိ။ အယုတ်သဖြင့် တီ၊ မျှော့၊ ပက်ကျိတို့မှစ၍ သတ္တဝါဟူသမျှ နတ်ပြည်ခြောက်ထပ်၌ ကြိမ်ဖန်များစွာဖြစ်၍ ပျက်စီးခြင်းသို့ ရောက်ဖူးလှ လေကုန်ပြီ" စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရ၏။ နတ်ပြည် ခြောက်ထပ်သို့ ရောက်သည်ဆိုသဖြင့် ဗြဟ္မာ့ပြည်သို့လည်း မရောက်နိုင် စရာ မရှိ။ ရောက်နိုင်ပေတော့သည်။ ကမ္ဘာပျက်ချိန်တွင် ဤကမ္ဘာရှိ သတ္တဝါမှန်သမျှ သုဘာကိဏှာအထက်၊ ဘဝဂ်အတွင်း ဖြစ်ရခြင်းကား လောက ဓမ္မတာပင် ဖြစ်ပေတော့သည်။

*

## ဘုန်းကြီးကျောင်းနှင့် ဝေယျာဝစ္စ

မေး။ ။ အရှင်ဘုရား၊

ဘုန်းတော်ကြီးကျောင်းများတွင် သံဃာတော်များနှင့် သာမဏေ များ၏ ပန်းကန်ခွက်ဆေးကြောခြင်း၊ သင်္ကန်းများ လျှော်ဖွပ်ပေးခြင်း၊

www.dhammaransi.com

ကုဋီများဆေးကြောပေးခြင်း၊ သံဃာတော်တို့ သောက်သုံးရေအိုးများ ရေဖြည့်ပေးခြင်း၊ ကျောင်းဝင်းအတွင်းရှိ မြက်များ ရှင်းလင်းပေးခြင်းတို့သည် အပြစ်ရသည်၊ အပြစ်ကြီးသည်ဟု လူတစ်ယောက်က ပြောပါသည်။ ၎င်းကဲ့သို့ ပြုခြင်းသည် အပြစ်ရ၊ မရ ဖြေကြားပေးပါဘုရား။

ဒေါ်သန်းနွဲ့၊ မိုးကောင်းမြို့နယ်။

ဖြေ။ ။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဖို့ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ဟူသော ပုညကိရိယာဝတ္ထု များမှာ နေ့စဉ်ပြုရမည့်တရားများ ဖြစ်ပါသည်။ လှူဒါန်းမှုဒါန၊ ဆောက်တည်မှု(အနည်းဆုံးငါးပါး)သီလ၊ လက္ခဏာရေး ၃ ပါးကို ဆင်ခြင်မှု ဘာဝနာ စသည်တို့ကို နေ့စဉ်ပြုနေရသကဲ့သို့ ရှိသေထိုက်သော မိဘဆရာသမား စသည်တို့ကို ရိုသေမှု အပစာယန၊ ပြဿနာရှင် ဖော်ပြသော ဘုန်းတော်ကြီးကျောင်းတို့တွင် ပန်းကန်ခွက်ယောက်များ ဆေးကြောပေးခြင်း၊ ကုဋီများ၌ သန့်ရှင်းရေး ပြုလုပ်ခြင်း စသည်တို့မှာ မုချ ပြုလုပ်ရမည့် ဝေယျာဝစ္စ ပုညကိရိယာ ကောင်းမှုများ ဖြစ်ကြပါသည်။ ရှေးက ကျောင်းကန်ဘုရားများတွင် ဥပုသ်စောင့်ကြသူတိုင်း ထိုအမှုတို့ကို မပြုမနေ ပြုမိအောင် ပြုလုပ်ကြပါသည်။ ကျောင်းကန်ဘုရားသို့ ရောက်လျက် မပြုနိုင်လျှင် အပြစ်မရှိ၊ ပြုလျှင်ကား လွန်စွာ အကျိုးရှိလှ၊ ကုသိုလ်ဖြစ်လှပါသည်။ ရန်ကုန်တွင် ကျောင်းဆရာမလေးများ စု၍ အချို့တပည့်မလေးများပါ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များရှိ ကုဋီများကို ကျောင်းပိတ်ရက်၊ ကျောင်းအားရက်များတွင် လာ၍ သန့်ရှင်းပေးနေကြသည်ကို သာဓုခေါ်ဖွယ်ရာ တွေ့ရပါသည်။ ထို့ကြောင့် ထိုပုညကိရိယာဝတ္ထုတို့ကို ပြုမိအောင် ပြုလုပ်ကြစေလိုကြောင်း ပြောဆိုတိုက်တွန်းဖြေကြားပေးလိုပါသတည်း။

*

www.dhammaransi.com

## စကြဝဠာ ကုဋေတစ်သိန်း

မေး။ ။ အရှင်ဘုရား၊

စကြဝဠာကုဋေတစ်သိန်းတို့သည် ဖြစ်လည်းအတူ၊ ပျက်လည်းအတူဟု ဆိုပါသည်။ ထိုသို့ဆိုပါက ထိုစကြဝဠာတို့တွင်လည်း တပည့်တော်တို့ ဘဒ္ဒကမ္ဘာမှာကဲ့သို့ ဘုရားများပွင့်နိုင်၊ မပွင့်နိုင် ဖြေကြားရှင်းလင်းပြတော်မူပါဘုရား။

မနှင်းသီရိ၊ သံတွဲ။

ဖြေ။ ။ မြတ်စွာဘုရား၏ ဇာတိခေတ်၊ အာဏာ ခေတ်၊ ဝိသယခေတ်ဟူ၍ ခေတ်သုံးမျိုး ရှိရာ စကြဝဠာတိုက် တစ်သောင်းသည် ဤစကြဝဠာနှင့်အတူ မြတ်စွာဘုရားအလောင်း ဖွားတော်မူသောအခါ စသည်တို့၌ အတူလှုပ်ရှားခြင်း၊ ထိုစကြဝဠာတို့မှ နတ်ဗြဟ္မာတို့ လာရောက်တရားနာယူခြင်း စသည်တို့ကြောင့် ဇာတိခေတ်ဟု ဆိုရသည်။ စကြဝဠာ ကုဋေတစ်သိန်းကား ဤစကြဝဠာနှင့် ဖြစ်အတူ၊ပျက်အတူဖြစ်၍ မြတ်စွာဘုရားပရိတ်တော်၊ တရားတော်တို့၏ တန်ခိုးအာဏာ ပျံ့နှံ့ရာဖြစ်၍ အာဏာခေတ်ဟုဆိုရသည်။ စကြဝဠာအနန္တ မှာကား မြတ်စွာဘုရား၏ ဉာဏ်တော် ကျက်စားရာဖြစ်၍ ဝိသယခေတ်ဟု ဆိုရပါသည်။ ဘုရား ပွင့်တော်မူခြင်းမှာမူ ဤစကြဝဠာမှတစ်ပါး အခြားမည်သည့် စကြဝဠာမှာမှ ပွင့်တော်မူလေ့ မရှိကြောင်း မှတ်သားထားရပါမည်။

*

## လောကီသီလ၊ လောကုတ္တရာသီလ

မေး။ ။ အရှင်ဘုရား၊

များစွာသော သီလတို့တွင် လောကီသီလ၊ လောကုတ္တရာသီလဟူ၍လည်းကောင်း၊ ပုထုဇဉ်သီလ၊ အရိယာသီလဟူ၍လည်းကောင်း ခြားနား၍ ရှိပါသလား။ ဤကဲ့သို့လည်း မြတ်စွာဘုရားက ခွဲခြား၍

www.dhammaransi.com

ဟောထားသည်များ ရှိပါသလား။ တပည့်တော်များ မှတ်သားထားနိုင်ရန် ဖြေကြားပေးတော်မူပါဘုရား။

မောင်နှောင်း၊ ကနီမြို့။

ဖြေ။ ။ လောကီသီလ၊ လောကုတ္တရာသီလ ဟူ၍လည်းကောင်း၊ ပုထုဇဉ်သီလ၊ အရိယာသီလ ဟူ၍လည်းကောင်း အထူးခွဲခြား ဟောကြားထားသည်ကား မရှိ။ သို့သော် ပုထုဇဉ် ပုဂ္ဂိုလ်များ ခံယူစောင့်ရှောက်ကြသည့် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလတို့ကို လောကီသီလများဟု ခေါ်ဆိုရ၍ သောတာပန် စသော အရိယာပုဂ္ဂိုလ်များ စောင့်ရှောက်သော သီလကို လောကုတ္တရာသီလဟု ခေါ်ဆိုနိုင်ပါသည်။ သရဏဂုံ၌လည်း ထိုနည်းတူပင် ပုထုဇဉ်တို့ ခံယူသော သရဏဂုံကို လောကီသရဏဂုံ၊ အရိယာတို့ ခံယူသောသရဏဂုံကို လောကုတ္တရာသရဏဂုံဟု ခေါ်ဆိုနိုင်ပါသည်။ လောကီသရဏဂုံနှင့် သီလတို့မှာ ပျက်နိုင်၍ လောကုတ္တရာသရဏဂုံနှင့် သီလတို့ကား မပျက်ပြယ်နိုင်၊ သက်ဆုံးတိုင် တည်တံ့ခိုင်မြဲလေတော့သည်။

*

## ယခင်နှင့်ယခု ကွာခြားမှု

မေး။ ။ အရှင်ဘုရား၊

ဟိုရှေးအခါ ဗုဒ္ဓမြတ်စွာက မြတ်ဓမ္မာ ဟောဖော်ကြားလျှင် နာကြားသူ မင်္ဂဖိုလ်ဆိုက်၊ ထိုခေတ်၌ ဝမ်းသာဖွယ်။ ခုကာလ ဓမ္မကထိကများတွေတို့၊ ဟောကြားသည့် အခါခါပ၊ မရပါ တစ်ဖိုလ်မင်္ဂ၊ ဘယ်တွက်ကြောင့်ကွယ်။ ထူးခြားမှု၊ နှစ်ခုထွေအပြားကို၊ ဖြေကြားပါ့ ထေရ်ရှင်ရယ်၊ အဘယ်ကြောင့် ကွာခြား။ ကဝိဆရာက၊ သိသာအောင် ကဗျာသွင်းလို့ ရှင်းပါ့ဘုရား။

ဦးတင်သိန်း၊ ပလောမြို့။

www.dhammaransi.com

ဖြေ။ ။ ဟိုရှေးခါ၊ ဗုဒ္ဓမြတ်စွာက၊ ကြားနာသူ အလိုသိ၊ ကိုက်ညီ၏ ချိန်
အခါ။ ။ နာသူများ ရှေးဖျားခါအညီပ၊ ပါရမီ ပြည့်မိခြင်း၊ ယင်းက
တစ်ဖြာ။ ။ ထိုနှစ်ဖြာ ညီပါ၍–ရ–တရား။ ။ ဤခေတ်ခါ၊ ရည်စစ်စရာပ၊
ဟော, အနာ–လို မသိရယ်နှင့်၊ ထိုသည့်ပါရမီတို့၊ မပါပြီ ထိုအချက်
ကြောင့်၊ ဖိုလ်မဂ် မသီဝေးကို၊ တွေး၍ သိထား။

*

## ပိုးသတ်ဆေးနှင့် လယ်သမား

ဖြေ။ ။ အရှင်ဘုရား၊

လယ်ယာတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ သောက်ရေတွင် ပိုးလောက်လန်းတို့ကို ဖယ်ရှားခြင်း၊ အိပ်ရာတွင် ကြမ်းပိုး စသည်တို့ကို ရှင်းလင်းခြင်း စသည်တို့မှာ ပါဏာတိပါတကံ ဖြစ်နိုင်ပါသလား။ ဖြစ်နိုင်သည်ဆိုလျှင် တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအနေဖြင့် သမ္မာအာဇီဝ ဖြစ်ရန် ခဲယဉ်းလှပါသဖြင့် မည်သို့ကျင့်သုံး မှတ်သားရမည် ဆိုသည်ကို ဖြေကြားတော်မူပါဘုရား။

မောင်ညီလေး၊ ရောဝတီတိုင်း။

ဖြေ။ ပိုးမွှားများကိုသေစေရာ၌ (၁) သတ္တဝါလည်း ဖြစ်စေ၊ (၂) သတ္တဝါဟု မှတ်ထင်သည်လည်း ဖြစ်စေ၊ (၃) သတ်လိုစိတ်လည်း ရှိစေ၊ (၄) လုံ့လလည်းပြုစေ၊ (၅) ထိုလုံ့လဖြင့် သေသည်လည်းဖြစ်စေ ဤအင်္ဂါငါးချက်ညီလျှင် ပါဏာတိပါတ ဖြစ်ပါသည်။ သို့သော် သတ္တဝါ၏ ဂုဏ်ရည်ကိုလိုက်၍ အပြစ်ကြီး၊ သေးရှိရာတွင် အကိုက်အဖျက် အင်းဆက်ပိုးမွှားတို့မှာ မည်သည့်ဂုဏ်ရည်မျှ မရှိ။ အဖျက်သတ္တဝါများသာ ဖြစ်ရာ ၎င်းတို့ကို ဖယ်ရှားရာ၌ အကျိုးနှင့်အပြစ်ကို စိစစ်၍ ဖြစ်လာမည့်အကျိုးကို မျှော်ကိုး၍ တစ်မျိုးတစ်ဖုံ စဉ်းစားရပါမည်။ ဂုဏ်ရည်ကင်းသော ရောဂါပိုးများကို ရှင်းလင်း၍ ဂုဏ်ရည်မြင့်မားသော လူပုဂ္ဂိုလ်တို့အား ကယ်တင်

www.dhammaransi.com

သော ဆရာဝန်များကဲ့သို့ လုပ်သင့်လုပ်ထိုက်သော အလုပ်ကို လုပ်ရမည်မှာ ဗုဒ္ဓဘာသာသာ မဟုတ်။ လူသားတိုင်း၏ တာဝန်ပင် ဖြစ်ကြောင်း ဖြေကြားလိုက်ပါသည်။

*

## ဆုကြီးပန်အဖြစ်မှ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မသည် ဗုဒ္ဓစာပေများကို ဖတ်ရှု၍ ငယ်စဉ်ကပင် ထူးမြတ်သောဆုကြီးကို ပန်ဆိုခဲ့ပါသည်။ အလှူဒါနပြုတိုင်းပင် ပန်ဆိုလာခဲ့ရာ ၁၇ နှစ်သမီးမှ ယခု အသက် ၆၀ ရှိခဲ့ပါပြီ။ သို့သော် ယခု တပည့်တော်မသည် သံသရာကို ကြောက်လွန်းလှပါသဖြင့် ဝိပဿနာတရားကို အားထုတ်လျက်ရှိပါသည်။ အမြန်ဆုံး ကျွတ်တမ်းဝင်လိုလှပါသဖြင့် ပန်ဆိုထားသောဆုကြီးကို စွန့်လွှတ်လိုက်ပါပြီ။ ဆုကြီးပန်ပြီးထိုသို့ စွန့်လွှတ်လိုက်သဖြင့် ပြုခဲ့သော ကုသိုလ်များသည် အဟောသိကံဖြစ်သွားမည်လားဟု သိလိုပါသည်။ သနားသောအားဖြင့် ဖြေကြားရှင်းလင်းပေးတော်မူပါဘုရား။

ဒေါ်သန်းအေး၊ ပုသိမ်။

ဖြေ။ ။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ မထေရ်ကြီးတစ်ပါးသည် အရိမေတ္တေယျမြတ်စွာဘုရားကို ဖူးမြင်၍ နိဗ္ဗာန်ဝင်လိုသဖြင့် တရားအားထုတ်ရာ မဂ်ဖိုလ်ရသည်အထိ အားမထုတ်ဘဲ မဂ်ဖိုလ်ရလုနီးအထိသာ အားထုတ်သည်။ နှစ်ပေါင်းခြောက်ဆယ် အားထုတ်၍ အလွန်သီလသိက္ခာနှင့်ပြည့်စုံသဖြင့် အများကပင် ရဟန္တာဟု ထင်မှတ်ခဲ့ပါသည်။ ပွဲလွန်ခါနီးတွင် ပြည့်ရှင်မင်းတရားကြီးက ရဟန္တာမြတ်ကြီးအား ပရိနိဗ္ဗာန်မစံမီဖူးမြော်အံ့ဟု လာရောက်သည်။ ထိုအခါ မထေရ်ကြီး၏ တပည့်များက မထေရ်ကြီးကို လျှောက်ထားသည်။ မထေရ်ကြီးက ငါသည် ရဟန္တာ

www.dhammaransi.com

မဟုတ်။ အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်ပြီးမှ နိဗ္ဗာန်ဝင်အံ့ဟု ဆုပန်ကျင့်သုံးခဲ့သဖြင့် ယခု ပုထုဇဉ်သာ ရှိသေးသည်ဟု ပြောသည်။

“ဘုရင်ကြီးက ရဟန္တာဟု ထင်နေရာ ယခု ရဟန္တာမဟုတ် ဟု ဆိုပါက အရှက်ကွဲတော့မှာပဲ” ဟု လျှောက်ထားကြသည်။ ထိုအခါ မထေရ်ကြီး က “ကဲ ဒါဖြင့် ငါ့ကို အိပ်ရာမှ ထူပေးခဲ့ကြ”ဟု ဆိုသဖြင့် တပည့်များက ထူပေးပြီး အပြင်သို့ ထွက်သွားကြသည်။ နှစ်ပေါင်းများစွာ အားထုတ်လာခဲ့သော ဘာဝနာအစွမ်းကြောင့် ခဏချင်းပင် ရဟန္တာဖြစ်သွားသည်။ အပြင်ထွက်သွားသော တပည့်များ တံခါးဝရောက်ချိန်မှာပင် လက်ဖျစ်တီး ခေါ်လိုက်ပြီး ကိစ္စပြီးပြီဟု မိန့်တော်မူသည်။ ထိုအခါ တပည့်များက ‘မြန်လှချည်လားဘုရား’ ဟုဆိုလျှင်‘ငါသည် နှစ်ပေါင်းခြောက်ဆယ်ကျော် သတိကင်းလွတ်၍ လက်ကိုမျှပင် မလှုပ်ဖူးပေ။ ဤမျှလောက် ကျင့်သုံးခဲ့သဖြင့် လိုအပ်ချိန်တွင် တရားထူးကို ရနိုင်တော့သည်”ဟု မိန့်တော်မူပါသည်။ ဤမထေရ်ကြီးဝတ္ထုကို ထောက်ဆ၍ ဆုကြီးကို စွန့်ကာ လိုအပ်သလို အားထုတ်နိုင်သည်။ နှစ်ပေါင်းများစွာ အားထုတ်ထားသည့် တရားအရှိန်များသည်လည်း မိမိအလိုအတိုင်း အကျိုးပြုနိုင်သည်။ ထို့ကြောင့် အဟောသိကံ မဖြစ်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## ဉ နှင့် ဟေ

မေး။ ။ အရှင်ဘုရား၊

တပည့်တော် ရှိသေစွာ လျှောက်ထားပန်ကြားအပ်ပါသည် ဘုရား။

(၁) အက္ခရာ ဉနှင့်ဉမြီးတို့ ဉကို မည်သို့ ခွဲခြားသိရှိရပါမည်နည်း ဘုရား၊ ပုံစံ ‘သော ဉတ္တိ’တွင် သောအုတ္တိဟု ဖတ်ရမည်လား၊ သော ညတ္တိဟု ဖတ်ရမည်လား ကွဲပြားအောင် မည်သို့ရေးသင့်ပါသနည်း။

(၂) ဟေ ပါသော ဂါထာများကို ညဘက်များမှာ ရွတ်ဖတ်က မကောင်းဆိုးဝါး လာတတ်သည်ဟု ဆိုပါသည်။ ဟုတ်ပါသလား။ ပုံစံ

www.dhammaransi.com

"ဟေဝိ မိတ္တံ ဟေဝိ ပုညံ၊ ယထာ ယာစိ ကတံ ဖလံ၊ ဟေဝိ နန္ဒာ ပိယာ ပုတ္တာ၊ ပိယာ သိရိ ပိယာ ပိယာ"

ဦးမြမောင်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်း။

ဖြေ။ ။ (၁) အက္ခရာ ဉနှင့် ဥ မြီးတိုခေါ် ဦးခေါင်းမဲ့ ပါဠိ ဉ မှာ မူအားဖြင့် ကွဲပါသည်။ ဉက အမြီးတို၍ ဉက အမြီးရှည်ပါသည်။ စ ဆ ဇ ဈ ဉ မှ ပါဠိအက္ခရာ ဉ မှာ ဦးခေါင်းမရှိ၊ အမြီးအနည်းငယ် ရှည်ထားရသည်။ သို့သော် ရှေးမြန်မာမင်းများလက်ထက်က ဦးခေါင်းမဲ့ ဉ ကို မင်္ဂလာမရှိဟု ယူဆကြသည်။ ထို့ကြောင့် ၎င်းရေးရမည့်နေရာတွင် ည= ဦးခေါင်းရှိ သံယုတ် (နှစ်လုံးတွဲ)ကို အစားထိုးရေးခဲ့ကြသည်။ ထို့ကြောင့် ဦးခေါင်းမဲ့ ပါဠိ ဉအရေးပျောက်ကာ မြန်မာ ဉ စာလုံးပင် မသုံးသလောက် ဖြစ်သွားပြီး ပုံနှိပ်စာလုံးပင် ရှားပါးသွားပါသည်။ ညမှာ သံယုတ် (နှစ်လုံးတွဲ)ဖြစ်၍ ပညာ(ပဉ္ဉာ)၊ သညာ (သဉ္ဉာ) စသည်တို့တွင်သာ သုံးရပါသည်။ ပဉ္စမ၊ သဉ္ဈာ၊ သိဉ္စိ၀၊ မဉ္ဇူ စသည်တို့၌ ဦးခေါင်းမဲ့ ပါဠိဉကို ဉ ကို သုံးရပါသည်။ ထို့ကြောင့် သောဉ္တတ္တိ၊ ဉာဏ်၊ ဥေယျဓမ် စသည်၌ ပါဠိ ဉ စစ်စစ်ကို တွေ့နိုင်ပါသည်။

(၂) အောက်လမ်းဆိုင်ရာ ပုဂ္ဂိုလ်တို့ သရဲတစ္ဆေကျွေးရာ၌ "ဟေဝိ ဟေဝိ ဘုဉ္ဇာဟိ"ဟု ခေါ်၍ ကျွေးလေ့ရှိသဖြင့် ဟေဝိပါလျှင် မကောင်းဆိုးဝါး များ လာသည်ဟု စွဲလမ်းနေကြခြင်းသာ ဖြစ်ဟန်ရှိပါသည်။ ဖော်ပြပါ 'ဟေဝိ မိတ္တံ' ဂါထာသာ မဟုတ်သေး၊ "ဟေဝိ ဘိက္ခု သွာက္ခာတော ဓမ္မော" စသော မြတ်စွာဘုရားက ရဟန်းတို့အား ဟေဝိဘိက္ခုခေါ်သော ပါဠိတို့၌ ဟေဝိ ပါသော်လည်း မည်သည့်အချိန်မှာရွတ်ရွတ် မကောင်းဆိုးဝါးများ လာလိမ့်မည် မဟုတ်ပါ။

*

www.dhammaransi.com

# ဥဒ္ဒိဿစေတီ

မေး။ ။ အရှင်ဘုရား၊

ဥဒ္ဒိဿစေတီတော်သည် မြတ်စွာဘုရားကိုယ်တော်တိုင် လူတို့ ကိုးကွယ်ရန် ဟောကြားခဲ့ပါသလား။ သို့တည်းမဟုတ် နောင်ကာလ ဆရာတော်များက ဟောကြားခဲ့တာပါလားဘုရား။ တိကျစွာ သိလိုပါ သည် ဘုရား။

မနှင်းအေး၊ ရန်ကုန်။

ဖြေ။ ။ မြတ်စွာဘုရားလက်ထက်က အရှင်အာနန္ဒာလျှောက်ထားသဖြင့် စေတီသည် သုံးပါးဖြစ်ကြောင်း "သာရီရိကံ, ဥဒ္ဒိဿကံ, ပါရိ ဘောဂိကန္တိ"ဟု ဟောခဲ့ကြောင်း ကာလိင်္ဂဗောဓိ ဇာတ်အဋ္ဌကထာတွင် ဆို၏။ ယင်း၌ပင် "ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယန မတ္တမေဝ ဟောတိ" ဟု ဥဒ္ဒိဿစေတီဟူသည် အထည်ဝတ္ထု မရှိ။ မြတ်နိုးရုံမျှသာ ဖြစ်၏ဟု မိန့်တော်မူ၏။ ဤစကားဖြင့် ဘုရားရှင် ထင်ရှားရှိတုန်းပင် ဥဒ္ဒိဿလည်း ရသည်။ သို့သော် ဥဒ္ဒိဿက ဓာတုစေတီ၊ ပရိဘောဂစေတီတို့လို အထည် ဝတ္ထု မရှိ။ ရည်မှန်းရုံ၊ မြတ်နိုးရုံမျှသာဟု ပြတော်မူ၏။ ထို့ကြောင့် ဗုဒ္ဓဂုဏ်တော်တို့ကို အောက်မေ့၍ မိမိစိတ်ထဲ၊ နှလုံးထဲ၌ ဘုရားပုံတော် ပေါ်လာအောင် အာရုံပြုရှိခိုးခြင်းပင် ဥဒ္ဒိဿစေတီကို ရှိခိုးပူဇော်ခြင်း ဖြစ်တော့သည်။ နောင်သာသနာငါးရာခန့်တွင် ယောနက မည်သော ဂရိတ်လူမျိုး တို့နောက် ကုသျှန်သျှကခေါ်သော အရှေ့ အလယ်ပိုင်း သားတို့ အိန္ဒိယပြည်ကြီးကို ခွဲခြား အုပ်စိုးကာ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာကြ၏။ ထိုအခါ မိမိတို့ကိုးကွယ်ရင်း နေနတ်သား၏ရုပ်တု၊ သူရဲကောင်းရုပ်တုများ ထုလုပ်ကြသကဲ့သို့ ဘုရားပုံတော်များကို (လက္ခဏာ သုတ်လာ အပြင်လက္ခဏာများကို မူထား၍) ထုလုပ်ကြကြောင်း အဆိုရှိ လေသည်။

*

www.dhammaransi.com

## မြတ်စွာဘုရားတို့ သက်တမ်းနှင့် အသချေ်အကြောင်း

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားတို့၏ သက်တမ်းသည် အမြဲတမ်း တစ်သိန်းတန်းတွင် ပွင့်ကြပါသည်။ နောင်ပွင့်မည့် အရိမေတ္တေယျ မြတ်စွာဘုရားလည်း တစ်သိန်းတန်းတွင် ပွင့်မည်ဟု သိရပါသည်။ ဂေါတမမြတ်စွာဘုရား တစ်ဆူတည်းသာ အသက်တစ်ရာတန်းမှာ ပွင့်တာ ဘာကြောင့်ပါလဲဆိုတာ သိလိုပါသည် ဘုရား။ ထို့ပြင် လေးသချေ်နှင့် ကမ္ဘာတစ်သိန်းစသော အရေအတွက်များကို ယခုခေတ် ကွန်ပျူတာစနစ်နှင့် အတိအကျ တွက်ချက်၍ ရနိုင်၊ မရနိုင် သိလိုပါသည်။

ဘွားဘွား၊ ကြည့်မြင်တိုင်။

ဖြေ။ ။ ပထမ ကကုသန်မြတ်စွာဘုရားသည် လေးသောင်းတန်းတွင် ပွင့်တော်မူသည်။ ကောဏာဂုံမြတ်စွာဘုရားသည် သုံးသောင်းတန်းတွင် ပွင့်တော်မူသည်။ ကဿပ မြတ်စွာဘုရားသည် နှစ်သောင်းတန်းတွင် ပွင့်တော်မူသည်။ ဂေါတမမြတ်စွာဘုရားသည် အစဉ်အတိုင်းဆိုက တစ်သောင်းတန်းတွင် ပွင့်ရမည် ဖြစ်သည်။ သို့သော် လူတို့ အနှစ်တစ်သောင်းတန်းအခါ၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်မှာ ပါရမီ ပြည့်ရန်လိုသေး၍ မပွင့်နိုင်ဘဲ ရှိခဲ့သည်။ ထို့နောက် နှစ်တစ်ရာတန်းကျမှ ပွင့်တော်မူသည်ဟု ဆိုပါသည်။ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်မှာ အနှစ်ရှစ်သောင်းတန်းတွင် ပွင့်ပါမည်။ မြတ်စွာဘုရားတို့သည် အာယုဝေမတ္တ (အသက်အတိုအရှည်ကွာခြားမှု)ရှိသဖြင့် သက်တမ်း မတူကြပါ။ လေးသချေ်နှင့် ကမ္ဘာတစ်သိန်း စသည်မှာ မြတ်စွာဘုရားတို့၏ သဗ္ဗညုတဉာဏ်အရာသာ ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာစသည်တို့ပင် တစ်သချေ်မျှသာ မြင်နိုင်ပြီး အရှင်အနုရုဒ္ဓါစသော သာဝကတို့ပင် ကမ္ဘာတစ်သိန်း

www.dhammaransi.com

သာ မြင်နိုင်သည်။ ထို့ကြောင့် အသင်္ချေဆိုသည်ကို မည်သည့်ကွန်ပျူတာနှင့်မျှ တွက်ချက်၍ ရနိုင်ဖွယ် မရှိပါ။

*

## အရူပဗြဟ္မာနှင့် အသညသတ် ဗြဟ္မာ

မေး။ ။ အရှင်ဘုရား၊

အရူပဗြဟ္မာဘုံ ရုပ်မရှိ၊ နာမ်သာရှိသော ဘုံဟု ဆိုရာတွင် နာမ်က မည်သည်ကို မှီတွယ်၍ နေပါသနည်း။ ဘုံသားအချင်းချင်း မည်သို့ ဆက်သွယ်နိုင်ပါမည်နည်း။ ၎င်းဘုံသားတို့ ကြီးထွားမှု၊ ရှင်သန်မှုအတွက် မည်ကဲ့သို့သော အာဟာရများကို မှီတင်းနေထိုင်ပါသနည်း။

အသညသတ်ဘုံ နာမ်မရှိ၊ ရုပ်သာရှိသော ဘုံ၊ ၎င်းဘုံသားတို့သည် ကျောက်တုံး၊ ကျောက်ခဲများပမာ ရှိနေကြမည် ထင်ပါသည်။ ၎င်းတို့ အချင်းချင်း ဆက်သွယ်ရာတွင် မည်ကဲ့သို့ ဆက်သွယ်ကြပါသနည်း။ ရှင်သန်ကြီးထွားမှုအတွက် မည်သို့ နေထိုင်၍ မည်သည့် အာဟာရများကို မှီတင်း သုံးစွဲနေထိုင်ကြပါသနည်း။

တပည့်တော်များ သိလို၍ ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည် ဘုရား။

ဦးကြည်၊ လှိုင်သာယာ။

ဖြေ။ ။ ဈာန်တရားကို အားထုတ်ကြရာ၌ ရူပပဌမဈာန်ကို ရပြီးသည့်နောက် ရုပ်ကြောင့် ဆင်းရဲဒုက္ခကို ခံစားရသည်ဟု ရုပ်ကို အပြစ်မြင်၍ ဆက်လက်အားထုတ်ကြ၏။ ထိုအခါ အရူပဈာန်များကို ရရှိပြီး ဤဘဝမှ လွန်လျှင် ရုပ် မရှိ၊ နာမ်ချည်းသက်သက်ဖြစ်သော အရူပဘုံများသို့ ရောက်ရသည်။ ၎င်းဘုံများ (အရူပလေးဘုံ)၌ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အဇ္ဈတ္တရုပ်လည်း မရှိ။ ဗိမာန်၊ ဥယျာဉ်၊ ရေကန် စသော ဗဟိဒ္ဓရုပ်လည်း မရှိ။ သို့သော် မြင့်မြတ်သော ဈာန်အားလျော်စွာ နာမ်တရားချည်းသက်

www.dhammaransi.com

သက် ကောင်းကင် (အာကာသဟင်းလင်းပြင်)၌ သက်တမ်းအားလျော်စွာ တည်ရှိသည်။

ထို့အတူ ရူပပဋိမဈျာန်အရတွင် နာမ်တရားကြောင့် ဆင်းရဲဒုက္ခကို ခံစားရသည်ဟု နာမ်တရားကို အပြစ်မြင်၍ ဆက်လက်ပွားများ၏။ ထိုသို့ ပွားများပြီး ဤဘာဝမှလွန်လျှင် ရုပ် ၂၈ ပါးတွင် ၁၇ ပါးသော ရုပ် (လဟုတာဒိတ္တယ၊ အာကာသဓာတ်၊ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ ဇီဝိတိန္ဒြေ၊ လက္ခဏာရုပ် ၄ ခု) ကလာပ် ၃ စည်း၊ (သုဒ္ဓဋ္ဌကကလာပ်၊ ဇီဝိတနဝကကလာပ်၊ လဟုတာဒေကာဒသကကလာပ်)တို့ဖြင့် အသညသတ် (နာမ်မရှိသော) ဘုံ၌ လူပြည်က ကွယ်လွန်စဉ်က ဣရိယာပုထ်အတိုင်း (တုံးလုံးသေခဲ့လျှင် တုံးလုံး၊ ထိုင်လျက် သေခဲ့လျှင် ထိုင်လျက်) ကမ္ဘာငါးရာသက်တမ်းရှိသမျှ ရွှေတုံး၊ ရွှေခဲကြီးပမာ မပုပ်မသိုး တည်လေသည်။ ၎င်း အရူပဘုံ၊ အသညသတ်ဘုံတို့၌ နာမ်ချည်း၊ ရုပ်ချည်းသာ ဖြစ်ရာ ဘုံသားအချင်းချင်းဆက်သွယ်ခြင်း၊ ကြီးထွားရှင်သန်ခြင်း၊ အစာစားခြင်း စသည် ရှိဖွယ်မလိုတော့ပါ။ မိမိတို့ ဘာဝနာ အားလျော်စွာ ပဋိသန္ဓေကာလမှ စုတိကာလအထိ နာမ်ချည်း၊ ရုပ်ချည်း တည်နေရပါသည်။ အဘိဓမ္မာ(သင်္ဂြိုဟ်)ဘုံပိုင်း၊ ရုပ်ပိုင်းတို့ကို လေ့လာ၍ အကျယ်သိသင့်ပါသည်။ ဤ၌ အမြွက်မျှသာ ပြဆိုနိုင်ပါသည်။

*

## အာပတ်နှင့် အကုသိုလ်

မေး ။ အရှင်ဘုရား၊

တိရစ္ဆာန် ပါဏာတိကြောင့်၊ အာပတ္တိပါစိတ်ပေ။
ဒေသနာကြားကာဖြင့်၊ ပျောက်လွင့်မသွေ။
အကုသိုလ်အကျိုးတွေ၊ ပျောက်လေလိမ့်ဖြေကြား။
ဝိနည်းတော်မိန့်တော်ရင်းကို၊ ရှင်းဖြေပါ့ဘုရား။

ဘိုးညာဏ (မန်း)။

ဖြေ။ ။ တိရစ္ဆာန် ပါဏာတိကြောင့်၊ အာပတ္တိ ပါစိတ်ယေ။
ဒေသနာကြားကာဖြင့်၊ ပျောက်လွှင့်မသွေ။
အကုသိုလ်နှင့် အာပတ်တွေ၊ နှစ်ထွေလုံး ပျောက်သွား။
ဒိဋ္ဌဓမ္မာနှင့်၊ ဥပဇ္ဇာ ကြွင်းမဲ့ကင်းပေမင့်၊ အပရာ ကျိုးကျန်ခြင်းကို၊
ရှင်းသိစေသား။

(သာရတ္ထ–၃၊ ၃၇၉ နှင့် ဝိနည်းဋီကာများ)

*

## အသင်္ချေယျနှင့် ကမ္ဘာမြေ

မေး ။ ။ အရှင်ဘုရား၊

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုရာ၌ လေးအသင်္ချေကို လေးနှင့် သုညဂဏန်း မည်မျှ ရေးရပါသနည်း။ ထို့ပြင် ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီး ဟုဆိုရာ၌ လေ၊ ရေ၊ မြေ သုံးမျိုးအနက် မြေသီးသန့်ကို စတုရန်းကုဗတုံး (အံစာတုံးပုံ) ပြုလုပ်ပြီး အနားတစ်ဖက်စီကို တိုင်းတာသော အရေအတွက် ပါပါသလား။ ဖြေဆိုပေးတော်မူပါဘုရား။

ဦးမြင့်သိန်း၊ (၆၆၅၂၇၅)။

ဖြေ။ ။ အသင်္ချေ ဂဏန်းမှာ တစ်နောက် သုညတစ်ရာ့လေးဆယ်ရှိသော ဂဏန်းဖြစ်၍ လေးအသင်္ချေဆိုက လေးနောက်၌ သုည တစ်ရာ့လေးဆယ်ရေးရပါမည်။ ကမ္ဘာမြေကြီးသည် အပေါ်က ပံသုမြေ၊ အောက်က သီလာမြေဟု နှစ်ထပ်ရှိရာ ပံသုမြေ–ယူဇနာတစ်သိန်း နှစ်သောင်း၊ သီလာမြေ–ယူဇနာတစ်သိန်းနှစ်သောင်း၊ နှစ်ရပ်ပေါင်း ယူဇနာ နှစ်သိန်း လေးသောင်းရှိကြောင်း အာဒိကပ္ပ စသော ကျမ်းများတွင် ဆိုပါသည်။

*

www.dhammaransi.com

# ရေစက်

မေး။ ။ အရှင်ဘုရား၊

ရေစက်ဆိုတာ ဘာကိုခေါ်ပါသနည်း။ နောင်ဘဝတွင် တစ်ဦးနှင့် တစ်ဦး ပြန်လည်ဆုံစည်းနိုင်ဖို့ရန် အတွက် ရေစက်အတူတကွ ချရမည်လား၊ သို့မဟုတ် သည်ဘဝတွင် ပြုလုပ်သည့်ကုသိုလ်ညီမျှမှသာ ပြန်လည်ဆုံစည်းနိုင်မည်လား။ သည်ဘဝတွင် မိသားစုတစ်စုအဖြစ် ဆုံစည်းနေကြသည်မှာ အတိတ်ဘဝက ရေစက် အတူချခဲ့၍လား။ ကုသိုလ်ချင်းညီမျှခဲ့၍ပေလား၊ သိလိုပါ၍ ဖြေကြားပေးတော်မူပါဘုရား။

သဋ္ဌာ၊ ရန်ကုန်။

ဖြေ။ ။ ရှေးရှေးဘဝများက အတူကုသိုလ်ပြုခဲ့၊ ဆုတောင်းဆုယူ ပြုခဲ့ဖူးကြသည်ကိုပင် ရေစက် ဆုံသည်ဟု ပြောဆိုကြပါသည်။ ကုသိုလ်အတူပြု၍ စိတ်တူကိုယ်တူ ရေစက်ချခဲ့ကြသည်ဟု ဆိုလိုပါသည်။ ဘဝပေါင်းများစွာ မိသားစုအဖြစ် တွေ့ကြုံကြလိုလျှင် (၁) သမသဒ္ဓါ= ယုံကြည်မှု တူမျှခြင်း၊ (၂) သမသီလ= အကျင့်သီလတူမျှခြင်း၊ (၃) သမစာဂ=စွန့်ကြဲလှူဒါန်းမှု တူမျှခြင်းနှင့် (၄) သမပညာ=ကမ္မသကတပညာ=အသိဉာဏ်ချင်း တူမျှခြင်း ရှိဖို့ လိုအပ်ကြောင်း ဘုရားဟောရှိပါသည်။ အလွန် တူမျှနိုင်ခဲပါသည်။ ဘုရားလောင်းနှင့် ယသော်ဓရာအလောင်း တို့ပင် အတူတကွ ဆုတောင်းခဲ့သော်လည်း ဘဝတိုင်း မတွေ့ရ၊ မဆုံစည်းရပါ။ ဤသည်မှာ ဘုရားလောင်း၏ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတို့ကို ယသော်ဓရာ အလောင်းက မမီနိုင်၍ ဖြစ်ပါသည်။ အရှင်မဟာကဿပအလောင်းနှင့် ဘဒ္ဒါကာပိလာနီ အလောင်းမှာ အားလုံးတူညီ၍ လူပြည်တွင် လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့တွင် လည်းကောင်း၊ နောက်ဆုံး နိဗ္ဗာန်ဝင်ရာမှာလည်းကောင်း မကွဲမကွာ ဖြစ်ရကြောင်း အဆိုရှိပါသည်။ ၎င်းကိုပင် ရေစက်ဆုံသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဤသို့ဖြင့် ရေစက်ဆိုသည်ကို မှတ်သားထားနိုင်ပါသည်။

*

www.dhammaransi.com

# ရဟန်းနှင့် ဘွဲ့တော်

မေး ။ ။ အရှင်ဘုရား၊

တပည့်တော်သိလိုသည့်အချက်မှာ ဘုရားရှင် လက်ထက်တော်က သာသနာတော်သို့ ဝင်ရောက်သော ပုဂ္ဂိုလ်များကို ရဟန်းဘွဲ့တော်ပေးရာတွင် လူဝတ်ကြောင် ဘဝက အာနန္ဒာကို ရဟန်းပြုရာတွင် ရှင်အာနန္ဒာ၊ လူဝတ်ကြောင်ဘဝက ရာဟုလာကို ရှင်ရာဟုလာဟု တွေ့ရပါသည်။ တပည့်တော်တို့ခေတ် ရှင်သာမဏေ ပြုရာတွင် ဥပမာ လူဝတ်ကြောင် ဘဝက မောင်သန်းစိုး၊ ရှင်သာမဏေဘဝတွင် ရှင်သီလာစာရဟု ဘွဲ့ပေးသည်ကို တွေ့ရပါသည်။ ၎င်းအချက်ကို ရှင်းလင်းဖြေကြားပေးတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ကိုသန်းစိုး၊ ထူးကြီးမြို့။

ဖြေ။ ။ ရဟန်းတို့အစဉ်အသုံးပြုရသော ဘာသာ စာပေမှာ ပါဠိစာပေဖြစ်ပါသည်။ ဖြစ်နိုင်က ပါဠိလို ပြောဆို၍ ပါဠိအမည်များကို အသုံးပြုရပါသည်။ ရဟန်းခံရာ၌ မောင်ထွန်း၊ မောင်တင် စသည် သုံး၍ မရ။ တိဿဿ ဘိက္ခုနော၊ နာဂေါ ဥပသမ္ပဒံ ယာစတိ စသည်ဖြင့် တိဿ ဟူ၍ လည်းကောင်း၊ နာဂဟူ၍လည်းကောင်း ပါဠိ နာမည်များကိုသာ ကမ္မဝါစာတွင် သုံးရသဖြင့် ပါဠိအမည်ပေးထားရန် လိုအပ်ပါသည်။ မောင်သန်းစိုး ဥပသမ္ပဒံ ယာစတိ ဆိုလျှင် ကမ္မဝါစာ မပီသ၍ ကံပျက်နိုင်ပါသည်။ ကံမြောက်စရာ လုံးဝမရှိ။ ရှင်သီလာစာရဟု အစားထိုး မှည့်ပေးမှသာလျှင် သီလာစာရော ဥပသမ္ပဒံ ယာစတိ ဟု ကမ္မဝါစာ ပီပီသသ ဖတ်နိုင်သဖြင့် ကံမြောက်နိုင်ပါသည်။

*

www.dhammaransi.com

## အရပ်လေးမျက်နှာနှင့် နတ်မင်းကြီးများ

မေး ။ ။ အရှင်ဘုရား၊

အာဋာနာဋိယသုတ်တော်၌ အရှေ့မျက်နှာအရပ်၌ ဓတရဋ္ဌနတ်မင်းကြီး၊ အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းကြီး၊ တောင်အရပ်၌ ဝိရူဠှကနတ်မင်းကြီး၊ မြောက်အရပ်၌ ကုဝေရနတ်မင်းကြီးများ စောင့်ရှောက်နေထိုင်၏ဟု ဆိုပါသည်။ ထို့ပြင် ဆဒိသာပါလသုတ်တော်၌ အရှေ့မျက်နှာ၌ သာတာဂိရိနတ်မင်း၊ ဟေမဝတနတ်မင်း၊ ပုဏ္ဏကနတ်မင်း၊ ဂုတ္တိယနတ်မင်း၊ အနောက်အရပ်၌ ဟာရိရနတ်မင်း၊ ဟာရဟာရိရနတ်မင်း၊ ပါပနတ်မင်း၊ ပိင်္ဂလနတ်မင်း၊ တောင်အရပ်၌ ကာလနတ်မင်း၊ ဥပကာလနတ်မင်း၊ ဗိမ္ဗနတ်မင်း၊ ဗိမ္ဗသေနနတ်မင်း၊ မြောက်အရပ်၌ သံဃနတ်မင်း၊ သံဃုလိမနတ်မင်း၊ သုသုရ နတ်မင်း၊ ဥဂ္ဂတေဇနတ်မင်းကြီးများ စောင့်ရှောက်သည်ဟု ဆိုပါသည်။ (၁) အရှေ့၊ အနောက်၊ တောင်၊ မြောက် နတ်မင်းများအမှန်ကိုသိလိုပါသည်ဘုရား။ (၂) သာသနာ စောင့်နတ်မင်း၊ ကမ္ဘာစောင့်နတ်မင်း၊ လောကပါလနတ်မင်း၊ စတုလောက ပါလနတ်မင်းများမှာ တူညီပါသလားဘုရား၊(၃) အရှေ့တောင်၊ အနောက် တောင်၊ အရှေ့မြောက်၊ အနောက်မြောက်တို့၌ စောင့်ရှောက်ကုန်သော နတ်မင်းကြီးများကိုလည်း သိလိုပါသည်ဘုရား။ (အမေးကို ချုံ့ထားသည်။)

မာရီ (အမရပူရ) အငြိမ်းစားကျောင်းဆရာမ။

ဖြေ။ ။ အာဋာနာဋိယသုတ်လာ နတ်မင်းကြီး လေးပါးမှာ လောကပါလခေါ် စတုလောက ပါလ နတ်မင်းကြီးလေးပါးအမှန် ဖြစ်ပါသည်။ မြင်းမိုရ်တောင်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင်နေ၍ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ်၊ နဂါး၊ ဘီလူးတို့ကို စောင့်ရှောက် နေထိုင်ကြ

www.dhammaransi.com

ပါသည်။ မြတ်စွာဘုရားပွင့်စက တပုဿ ဘလ္လိကကုန်သည်ညီနောင်တို့ ပျားမုန့်ဆွမ်းကို ဘုရားအလှူခံစဉ် သပိတ်လေးလုံး လာရောက် လှူဒါန်းခြင်း၊ အာဋာနာဋိယပရိတ်တော်ကို ရဟန်းများရွတ်ရန် မြတ်စွာဘုရားထံ လာရောက် လျှောက်ထားခြင်း စသည်ဖြင့် မြတ်စွာဘုရားရှိစဉ်က ခဏခဏ လာရောက်ကြသော လောကစောင့်၊ သာသနာစောင့် နတ်မင်းကြီးများပင် ဖြစ်ကြပါသည်။ စာပေတွင် ထင်ရှားသော နတ်မင်းကြီးလေးပါးဖြစ်၍ သူတော်ကောင်းများကို ကာယ်တင်စောင့်ရှောက်နိုင်သဖြင့် ၎င်းတို့အား အထူးမေတ္တာပို့သကြရပါသည်။ ဆဒ်ဒသာ ပါလသုတ်လာ နတ်မင်းများမှာ ရာဇဂြိုဟ်ပြည်တစ်ဝိုက်တွင်ရှိကြသည့် လူပြည်ထင်ရှား နတ်မင်းကြီးများ ဖြစ်သည်။ ၎င်းတို့တွင် ယောမဝတနှင့် သာတာဂိရိသာ ထင်ရှားပါသည်။ ကျန်နတ်မင်းများမှာ မထင်ရှားပါ။ ဆဒ်ဒသာပါလသုတ်မှ တစ်ပါးအခြားနေရာတွင် မတွေ့ရပါ။ အရပ်လေးမျက်နှာသာ စာဆိုရှိပါသည်။ အထောင့်အရပ်များကို အထူးမဆိုပါ။ သို့သော် လေးစိတ်စိတ်လျှင် ပြီးစီးသကဲ့သို့ ဟူ၍ အထောင့် ပြဿနာ ပေါ်စရာမလိုကြောင်း သိနိုင်ပါသည်။

*

## နတ်စစ်သူကြီးနှင့် နတ်တပ်သားများ

မေး။ ။ အရှင်ဘုရား၊

ထေရဝါဒဗုဒ္ဓဘာသာ၌ နတ်စစ်သူကြီး ၉ ပါး၊ နတ်တပ်သား ၂၈ ပါးရှိကြောင်း မှတ်သားရပါသည်။ အဆိုပါ နတ်စစ်သူကြီးများနှင့် နတ်တပ်သားများ ရှိခဲ့လျှင် မည်သည့်တန်ခိုးဝတ္တုရားများ ထမ်းဆောင်ရကြောင်းကို ရှင်းလင်းစွာ ဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

မောင်ထွန်းထွန်း၊ ရန်ကုန်။

www.dhammaransi.com

ဖြေ။ ။ မဟာသမယသုတ်စသော ထေရဝါဒ စာပေများတွင် နတ်စစ်သူ ကြီး ၉ ပါးဟူ၍ မပြ၊ နတ်စစ်သူကြီး ၂၈ ပါးကိုသာ ပြပါသည်။ နတ်စစ်သူကြီး ၉ ပါး (တစ်နည်း နတ်ကြီး ၉ ပါး)ဟူသည်ကို ဘုရားကိုးဆူစာများတွင် ပါသည်။ ၎င်းတို့မှာ ထေရဝါဒနတ်များ မဟုတ်၊ ဖော်ပြပါ ထေရဝါဒစာပေလာ နတ်စစ်သူကြီး ၂၈ ပါးမှာ 'ဣန္ဒော၊ သောမော၊ ဝရုဏော စ' စသော ဂါထာများ ရှိ၍ မြန်မာလို ဣန္ဒနတ်၊ သောမနတ်၊ ဝရုဏနတ်၊ ဘာရဒ္ဒါဇနတ်၊ ပဇာပတိနတ်၊ စန္ဒနတ်၊ ကာမသေဋ္ဌနတ်၊ ကိန္နုဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်၊ ပနာဒနတ်(၁၀)။ ဩပမညနတ်၊ မာတလိနတ်၊ စိတ္တသေနနတ်၊ နဠောရာဇ နတ်၊ ဇနေသဘနတ်၊ သာတာဂိရိနတ်၊ ဟေမဝတနတ်၊ ပုဏ္ဏကနတ်၊ ကရတိယနတ်၊ ဂုဠနတ် (၂၀)၊ သိဝကနတ်၊ မုစလိန္ဒနတ်၊ ဝေဿာမိတ္တ နတ်၊ ယုဂန္ဓရနတ်၊ သုပ္ပရောဓနတ်၊ ဟိရိနတ်၊ နေတ္တိနတ်၊ မန္ဒိယနတ်(၈)၊ စုစုပေါင်း ၂၈ ဟူ၍ အမည်ဖြင့် ဖော်ပြထားပါသည်။ သိကြားမင်း၌ ၎င်း ၂၈ ပါးနှင့်တကွ နတ်စစ်သူကြီးပေါင်း များစွာရှိရာ ဤ ၂၈ ပါးကိုသာ အထူးဖော်ပြထားသည်မှာ ၎င်း ၂၈ ပါးသည် လူ့ပြည်ရှိ ရက္ခစိုးတို့အား သိကြားမင်း အမိန့်ဖြင့် အပြစ်ပေး ကွပ်ညှပ်စီရင်နိုင်သည်။ ထိုသို့ စီရင်နိုင်သဖြင့် လူတို့က သစ်ပင်များကို ခုတ်လှဲသော် နတ်တို့က လူတို့အား နှိပ်စက်ခြင်း၊ ဖမ်းစားခြင်းပြုလျှင် ထိုရက္ခစိုးနတ်တို့အား ဒဏ်ပေးနိုင်၊ စီရင်နိုင်သူများ ဖြစ်၍ အထူးဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤနတ် ၂၈ ပါးတို့အား လူတို့က ပူဇော်ပသရန်မလို၊ တတ်နိုင်လျှင် တောလမ်း ခရီးသွားခြင်း စသည်တို့၌ အမည်ကို ဖော်၍ မေတ္တာပို့သွားကြရန်၊ ကုသိုလ်ပြု၍ အမျှဝေရန်သာ လိုပါသည်။

*

www.dhammaransi.com

## မြတ်စွာဘုရားနှင့် ကဆုန်လ ဝါဆိုလအမည်များ

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ ပဋိသန္ဓေနေ၏။ ကဆုန်လပြည့်နေ့၌ ဖွားတော်မူ၏ဟု မြန်မာတို့ သိနေကြပါသည်။ ထိုအချိန်က ထို(မဇ္ဈိမ)ဒေသ၌ ထိုလအမည်များ ရှိမည်မဟုတ်ပါ။ သို့ပါလျက် ဝါဆိုလ ကဆုန်လဟု အဘယ်ကြောင့် ခေါ်ဆိုနိုင်ကြောင်း ဖြေကြားပေးတော်မူပါဘုရား။

ဦးသင်းမောင် (ကျောင်းဆရာ)၊ မန္တလေး။

ဖြေ။ ။ ဗုဒ္ဓဝင်တွင် "မဟာပုရိသော ပန ဥတ္တရာသဠ္ဍာနက္ခတ္တေနေဝ မာတု ကုစ္ဆိံ ဩက္ကမိ" စသည်ဖြင့် ပါရှိပါသည်။ ထိုအချိန်က ထို(မဇ္ဈိမ)ဒေသတွင် ကဆုန်လ၊ ဝါဆိုလ စသော အမည်များကို မခေါ်သော်လည်း စန်းယှဉ်နက္ခတ် အမည်များဖြင့် ဘယ်နက္ခတ်စန်းယှဉ်ချိန် ပဋိသန္ဓေနေသည်၊ ဘယ်နက္ခတ်စန်းယှဉ်ချိန် ဖွားတော်မူသည် စသည်ဖြင့် မှတ်တမ်းပြုခဲ့ပါသည်။ ထို့ကြောင့် ဥတ္တရာသဠ်နက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သော ကဆုန်လပြည့် စသည် တိတိကျကျသိရှိ၍ ဝါဆိုလပြည့်၊ ကဆုန်လပြည့်များဖြစ်ကြောင်း ဆိုပါသည်။

*

## ကြေးစည်၊ ခေါင်းလောင်းနှင့် တဘက်ပဝါ

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်များသည် အမျှဝေပြီး ကြေးစည်ထုကြပါသည်ဘုရား။ ဘယ်လို အကျိုးတရားများ ရှိသည်ကို ဖြေကြားပေးတော်မူပါဘုရား။ ဘုရားများတွင်ရှိသော ခေါင်းလောင်း၊ မောင်း၊ ကြေး

www.dhammaransi.com

စည်တီးကြသည်မှာ အတူတူ ဖြစ်ပါသလား ဘုရား။ ပြီးတော့ မြန်မာ အမျိုးသမီးများ ဘုရားဝတ်ပြု၍ ဖြစ်စေ၊ ဆွမ်းလောင်း၍ဖြစ်စေ တဘက် ပဝါတင်ရသည်မှာ မည်သည့်အတွက် တင်ရသည်ကို ရှင်းပြပေးတော်မူပါ ဘုရား။

မစုနန္ဒာဝင်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖြေ။ ။ ဘုရားရှိခိုးဆုတောင်းရာ၌ ဖြစ်စေ၊ လှူဒါန်းမှုပြုရာ၌ဖြစ်စေ အမျှ ဝေရာ၌ အများကြားသိ သာဓုခေါ်နိုင်ရန် ကြေးစည်၊ ခေါင်းလောင်း တီးခတ်ရသည်။ ထို့ကြောင့် အမျှဝေရာ၌ ကြားကြားသမျှ သာဓုခေါ်ကြ ရန် အသံကျယ်နိုင်သမျှကျယ်ကျယ် အမျှဝေရာ၏။ မိမိအသံ မကျယ် နိုင်၍ ကြေးစည်ခေါင်းလောင်းကူရသည်ကို မှတ်သားရာ၏။ မြန်မာ အမျိုးသမီးများမှာ လေးစားထိုက်သော အစည်းအဝေး၊ ဘုရားကျောင်းကန် တို့သို့ သွားလာရာတွင် ပဝါတဘက် ပခုံးတင်ရသည်မှာ မြန်မာ့ယဉ်ကျေး မှု ဖြစ်ပါသည်။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကား အထူးလေးစားထိုက် သော ကုသိုလ်မှု၊ အကြီးမြတ်ဆုံးသော ယဉ်ကျေးမှုပြုရာဖြစ်၍ ပဝါ တဘက် အထူးလိုအပ်လှပါသည်။ ယခုခေတ်တွင် ဝိပဿနာတရား စခန်းများ၌ ယောဂီရောင် တဘက်ပဝါ တင်ရသည်မှာ ထုံးစံလိုပင် ဖြစ်နေ ပါသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုစစ်စစ်ဖြစ်သော ပဝါတင်ခြင်းမှာ အထူးလိုအပ်လှပါသည်။

*

## ဥပုသ်အမျိုးအစား

မေး။ ။ အရှင်ဘုရား၊

အချို့ဘုန်းကြီးကျောင်းသွား ဥပုသ်စောင့်ပါသည်။ စနစ်မမှန်၍ နွားကျောင်းသား ဥပုသ်ဖြစ်နေသည်ဟု ကြားဖူးပါသည်။ ဥပုသ်အမျိုး

www.dhammaransi.com

မည်မျှရှိ၍ မည်သို့ စောင့်သုံးမှ မှန်ကန်မည်ကို အများပြည်သူ သိစေရန် ဖြေကြားပေးတော်မူပါဘုရား။

· စိုးလင်းအောင်၊ သံတွဲမြို့။

ဖြေ။ ။ ဥပုသ်သည် တိကနိပါတ အင်္ဂုတ္တရအလို (၁) နိဂဏ္ဌဥပုသ်၊ (၂) ဂေါပါလဥပုသ်၊ (၃) အရိယာဥပုသ်ဟူ၍ ၃ မျိုးရှိကြောင်း လာပါသည်။ (၁) နိဂဏ္ဌဥပုသ်ဆိုသည်မှာ ငါသည် ယနေ့ ယူဇနာ ၁၀၀ အတွင်းရှိသော သတ္တဝါတို့ကိုသာ ရှောင်မည်။ ၎င်းမှအပ ငါမရှောင်ဟု ဆောက်တည်သော တိတ္ထိတို့၏ ဥပုသ်မျိုးဖြစ်၏။ အကျိုးမရှိ။ (၂) ဂေါပါလ ဥပုသ်ဟူသည်မှာ နွားကျောင်းသားသည် သူ၏နွားတို့ကို စားကျက်အတွင်းမှမထွက်ရအောင် စောင့်ရှောက်ရုံသာ စောင့်ရှောက်နေဘိသကဲ့သို့ သီလခံယူ၍ စားရန်၊ သောက်ရန်၊ စကားပြောရန်သာ ကြံစည်၍ ရတနာသုံးပါးဂုဏ်ကျေးဇူး စသည်ကို အာရုံမပြု၊ အချိန်ကုန် အိမ်ပြန်မျှသာ ဖြစ်သဖြင့် အကျိုးမများလှ။ (၃) အရိယာဥပုသ်ဟူသည်မှာ ဥပုသ် သီလခံယူဆောက်တည်၍တရားနာခြင်း၊ ရတနာ ၃ ပါး ဂုဏ်ကျေးဇူးကို အောက်မေ့ စီးဖြန်းခြင်း၊ မေတ္တာပွားခြင်း၊ ပုတီးစိပ်ခြင်း၊ လှူဒါန်းခြင်း၊ ဘာဝနာပွားခြင်း၊ တရားစကားကို ဆွေးနွေးပြော ဟောခြင်း စသည်ဖြင့် တစ်နေ့တာ ကုသိုလ်အာရုံဖြင့်သာ နေခြင်းမျိုးဖြစ်၍ လွန်စွာ အကျိုးရှိပါသည်။ ထို့ကြောင့် ဥပုသ်သည်များသည် ဤ အရိယာ ဥပုသ်မျိုးကိုသာ စောင့်သုံးသင့်ပါသည်။

*

## ဤမယားသုံးမျိုး

မေး။ ။ အရှင်ဘုရား၊

အဂမနိယဝတ္ထုခေါ် ယောက်ျားတို့ မသွားလာအပ်သော မိန်းမ နှစ်ဆယ်တွင် ပုဆိုးပေး၍နေသောမိန်းမ၊ ခေါင်းခုကို ချ၍နေသော မိန်းမ၊

www.dhammaransi.com

တစ်မုဟုတ်မျှ ပေါင်းဖော်သော မိန်းမ၊ ဤမိန်းမများ၏ အဓိပ္ပာယ်များကို နားလည်ရန် ဖြေကြားပေးတော်မူပါဘုရား။

မောင်သီဟဇော် (ဝမ်းတွင်း)။

ဖြေ။ ။ ၎င်းမိန်းမ(မယား)သုံးမျိုးအမည်များမှာ အင်္ဂုတ္တိုရ်နိကာယ်အနှစ်ဆယ်တွင် ယောက်ျားရော၊ မိန်းမပါ ကာမေသုဖြစ်နိုင်သော မိန်းမ တစ်ကျိပ်နှစ်ဦး အပါအဝင် ပဋဝါသိနီ၊ ဩဘတစုမ္ဗဋာနှင့် မုဟုတ္တိကာတို့ ဖြစ်ကြပါသည်။ ပဋဝါသိနီ=အဝတ်ထဘီစသော အဝတ်တန်ဆာပေး၍ လက်ထပ်သောမယားဟူသည် ဤခေတ်တွင် ပုဆိုးတန်းတင် လက်ထပ်ထားသော မိန်းမမျိုးပင် ဖြစ်သည်။ ဩဘတစုမ္ဗဋာမှာ ချအပ်သော ခေါင်းခုရှိသော မယား (ဦးခေါင်းပေါ်၌ ခေါင်းခုထားပြီးလျှင် ထင်း စသည်ရောင်း၍ အသက်မွေးရသော ဆင်းရဲသူမကလေးကို အချို့က မယားအဖြစ် အတည်ယူလိုက်သောအခါ ထင်း စသည်ကို မရောင်းရတော့သည်ဖြစ်၍ ခေါင်းပေါ်က ခေါင်းခုကျသွားပြီဟု ဆိုလိုသည်)။ မုဟုတ္တိကာ= အတည်အမြဲ မဟုတ်ဘဲ ရက်အနည်းငယ်မျှ ခဏမျှ မယားပြုအပ်သော မယား [(၇ ရက် နက္ခတ်သဘင် ကစားလိုသောအခါ (ပွဲတော်အတွင်း)ဖြစ်စေ၊ တစ်ညဥ့် ဟစ်ခဏဖြစ်စေ ဥစ္စာပေး (ငှားရမ်း)၍ ပေါင်းဖော်အပ်သော ပြည့်တန်ဆာမမျိုး)]၊ ကွင်းအတွင်းမှ စကားအဓိပ္ပာယ်များမှာ သဂြိုဟ်ဘာသာဋီကာမှ ရေးသားချက်များဖြစ်သည်။ ကာမပိုင်ရှိမယားများ ဖြစ်၍ လွန်ကျူးသူရော၊ မိမိ (အမျိုးသမီးပါ) ကာမေသုမိစ္ဆာစာရ ဖြစ်နိုင်သော မယားများ ဖြစ်သည်။

*

## သိမ်ပျက် မပျက်ကိစ္စ

မေး။ ။ အရှင်ဘုရား၊

ရောဝတီမြစ်ကမ်းနားတွင် တည်ဆောက်ထားသော သိမ်သည် ယခုအခါ မြစ်ရေတိုက်စားပါသဖြင့် ဘုန်းတော်ကြီးများ သိမ်အတွင်းဝင်

www.dhammaransi.com

သော မျက်နှာစာ ကျဉ်းသွားပါ၍ ၎င်းသိမ်ကို မဖျက်ဘဲနှင့် ဝင်သော အပေါက် အနောက်ဘက်မှ အကာဖျက်ပြီး အဝင်ပေါက်လုပ်လျှင် ကျယ်သွားပါသည်။ လုပ်ကောင်း၊ မလုပ်ကောင်း ဖြေကြားပေးပါဘုရား။

ဦးသန်း၊ ဒေါ်သန်းညွန့်၊ သားသမီးများ၊ ဆင်ပေါင်ဝဲမြို့။

ဖြေ။ ။ ဗဒ္ဓသိမ်သည် အကျဉ်းဆုံး၊ အငယ်ဆုံး သံဃာ ၂၁ ပါး ဆံ့ရမည်ဖြစ်၍ ထိုကဲ့သို့ တစ်ဖက်မှ ဖျက်ပေး၍ သံဃာ ၂၁–ပါးဆံ့လျှင် သိမ်မပျက်ပါ။ သိမ်မပျက်ရန် စီမံခြင်းဖြစ်၍ လုပ်ကောင်းပါသည်။

*

## လူမိန်းမနှင့် ခွေးထီး

မေး။ ။ အရှင်ဘုရား၊

လူမိန်းမတို့သည် တိရစ္ဆာန်အထီးလောက် မမြတ်။ ထို့ကြောင့် မိန်းမတို့သည် ခွေးထီးကို ခြေဖြင့် မကန်ရ၊ ကန်လျှင် ငရဲကျသည်ဟု ပြောကြပါသည်။ ဟုတ် မဟုတ်။ မှန်၊ မမှန် ဖြေကြားပေးတော်မူပါဘုရား။

မီးမီး (ကသာ)။

ဖြေ။ ။ လူ့ဘဝသည် ဘဝသမ္ပတ္တိ သုဂတိ ဘဝဖြစ်၍ မိန်းမပင်ဖြစ်စေ မဂ်ဖိုလ်ကိုပင် ရရှိနိုင်ပါသည်။ တိရစ္ဆာန်ဘဝမှာ ဆင်ဖြူတော်ကြီးပင် ဖြစ်စေကာမူ ဒုဂ္ဂတိဘဝဖြစ်၍ မဂ်ဖိုလ်ရနိုင်သော အခွင့်အရေး မရှိသဖြင့် လူ့ဘဝကဲ့သို့ မမြတ်ပါ။ လူ့ဘဝချင်းတူစေကာမူ ဘုန်းကံရှိသော မိန်းမများမှာ ယောကျ်ားသာမန်များထက်ပင် မြင့်မြတ်ပါသေးသည်။ မဟောသဓာဇာတ်တွင် ဥဒုမ္ဗရဒေဝီနှင့် ပိင်္ဂုတ္တရလုလင်ကို သာဓက ယူသင့်ပါသည်။ မဟာဇနကဇာတ်တွင် သီဝလိဒေဝီက သူနှင့်လက်ထပ်ရန် အများက ရည်ရွယ်ထားသော စစ်သူကြီးအား အလိုမရှိ သီဝလိ ဒေဝီ၏ ခြေသလုံးကို နှိပ်ပေးသည်အထိ စိတ်ဓာတ်နိမ့်ကျသဖြင့် သီဝလိဒေဝီ

www.dhammaransi.com

က ၎င်း၏ ရင်ကို ခြေဖြင့် ကန်၍ လဲကျစေကြောင်း ဇာတ်တော်တွင် ရှိပါသည်။ ထို့ကြောင့် လူမိန်းမသည် ခွေးထီးလောက် မမြတ်ဟူသော စကားကို မမှတ်သားသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## အပရာပရိယနှင့် ဉပပဇ္ဇ

မေး။ ။ အရှင်ဘုရား၊

ဝိပဿနာတရားပွဲတစ်ခု၌ "ဘဝသံသရာက ပါလာသော အပရာပရိယအကုသိုလ်ကြွေးတွေ၊ ဉပပဇ္ဇ အကုသိုလ်ကြွေးတွေဟာ မရေမတွက်နိုင်အောင် များပြားပါတယ်"ဟု ဟောသည်ကို ကြားနာရဖူးပါသည် အရှင်ဘုရား။ ထိုတရားတော်မှ အပရာပရိယနှင့် ဉပပဇ္ဇစကားလုံးနှစ်လုံးကို နားမလည်ပါဘုရား။ ရှင်းလင်းလွယ်ကူစွာ နားလည်စေရန် သနားသဖြင့် ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

တင်ထွန်းဦး ပွင့်ဖြူမြို့။

ဖြေ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဝီထိမုတ် (ဘုံ)ပိုင်း ကမ္မစတုက္က ကံအကျိုးပေးပုံ များကို ပြရာ၌ ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဉပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ၊ အဟောသိကံဟူ၍ လေးပါးပြရာတွင် အကုသိုလ်တစ်ခုခုကို ပြုရာ၌ ဇောခုနစ်ကြိမ် စောမြဲဖြစ်ရာ ပထမဇောက အကျိုးပေးလျှင် မျက်မှောက်ဘဝ၌ပင် အကျိုးပေး၏။ ယင်းကို ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုပါသည်။သတ္တမဇောက အကျိုးပေးလျှင် ဒုတိယဘဝမှာအကျိုးပေး၏။ ယင်းကို ဉပပဇ္ဇဝေဒနီယကံ ဆိုပါသည်။ အလယ်ဇောငါးချက်သည် တတိယဘဝကစ၍ နိဗ္ဗာန်မရမီ ဘဝတစ်ခုခု၌ အကျိုးပေး၏။ ယင်းကို အပရာပရိယဝေဒနီယကံ ဟု ဆိုပါသည်။ ဉပပဇ္ဇကံမှာ ဒုတိယဘဝ၌ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးပေးပြီးလျှင် နောက်ထပ်ပေးဖွယ် မရှိတော့၍

www.dhammaransi.com

ကြွေးကျန်ဖွယ် မရှိပါ။ အပရာပရိယဝေဒနီယ ကံသည်သာ တတိယ ဘဝမှစ၍ နိဗ္ဗာန် မရမီ ဘဝတစ်ခုခု၌ အကျိုးပေးနိုင်၍ အကျိုးမပေးခဲ့ရ သေးလျှင် ကြွေးသဖွယ် ကျန်ရှိနေပြီး၊ ဥပထမ္ဘက အထောက်အပံ့အနေဖြင့် အကူကံများနှင့် တွေ့ကြုံလျှင် အကျိုးပေးလာပေလိမ့်မည်။ အကျိုးပေး မည့်ဘဝဝေး၍ အကုသိုလ်ကံ ဥပထမ္ဘကများလည်း မရ။ ကုသိုလ်ချည်း ဆက်ဖြစ်နေလျှင် သို့မဟုတ် ရဟန္တာဖြစ်သွားလျှင် ယင်းအပရာ ပရိယ ကံသည် အဟောသိကံ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် အပရာပရိယ အကုသိုလ်ကြွေး ကျန်နေလျှင် ကြွေးမဆပ်ရအောင် မင်္ဂဖိုလ်ရသွားစေလို၍ တရားကို ကြိုးစားအားထုတ်ရန် ဟောပြောလိုရင်း ဖြစ်ပါသည်။

*

## နိဗ္ဗုတကုသိုလ် ၇ မျိုး

မေး။ ။အရှင်ဘုရား၊

နိဗ္ဗုတကောင်းမှုပြုကြရန် ၇ မျိုးဟု ကြားနာဖူးပါသည်။ ထို ၇ မျိုးလုံး ပြုထားမှ နိဗ္ဗုတကုသိုလ်ဖြစ်မှာလား။ ၇ မျိုးထဲက ၅ ပါးသီလ၊ သရဏဂုံ၊ ဝါဆိုသင်္ကန်း၊ ကျောင်းတစ်ဆောင်၊ လဆန်းလဆုတ် ဝတ် မပျက်ပို့နေသော ဆွမ်းဟင်းငါးမျိုးသော ကုသိုလ်များ ပြုပြီးပါပြီ အရှင် ဘုရား။ ဆရာတော်မှ ရှင်းလင်းပေးပါရန် လျှောက်ထားပါသည်။

ဦးဟန်အေး (မွန်ပြည်သား)၊ ကျိုက်ထိုမြို့။

ဖြေ။ ။ "ယေသံ ပန ကုလာနံ တိဏိသရဏာနိ၊ ပဉ္စသီလာနိ, ဧကံ သလာက ဘတ္တံ၊ ဧကံ ပက္ခိက ဘတ္တံ, ဧကံ ဝဿာဝါသိကံ, ဧကာ ပေါက္ခရဏီ, ဧကော အာဝါသော၊ ဝေဠုပါနိ နိဗ္ဗုတပုညာနိ အတ္တိ၊ တေသမ္ပိ ဂတိ နိဗ္ဗုတ္တါ သောတာပန္န သဒိသာနေဝ တာနိကုလာနိ"(အံ ဋ ၃၊ ၂၆၅) သရဏဂုံသုံးပါး၊ ငါးပါးသီလ စသည့် ကုသိုလ် ၇ မျိုးရှိရာ ယင်းကုသိုလ် မျိုးကို ပြုလုပ်သော အမျိုးသားသမီးသည် သောတာပန်နှင့်အတူ ဂတိမြဲ

ကုန်၏ဟု ဆိုလိုပါသည်။ ခုနစ်မျိုးတွင် တစ်မျိုးမျိုးကို ပြည့်လျှင်ပင် ပြီးပါသည်။ ခုနစ်မျိုးလုံးကို ပြည့်ရမည်ဟု မဆိုလိုပါ။ ဥပမာ သရဏဂုံ ၃ ပါးမှာပင် မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းရှိလျှင် ဂတိမြဲပါသည်။ ငါးပါးသီလ၌လည်း ထို့အတူ ရာသက်ပန်မပျက်မစီး၊ မြဲမြဲစွာ ဆောက်တည်နေလျှင် ဂတိမြဲပါသည်။ ရေတွင်း၊ ရေကန် ပြုသူသည် ရေတွင်း၊ရေကန်တွင်းတွင် ရေရှိနေလျှင် အမြဲကုသိုလ်ရနေသည်။ ကျောင်းကန်ပြုသူသည် ယင်းကျောင်းကန်၌ သံဃာအမြဲရှိ၍ ပရိယတ်၊ ပဋိပတ်တို့ကို အားထုတ်နေလျှင် အမြဲကုသိုလ်ဖြစ်နေပါသည်။ ၇ မျိုးတွင် တစ်မျိုးမျိုး၌ ထို့အတူ မှတ်သားနိုင်ပါသည်။

*

## ဗုဒ္ဓဝစန သုံးပါးပြ

မေး။ ။အရှင်ဘုရား၊

ပထမ ဗုဒ္ဓဝစနာ။ ။ ဘယ်ဟာကို အစထား၊ မှတ်သားရမှာ။ ။ ဒုတိယ တတိယာ၊ ဘယ်ဟာတွေပါလဲ။ ။ ရာသက်ပန်၊ မှတ်ဖို့ရန် ဝေဖန်ပ၊ ပညာဉာဏ် ပွားစေရ၊ များသိဝေခွဲ။ ။

ဓာသင်သား (မန်း)။

ဖြေ။ ။ အနေကဇာတိသံသာရံ။ ။ ပထမ၊ ဗုဒ္ဓဝစနံ–ပ၊ တတိယံ ပစ္ဆိမမှာ တော့၊ ဟန္ဒဒါနိ–စပါတဲ့၊ မှတ်ပါ့ ဇေကန်။ ။ ဒုတိယ မဇ္ဈိမ်၊ ထို နှစ်တန်မှတစ်ပါး။ ။ လေးဆယ့်ငါးဝါလုံး၊ ဒေသနာမှန်သမျှ၊ မဇ္ဈိမ တတိယောလို့၊ သဘော မှာ သေချာခဲလို့၊ ခွဲ ရာသက်ထား။

(မှတ်ချက်။ ။ ပထမဗုဒ္ဓဝစန အသုံးမှန်သော်လည်း ဒုတိယ, တတိယ၌ကား မဇ္ဈိမ, ပစ္ဆိမဟူ၍သာ အသုံးရှိသည်။)

(ဝိဋ္ဌ၊ ၁၊ ၁၄)

*

www.dhammaransi.com

## ဘုရားကိုးဆူ

မေး။ ။ အရှင်ဘုရား၊

ဘုရားကိုးဆူ ပူဇော်ခြင်းအမှုပြုသည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကတည်းက ရှိခဲ့သည်ဟု သိရှိရပါသည်။ မြတ်စွာဘုရားလက်ထက်တော်မှစ၍ ယခုတိုင်အောင် ဘုရားကိုးဆူဆွမ်းကပ်ခြင်းအမှုပြုရသည်နှင့် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို သိလိုပါသည်။ မြတ်စွာဘုရားလက်ထက်တော်၌ ဘုရားကိုးဆူ ဆွမ်းကပ်ခြင်းအမှုများ မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်လာရသည်ကို ခရေစေ့တွင်းကျ ဖြေကြားပေးတော်မူပါဘုရား။

ကိုကိုမောင်၊ မြိုင်မြို့။

ဖြေ။ ။ ဘုရားကိုးဆူအစကို ပြောဆိုကြရာ၌ မြတ်စွာဘုရားလက်ထက်တော်က အာယုဝဍ္ဎန သတို့သားဝတ္ထုကို ညွှန်းဆိုကြပါသည်။ ခုနစ်ရက်နှင့် သေဆုံးရတော့မည့် သူငယ်ကလေးအား မြတ်စွာဘုရားအစီအစဉ်ဖြင့် ရဟန္တာ ၈ ပါး ဝန်းရံ၍ ဘုရားအမှူးရှိသော ရဟန္တာများရွတ်ဖတ်သော ပရိတ်တရားကြောင့် ကလေးမသေဘဲ အသက် ၁၂၀ ရှည်ရသော ဝတ္ထုဖြစ်ပါသည်။ ဝတ္ထုတွင် ရဟန္တာ ၈ ပါး၊ (၁၆ ပါး)ဟုသာ အမည်မပါဘဲ ဆိုသည်။ လက်ရှိတွင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ကောဏ္ဍညာ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိ၊ အရှင်ဂဝံပတိ၊ အရှင်ရာဟုလာ၊ အရှင်ရေဝတဟု အမည်ဖြင့် ဆိုသည်။

ရာဇဝင်တွင် သက္ကရာဇ် ၉၄၀ ခန့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်၊ သားတော် အနော်ရထာမင်းစော ဇင်းမယ်ကို အုပ်ချုပ်စဉ်မြန်မာသာသနာပြုဆရာတော်ကြီးများက ဇင်းမယ်တွင် နတ်ကြီး ၉ ပါးပူဇော်ပွဲများကို ဘုရားကိုးဆူ အစားထိုး၍ သာသနာပြုခဲ့သည်။ ထိုသို့ပြုရာမှ ဘုရားကိုးဆူ အစဉ်အလာများ ပြန်လည်ပေါ်ထွန်းလာသည်ဟု

www.dhammaransi.com

နဝဗုဒ္ဓပူဇနိယကျမ်း၊ သဒ္ဓနဝိလာသိနီကျမ်းတို့က ထိုအကြောင်း ဖော်ပြကြသည်။ ဤတွင် အကျယ်မရေးသာပါ။ ထိုအကြောင်းကို စာစောင်များတွင် ဆောင်းပါးများ၊ ရေးသားချက် ရှိပါသည်။ ရှာဖွေဖတ်ရှု၍ ဗဟုသုတ ရှာမှီးနိုင်ပါစေသတည်း။

*

## သတ္တဝါအနန္တ

မေး။ ။ အရှင်ဘုရား၊

ဘုရားတစ်ဆူ တစ်ဆူပွင့်လျှင် သတ္တဝါများ မရေ မတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည်။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်များအတွက် ကျွတ်တမ်းဝင်ကြသော သတ္တဝါအရေအတွက် အလွန်များပြားလှပါမည်။ ဤသို့ဆိုလျှင် သတ္တဝါများ မရေမတွက်နိုင်အောင် လျော့နည်းသွားမည်ဟု ယူဆရပါသည်။ သို့သော် ကမ္ဘာ့လူဦးရေမှာ အလွန်အမင်း တိုးပွားနေသောကြောင့် လူဦးရေတိုးပွားမှု ထိန်းချုပ်ရန်ပင် ဆောင်ရွက်နေရပါသည်။ ထိုကိစ္စကို ဘာသာခြားများက မေးမြန်း၍ မည်သို့ဖြေရှင်းရမည်ကို သိရှိနိုင်အောင် မေတ္တာရှေ့ထား ဖြေကြားတော်မူပါဘုရား။

ဦးမောင်ဦး၊ တောင်ငူ။

ဖြေ။ ။ အနန္တ လေးပါးတွင် သတ္တဝါအနန္တ ဟူ၍ ရှိပါသည်။ သတ္တဝါတို့၏ အရေအတွက်ကို မရေတွက်နိုင်ပါ။ သတ္တဝါတို့တွင် လူသည် အနည်းဆုံးဖြစ်ရာ သန်းပေါင်းခြောက်ထောင်ခန့်မျှသာ ရှိပါသည်။ လူဦးရေထက် တိရစ္ဆာန်ဦးရေ၊ ထို့ထက် ပြိတ္တာဦးရေ၊ ထို့ထက် ငရဲသူဦးရေတို့က အဆင့်ဆင့် များပြားပါသည်။ အဝီစိငရဲကြီးသည် အလျားအနံ ယူဇနာတစ်သောင်းကျယ်ရာ ထိုငရဲအတွင်း၌ နှမ်းအိတ် နှမ်းကျည်တောက်တွင် နှမ်းများ အကြားမရှိ ပြည့်နေသကဲ့သို့ သတ္တဝါများ ပြည့်နေပါသည်။

www.dhammaransi.com

ထို့အတူ အခြားငရဲများ ဤစကြဝဠာမှတစ်ပါး အခြားစကြဝဠာများမှ ငရဲများ စသည် စသည် စဉ်းစား၍ ဤသတ္တဝါတို့ထဲမှာ အကုသိုလ်ကံ ကုန် ကုသိုလ်ကံဟုန်ရ၍ လူ့ဘဝသို့ ဖြစ်လာနိုင်သော သတ္တဝါများကို စဉ်းစားလျှင် သတ္တဝါအနန္တကို မြတ်စွာဘုရားအပေါင်းအနန္တက တရား ဓမ္မဟော၍ ကုန်နိုင်၊ မကုန်နိုင် ထည့်စဉ်းစားသင့်ပါသည်။ အနန္တ များပြား လှသော ငရဲသတ္တဝါများကို မစဉ်းစားပါလင့်ဦး၊ လူ့ရွာတစ်ရွာရှိ ပိုးပုရွက် ခြပုန်းစသော အင်းဆက်သတ္တဝါများနှင့်ပါ လူတို့နှင့် နှိုင်းယှဉ် ကြည့်လျှင် လူဦးရေသန်းပေါင်းခြောက်ထောင်ဆိုသည်မှာ ဘာမျှမပြောပလောက်ဟူ သည်ကို သဘောပေါက်သင့်ပါကြောင်း ဖြေလိုပါသည်။

*

## ကိုယ်လက်သန့်စင်တရားထိုင်လျှင်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သည် အိမ်ထောင်သည်ဖြစ်၍ အလုပ် ကိစ္စတို့ဖြင့် မအားမလပ်ပါ၍ တရားထိုင်လိုသော်လည်း မထိုင်နိုင်ပါ။ ည တစ်ရေးနိုး ချိန် တစ်နာရီနှင့် နှစ်နာရီ သုံးနာရီတို့တွင် နိုးခိုက် အိပ်ရာမှထ၍ ဘုရား ခန်း၌ ပုတီးစိပ် တရားထိုင်ပါသည်။ လူခြေတိတ်၍ အလွန်ကောင်းပါ သည်။ သို့သော် ကိုယ်လက်မသန့်စင်၍ သင့်၊ မသင့် ကောင်း၊ မကောင်း အကျိုးရှိ၊ မရှိ ဖြေကြားပေးတော်မူပါဘုရား။

မလှကြည်၊ တောင်ဥက္ကလာပမြို့။

ဖြေ။ ။ သတိပဋ္ဌာန်တရားကို အားထုတ်ရာ အချိန်တိုင်းပင် အားထုတ်သင့်

ကြောင်း၊ စားစဉ် သောက်စဉ် သွားစဉ်လာစဉ် ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ် သွားစဉ်မှာပင် အားထုတ်သင့်ကြောင်း "အသိတေ ပီတေခါယိတေ သာယိ တေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရ ပဿာဝ ကမ္မေသမ္ပဇာနကာရီ ဟောတိ" စသည်ဖြင့် မြတ်စွာဘုရား ဟောထားပါ

www.dhammaransi.com

သည်။ ထို့ကြောင့် တရားကို မည်သည့်အချိန်၊ မည်သည့်အခါမဆို ထိုင်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## သားသမီးမရအောင် လုပ်မိသော်

မေး။ အရှင်ဘုရား၊

တပည့်တော်သည် ဗုဒ္ဓဘာသာသို့ မကူးပြောင်းမီ သားသမီးမရရှိအောင် လုပ်ဆောင်ထားသူ ဖြစ်ပါသည် ဘုရား။ ဤအကြောင်းနှင့် ဆက်နွယ်၍လည်း တပည့်တော် ဗုဒ္ဓဘာသာဝင် ဖြစ်လာရခြင်း ဖြစ်ပါသည် ဘုရား။ တပည့်တော် သိလိုသည်မှာ ယခုလို သားသမီးမရှိအောင် ပြုလုပ်ထားပြီးပါက ရဟန်းအဖြစ် ရနိုင်၊ မရနိုင်။ ရဟန်းအဖြစ်မရနိုင်ပါက နောင်အထုံပါစေရန်အတွက် ကိုရင်ကြီးအဖြစ် ဝတ်နိုင်၊ မဝတ်နိုင် ဖြေကြားပေးစေလိုပါသည်ဘုရား။ ဤမေးခွန်းသည် တပည့်တော်အတွက် အလွန်အရေးကြီးလှပါသည်။ သံသယဒုတ်ကြီး စူးဝင်နေပါ၍ အရှင်ဘုရားသာလျှင် တပည့်တော်၏ ဘဝအပြောင်းအလဲကို ဖန်တီးနိုင်မည် ဖြစ်ပါသဖြင့် တပည့်တော်၏ သံသယဒုတ်ကြီးကို နုတ်ပေးတော်မူပါဘုရား။

မင်းလွင်၊ ပျဉ်းမနား။

ဖြေ။ ။ သားသမီးမရအောင် လုပ်ဆောင်ခြင်းဟူရာ၌ အကြောဖြတ်ခြင်းကို ဆိုလိုဟန်တူသည်ဟု ယူဆပါသည်။ ရဟန်းခံရာ၌ "ပုရိသောသိ" သင်သည် ယောက်ျားစင်စစ် အမှန်ဖြစ်လေသလောဟု မေးစစ်ပါသည်။ ယောက်ျားစင်စစ်ဟူသည်မှာ အင်္ဂါဟူသော ဆေးဓာတ်ကြစ်လုံးရှိသူ ဖြစ်ရပါမည်။ အကြောင်းအမျိုးမျိုးကြောင့် လိင်တံကိုဖြတ်ထားသူ ဖြစ်လင့်ကစား အင်္ဂါစုံပါလျှင် ယောက်ျားစင်စစ် ဖြစ်ပါသည်။ ထို့ကြောင့် သားသမီးမရအောင် ဆေးစားခြင်း၊ အကြောဖြတ်ခြင်းများကြောင့် ယောက်ျားဘဝ

ဆုံးရှုံးမသွားပါ။ ယောက်ျားဘဝ မဆုံးရှုံးလျှင်လည်း ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရနိုင်ပါသည်။

*

## ကျေးဇူးတရား

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရားသည် မယ်တော်မိနတ်သားကို ကျေးဇူးဆပ်ရာ၌ နို့တစ်လုံးဖိုးသာ ကျေသည်ဟု ပြောနေကြရာ မှန်၊ မမှန် ကျမ်းဂန် ထောက်၍ ဖြေကြားပေးတော်မူပါဘုရား။

မိုးဇော်၊ ရန်ကုန်။

ဖြေ။ ။ သားသမီးတို့သည် မိဘကျေးဇူးကို သာမန်ဆပ်၍ကား မကျေနိုင်။

တစ်သက်ပန် ပတ်လုံး မိကိုလက်ယာ၊ ဖကိုလက်ဝဲ ပခုံးနှစ်ဖက်ပေါ်တင်၍ ပခုံးပေါ်မှာပင်စား၊ ကျွေးမွေး၊ အညစ်အကြေး စွန့်စေ၊ အမြဲမသွေ လုပ်ကျွေးနေသော်လည်း မကျေနိုင်။ သို့သော် ထိုမိဘတို့ မိစ္ဆာအယူကို စွန့်စေ၍ ရတနာသုံးပါး၊ ကံ ကံ၏ အကျိုးတရားကို ယုံကြည်လာအောင် ဟောပြောနိုင်လျှင်ကား ကျေးဇူးကျေနိုင်သည်ဟု ဟောကြားထားချက် မာတုပေါသကသုတ် ရှိပေသည်။ မြတ်စွာဘုရားသည် မယ်တော် သန္တုဿိတ နတ်သားကို တရားဟော၍ သောတာပန် တည်စေခဲ့သည်။ ယင်းကိုထောက်၍ နို့တစ်လုံးဖိုးသာ ကျေသည်ဟူသော စကားကို မမှတ်သားထိုက်ပါ။

*

## ဘုရားအနေကဇာတင်ခြင်း

မေး။ ။ အရှင်ဘုရား၊

အိမ်တွင် ဘုရားကိုးကွယ်ရာ၌ ဘုရားအနေကဇာတင်ပြီး ကိုးကွယ်မှသာ ဘုရား၏ ကိုယ်ပွားဖြစ်ပြီး ကိုးကွယ်ရာ၌လည်း ပိုပြီး အကျိုး

www.dhammaransi.com

သက်ရောက်ကြောင်း မိတ်ဆွေများက ပြောပါသည်။ တပည့်တော်မ၏အိမ်တွင် ဘုရားရုပ်ပွားတော်တစ်ဆူ၊ ရှင်ဥပဂုတ္တကိုယ်တော်တစ်ပါးနှင့် ကျိုက်ထီးရိုးဆံတော်ရှင်ပုံစံ ဘုရားတစ်ဆူ ရှိပါသည်။ ယင်းဘုရားများကို အနေကဇာ မတင်ရသေးပါ။ နေ့စဉ် နံနက်၊ ညသောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် မပြတ်ပူဇော်ပါသည်။ ဘုရား၊ တရားအပေါ် မှာလည်း ယုံကြည်သက်ဝင်မှု ရှိပါသည်။ တပည့်တော်မ မိတ်ဆွေများပြောသလို အနေကဇာ မတင်သည့်အတွက် တပည့်တော်မ၏ ကိုးကွယ်ယုံကြည်မှုမှာ ဘာမှ အကျိုးမရှိနိုင်ဘူးဆိုသည်မှာ ဟုတ်ပါသလား။ အနေကဇာ မတင်သည့်အတွက် အသက်မရှိတဲ့ ရုပ်တုသဘောသာ ဖြစ်နေလိမ့်မည်ဟု မိတ်ဆွေများ၏ပြောစကား မှန်ပါသလားဘုရား။ ဘုရားအား အနေကဇာ တင်ခြင်းနှင့် မတင်ခြင်း ထူးခြားမှုကို ရှင်းလင်းဖြေကြားပေးပါဘုရား။

မမ၊ ရန်ကုန်။

ဖြေ။ ။ ဘုရားရုပ်ပွားတော် ကိုးကွယ်ရာ၌ ရုပ်ပွားတော်၊ ရုပ်ပုံတော်မှာ ရုပ်ပုံ ပီပီသသ ဘုရားပုံပေါ်လာလျှင်ပင် ကိုးကွယ်ထိုက်နေပါပြီ။ အနေကဇာတင်ခြင်းသည် အမွှမ်းတင်ပေးခြင်းသာ ဖြစ်ပါသည်။ ဘုရားရုပ်ပွားတော်အား မြတ်စွာဘုရား ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူအပ်သော ဥဒါန်းစကား ပထမဗုဒ္ဓဝစန အနေကဇာတိသံသာရံ စသော ဂါထာ၊ ယဒါဟဝေ စသော ဂါထာများဖြင့် သံဃာတော်များက ကျူးရင့်ရွတ်ဆို၍ အမွှမ်းတင်ပေးခြင်းကို အနေကဇာတင်ခြင်းဟု ဆိုပါသည်။ အနေကဇာ တင် လိုက်၍ ပိုမိုပွင့်လင်း တိုးတက် တန်ခိုးထွက်သွားမည်ဖြစ်သော်လည်း ဤသို့ အနေကဇာတင်မှ ဘုရားဖြစ်သည်ဟု မမှတ်သင့်ပါ။

ဘုရင်တစ်ပါးသည် ထီးနန်းကိုရ၍ ဘုရင်ဖြစ်လျှင်ပင် တိုင်းပြည်ကို အုပ်ချုပ်စိုးပိုင်နေပါပြီ။ ထိုသို့ ဘုရင်ဖြစ်ပြီးမှ အဘိသိက်ခံခြင်းကိုပြု

www.dhammaransi.com

သည်မှာ ပိုမိုတန်ခိုးကြီးလို၍ အမွှမ်းတင်ခြင်းသာ ဖြစ်ပါ၏။ အဘိသိက် မတင်သော်လည်း ဘုရင်ပင် ဖြစ်ပါသည်။ ဘုရားအနေကဇာတင်ခြင်းဖြင့် ဘုရားတန်ခိုး ပို၍ကြီးမြင့်ခြင်း၊ အိမ်မှာ ပိုမို၍ ကျက်သရေ မင်္ဂလာ တိုးတက်ခြင်း၊ အန္တရာယ်ကင်းခြင်း စသောအကျိုးများ ဖြစ်နိုင်သဖြင့် မြန်မာလူမျိုးတိုင်းလို ဘုရားကိုးကွယ်လျှင် အနေကဇာတင် ထုံးစံ ဖြစ်နေ ပါသည်။

ပြဿနာရှင်အနေဖြင့် ရုပ်ပွားတော် ရှင်ဥပဂုတ္တပုံတော်နှင့် ကျိုက် ထီးရိုးဆံတော်ရှင်ပုံစံ တို့တွင် အနေကဇာတင်လိုက ရုပ်ပွားတော်တစ်ဆူ ကိုသာ အနေကဇာတင်ပါ။ ရှင်ဥပဂုတ္တမှာဘုရားမဟုတ်၍လည်းကောင်း၊ ကျိုက်ထီးရိုးပုံတော်မှာ စေတီတော်၏ ပုံတူမျှသာ ဖြစ်၍လည်းကောင်း အနေကဇာ မတင်သင့်ပါ။ ရုပ်ပွားတော်အား အနေကဇာတင်၍ ကိုးကွယ် မည်ဆိုပါက ပိုမို၍ အိမ်မှာ ကျက်သရေပွင့်လင်းလာပါလိမ့်မည်။

*

## ဆိတ်တစ်ကောင်ကို သတ်၍

မေး။ ။ အရှင်ဘုရား၊

ရှေးက အမျိုးသမီးတစ်ဦး အိမ်လာသော ဧည့်သည်ကို ကျွေးစရာ မရှိဟုဆိုကာ မွေးမြူထားသည့် ဆိတ်ကိုသတ်၍ ကျွေးမိရာ သေသော် ငရဲ၌ ကြာမြင့်စွာ ခံရပြီး လွတ်ပြန်သော် သတ်ခဲ့သည့် ဆိတ်၏ကိုယ်မှ အမွေးတို့နှင့်အမျှ ဆိတ်ဘဝနှင့် အသတ်ခံရသည်ဟု ဖတ်ဖူးပါသည်။ သီလမရှိသည့်တိရစ္ဆာန်များကို သတ်ခြင်းသည် ဤသို့အတိုင်းအဆအတိုင်း ခံရသည်မှာ ဖြစ်နိုင် မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား။

ဦးမင်းပျို၊ တောင်ကြီးမြို့။

ဖြေ။ ။ အသတ်ခံရသော သတ္တဝါ၏ဂုဏ်ရှိဂုဏ်မဲ့အလိုက် ငရဲ၌ အပြစ် ကြီးသေး ကွာခြားသည် မှန်သော်လည်း စေတနာသည် ကံဖြစ်၍

www.dhammaransi.com

သတ်စဉ်က စေတနာအားကြီးလျှင်လည်း အပြစ်ကြီးတော့သည်။ ကုသိုလ်မှာလည်း ဥပမာဒါနတွင် အလှူဝတ္ထုနည်းသော်လည်း စေတနာအားကြီးလျှင် ပန်းတစ်ပွင့်ဖြင့် ကမ္ဘာများစွာ၊ ဘဝများစွာ အကျိုးပေးနိုင်သည်။ အကုသိုလ်တွင်လည်း ဆိတ်ကဲ့သို့ တိရစ္ဆာန်ကိုသတ်သော်လည်း သတ်စဉ်အခိုက်က သေစေလိုသော စေတနာ အလွန်အားကြီးနေပါလျှင် အပြစ်ကြီးနိုင်ပါသည်။ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသော ဘုရားဟောဒေသနာတော်ကို သတိပြုရန် ဖြေကြားလိုပါသည်။

*

## ဗုဒ္ဓဂယာ ဘုရားဖူးများ

မေး။ ။ အရှင်ဘုရား၊

အချို့ဒါယကာများသည် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ရရုံနှင့် အပါယ်မလားနိုင်တော့ကြောင်း (အပါယ်သို့ မရောက်ရတော့ကြောင်း) သူတို့ကိုယ်သူတို့ ယုံကြည်၍ ပြောတတ်သည်ကို ကြားနေရပါသည်။ ၎င်းတို့ပြောဆိုသော စကားရပ်သည် ဖြစ်နိုင် မဖြစ်နိုင်၊ ဟုတ်နိုင် မဟုတ်နိုင် ဆရာတော်အနေဖြင့် လိုရင်းတိုရှင်း သာဓက တိတိပပပြကာ ရှင်းလင်းဖြေကြားပေးပါရန် လျှောက်ထားပါသည်ဘုရား။

ဦးပိဋကဝံသ၊ မော်လမြိုင်မြို့။

ဖြေ။ ။ ဒီဃနိကာယ် မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်တွင် "စတ္တာရိမာနိ အာနန္ဒသဒ္ဓဿ ကုလပုတ္တဿ ဒဿနိယာနိ သံဝေဇနိယာနိ ဌာနာနိ"စသည်ဖြင့် သံဝေဇနီယလေးဌာန ရှိကြောင်း၊ ၎င်းမှာ (၁) မြတ်စွာဘုရား ဖွားတော်မူရာဌာန၊ (၂) ဘုရားဖြစ်တော်မူရာဌာန၊ (၃) ဓမ္မစကြာတရား ဟောတော်မူရာဌာနနှင့် (၄) ပရိနိဗ္ဗာန်ဝင်စံတော်မူရာဌာန၊ ဤလေးဌာနတို့ကို သွားရောက်ဖူးမြော်ကာ ဤနေရာတွင် တို့ဘုရား ဖွားတော်မူသည်။ ဘုရားဖြစ်တော်မူသည်။ ဓမ္မစကြာတရားကို ဟောတော်မူသည်။

www.dhammaransi.com

ပရိနိဗ္ဗာန်ဝင်စံတော်မူသည်ဟု လှည့်လည်ဖူးမြော်၍ သံဝေဂယူကြလျှင် "အာနန္ဒစေတိယ စာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံကရိဿန္တိ၊ သဗ္ဗေတေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂလောကံ ဥပပဇ္ဇိဿန္တိ" ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ သုဂတိဘဝ နတ်ပြည်လောကသို့ ရောက်ကြရကုန်လတ္တံ့ဟု ဟောတော်မူထားချက် (ဒီ ၂၊ ၁၁၆) တွင် အထင်အရှား ရှိပါသည်။ ပသန္နစိတ္တာ ကာလံကရိဿန္တိဟု ဆိုထားသဖြင့် ထိုလေးဌာနကို သွားရောက်ရုံမျှမက အမြဲတမ်း ကြည်ညိုစိတ်ရှိနေလျှင် သေသည်မှနောက် အပါယ်မလားဟု ဆိုသဖြင့် ရာသက်ပန် ကြည်ညိုနေရန်လည်း လိုအပ်ပါသည်။ ရောက်ရုံရောက်၍ မေ့မေ့ပျောက်ပျောက်နေသူများအတွက်မူ အကျိုးဝင် မဝင် စဉ်းစားရန် ဖြစ်ပါသည်။

*

## ပါဠိအမှား အမှန်ပြင်ပေးရန်

မေး။ ။ အရှင်ဘုရား၊

အောက်ပါပါဠိများ အမှား အမှန် ပြင်ဆင်ပေးပါဘုရား။

၁။ သတ္တာဒေဝ မနုဿနံ

၂။ ဒွါဒဿဋ္ဌ သဟာဿကေ

၃။ တေရသာနမာမိ

နှုတ်တက်နေ၍ ဤသို့ အမှားရွတ်ဆိုနေပါသည်။ အမှန်ပြင်ဆင်ပေးတော်မူပါဘုရား။ (ကျယ်ကျယ်ဝန်းဝန်း ရေးသားမေးမြန်းထားရာ လိုရင်းကိုသာ ထုတ်ပြထားသည်။)

ဦးမောင်အုန်း၊ သံတွဲမြို့။

ဖြေ။ ။ ၎င်းပါဠိများ၏ အမှန်မှာ

၁။ သတ္ထာဒေဝ မနုဿာနံ

၂။ ဒွါဒသဋ္ဌ သဟာသကော

၃။ သိရသာ နမာမိ တို့ဖြစ်ပါသည်။ (၁) မှာ ဒေဝမနုဿာနံ= နတ်လူတို့၏။ သတ္ထာ=ဆရာ။ (၂)မှာ ဒွါဒသဋ္ဌသဟဿကော=တစ်သိန်း နှစ်သောင်း။ (၃) မှာ သိရသာ=ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ= ရှိခိုးပါ၏ဟူ၍ ဖြစ်ပါသည်။

*

## မိဘစတဲ့ ကျေးဇူးရှင်များအပေါ် ကျေးဇူးဆပ်နည်း

မေး။ ။ အရှင်ဘုရား၊

မိဘများ အသက်ထင်ရှားရှိစဉ်က အခြေအနေ မပေး၍သော်လည်း ကောင်း၊ မလိမ္မာ၍သော်လည်းကောင်း၊ ကျေးဇူးမဆပ်မိဘဲ မိဘများ ကွယ်လွန်သွားခဲ့လျှင် သတိရ၍ လိမ္မာလာသည့်အခါ ကောင်းမှုကုသိုလ် ပြုလုပ်ပြီး ကွယ်လွန်သွားသော မိဘများအား ရည်ညွှန်း အမျှပေးဝေခြင်း ဖြင့် ကျေးဇူးဆပ်နိုင်ပါသလား။ တမလွန်ဘဝ ပြောင်းသွားသည့်ပုဂ္ဂိုလ် များကို ရည်ညွှန်းအမျှပေးဝေလျှင် တမလွန်ဘဝက ပုဂ္ဂိုလ်များ ရ၊ မရ သိလိုပါ၍ ဖြေကြားပေးပါဘုရား။

မလှဉမ္မာ၊ ထီးချိုင့်မြို့။

ဖြေ။ ။ သားသမီး ဝတ္တရားတွင် မွေခံထိုက်စေ လှူမျှဝေ၍ ဟု ပါရှိသည့် အတိုင်း တမလွန်ဘဝသို့ ပြောင်းသွားသော မိဘများအတွက် အလှူဒါနပြုလုပ်၍ အမျှပေးဝေရခြင်းမှာ သားသမီးတို့၏ ကျေးဇူးဆပ် နည်းပင် ဖြစ်ပါသည်။ အမျှပေး၍ ရ၊ မရမှာ တမလွန်ဘဝသို့ ရောက်ရှိနေ သူက အမျှရယူ သာဓုခေါ်ဆိုနိုင်သော ဘဝ (ပရဒတ္တူပ ဇီဝိက ပေတာဘဝ မျိုးစသည်)ဖြစ်လျှင် သာဓုခေါ်၍ ကုသိုလ်အဖို့ကို ရနိုင်ပါသည်။ ၎င်းတို့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျန်ရစ်သူသားသမီးတို့၏ တာဝန်မှာ ကုသိုလ်ပြု အမျှဝေရမည်သာဖြစ်၍ မပြုမနေ ပြုလုပ်ရမည့် ဝတ္တရားရှိ

www.dhammaransi.com

ပါသည်။ တစ်ကြိမ်တစ်ခါသာ မဟုတ်။ ရာသက်ပန် ကုသိုလ်ပြု၊ အမှျ ဝေနေရမည်ဟု ဆိုလိုပါသည်။

*

## မြတ်စွာဘုရား၏ စကားခွန်းတော်

မေး။ ။ အရှင်ဘုရား၊

"(က) ပရမေဘုန်းကျော်၊ ဟောလှစ်ဖော်သည့်၊ နှုတ်တော်မြန် ထက်၊ လျှင်ခြင်းတွက်မူ၊ အသက်ရှိဆန်း၊ လူဗိုလ်ဝန်းတို့ တစ်ခွန်းဟ ကာ၊ ကျေးတို့မှာမူ၊ လျှင်စွာလေးဆ၊ ရှုရှုပီထွေ၊ ဆိုနိုင်ချေ၏။ ပြစ်ပြေ လျှင်မြန်၊ ရှင်အာနန်ကား၊ အမှန်ရှစ်ချက်၊ ကျေးထက်တက်၏။ အဖက် မရှိ၊ မြတ်မုနိကား လျှင်ဘိတုံစွာ၊ အာနန္ဒာထက်၊ သိသာလှလွန်း၊ ဆယ့် ခြောက်ခွန်းဖြင့်၊ ဖြန်းဖြန်းမိန့်နိုင်၊ လျှင်ခေါင်တိုင်၏၊ ဖြိုးလှိုင်များထွေ၊ လျှင်ခြင်းရေမူ၊ ဗိုလ်ခြေအဝန်း၊ လူမည်ဆန်းထက်၊ အခွန်းဆယ့်နှစ် ငါးရာဖြစ်၏။"

(ခ) တစ်ရာ့တစ်ပါး၊ လူမျိုးများတို့၊ စကားတစ်ခွန်း၊မြွက်ဆိုညွှန်း က ၊ ရှစ်ခွန်းအာနန်၊ မိန့်လျှင်မြန်၏၊ အာနန်ထေရ်ကျော်၊ တစ်ခွန်းသော် မူ၊ ရှင်တော်ဘုရား၊ လျှင်လျှားတုမဲ့၊ တစ်ဆယ့်ခြောက်လီ၊ ခွန်းထပ်မီ၏။ လောကီလူများ၊ တစ်ခွန်းအားမူ၊ ဘုရားလူ့ဘာ၊ မုနိန္ဒလျှင်၊ တစ်ရာ့ နှစ်ဆယ်၊ ရှစ်ခွန်းကယ်၏"

ဗုဒ္ဓဝင်စာအုပ်မှ ဘုရားရှင်၏ စကားတော် လျှင်မြန်ခြင်းမှာ လောကီလူများထက် ငါးရာတစ်ဆယ့်နှစ်ခွန်း ဖြစ်ပါသည်ဘုရား။ သို့သော် ပဋ္ဌာန်းအရကောက်စာအုပ်မှ ဘုရားရှင်၏ စကားတော်လျှင်မြန်ခြင်းမှာ လောကီလူများထက် တစ်ရာနှစ်ဆယ့်ရှစ်ခွန်း ဖြစ်ပါသည် ဘုရား၊ ဤ စာပိုဒ်နှစ်ပိုဒ်တွင် ဘယ်စာပုဒ်ကမှန်သည်ကို ဖြေကြားပေးတော်မူပါဘုရား။

မကျင်ရီ၊ ကြို့ပင်ကောက်မြို့။

www.dhammaransi.com

ဖြေ။ ။(က) စာပိုဒ်မှာ ဓမ္မရာသီပျို့မှလာသော စာပိုဒ်ဖြစ်သည်။ (ခ) စာပိုဒ်မှာ သာရတ္ထဒီပနိဋီကာ (၂၊ ၁၁) ပထမပါရာဇိက သုဒိန္နဘာဏ ဝါရလာ ဟိတ်ပါဠိအရ စိကုံးထားချက် ဖြစ်သည်။ (က)စာပိုဒ်အရ ကျေး(တမိလ်)တို့သည် ပကတိလူတို့ထက် လေးဆမြန်သည်။ ကျေး ၁ ခွန်း၊ အရှင်အာနန္ဒာ ၈ ခွန်း၊ အရှင်အာနန္ဒာ ၁ ခွန်း၊ မြတ်စွာဘုရား ၁၆ ခွန်း၊ မြွက်ကြားနိုင်၍ ပကတိလူ ၁ ခွန်းလျှင် မြတ်စွာဘုရား ၅၁၂ ခွန်း မြွက်ကြားနိုင်သည်ဟု ဓမ္မရာသီပျို့ဆရာ ရေးစပ်ခဲ့၏။ (ခ)စာပိုဒ်မှာ"ယာဝတာ ဟိ လောကိယမဟာဇနော ဧကံ ပဒံ ကထေန္တိ၊ တာဝ အာနန္ဒတ္ထေရော အဋ္ဌ ပဒါနိ ကထေတိ၊ အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိ ကထေတိ" (သာရတ္ထ ၂၊ ၃၁)လာအရ စိကုံးထားခြင်းဖြစ်၍ မူလပဏ္ဏာသ အဋ္ဌကထာ စသော ကျမ်းကြီးကျမ်းခိုင်နှင့် ညီညွတ်သောစာပိုဒ် (ခ)လာ စကားကို မှတ်သားသင့်ပါသည်။ အကျယ် မရေးတော့ပါ။

*

## ကျန်းမာခြင်းသည် လာဘ်တစ်ပါးပါဠိ

မေး။ ။ အရှင်ဘုရား၊

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟူသော ပါဠိကို အာရောဂျ ပရမာ လာဘာ ဟူ၍လည်းကောင်း၊ အာရောဂျံ ပရမံ လာဘံဟူ၍လည်းကောင်း နှစ်မျိုး ပြောဆိုနေသံ ကြားရပါသည်၊ မည်သည်က အမှန်ဖြစ်သည်ကို ဖြေကြားစေလိုပါသည် ဘုရား။

ဖိုးညိုမြ (ကယားရိုးမ)

ဖြေ။ ။ ဓမ္မပဒပါဠိတော် သုခဝဂ်၊ ပသေနဒိကောသလဝတ္ထုပါ ဂါထာမူရင်းမှာ "အာရောဂျ ပရမာ လာဘာ"ဖြစ်ပါသည်။ အပြောများ၍မြန်မာသံဖြင့် ကာရံလိုက်ပြီး အာရောဂျံ ပရမံ လာဘံ ဟူ၍ ဖြစ်နေပါ

www.dhammaransi.com

သည်။ ထို့ပြင် အာရောဂျကိုလည်း 'အာရောက်ဂျ'ဟူ၍ လျှာလိပ်သံဖြင့် အသံမှန် ဖတ်ကြရန်လည်း သတိပြုကြစေလိုသည်။

*

## သေသူအပေါ် သဘောထား ကြော်ငြာပုံ

မေး။ ။ အရှင်ဘုရား၊

ဘယ်သူ ဘယ်ဝါ ဘယ်ရက်နေ့တွင် ကွယ်လွန်ခြင်းအပေါ် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ကြော်ငြာများကို သတင်းစာများတွင် တွေ့ရှိနေရပါသည်။ သို့သော် မည်သည့်ဆရာတော် ပျံလွန်တော်မူသွားသဖြင့် ဝမ်းနည်းကြောင်းကိုကား မဖတ်ရပါ။ ဤကိစ္စကို ထေရဝါဒီများအဖို့ ဘဝင်မကျနိုင် ရှိနေ၍ ဖြေကြား ပေးတော်မူပါဘုရား။

ဦးဘာသာ၊ တောင်ကြီး။

ဖြေ။ ။ ဆရာတော်များ ပျံလွန်တော်မူ၍ လူ ဒကာ၊ ဒကာမများက ဝမ်းနည်းကြေကွဲကြောင်း ကြော်ငြာခြင်းမျိုးကား ထုံးတမ်းစဉ်လာ မရှိ၍ မကြေညာကြသော်လည်း နိုင်ငံတော် ဩဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စသော ဆရာတော် များ ပျံလွန်တော်မူရာ၌ သံဃာတော်များက 'ဓမ္မ သံဝေဂဖြစ်၍ မှတ်တမ်း တင်ပါကြောင်း' ကြေညာချက်တို့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးတိုင်း၌ ဖတ်ကြားတော်မူကြသည်ကို အမြဲပင် ကြားသိနေရ ပါသည်။

*

## ခြသေ့ရုပ်တု

မေး။ ။ အရှင်ဘုရား၊

ဘုရားမှာရှိသော ခြသေ့ရုပ်များ၏ သမိုင်းကြောင်းမှာ သီဟဗာဟု မင်းက သူ့ဖခင်ခြသေ့ကို သတ်မိ၍ ကန်တော့လိုသောကြောင့် ပြုလုပ်ထား

www.dhammaransi.com

ကြောင်း ဆောင်းပါးတစ်ပုဒ်တွင် ဆိုပါသည်။ ထိုဆိုထားချက် မှန် မမှန် ဖြေကြားပေးတော်မူပါဘုရား။

မောင်မိုးဆောင်း၊ ဖျာပုံ။

ဖြေ။ ။ ထိုသီဟဗာဟုဝတ္ထုကြောင်းဖြင့် ခြင်္သေ့ရုပ်တု သမိုင်းကြောင်းကို အပြောများကြပါသည်။ ဆီလျော်သလိုလည်း ရှိပါသည်။ သို့သော် ခြင်္သေ့၊ ဆင်၊ မြင်းနှင့် နွားလားဥသဘဟူ၍ တိရစ္ဆာန် အာဇာနည်လေးမျိုး ရှိရာတွင် အကာအကွယ် အစောင့်အရှောက်အနေဖြင့် ထိုအာဇာနည်လေး မျိုး ရုပ်တုတို့ကို အသောကမင်းကြီး အသုံးပြုခဲ့ပါသည်။

အိန္ဒိယပြည် ဌာနများစွာတွင် ထိုအာဇာနည်လေးမျိုးရုပ်တုများ ထားခဲ့သည်ကို တွေ့နိုင်ပါသည်။ မြန်မာလူမျိုးတို့သည် ခြင်္သေ့ အာဇာနည် ကို အများအပြား သုံးစွဲပါသည်။ ဘုရား တန်ဆောင်းအဝင်ဝ ကျောင်း အာရာမ်စသည် မုခ်ဝများ၌ ဝင်လာသူများဘက်သို့ မျက်နှာလှည့် မာန် ခြင်္သေ့အနေဖြင့် တည်ဆောက်ထားပုံကို ကြည့်လျှင် အကာအကွယ် အဆီး အတားအဖြစ် ရည်ရွယ်ကြောင်း သိသာပါသည်။ ရှိုးကန်တော့ရန် ထုလုပ် သည်ဆိုလျှင် ဘုရားအနီးတွင်သာ ဝပ်လျက် အနေအထားဖြင့် ထုလုပ်မည် ဟု ယူဆနိုင်ပါသည်။

*

## ဆွမ်းတော်တင်နှင့် သံဃာဆွမ်း

မေး။ အရှင်ဘုရား၊

အချို့စာအုပ်များ၌ ဘုရားဆွမ်းတော်ကို သာမန်လူများ မစား ကောင်းပေ။ ဘုရား (စေတီ)ကို အလုပ်အကျွေးပြုသူနှင့် ဖုန်းတောင်း ယာစကာတို့သာ စားနိုင်သည်ဆိုသည်မှာ ဟုတ်ပါသလားဘုရား။ သံဃာ တော်များထံမှလည်း အမိအဖ အလုပ်အကျွေးပြုသူ စသည်တို့ မဟုတ်ခဲ့ပါ လျှင် သံဃာတော်များက ကျွေးသော်လည်း မစားကောင်းဟု ဆိုသည်မှာ

www.dhammaransi.com

ဟုတ်မှန်ပါသလားဘုရား။ ဤပြဿနာကို ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ဦးဝေမောင်လွင်၊ မြောက်ဥက္ကလာပ။

ဖြေ။ ။ ဘုရားဝေယျာဝစ္စပြုလုပ်သူများ ဆွမ်းတော်တင်ကို စားကောင်းကြောင်း ဆိုပါသည်။ သံဃာတော်များကလည်း ကျောင်းသို့ မိမိတို့ ဆွမ်းစားနေစဉ် ရောက်လာသော ဧည့်သည်များကို ဝေဖန်ခွဲခြမ်း၍ ကျွေးမွေးကောင်းပါသည်။ မိဘ၊ မိဘ၏ အလုပ်အကျွေး၊ ကျောင်းသားရှင်လောင်း, မင်းစိုးရာဇာ၊ ခိုးသားဓားပြများကိုလည်း အခါအားလျော်စွာ ကျွေးမွေးနိုင်ပါသည်။

*

## ဂိလာနအရ လူပုဂ္ဂိုလ် လူမမာ ပါ မပါ

မေး။ ။ အရှင်ဘုရား၊

"ယောဘိက္ခဝေ၊ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ" "ချစ်သားတို့၊ ငါ့ကို လုပ်ကျွေးလိုသူသည် ဂိလာနပုဂ္ဂိုလ်ကို လုပ်ကျွေးရာ၏"ဟု ဘုရားဟောရှိသည်ဟုဆိုပါသည်။ ထိုတွင် ဂိလာနပုဂ္ဂိုလ်ဟူသည်မှာ ရဟန်းဂိလာနကိုသာ ဆိုပါသလော။ လူဂိလာနများလည်း ပါပါသလော။ သိလို၍ ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

ဆရာဝန်တစ်ဦး

ဖြေ။ ။ ထိုယောဘိက္ခဝေ စသော ပါဠိတော်မှာ ဝိနည်းမဟာဝါ ပါဠိတော် ဂိလာနဝတ္ထု ကထာ (ဝိ ၃၊ ၄၁၇)လာ စကားရပ်ဖြစ်ရာ သစေ ဥပဇ္ဈာယော ဟောတိ ဥပဇ္ဈာယေန ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော (ဥပဇ္ဈာယ်ဆရာရှိလျှင် ဥပဇ္ဈာယ်ဆရာက တစ်သက်လုံး လုပ်ကျွေးရမည်) စသည် ဆက်၍ ဟောထားသဖြင့်လည်းကောင်း၊ အဋ္ဌကထာတွင် သောသံဃာဿ ဘာရော (ဝိဋ္ဌ ၃၊ ၄၁၄) စသည်ဖြင့်လည်းကောင်း ဖွင့်ဆိုထား၍ ဂိလာန

www.dhammaransi.com

အရမှာ လူပုဂ္ဂိုလ်များနှင့် မဆိုင်၊ သံဃာ (ရဟန်း)ဂိလာနများကိုသာ ဆိုလိုကြောင်း ထင်ရှားပါသည်။

*

## သာသနာငါးထောင်

မေး။ ။ အရှင်ဘုရား၊

သာသနာငါးထောင်တည်မည်ဟု မြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူပါသလား။ သာသနာ ၂၅၀၀ ကျော်လျှင် သိကြားမင်းရဲ့သာသနာဆိုတာ ဟုတ်ပါသလား။ မြတ်စွာဘုရားက သိကြားမင်းကို သာသနာ ၂၅၀၀ နောက်ပိုင်း စောင့်ရှောက်ပါဟု မှာတော်မူခဲ့ပါသလား ဘုရား။ ကျေးဇူးပြုပြီး ဖြေကြားပေးပါဘုရား။

မောင်ကြည်စိုး၊ လားရှိုးမြို့။

ဖြေ။ ။ သာသနာငါးထောင်နှင့် ပတ်သက်၍ ရှေးရှေးပဝေသဏီကပင် မေးကြ ဖြေကြ၊ ငြင်းကြခုံကြဖြင့် ဆောင်းပါးပေါင်းများစွာ ဖတ်ရှုခဲ့ရပေသည်။ သာသနာ ၂၅၀၀ ပြည့် ပွဲတော်ဖြစ်သော ၁၃၁၈ (၁၉၅၆) ခုနှစ် အချိန်ကလည်း သတင်းစာများတွင် ဆောင်းပါးပေါင်းများစွာ တွေ့ရပေသည်။ ထို့နောက် အတန်ငယ်ငြိမ်သက်နေရာမှ ယခု လားရှိုး ဦးကြည်စိုး၏ အမေးကို တွေ့ရ၍ သာသနာငါးထောင်သည် မှိန်ရာမှ လင်းလာပြန်ချေပြီ။ ထို့ကြောင့် သင့်တန်ရုံသာ ရေးသားဖြေကြားလိုက်ပါသည်။

သာသနာငါးထောင်ဟူသော ဝေါဟာရကို ၁၂၃၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရတနာပုံ နေပြည်တော် မင်းတုန်းမင်းတရားကြီးလက်ထက် အမရပူရမြို့၊ မဟာသကျသီဟတိုက်နေ ဦးဝဏ္ဏာစာရအမည်ရှိသော ပုဂ္ဂိုလ်သူမြတ်က နေတ္တိကျမ်းကို ထုတ်ဆောင်၍ သာသနာငါးထောင် ဘုရားဟောရှိကြောင်း ဟောပြောသည်ဟု ဆိုပါသည်။ ထိုပုဂ္ဂိုလ်က နေတ္တိ

ကျမ်း ၁၆ ပါးသော ဟာရတို့တွင် သာသနာဟာရဖြ အနုဇာနာမိ ဘိက္ခဝေ မမ ပရိနိဗ္ဗာနတောပဉ္စာ ပဉ္စဝဿသဟဿံ သာသနံ ပတိဋ္ဌာတုံ”ဟူ၍ ဟောတော်မူကြောင်း (အနက်မှာ ဘိက္ခဝေ=ရဟန်းတို့။ မမပရိနိဗ္ဗာန တော=ငါဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည်မှ။ ပဉ္စာ=နောက်၌။ ပဉ္စဝဿ သဟဿံ=အနှစ်ငါးထောင်။ သာသနံ=သာသနာတော်ကို။ ပတိဋ္ဌာတုံ= တည်စိမ့်သောငှာ။ အနုဇာနာမိ=ခွင့်ပြုတော်မူ၏) ဤစကားကိုထောက်၍ သာသနာငါးထောင် စကားကျယ်ပွားလာကြောင်း ပကိဏ္ဏက ဝိသဇ္ဇနာ ကျမ်းတွင် ဖော်ပြသည်။

*

## သောတာပန်နှင့် ဒိဋ္ဌိတရား

မေး။ ။ အရှင်ဘုရား၊

တပည့်တော်မ ရှိသေ့စွာ လျှောက်ထားအပ်ပါသည်။ တပည့်တော်မ ဖတ်ဖူးသော စာအုပ်များတွင် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိ။ ဤသုံးပါးကို ပယ်နိုင်လျှင် သောတာပန်ဖြစ်သည်ဟု ဖတ်ဖူးပါ သည်။ ယခင်လ မြတ်မင်္ဂလာ စာစောင်၌ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါး နှင့် ဝိစိကိစ္ဆာတစ်ပါး၊ စုစုပေါင်း ငါးပါးကို ပယ်နိုင်လျှင် သောတာပန် ဖြစ်သည်ဟု တွေ့ရပါသည်။ ထို့ကြောင့် သုံးပါးနှင့် ငါးပါး မည်သို့ကွာခြား သည်ကို ဖြေကြားပေးတော်မူပါဘုရား။

မနီနီ၊ မော်လမြိုင်။

ဖြေ။ ။ အကုသိုလ်စိတ် ၁၂ ခု၌ပါသော ဒိဋ္ဌိဂတ သမ္ပယုတ် စိတ်လေးပါးဟု ဆိုလျှင် ဒိဋ္ဌိအားလုံး အကျုံးဝင်သွားပါသည်။ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့လည်း ထိုဒိဋ္ဌိဂတသမ္ပယုတ်စိတ်တွင် ပါသွား ပါသည်။ ထို့ကြောင့် သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခု၊ ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့

www.dhammaransi.com

ပယ်သည်”ဟု ဆိုလျှင် သက္ကာယဒိဋ္ဌိ စသော ဒိဋ္ဌိအားလုံး ပါဝင်သွားကြောင်း မှတ်သားသင့်ပါသည်။ အခြားပြဿနာများနှင့် စပ်၍ မှတ်သားရန်မှာ သောတာပန်ဖြစ်သွားလျှင် သုဂတိ ဂတိမြဲသွားပါပြီ။ လုံးဝအပါယ်သို့ ကျရောက်နိုင်ခြင်း မရှိတော့ပါ။ သောတာပန်ဖြစ်ပြီးသော အရိယာပုဂ္ဂိုလ်သည် သကဒါဂါမိ စသည် အထက်မဂ်ဖိုလ်သို့သာ လားရာရှိပါသည်။ ပုထုဇဉ်ဘဝသို့ လုံးဝပြန်လည် လျှောကျခြင်း မရှိတော့ပါ။

*

## သံဃိကနှင့် ပုဂ္ဂလိကပစ္စည်း

မေး။ ။ အရှင်ဘုရား၊

သံဃာတော်များအား လှူဒါန်းထားသောပစ္စည်းများတွင် ပုဂ္ဂလိကနှင့် သံဃိကဟူ၍ နှစ်မျိုးရှိရာ ယင်းပစ္စည်းများကို သံဃာတော်က စွန့်သည်ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ လူပုဂ္ဂိုလ်များ ယူကောင်းပါသလားဘုရား။ သုံးစွဲခြင်း၊ အိမ်မှာထားခြင်းအတွက် အပြစ်ရှိသည်၊ မရှိသည်ကို သိလို၍ ဖြေကြားပေးတော်မူပါဘုရား။

မောင်သန်းဆွေ၊ စစ်ကိုင်းတိုင်း။

ဖြေ။ ။ ပုဂ္ဂလိကပစ္စည်းကို ဆိုင်ရာ ပစ္စည်းရှင်ရဟန်းတော်က စွန့်လွှတ်ပေးကမ်းလျှင် သုံးစွဲနိုင်ခွင့် ရှိပါသည်။ သံဃိကပစ္စည်းကို ရဟန်းတော်များကလည်း စွန့်လွှတ်ပေးကမ်းနိုင်ခွင့် မရှိ။ လူပုဂ္ဂိုလ်များအနေဖြင့်လည်း  လက်ခံသုံးစွဲနိုင်ခွင့် မရှိပါ။ သို့သော် ပစ္စည်းမှာ သံဃိကပစ္စည်းဖြစ်သော်လည်း သံဃာမှာ အသုံးမကျသော ပစ္စည်းမျိုးကို လှူဒါယကာက တန်ဖိုးတူဖြစ်သော ပစ္စည်းတစ်မျိုးမျိုးဖြင့် လဲလှယ်ရယူထားခြင်းမျိုးကိုကား ခြွင်းချက်အဖြစ်ထား၍ သုံးစွဲနိုင်ပါသည်။ (ပြဿနာမှာ ၄ ချက်ဖြစ်၍  အခြား ၃ ချက်ကို အကြောင်းအားလျော်စွာ ဖြေဆိုပါမည်။)

*

www.dhammaransi.com

## ပစ္စည်းရှိလျက် မသုံးရသူ

မေး။ ။ အရှင်ဘုရား၊

လောကဌ် အချို့သူတို့သည် ပစ္စည်းကောင်းရှိလျက် မသုံးဘဲ ပစ္စည်းညံ့ကိုသာ အကြောင်းအမျိုးမျိုးပြ၍ သုံးခြင်း၊ ဤသို့ ပစ္စည်းရှိလျက်နှင့် မသုံးစွဲခြင်းတို့ကို တွေ့နေရပါသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရပါသနည်း။ ကံပိုင်းဆိုင်ရာနှင့် ဆက်စပ်မှု ရှိမရှိ ဖြေကြားပေးတော်မူပါဘုရား။

/ မောင်ပိန်ကေ (ခ) ထွန်းထွန်း၊ လှိုင်ကော်။

ဖြေ။ ။ ပစ္စည်းကောင်းရှိလျက် အညံ့ကို သုံးသူ၊ ပစ္စည်းရှိလျက် မသုံးမစွဲ (တွန့်တို) သူ၊ နှမြောစေးနဲသူတို့သည် အတိတ်ဘဝက အလှူပေးခဲ့သော်လည်း အပရစေတနာ ပျောက်ကွယ်ခဲ့သူ (လှူပြီးသည့်နောက် မိမိလှူမိသည်ကို တွေး၍ နှမြောနေမိသူ)များ ဖြစ်ကြောင်း ဆိုပါသည်။ ယင်းသို့ စေတနာသုံးတန်ပျက်၍ မကောင်းကျိုးဖြစ်ရပုံကို မန်လည်ဆရာတော်က မဃဒေဝလင်္ကာ (ပိုဒ် ၂၈၅)တွင် ဤသို့ စပ်ဆိုခဲ့ပါသည်။

"ဒါနဟူသည်၊ ပြုအခုံရည်သော်၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ ထိန်းအုပ်မဆွေ၊ မတွန့်စေနှင့်၊ လှူထွေရှေ့ဖို့၊ ဉာဏ်မဲ့ချို့၍ တွန့်တိုတုံ့က၊ ပထမအရွယ်၊ နောင်ခါဝယ်ဌ်၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရပ်ဝါနှင့်၊ မဟာကုသ၊ ပဥ္စပါပီ၊ မဟောသီသို့၊ ယက္ခီယက္ခ၊ တူတမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏။ နောက်မှာ တွန့်ငြား၊ သားသမီးမဲ့၊ ချို့တဲ့ယွင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိန်နိမ့်ကျ၊ ဖြတ်တတ်ကြ၏။ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္တေနတ်နှင့် ပညတ်မည်ထုတ်၊ အပုတ္တက၊ သူဌေးစသည်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မျှော်ရှုနှိုင်းဆ၊ ထောက်အပ်စွရှင့်၊ မုဥ္စအခါ၊ တွန့်တိုပါသော်၊ အင်္ဂါရိုချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏ တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်းညှိုးရော်ရမည်ကိုကား"

www.dhammaransi.com

ယင်း၌ အပုတ္တက သူဌေးဟူသည် ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်တွင် ကုဋေပေါင်းများစွာ ချမ်းသာသော်လည်း မသုံးရက်၊ မစားရက်၊ ဆင်းဆင်းရဲရဲနေသွားရကား သားသမီးလည်း မရှိသဖြင့် သူသေသော် ကုဋေပေါင်းများစွာသော ဥစ္စာဘဏ္ဍာတို့သည် မင်းဘဏ္ဍာဖြစ်သွားရသည်။ ထိုအပုတ္တက သူဌေးသည် အပရစေတနာပျက်ကွက်ခဲ့၍ ဖြစ်ရကြောင်း ဘုရားဟောတော်မူသည်။

*

## ငါးပါးသီလ အတိုခံယူနည်း

မေး။ ။ အရှင်ဘုရား၊

ယခု အချို့ဆရာတော်များသည် ငါးပါးသီလပေးရာ၌ "အဟံ ဘန္တေ တိသရဏေနသဟ ပဉ္စသီလံ သမာဒိယာမိ"ဟုသာ ဆို၍ ငါးပါးသီလ ခံပြီးပြီဟု ဆိုပါသည်။ လူများကလည်း တိုတိုနှင့်ပြီးသဖြင့် ထိုနည်းကို ကြိုက်ကြပါသည်။ ရိုးရိုးအပြည့်အစုံဆိုတာထက် ကောင်းသည် မထင်ပါ။ ဖြေကြားရှင်းလင်းပေးစေလိုပါသည် ဘုရား။

တိုးမောင်၊ မန္တလေး။

ဖြေ။ ။ ထိုကဲ့သို့'အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ သမာဒိယာမိ'

ဟု နှုတ်မြွက်ရွတ်ဆို၍ သီလခံယူလျှင်လည်း ငါးပါးသီလကို တစ်ပေါင်းတည်း ခံယူနည်း ဖြစ်၍ သီလခံယူမှု ပြီးပါသည်။ ငါးပါးသီလ ရပါသည်။ သို့သော် ငါးပါးလုံးကို တစ်ခါတည်းခံယူသဖြင့် တစ်ပါးပျက်လျှင် ငါးပါးလုံးပျက်သည်။ အလွယ်ဆုံး မုသားဆိုမိသော် သီလငါးပါးလုံးပင် ပျက်ပါသည်။ သို့သော် အပြစ်ခံရသည်ကား မုသာဝါဒပြစ်ကိုသာ ခံရသည်။ ကျန်လေးပါးကား ပျက်သာပျက်သည်၊ အပြစ်မခံရ ဟူပါ၏။ မည်သို့ပင်ဖြစ်စေ ရိုးရိုးအပြည့်အစုံခံယူခြင်းသာ ကောင်းပါသည်။ တစ်လုံးတစ်လုံးသော အက္ခရာကို စုနစ်ကြိမ်၊ စုနစ်ကြိမ်သော ကုသိုလ်စောစိတ္တုပ္ပါဒ်တို့ဖြင့် ရွတ်ဆိုရသဖြင့် အက္ခရာများလျှင် ကုသိုလ်စောများစွာ

www.dhammaransi.com

ဖြစ်သောကြောင့် တိုသည်၊ နည်းသည်၊ အမြန်ပြီးသည်ဟူ၍ အတိုမကြိုက်သင့်၊ အပြည့်အစုံဆို၍ ခံယူခြင်းကိုသာ ကြိုက်နှစ်သက်သင့်၊ လိုက်နာသင့်ကြောင်း ဖြေဆိုလိုက်ပါသည်။

*

## ပုတီးစိပ်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်သိလိုသည်မှာ 'သက်စေ့ ပုတီးစိပ်ခြင်းအကြောင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် တချို့သူများသည် အသက် '၃၀'ဆိုလျှင် ပုတီးစေ့ '၃၀'ကို ပုတီးကုံးလုပ်က ပုတ္တီးပတ်အရေအတွက် '၃၀'ကို ရက်ပေါင်း '၃၀' စသည်ဖြင့် စိပ်ကြပါသည်။ '၁၀၈'လုံး မဟုတ်သဖြင့် ဤကဲ့သို့ စိပ်ကြသည်မှာ စိပ်ကောင်းပါသလားဘုရား။ တပည့်တော် ပုတီးစိပ်သည်မှာ စာအုပ်ထဲတွင် ဖတ်ဖူး၍ သရဏဂုံသုံးပါးနှင့် ၂၄ ပစ္စည်း ၂ ခုပေါင်း ၂၇ မျိုးကို ၄ ကြိမ်ရွတ်၍ ပုတီးတစ်ပတ်နှုန်းဖြင့် စိပ်ပါသည်။ ဤပုတီးစိပ်နည်းမျိုးကော စိပ်ကောင်းပါလား ဘုရား။ မည်ကဲ့သို့ဆို၍ စိပ်လျှင် အကောင်းဆုံးဖြစ်ပါသနည်း။ ဖြေကြားပေးတော်မူပါ ဘုရား။

မကြည်ကြည်ဝင်း၊ စစ်ကိုင်း။

ဖြေ။ ။ ပုတီးစိပ်နည်းတို့မှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ သူ့နည်းနှင့်သူ ကောင်းသည်ချည်းပင် ဖြစ်ပါသည်။ အမှန်မှာ မည်သည့်နည်းဖြင့် စိပ်သည်ဖြစ်စေ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်၌ သမာဓိရ၍ ကြည်ညိုနေရန် အရေးကြီးပါသည်။ သို့သော် ဗုဒ္ဓဘာသာတို့ ထုံးနည်းအရ '၁၀၈'လုံး ပုတီးတွင် ဘုရားဂုဏ်တော်ကို စိပ်ခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။ ပုံစံမှာ ၁၀၈ လုံး ပုတီးကို ကိုင်၍ "သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော" စသည်ဖြင့် ဘဂဝါ အထိ ဂုဏ်တော်ကိုးပါးကို ၁၂ ကြိမ် (၉ ×၁၂ လီ=၁၀၈)လုံး

www.dhammaransi.com

သို့မဟုတ် သောဘဂဝါ ဣတိပိ မထည့်ဘဲ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော စသည်ဖြင့် ဘဂဝါအထိ ဂုဏ်တော်ကိုးပါး တစ်ဆယ့်နှစ်ကြိမ်၊ တစ်ရာ့ရှစ်လုံး တစ်ပတ်, ပြု၍ တတ်နိုင်သလောက် ပုတီးပတ်သက်စေ့စသည် စိပ်ခြင်းမှာ အကောင်းဆုံးပင် ဖြစ်ပါသည်။ ဤသို့ အရဟံစသော ဘုရားဂုဏ်တော်ကို အဖန်တလဲလဲဆို၍ (နှလုံး သွင်း၍) ပုတီးစိပ်ခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်သည်။ ပုတီးစိပ်သူသည် ဘုရားရှင်၌ ရိုသေခြင်း များ၏။ တုပ်ဝပ်ကျိုးနွံခြင်း များ၏။ သဒ္ဓါသတိ ပညာ ပြန့်ပြော ၏။ ကုသိုလ်ပုည ပြန့်ပြော၏။ ပီတိပါမောဇ္ဇ များ၏။ ဘေးယံဘေးကြီး သည်းခံနိုင်၏။ ဒုက္ခကို မညည်းတွား၊ ဘုရားနှင့်အတူတကွ ငါနေရသည်ဟု အမှတ်သညာ များစွာဖြစ်၏။ ဗုဒ္ဓါ နုဿတိ ဘာဝနာ စွဲနေ ကိန်းအောင်းရာ ဤကိုယ်ခန္ဓာသည် စေတီအိမ်နှင့် တူ၏။ ပူဇော်ခြင်းငှာ ထိုက်၏။ ဘုရားအဖြစ်၌ စိတ်ညွတ်ခြင်း များ၏။ ဒုစရိုက်ဝတ္ထုကျူးလွန်စရာကြုံလျှင် ဘုရားရှင်မြင်ရသည့်အသွင် ဟိရိ ဩတ္တပ္ပ ဝင်ပေ၏။ ထိုဗုဒ္ဓါနုဿတိ ဥပစာရ ဈာန်သမာဓိ၌ တည်၍ ဝိပဿနာပွားလျှင် မဂ်ဖိုလ်ရ၏။ မရလျှင်လည်း သုဂတိဘဝသာ လားရာ ရှိ၏။ ထို့ကြောင့် ကြိုးစား၍ ပုတီး စိပ်ပါလေ။

*

## ယပ်

မေး။ ။ အရှင်ဘုရား၊

ယခု ရဟန်းတော်များသည် ဆွမ်းစားဆွမ်းခံသွားရာ၌ ယပ်များကို ကိုင်ဆောင်လေ့ရှိကြပါသည်။ ထိုယပ်များကို ကိုင်ဆောင်မှုသည် ဘုရားလက်ထက်က ရှိမရှိနှင့် ရှိခဲ့လျှင် မည်သို့ ခွင့်ပြုထားသည်ကို သိလိုပါသဖြင့် အထောက်အထားနှင့်တကွ ဖြေကြားတော်မူပါဘုရား။

ဖိုးဇော်၊ မရမ်းကုန်း။

www.dhammaransi.com

ဖြေ။ ။ ဝိနည်းစူဠဝါပါဠိတော် (ဝိ၊ ၄–၂၆၈) ခုဒ္ဒက ဝတ္ထုက္ခန္ဓကတွင် ဝိသာခါကျောင်းအမက မြတ်စွာဘုရားအား "မြတ်စွာဘုရား၊ တပည့်တော်မသည် မြတ်စွာဘုရားအား ဝိဂူပနဋ္ဌ=လေးထောင့်ယပ်ကို လည်းကောင်း၊ တာလဝဏ္ဋ=ထန်းရွက်ယပ်ဝန်းကိုလည်းကောင်း လှူချင်ပါသည်။ တပည့်တော်မအား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွား ဖြစ်ရန်၊ ချမ်းသာရန်အတွက် အလှူခံတော်မူပါဟု လျှောက်ထားသဖြင့် ဘုရား အလှူခံတော်မူသည်။ ထို့အတူ သံဃာကို ခြင်နှင်ယပ်ကို ခွင့်ပြုထားသည်။ မင်းသုံးမင်းဆောင်ဖြစ်သည့် စာမရီသားမြီးယပ်ကိုမူ ခွင့်မပြုပါ။ ဓမ္မကထိက ရဟန်းတော်များ တရားပလ္လင်ပေါ်တွင် ကိုင်ဆောင်သည့် ဆန်းကြယ်သော ဆင်စွယ်ယပ်ကိုလည်း ခွင့်ပြုပါသည်။ သို့သော် ယခု ဆွမ်းစားဆွမ်းခံတို့၌ ကိုင်သော ယပ်တို့ကား ရှေးအဆက်ဆက် ထီးကိစ္စလည်း ပြီးသော ပေရွက်၊ ထန်းရွက်ကြီးများကို ပြုလုပ်သည့် ယပ်ဝန်းအရိုးကောက်ကြီးများမှ ဆင်းသက်လာသည်ဟု ဆိုရပါသည်။ ထိုယပ်ဝန်းကြီးများမှာ ရှေးခေတ်က ထီးကိစ္စလည်း ပြီးပါသည်။ နေပူမိုးရွာတွင် ခေါင်းကို မိုးကာသွား၍ လုံပါသည်။ ဤခေတ်တွင် ပျောက်ကွယ်နေပါပြီ။ ထိုယပ်ကြီးများအစား ယပ်ငယ်ကလေးများ (ပေရွက်၊ ထန်းရွက်ကို ပြုသော ယပ်ကလေးများ) ပေါ်လာပြီး ခေါင်းကို နေပူလုံ့ရုံကာ၍ ဆွမ်းစား၊ ဆွမ်းခံတို့တွင် ဆောင်ရာမှ ဤခေတ်တွင် အဝတ်ကိုသာပြုသော ယပ်ဝန်းကလေးများ အစားဝင်နေပါသည်။

*

## အခြေအရံမရှိ အထီးကျန် ဖြစ်ရခြင်း

မေး။ ။ အရှင်ဘုရား။

တပည့်တော်မသည် ရတနာသုံးပါးကို များစွာ ကြည်ညိုလေးစားအားထားပါသည်။ တပည့်တော်မမှာ အခြေအရံ မရှိပါ။ သာသမီးများက

လည်း အတူနေပေးခြင်း မရှိပါ။ အိမ်ဖော်ခေါ်ထားသော်လည်း ကြာရှည် မနေပါ။ တချို့က ထွက်ပြေးပါသည်။ ထိုကဲ့သို့ အထီးကျန်ဖြစ်နေရသည်မှာ (၁) မည်သည့်အကုသိုလ်ကြောင့်ဖြစ်ပါသနည်း။ (၂) ဘဝက ကုသိုလ်ပြုရာမှာ မည်သည့်ချွတ်ယွင်းချက်ရှိခဲ့၍ ဖြစ်ပါသနည်း။ (၃) ထိုအကုသိုလ် ပပျောက်ရန် မည်သို့ ကုသိုလ်ပြုရပါမည်နည်း။ ဖြေကြား လမ်းညွှန်ပေးတော်မူပါ ဘုရား။

အငယ်မ၊ မရမ်းကုန်း။

ဖြေ။ ။ "အတ္တနာဝ ဒါနံဒေတိ၊ ပရံ န သမာဒပေတိ၊ သော နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ဘောဂ သမ္ပဒံ လဘတိ၊ နော ပရိဝါရ သမ္ပဒံ" (ဓမ္မပဒ၊ ဋ္ဌ၊ ၁၃၉)ဟူသော ဟောတော်မူချက်အရ ရှေးရှေးကုသိုလ်ပြုစဉ်က ကိုယ်သာလျှင် အလှူပေးသည်။ သူတစ်ပါး အလှူပေးရန် မတိုက်တွန်းခဲ့။ ထိုသူ အကျိုးပေးသောအခါ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော်လည်း အခြံအရံမရှိ။ အထီးကျန် ဖြစ်ရတတ်သည်။ ထိုဟောထားချက်အရ ပြဿနာရှင်သည်လည်း ကိုယ်သာလှူပြီး သူတစ်ပါးကို လှူရန် တိုက်တွန်းခြင်း၊ ဆော်ဩခြင်း မပြုခဲ့သောကြောင့် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဒါနပြုရာ၌ မိမိက ရှေ့သွားခေါင်းဆောင်ပြုကာ အခြားအဖော်အလော့်များအားလည်း လှူဒါန်းရန် တိုက်တွန်းခြင်း၊ ဆော်ဩခြင်းပြုပေးရန် လိုအပ်ပါသည်။ ဤမျက်မှောက်ဘဝတွင် အားကိုးရာမဲ့သူများအား ကူညီခြင်း၊ ပေးကမ်းခြင်း၊ ကျွေးမွေးခြင်းများကိုပြုလျှင် စေတနာအလျောက် အခြံအရံများ ဖြစ်ထွန်းလာနိုင်သည်ဟု ဆိုပေသည်။ ကြိုးစား၍ ပေးကမ်း လှူဒါန်းမှုကို ပြုလုပ်ပါဟု တိုက်တွန်းလိုပါသည်။

*

www.dhammaransi.com

## လဆန်း ၉ ရက် ဝါပန်ထွက်

မေး။ ။ အရှင်ဘုရား၊

ဝါကျွတ်ခါနီးဆိုလျှင် ရဟန်းတော်များ လက်သုံးစကား ရှိပါသည်။ 'လဆန်း ၉ ရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပါ'တဲ့။ အချို့ကလည်း ၁၀ ရက်နေ့ ဝါပန်ထွက်မှသာလျှင် ပြန်ရက်မရှိဟု ဆိုကြပါသည်။ ယင်းတို့အတွက် အရကောက်အပိုင်းအခြား မည်ကဲ့သို့ ယူသည်ဆိုသည်ကို ဖြေကြားရှင်းလင်းပေးတော်မူပါ ဘုရား။

အရှင်နာဂ၊ (သမ္မာရိုး)၊ ဝက်လက်။

ဖြေ။ ။ ဝါပန်ရာ၌ ခုနစ်ရက်အတွင်း ပြန်လာအံ့ဟု နှလုံးသွင်းရသဖြင့်

၆ ည နေခွင့်ရှိရာ သီတင်းကျွတ်လဆန်း ၉ ရက်နေ့ ဝါပန်လျှင် သီတင်းကျွတ်လပြည့်နေ့၌ ၆ ည ပြည့်သွား၍ ဝါလည်း ကျွတ်သွားသဖြင့် ပြန်မလာဘဲလည်း နေနိုင်သည်။ ပြန်မလာသဖြင့် ဝါကျိုးပြတ်မှု မရှိတော့။ ရောက်ရာဌာန (ကျောင်း)တွင် ပဝါရဏာပြုလိုက်နိုင်သည်ဟု ဆိုပါသည်။ အချို့က သီတင်းကျွတ်လပြည့်နေ့တွင် ဝါမကျွတ်သေး၊ လပြည့်ကျော် ၁ ရက်နေ့မှ ဝါကျွတ်သည်ဟု အယူရှိ၍ ၉ ရက်မဟုတ်၊ ၁၀ ရက်ဟု ပြောဆိုဟန် ရှိပါသည်။ မိမိကျောင်းတိုက်တွင်နေ၍ ဝါကျွတ်ခရီးသွားလိုသော ရဟန်းသည် ပဝါရဏာပြုပြီးလျှင် သွားနိုင်သဖြင့် ပဝါရဏာပြုမှုကိုသာ ပဓာနထားသင့်သဖြင့် ၉ ရက်ဆိုသောစကားကို သဘောကျသင့်ပါသည်။

*

## နာကိုး တောင်းရှစ်ဂါထာ

မေး။ ။ အရှင်ဘုရား

(၁) နဝကပွဲ သုတမွဲ၊

အဋ္ဌကပ္ပဋ္ဌ ယာစိတော၊

ကော ကပ္ပေါ နမောဒနာ၊
ဒေသိတော စ အသချေ ယျော။
ဟူသော ဂါထာသည် အဘယ်ကျမ်းက လာပါသနည်း။

(၂) ၎င်းဂါထာသည် ဘယ်ဒေသနာများကို ထောက်၍ ရေးသား ပါသနည်း။

(၃) သဟဿနေတ္တော=မျက်စိတစ်ထောင် အမြင်ဆောင်သော။ ဒေဝရာဇာ=သိကြားမင်းကြီး၊

(၄) ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးတို့၌ မျက်စိတစ်ထောင်၊ ရောင်ခြည်တစ်ထောင်တို့၏ အဓိပ္ပာယ်ကို သိလိုပါ သည်။ (အမေးကို ချုံ့ထားသည်။)

အရှင် အဂ္ဂဝံသ၊ မန္တလေး။

ဖြေ။ ။ နဝကပ္ပံ သုတမွေ စသော ဂါထာနှင့် နာကိုးတောင်းရှစ်၊ သာခုတစ် ဟောလစ် အသချေ”ဟူသော ဆောင်ပုဒ်တို့မှာ ဘုရားဟော ကျမ်းဂန်လာ မဟုတ်ပါ။ ရှေးယပ်ထောင်တရားစာများတွင် ရေးသားပါရှိ သော ဂါထာဆောင်ပုဒ်များသာ ဖြစ်ပါသည်။ ခိုင်ခံ့သော ပါဠိအဋ္ဌကထာ တို့တွင် မပါရှိသော်လည်း ဝတ္ထုကြောင်းများအရ ဋီကာစသည်များတွင် ပါကောင်းစရာ ရှိပါသည်။ တိုက်ရိုက်မတွေ့ဖူးပါ။ သိကြားမင်းအား သဟဿနေတ္တော=မျက်စိတစ်ထောင် အမြင်ဆောင်သည့် နေမင်းအား သဟဿရံသီ=ရောင်ခြည်တစ်ထောင် အလင်းဆောင်သည်ဆိုသောစကား များမှာ တစ်ရာ၊ တစ်ထောင် (သချ်ာ မဟုတ် အနေကဏ္ဍအနက် အများ အဓိပ္ပာယ်ကို ယူ၍ မျက်စိတစ်ထောင်ရှိသကဲ့သို့ များပြားကျယ်ဝန်းစွာ မြင်သိနိုင်သည်။ ရောင်ခြည်ပေါင်းတစ်ထောင်ရှိသကဲ့သို့ လောကဓာတ် တစ်ခုလုံး သိမ်းကျုံး၍ လင်းစေနိုင်သည်ဟူသော အဓိပ္ပာယ်ကို ဆောင် သည့် အနေက သချ်ာဥပမာနပါဠိများဖြစ်ကြောင်း မှတ်သားနိုင်ပါသည်။)

*

www.dhammaransi.com

## ဘုရားလက်ထက်သိမ်

မေး။ ။ အရှင်ဘုရား၊

ရဟန္တာသိမ်တော်များ၊ ရှေးဟောင်းသိမ်တော်များနှင့် ယခုအခါတွင် ဘုန်းတော်ကြီးကျောင်းများ၌ သိမ်များကို တွေ့ရပါသည်။ ဘုရား၊ ရဟန်းသံဃာတော်များလည်း သိမ်ဝင် သိက္ခာတင် ပြုလုပ်ကြပါသည် ဘုရား၊ ဘုရားရှင်လက်ထက်တော်အခါက သိမ်များရှိ၊ မရှိနှင့် သံဃာတော်များ သိမ်ဝင်ခြင်း၊ သိက္ခာတင်ခြင်း ရှိ၊ မရှိ သိလိုပါကြောင်း မေးလျှောက်အပ်ပါသည်။

မောင်စိုးငြိမ်း၊ ငဖဲမြို့။

ဖြေ။ ။ မြတ်စွာဘုရား ပွင့်တော်မူစက ဟေဘိဘိက္ခုအဖြစ်ဖြင့် မြတ်စွာဘုရားကိုယ်တိုင် ရဟန်းပြုပေးခဲ့ပါသည်။ ထို့နောက် ရဟန်းတော်များက အနယ်နယ်အရပ်ရပ်တွင် သရဏဂုံဖြင့် ရဟန်းပြုပေးကြရပါသည်။ ထိုအချိန်၌ သိမ်များ မရှိသေးဟု မှတ်ရပါမည်။ ထို့နောက် ရာဓပုဏ္ဏားကို အရှင်သာရိပုတ္တရာက ရဟန်းပြုပေးရာတွင်မှ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူသည်။ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ"ဟုလည်း သိမ်သမုတ်ရန် ခွင့်ပြုတော်မူခဲ့၍ မြတ်စွာဘုရားလက်ထက်ကပင် သိမ်များ ရှိကြောင်း သိနိုင်ပါသည်။ သမုတ်ရသော ဗဒ္ဓသိမ်များရှိသကဲ့သို့ပင် နဒီဇာတဿရ စသော ဥဒကုက္ခေပ(ရေ)သိမ်များ၊ သတ္တဗ္ဘန္တရ သိမ်များကိုလည်း အသုံးပြုကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဘုရားလက်ထက်က ရဟန်းများ၊ ဘိက္ခုနီများ၊ ကံကြီးကံငယ်ဆောင်ရန် သိမ်များရှိကြောင်း၊ ကာလကြာမြင့်၍ အချို့သိမ်များ ပျောက်ကွယ်သွားနိုင်ကြောင်း မှတ်သားသင့်ပါသည်။

*

www.dhammaransi.com

## ကမ္မဋ္ဌာန်းတရား၏ လောကီကျိုး

မေး။ ။ အရှင်ဘုရား၊

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောကုတ္တရာကောင်းကျိုးချမ်းသာသာမက လောကီကောင်းကျိုးချမ်းသာပါ ရရှိပုံကို သိလိုပါသဖြင့် အထောက်အထား သာဓကတို့ဖြင့် ဖြေကြားစေလိုပါသည်ဘုရား။

မသက်ဝေဦး၊ သုဝဏ္ဏမြို့။

ဖြေ။ ။ဝိပဿနာ ဘာဝနာတရားအားထုတ်ခြင်းဖြင့် လောကုတ္တရာကောင်းကျိုးချမ်းသာရပုံများကို အထူးဆိုဖွယ်မလိုပါ။ ကြိုးစားသလောက် ပေါက်မြောက်အောင်မြင်နိုင်ကြပါသည်။ အချို့ ကြိုးစားရင်း သက်တမ်းကုန်ဆုံးသွားသူများမှာ ဝိပဿနာဘာဝနာ၏ အကျိုးကြောင့် ထူးထူးခြားခြား လောကီအကျိုးပေးသွားပုံများကို ဗုဒ္ဓရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သားတို့ ဝတ္ထုဖြင့် ထင်ရှားပါသည်။ ထိုနတ်သားများသည် တရားအားထုတ်ရင်း ကွယ်လွန်၍ တာဝတိံသာနတ်ပြည်တွင် နတ်သားများ ဖြစ်ကြရာ သိကြားမင်း စသော နတ်မင်းများထက်ပင် တန်ခိုးကြီးနေပါသည်။ ၎င်းနတ်သားများ အခမ်းအနားဖြင့် ထွက်ချီလာလျှင် ခမ်းနားကြီးကျယ်လွန်းသဖြင့် သိကြားမင်းပင် မထွက်ဝံ့ဘဲ ရှိနေကြောင်း ဆိုပါသည်။ ၎င်းနတ်သားများသည် ဝဋ္ဋဘိရတဘုံစဉ်စံသောတာပန် နတ်သားများဖြစ်ကြောင်း ကျမ်းဂန်များက ပြဆိုထားပါသည်။ သမထနတ်သားသည်လည်း ရဟန်းဘဝဖြင့် တရားအားထုတ်နေရင်း ကွယ်လွန်သွားရာ တာဝတိံသာနတ်ပြည်မှာပင် နတ်သားဖြစ်ကြောင်း၊ နတ်သားဖြစ်နေသော်လည်း ဖြစ်နေမှန်းမသိ ထိုင်၍ တရားအားထုတ်မြဲ အားထုတ်နေသဖြင့် နတ်သမီးများက ကြေးမုံ(မှန်)ကြီးများကို ထောင်ကာ နတ်သားဖြစ်နေကြောင်း သိရန်ပြရကြောင်း၊ ထိုနတ်သားသည်လည်း တရားတန်ခိုးကြောင့် အလွန်တန်ခိုးကြီးကြောင်း၊ ဘုရားရှင်ထံ ချက်ချင်းသွား၍ တရားနာရာ မဂ်ဖိုလ်ရရှိကြောင်း လာရှိပါသည်။

*

www.dhammaransi.com

## အသက်တစ်ထောင့်သုံးဆယ်

မေး။ ။ အရှင်ဘုရား၊

သက်တော် ၁၀၃၀ ရှိသည်ဆိုသည်မှာ ဖြစ်နိုင်ပါသလား ဘုရား။ လူ့သက်တမ်း တစ်ရာခေတ်၌ အသက် ၁၀၃၀ နှစ်ရှိသည်ဆိုသော ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် ဆရာတော်ကြီးများ ပေါ်ပေါက်နေပါသည်။ မြတ်စွာဘုရားလက်ထက်တော်၌ ထိုကဲ့သို့ သက်တမ်းရှည်သော ရဟန္တာပုဂ္ဂိုလ်ကြီးများ ရှိခဲ့ပါသလား။ ရှိခဲ့ပါလျှင် သက်တမ်းအရှည်ဆုံးသော ရဟန္တာအရှင်သူမြတ်၏ သက်တော်နှင့် အမည်နာမတော်ကို သိလိုပါသည်။ ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ရေလှိုင်း၊ (ဆားငန်မြေ)။

ဖြေ။ ။ သက်တမ်းတစ်ရာတမ်းတွင် အလွန်ကုသိုလ်ကောင်းပါမှ အသက်တစ်ရာထက် အနည်းငယ်သာ ပို၍ နေရကြောင်း၊ မည်မျှ ကုသိုလ်ကောင်းသည်ဖြစ်စေ အသက်နှစ်ရာအထိ မနေရကြောင်း ဘုရားဟောတော်မူချက် ရှိနေသည်။ "ဒုတိယံ ဝဿသတံ အပတ္វာ ဝီသာယ ဝါ၊ တိံ သာယဝါ၊ စတ္တာလီသာယဝါ၊ ပညာသာယဝါ၊ သဋ္ဌိယာဝါ၊ ဝဿေဟိ အဓိကမ္ပိ ဝဿ သတန္တိ အတ္ထော၊ သဗ္ဗမ္ပိဟေတံ၊ ဒုတိယံ ဝဿသတံ အပတ္တတ္တာ အပ္ပန္တိ ဝုတ္တံ" (အဘိဋ္ဌ ၂-၅၀၃)အသက်အရှည်နိုင်ဆုံး တစ်ရာခြောက်ဆယ်သာ ဖြစ်နိုင်သည်။ မြတ်စွာဘုရားလက်ထက်က အရှင်ဗာကုလမထေရ်သည် သက်တော် ၁၆၀ ရှည်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဤလူ့သက်တမ်းတစ်ရာခေတ်တွင် အသက်တစ်ထောင်ကျော်ရှည်သူမရှိနိုင်ကြောင်း၊ အသက်နှစ်ရာထိ ရှည်သူပင် မရှိကြောင်း မှတ်သားသင့်ပါသည်။

*

www.dhammaransi.com

## ကုသိုလ်၏တူသော အကျိုးပေး

မေး။ အရှင်ဘုရား၊

အချို့သော လူသားများ၏ ပါးစပ်ဖျားတွင် မကောင်းသော အကုသိုလ်လုပ်လျှင် တူသောအကျိုးကို ပေးတတ်သည်ဟု ဆိုနေကြပါသည်။ ကောင်းသော ကုသိုလ်အလုပ်က တူသော အကျိုးကို မပေးနိုင်ဘူးလား ဘုရား။ ကုသိုလ်အလုပ်၏ တူသော အကျိုးပေးပုံကို သာဓကဆောင်၍ ဖြေကြားပေးစေလိုပါသည် ဘုရား။

အရှင်ဝါယမ၊ တပ်ကုန်း။

ဖြေ။ ။ ဆွမ်းဆက်ကပ်ရာ၌ 'သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ,

ဉာဏ်ပညာ'ဟူသော သံဃာတော်များရသည့် ဆွမ်းအကျိုးဆယ်ပါးမှာ အလားတူ ဆွမ်းဒကာများလည်း ရကြောင်း ဆိုပါသည်။ ထို့အတူ ကထိန်သင်္ကန်းလှူရာ ၌ အနာမန္တ စာရစသော သံဃာတော်များရသော ကထိန်အကျိုးငါးပါးနှင့် အလားတူ 'သွားလေရာရာ၊ နှောင့်ယှက်ကွာ၍၊ ဥစ္စာထားသွား၊ မပျက်ပြားနှင့်၊ သောက်စားအစာ၊ ဘေးကင်းကာပြင်၊ ဒြဗ္ဗာများလျှက်၊ သူမဖျက်ဘဲ၊ သူ့ထက်ထူးကာ၊ ရရှိလာသည်၊ ဒကာအကျိုးပေးပုံတည်း'ဟူသည်တို့မှာ ကုသိုလ်အလုပ်၏ တူသော အကျိုးပေးပုံများပင်ဟု မှတ်ရပါမည်။

*

## ကိုယ့်ကိုယ်ကို သတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

ကိုယ့်ကိုယ်ကို သေအောင်သတ်၊ ပါဏာတိပါတ် အကုသိုလ်၊ သင့်မသင့် ဖော်ဖွင့်သာဓကရယ်နှင့်၊ စာပြဆရာမြတ် ပုဒ်ပါဌ်ဖွင့်ဆို။ သိပါလို ထိုထိုပ စကား။ ။ အဖန်ဖန် ငါးရာမှန် ကမ္ဘာကျအောင်၊ ပါဏ ကိုယ်တိုင်သတ်ပါသတဲ့။ မှတ်လာသည် ထိုအကြောင်းကို ပေါင်းဖြေပါ ဘုရား။

ကဗျာဆို သာချို၊ ဗဟန်းမြို့နယ်။

www.dhammaransi.com

ဖြေ။ ။ ကိုယ့်ကိုယ်ကိုဖယ်ကာထား၊ တစ်ပါးသောသတ္တဝါ။ ။ ပါဏေန
ပါဏာသညီပြ၊ မှတ်ကြစရာ။ ။ ပရပါဏာမှ (ကိုယ်မှတစ်ပါး၊ အခြားသတ္တဝါမှ) သင့်ပါရမှန်စွာ၊ ကိုယ့်ဟာကိုယ် မသင့်။ ။ ဖန်ငါးရာ ဘယ်စာမှာ ဆိုမရှိပါဘူး၊ ရေးသိပါလင့်။ ။

"အတ္တာနံ မုဉ္စိတွာ ပရပါဏမှိ ပါဏာသညိတာ လက္ခဏာသ အင်္ဂသ အဘာဝတော၊ နေဝတ္ထိ ပါဏာတိပါတော"။

"အတ္တတော ပန ပါဏေ ပါဏာသညိနော ပရဿ ဗိဝိတိန္ဒြိယုပစ္ဆေ ဒက ပယောဂသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရ ဒွါရပ္ပဝတ္တာ ဝဓကေ စေတနာ"။

သာရတ္ထဒီ ၁၊ ၃၄၂။

*

## ကေဗိဇ်သောတာပန်နှင့် သကဒါဂါမ်

မေး။ ။ အရှင်ဘုရား၊

ကေဗိဇ်သောတာပန်သည် တစ်ကြိမ်သာ ပဋိသန္ဓေနေတော့မည် ဆိုပါသည်။ သကဒါဂါမ်သည် လူ့ပြည်သို့ တစ်ကြိမ်သာလာသည်ဟု ဆိုပါသည်။ ၎င်းတို့နှစ်ဦး တစ်ကြိမ်ချင်း မည်သို့ကွာခြားပါသနည်း။ ရှင်းလင်းသိသာအောင် ဖြေကြားပေးပါဘုရား။

ခင်ငြိမ်းငြိမ်း (အဘိဓမ္မာသင်တန်းသူ)

ဖြေ။ ။ ကေဗိဇ် သောတာပန်ဆိုသည်မှာ ဧတ္ထ ကေဿဘဝဿ ဗီဇံ
ကေဿဝ အတ္ထိ တိ ကေဗိဇိ၊ ဤပုဂ္ဂိုလ်အား တစ်ကြိမ်သာလျှင် ဖြစ်သော ဘဝ၏ပဋိသန္ဓေ ဟူသော မျိုးစေ့ ရှိ၏။ ထို့ကြောင့် ကေဗိဇီ မည်၏ဟုဆိုသဖြင့် တစ်ဘဝမျှသာ ပဋိသန္ဓေမျိုးစေ့ရှိ၍ နှစ်ဘဝ ပဋိသန္ဓေ မနေရတော့ပေ။ သကဒါဂါမ်ကား ဣဓပေန ပတွာ ဒေဝလောကေ ယာဝ တာယုကံ ဝသိတွာ ပုန ဣဓ ဉပ္ပဇ္ဇိတွာ ပရိနိဗ္ဗာယန္တောစ ဂဟိတောထိ

ဝေဒိတဗ္ဗော (ပုဂ္ဂလပညတ္တိ အဋ္ဌကထာ)ဆိုသောကြောင့် ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ နတ်ပြည်၌ဖြစ်ကာ အသက်တမ်းအတိုင်း နေပြီးမှ တစ်ဖန် ဤလူ့ပြည်သို့ တစ်ကြိမ်ပြန်လာသည်။ သို့ဖြစ်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုရသဖြင့်(ကေဗိဓိသောတာပန်က ပဋိသန္ဓေတစ်ကြိမ်၊ သကဒါဂါမ်က ပဋိသန္ဓေနှစ်ကြိမ်ဖြစ်၍)ထူးခြားမှုကို မှတ်သားထားသင့်ပါသည်။

*

## ဝိညာဉ်

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဘာသာအလိုအရ ဝိညာဉ်(လိပ်ပြာ)မရှိဟု သိရပါသည်။ သို့သော် ဘာသာရေးစာစောင်များတွင် သေခါနီးလူ၏ ဝိညာဉ်က ငရဲပြည်သို့ ရောက်သွားပြီး အချိန်မကျသေးသဖြင့် လူ့ပြည်သို့ ပြန်လာ၍ မိမိတို့ အကြောင်းကို ပြန်ပြောပြသည့် သေရွာပြန်များအကြောင်းကို မကြာခဏ ဖတ်ရပါသည်။ ၎င်းဝိညာဉ်ကို မည်သို့ခေါ်ဆိုပါမည်နည်း။ ၎င်းဝိညာဉ်သည် ၃၁ ဘုံတွင် မည်သည့်ဘုံ၌ ပါဝင်သည်ကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဦးကျော်ဇင်၊ သာကေတ။

ဖြေ။ ။ သေခါနီး ငရဲပြည်သို့ ရောက်သွားပြီး မသေဘဲ ပြန်လာ၍ အဖြစ်ကို ပြောပြသူများသည် ဂတိနိမိတ်ထင်ပြီးမှ မသေဘဲ ပြန်ရှင်လာခြင်းဟု မှတ်သင့်ပါသည်။ မည်သူမဆို ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုး ထင်မြဲတွင် ဂတိနိမိတ်က ငရဲကို မြင်ပြီးမှ အကြောင်းအားလျော်စွာ မသေဘဲ ပြန်ကောင်းလာပြီး ထိုအချိန်တွင် ကုသိုလ်ပြု၍ ဒေဝနိမိတ်ပြောင်းကာ နတ်ပြည်၌ ဖြစ်သွားခြင်းမျိုးလည်း ရှိပါသည်။ သောဏရဟန္တာ၏ ခမည်းတော် မုဆိုးကြီးကို သောဏရဟန္တာက အိုကြီးအိုမှ ရဟန်းဝတ်ပေး

ထားရာ သေခါနီးတွင် ငရဲခွေးကြီးများ အကိုက်ခံနေရသော ဂတိနိမိတ် ထင်လာ၍ အော်ဟစ်နေသဖြင့် သောဏရဟန္တာက ကိုရင်များကို ပန်းများ ခူးခိုင်းကာ ဖခင်ရဟန်းကြီးအား ဘုရားရှေ့သို့ ညောင်စောင်းနှင့် ယူလာ ပြီး အပူဇော်ခိုင်းလေသည်။ ထိုအခါ ငရဲဂတိနိမိတ်များ ပျောက်ပြီး နတ် ပြည်နိမိတ်များမြင်၍ ကွယ်လွန်သော် နတ်ပြည်၌ဖြစ်ကြောင်း ဝတ္ထုရှိပါ သည်။

ထိုဝတ္ထုအရ ပထမငရဲနိမိတ်ထင်၍ မသေဘဲ ပြန်ကောင်းလာပြီး နောက် ကုသိုလ်အဟုန်ကြောင့် ဒေဝနိမိတ်ပြောင်းထင်သည်ကို ထောက်၍ သေခါနီး ဂတိနိမိတ်ထင်ခြင်းကို ဝိညာဉ်ဟု ယူဆပြောဆိုကြခြင်း ဖြစ်ပါ သည်။ သေ၍ လူဝင်စား ဖြစ်သူများကလည်း ထိုဂတိနိမိတ်ကိုပါ ပြန်၍ မြင်ပြီး ဝိညာဉ်လွင့်ပါးသွားဟန် ပြောဆိုကြသည်လည်း ရှိပါသည်။ ဂတိ နိမိတ်ကို ဝိညာဉ်ထင်နေခြင်းသာ ဖြစ်သည်။ တစ်ခါတစ်ရံ ပေတလောက သို့ ရောက်သွားသည်ကိုလည်း ဝိညာဉ်ဟုထင်၍ ပြောကြပါသည်။ ပေတ လောက၌ ရုပ်ရော၊ နာမ်ပါရှိသော်လည်း ရုပ်ကို လူများမမြင်ရ၍ ဝိညာဉ် နာမ် လိပ်ပြာကောင်ဟု အထင်မှား ပြောကြားကြခြင်းဖြစ်ကြောင်း မှတ်သားရန် ဖြေကြားအပ်ပါသည်။

*

## ပါရာဇိကနှင့် ကန်တော့ခြင်း

မေး။ ။ အရှင်ဘုရား၊

(၁) ပထမပါရာဇိကကျပြီးသော ရဟန်းသည် သိက္ခာချရန် လို မလို၊ အကယ်၍ တစ်ဦးဦးထံ ချမိပါက အကျိုးအပြစ် ဖြစ်နိုင်ပါသလား။ မဂ်ဖိုလ်၏အန္တရာယ်ကော ဖြစ်နိုင်ပါသလား။ (၂) ဘုရားရှိခိုးတဲ့အခါမှာ ရတနာသုံးပါးနှင့် အရိယာပုဂ္ဂိုလ်များ၊ မိဘများ၊ ဆရာသမားများ၊ ကျေးဇူး ရှိခဲ့ဖူးသူများအပေါ် ပြစ်မှားမှုများကို ဘုရားရှေ့မှောက်၌ ဝန်ချတောင်းပန်ခဲ့

လျှင် အပြစ်များသည် ကျေပျောက်နိုင်ပါသလား။ ဤမေးခွန်း ၂ ချက်ကို သိလိုပါ၍ ဖြေကြားပေးတော်မူပါဘုရား။

ဦးအောင်မြင့်၊ ရမည်းသင်း။

ဖြေ။ ။ ပါရာဇိကလေးပါးလုံးမှာပင် ပါရာဇိကကျပြီးသော ရဟန်း အနေဖြင့် ပါရာဇိကသိက္ခာပုဒ်ကို လွန်ကျူးပြီးသည်နှင့်တစ်ပြိုင်နက် သိက္ခာကျ(လူဖြစ်)သွားပြီ ဖြစ်၍ သိက္ခာထပ်ချနေစရာ မလိုတော့ပါ။ လူ့ဘဝ (သို့မဟုတ် လူဖြစ်ပြီးမှ သာမဏေဝတ်၍ သာမဏေဘဝ) ရသော့ ဘဝတို့ဖြင့် တရားအားထုတ်လျှင် မဂ်ဖိုလ်အန္တရာယ် မဖြစ်ပါ။

ဘုရားရှိခိုးကန်တော့ရာ၌ ရတနာသုံးပါးအား ကန်တော့ချိန်တွင် တခြားမိဘဆရာသမား စသည်တို့အား ပြစ်မှားမှုများကိုပါ အမှတ်တရ ထည့်သွင်း ကန်တော့ပါက ထိုပြစ်မှားခဲ့သော အပြစ်များ ကျေပျောက်နိုင်ပါသည်။ မိဘ၊ ဆရာသမား၊ ဦးကြီး၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မ စသည် အထူးထည့်ဆိုရန် မလိုပါ။ စိတ်ထဲ၊ နှလုံးထဲမှ သတိတရ နှလုံး သွင်းရန်သာ လိုပါသည်။

*

## အရှုပဘုံလေးရွာ အရိယာရှိ၊ မရှိ

မေး။ ။ အရှင်ဘုရား၊

ရုပ်ခန္ဓာသူ မရှိ၊ ဘုမိတဲ့လေးရွာ။
အရိယာရှိမရှိ၊ သိချင်လှပါ။
အချို့သော စာစောင်မှာ၊ ရှိတယ်ဆိုထား။
ဘယ်ဟာဘယ်လို မှတ်ရမယ်၊ မြတ်ဆရာ ကဝိန္ဒော၊
ဟောပြပါ ဘုရား။

ချမ်းမြေ့ကြည် (ကောလင်း)

www.dhammaransi.com

ဖြေ။ ။ ရုပ်ခန္ဓာ သူမရ၊ အရူပဘုံလေးရွာ။

မဂ်သောတာမှတစ်ပါး၊ ရငြားရိယာသတ်၊ ရှိလတ်မှန်စွာ။

ပရတောဃောသတဲ့၊ ဗုဒ္ဓရဟန္တာတို့၊ ဒေသနာထောက်ပံ့ကင်းတာမို့၊ ရှင်းပါရ မဂ်သောတာ၊ မှတ်ပါတော့အမြဲ။ ဘိဓမ္မာ၊ သိစရာ ဒီပနီက၊ ဤသည်ကို၊ ဤနှယ်ဖွင့်တယ်၊ သိသင့်သည်ပဲ။ "ပရတောဃောသပစ္စယာဘာဝတော ပဌမမဂ္ဂေါပိ၊ အရူပလောကေ န ဥပလဗ္ဘတိ။ ။ ပဌမမဂ္ဂဝဇ္ဇိတ သတ္တလောကုတ္တရ စိတ္တာနိတိ အာရုပ္ပေ ဒွေ စတ္တာလီသ ဝိထိစိတ္တာနိ ဥပလဗ္ဘန္တိ။"

(အဘိဓမ္မတ္ထ သင်္ဂဟ ဒီပနီ၊ ၁၆၂)

*

## ကုဋေကိုးထောင်ကျော်

မေး။ ။ အရှင်ဘုရား၊

သိက္ခာပုဒ် ကုဋေကိုးထောင်ကျော်ဟု ပြောဆိုသောစကား ရှိပါသည်။ ၎င်း ကုဋေကိုးထောင်ကျော်ဆိုရာ၌ မည်မျှ ကျော်သည်ကို အတိအကျ ဖော်ပြဖြေကြားစေလိုပါသည် အရှင်ဘုရား။

အရှင်သာဂရဉာဏ၊ မုံရွာ။

ဖြေ။ ။"ကုဋေကိုးထောင်ကျော်ဟူသော စကားမှာ ကုဋေကိုးထောင့်တစ်ရာ့ ရှစ်ဆယ့်ငါးသန်းသုံးသောင်းခြောက်ထောင် (၉၁, ၈၀၅,၀၃၆, ၀၀၀)" ဖြစ်ပါသည်။ ပါဠိဂါထာမှာ "နဝကောဋိသဟဿာနိ၊ အသီတိ သဟကောဋိယော၊ ပညာသသတသဟဿာနိ၊ ဆတ္တိံသာစ ပုနာပရေ။ ဧတေသံဝရဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ၊ ပေယျာ လ မုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာဝိနယသံဝရေ" (ဝိသုဒ္ဓိ) ယင်းကို ရှေးဆရာတို့သည် "နေနတ်နီး တိုင်း၊ ဂနိုင်းမိုးနန်၊ ဟုန်ယာဉ်ရျာန်"ဟု ပိဋကတ် သင်္ချာနည်းဖြင့် ဖွဲ့ဆို ထားခဲ့ပါသည်။

*

www.dhammaransi.com

## ဒါနသုံးမျိုး

မေး။ ။အရှင်ဘုရား၊

ဝိနယဒေသနာအလို၊ အဘိဓမ္မာဒေသနာအလိုနှင့် သုတ္တန်ဒေသနာအလိုအားဖြင့် မည်သို့ဒါနပြုရမည်ကို အသီးသီး ဖော်ပြပေးတော်မူပါဘုရား။ ထိုသုံးမျိုးတွင် မည်သည့် ဒေသနာအလိုအားဖြင့် အမြတ်ဆုံးဒါနဖြစ်ပါသလဲ ဘုရား။

ရွှေစင်သန်းရွှေ (ငှိုကာကျော်)၊ ကလေးမြို့။

ဖြေ။ ။ ဒါနသည် ဝိနည်းဒေသနာအလို၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူ၍ ၄ ပါး ရှိပါသည်။ အဘိဓမ္မာဒေသနာအလို ရူပဒါန၊ သဒ္ဒဒါန၊ ဂန္ဓဒါန၊ ရသဒါနနှင့် ဖောဋ္ဌဗ္ဗဒါနဟူ၍ ၅ ပါး ရှိပါသည်။ သုတ္တန်ဒေသနာအလို အန္န=ဆွမ်းအလှူ။ ပါန=အဖျော်အလှူ။ ဃရ=ကျောင်းအလှူ။ ဝတ္ထ=အဝတ်ပုဆိုးအလှူ။ ယာန=ယာဉ်အစီးအနင်းအလှူ။ မာလာ=ပန်းအလှူ။ ဝိလေပန=နံ့သာပျောင်းအလှူ၊ ဂန္ဓ=အနံ့(အမွှေးတိုင် စသည်)အလှူ၊ သေယျာ=အိပ်ရာနေရာအလှူနှင့် ပဒီပ=ဆီမီးအလှူတို့ ဖြစ်ပါသည်။ ဆွမ်းတစ်မျိုးကိုပင် ဝိနည်းဒေသနာအလို ဆွမ်း၊ အဘိဓမ္မာ ဒေသနာအလို ရသဒါန၊ သုတ္တန်အလို အန္နဟူ၍ ဖြစ်ပါသည်။ အကျိုးအမြတ်အနေဖြင့်မူ မည်သည့်ဒေသနာအလိုပင် ဖြစ်စေ နိဗ္ဗာန်ကို ရည်စူး၍ ဝိဝဋ္ဋဒါနဖြစ်အောင် ဆုတောင်း၍ လှူဒါန်းကြရန်သာ အရေးကြီးပါသည်။

*

## အဂတိတရားလေးပါး

မေး။ ။အရှင်ဘုရား၊

ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ အဂတိတရားလေးပါးတွင် ဘယာဂတိနှင့် မောဟာဂတိနှစ်မျိုးကို သက်ကြီးဝါကြီးဘုန်းတော်ကြီးများ လိုက်စားပြုမှားပါက အပြစ်မရှိ၊ အပါယ်မကျဟုပြောဟောနေကြသည်ကို တွေ့နေရပါသည်။ လေးစားအပ်သူများကမူအဂတိလေးပါးလုံးပင် အပြစ်ရှိသည်၊ အပါယ်ကျသည်ဟုဆိုပါသည်။

www.dhammaransi.com

မည်သည်က မှားသည်၊ မည်သည်က မှန်သည်ကို ဖြေကြား၍ အဂတိလေးပါးအဓိပ္ပာယ်ကိုလည်း ဖြေကြားပေးပါဘုရား။

ခင်ချို၊ မြဝတီမြို့။

ဖြေ။ ။ သုတ်သုံးကျမ်းအဝင်အပါ ပါထိကဝဂ္ဂ သိင်္ဂါလသုတ်တွင် "ဆန္ဒာ ဒေါသာ ဘယာမောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ၊ နိဟီယတိ ယသော တဿ၊ ကဠပက္ခေဝ စန္ဒိမာ"ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိနှင့် မောဟာဂတိတို့ လွှမ်းမိုးခံရသူသည် လဆုတ်ပက္ခ၌ လမင်းကဲ့သို့ အခြံအရံ စသည်တို့မှ ဆုတ်ယုတ်ရလေသည်ဟု ဟောတော်မူထားသည်။ ထိုဂါထာတော်၏ အဖွင့်အဋ္ဌကထာတွင် "သော စတုဗ္ဗိဓောပိ ယထာနုက္ကမေန ဆန္ဒာဂတိအာဒီနိ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ နာမ"ဟု အဂတိလေးပါးလုံးသည်ပင် အကုသိုလ်ကံများဖြစ်၍ အပါယ်ကျနိုင်ကြောင်း ဖွင့်ဆိုပါသည်။ (ဒီ၊ ဋ္ဌ၊ ၃-၁၂၇)အဂတိလေးပါး အဓိပ္ပာယ်မှာ ချစ်ခင်၍ အနိုင်ပေးခြင်း၊ မုန်း၍ အရှုံးပေးခြင်း၊ ကြောက်ရွံ့၍ အနိုင်ပေးခြင်း၊ တွေဝေမှိုင်းမိ၊ အသိတရားမရှိ၍ အရှုံးအနိုင်ထင်သလို ပေးခြင်းမျိုးကို အဂတိလိုက်သည်ဟု ဆိုပါသည်။

*

## ကောတုဟလ မင်္ဂလာ

မေး။ ။ အရှင်ဘုရား၊

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ပဉ္စကနိပါတ် စဏ္ဍာလသုတ်တွင် "ရဟန်းတို့၊ တရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍားလည်း မည်၏။ ဥပါသကာ ညစ်လည်း မည်၏။ ဥပါသကာ ညံ့လည်း မည်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူဟုဆိုကာ ကောတုဟလ မင်္ဂလာကို ယုံကြည်မှု ရှိ၏"ဟုတစ်ပါး ပါရှိသည်။ ကောတုဟလ မင်္ဂလာ ဟူသည်ကို ကွဲကွဲပြားပြား သိလိုပါသည်ဘုရား။

ကိုဟန်ဝင်း၊ အင်းစိန်မြို့သစ်။

www.dhammaransi.com

ဖြေ။ ။ ပါဠိအမှန် "ကောတူဟလ" ဖြစ်၍ အုတ်အုတ်ကျက်ကျက်အသံ ဟု ဆိုလိုပါသည်။ ဤသူသည် လူအများ အုတ်အုတ်ကျက်ကျက် ဖြစ်လောက်အောင် ထူးဆန်းသော အမူအရာ (အတတ်ပညာ)၊ အပြုအမူ၊ အပြောအဆို ရှိသည်။ ဤသူကို ဆည်းကပ်လျှင် လာဘ်လာဘပေါ်များ မည်။ စည်းစိမ်ဥစ္စာ တိုးတက်မည်ဟု ယူဆ၍ အုတ်အုတ်ကျက်ကျက် ဖြစ်စေသူအား ကိုးကွယ်ဆည်းကပ်ခြင်းမျိုး ဖြစ်သည်။ ဤခေတ်တွင် ရိုးရိုးသံဃာတော်ထက် ဘိုးတော်၊ ဝိဇ္ဇာ၊ ထွက်ရပ်ပေါက်ဆိုသူများကို ကိုးကွယ်ခြင်းမျိုးကို ဆိုလိုပါသည်။

*

## မနောဒွါရ မနောကံ

မေး။ ။ အရှင်ဘုရား၊

ကမ္မ အဋ္ဌကထာ၌ မနောဒွါရေ အာပတ္တိနာမ နတ္ထိ၊ မနောဒွါရ၌ အာပတ်မသင့်ဟု ဆိုပါသည်။ အချို့ကျမ်းစာများတွင် ကံသုံးပါးတို့တွင် မနောကံသာ အပြစ်အကြီးဆုံးဟု ဆိုပြန်ပါသည်။ ထိုနှစ်ချက်၏ ကွာခြားမှု ကို ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။ ထို့ပြင် သိလိုသော ပြဿနာ တစ်ရပ်မှာ ကမ္ဘာဦးအစက ယောကျ်ားနှင့် မိန်းမ ဘယ်သူကအစ ဖြစ်ပါ သလဲ ဘုရား။ ဖြေကြားပေးတော်မူစေလိုပါသည်။

အရှင်ဣန္ဒဝံသ၊ ကောလင်းမြို့။

ဖြေ။ ။ ဝိနည်း (သီလ)အရာ၌ ကာယဒွါရ၊ ဝစီဒွါရသာလျှင် ပဓာနဖြစ် သည်။ ကာယဒွါရ၊ ဝစီဒွါရကို ထိန်းသိမ်းနိုင်လျှင် အပြစ်အာပတ် မဖြစ်နိုင်။ မနောဖြင့် လွန်ကျူးခြင်းသည် အပြစ်မရှိ။ ထို့ကြောင့် မနော ဒွါရေအနာပတ္တိဟု ဟောတော်မူသည်။ သို့သော် ဝိနည်းကိစ္စ သီလစောင့် ထိန်းမှုမျိုးမှတစ်ပါး ပြစ်မှားလုပ်ဆောင်မှုမျိုး၌ကား မနောကံ ပါမှသာလျှင် အပြစ်ရှိသည်။ ရဟန္တာဖြစ်သော အရှင်စက္ခုပါလ မထေရ်သည် မျက်စိ

www.dhammaransi.com

မမြင်၍ စကြဲ့လျှောက်ရာ၌ ပိုးကောင်များကို နင်းမိ၍ သေကျေကြသော်လည်း သေစေလိုသောစိတ် မရှိ။ မနှောက်ပါ၍ အပြစ်မရှိ။ သေစေလိုသောစိတ် (ဝဓက) စေတနာမနှောပါမှသာ အပြစ်ရှိရပေသည်။

ကမ္ဘာဦးအစက ယောကျ်ားနှင့် မိန်းမ ဘယ်သူက အစဖြစ်ပါသလဲ ဟူသော အမေး၌ ဓာတက အသီတိနိပါတ် မဟာဟံသဇာတ်၌ "မဟာဘူတိတ္ထိယောနာမ လောကသ္မိံ ဥဒပဇ္ဇိသုံ" ကမ္ဘာဦးအခါ၌ ဣတ္ထိလိင် (မိန်းမသွင်ပြင်)က ရှေးဦးစွာ ထင်ရှားဖြစ်ကြောင်း ထင်ထင်ရှားရှား ဟောကြားတော်မူထားချက်ရှိသည်။ (ဓာ၊ ဋ္ဌ၊ ၅၊ ၃၉၁) ထို့ကြောင့် သတပဒီကပုစ္ဆာတွင် မန်လည်ဆရာတော်မေး၍ မင်းကွန်းဆရာတော် ဖြေရာ၌လည်း "ဣတ္ထိတဲ့ ပုရိသာ၊ ပေါ်စအခါက၊ မိန်းမမှာ အစထူး၊ ရှေးဦးဖြစ်လာ" ဟူ၍ ဖြေကြားတော်မူထားပေသည်။

*

## ပရိတ်ရွတ်ရာ၌ နတ်ဖိတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

ပရိတ်မရွတ်မီ နတ်များကို ပင့်ဖိတ်ကြပါသည်။ ပရိတ်တရားနာယူရန် နတ်များကြွရောက်ကြပါသလား။ မမြင်ဖူး၍ ကိုယ်ထင်ပြပေးရန် တောင်းဆိုလျှင် ရပါသလား။ ပရိတ်ရွတ်ဖတ်သူတို့က မည်သည့်အင်္ဂါမျိုးနှင့် ပြည့်စုံရပါမည်နည်း။ ဖြေကြားပေးတော်မူပါဘုရား။

မောင်ဌေးဝင်း၊ မန္တလေးတိုင်း။

ဖြေ။ ။ လူတို့ပြည်သည် နတ်တို့အနေဖြင့် အညစ်အကြေးများ စုဝေးရာ ဌာနကဲ့သို့ ဖြစ်သည်။ လူတို့၏ အနံ့သည် နတ်တို့အဖို့ မိုင်ပေါင်းများစွာ ဝေးကွာသော ဌာနမှပင် မခံသာအောင် နံစော်လှသည်ဟု ဆိုပါသည်။ သို့သော် လူတို့က ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလနှင့် ပြည့်စုံလျှင် ရဟန်းတော်များက သီလကြီးလေးပါးနှင့် ပြည့်စုံလျှင် ထိုသီလရနံ့တို့က

www.dhammaransi.com

နံစော်မှုတို့ကို ဖုံးလွှမ်း၍ သွားသည်။ ထို့ကြောင့် ပရိတ်ရွတ်သူသည် ပရိတ်မရွတ်မီ ကိုယ်လက်သန့်စင်စေလျက် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ သရဏဂုံသီလတို့ကို ခံယူဆောက်တည်ပါ။ ထို့နောက် ဘုရားပုထိုး ရှိခိုးလျက် နတ်များကို ဖိတ်ပြီးလျှင် ပရိတ်တော်များကို ဌာန်ကရိုဏ်းကျနစွာ ရွတ်ဖတ်လျှင် နတ်များလာရောက်နာယူတတ်ကြပါသည်။

နတ်တို့သည် ပရိတ်တရားတော်များကို နာယူလို၍ လူ့ပြည်တွင် လာရောက်လှည့်လည်ရှာဖွေ၍ နေကြသည်ဟု ဆိုပါသည်။ အနည်းဆုံး ဘုမ္မစိုး၊ ရုက္ခစိုး၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်များ နာယူကြပါသည်။ အထူးအားဖြင့် အထက်ပါ ပရိက်များကို ပြုလုပ်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယ နိဒ္ဒေသများကို နေ့စဉ် ရွတ်ဆိုသူများထံ နတ်များ လာရောက်နာယူကြကြောင်း ပြောကြပါသည်။ နတ်များသည် ၎င်းတို့လာသည်ကိုသိရန် ထူးခြားသော အမွှေးနံ့များကို ပေးတတ်ပါသည်။ ကြာသော် လူ့အသွင်ဖြင့် ရွတ်ဆိုသူ၏ နောက်ပါးတွင် ထိုင်၍ နာယူတတ်ကြပါသည်။ ထိုကဲ့သို့ နာယူတတ်ကြောင်း ရွတ်ဆိုနေကျ ဆရာတော်ကြီးများ မိန့်တော်မူသည်ကို နာခံရဖူးပါသည်။

*

## အကျဉ်းဟော၍ သိသူ

မေး။ ။ အရှင်ဘုရား

အကျဉ်းဟောရုံမျှဖြင့် မဂ်ဖိုလ်ရသူ၊ အကျယ်ဟောရုံမျှဖြင့် မဂ်ဖိုလ်ရသူဟူ၍ ဒီခေတ်၊ ဒီအခါ၊ ဒီကာလ၌ ရှိပါသေးသလား ဘုရား။

ယောဂီတစ်ဦး (မြိတ်)။

ဖြေ။ ။ အကျဉ်းဟောရုံမျှဖြင့် မဂ်ဖိုလ်ရသူ ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ အကျယ်ဟောပြမှ မဂ်ဖိုလ်ရသူ=ဝိပဉ္စိတညူ ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား

www.dhammaransi.com

လက်ထက် ရေးပိုင်းမှာမှ ရှိနိုင်ပါသည်။ ဤခေတ်တွင်မူ တရားတစ်ပိုဒ်ကို အကျယ်ဝေဖန် ဆန်းစစ်ခွဲစိတ်ပြမှ မဂ်ဖိုလ်ကို ရနိုင်သော နေယျပုဂ္ဂိုလ်များသာ အများဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ဤခေတ်၊ ဤအခါ၊ ဤအချိန်၊ ဤကာလတွင် ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူများ မရှိနိုင်တော့ပါ။

*

## ဘုရားမီးလှုံပွဲ

မေး။ ။ အရှင်ဘုရား၊

တပို့တွဲလပြည့်နေ့ကို ဘုရားမီးလှုံနေ့ဟုဆို၍ အချို့ဒေသတွင် နံ့သာ၊ စန္ဒကူး၊ မုက်၊ ဖွတ်၊ ချဉ်၊ တောင်တမာပင်တို့ကို အခွံခြစ်၍ စင်ကြယ်စေပြီး ညမိုးချုပ်လျှင် ဘုရားကို မီးပူဇော်ကြပါသည်။ ဘုရားအချမ်းဆုံးနေ့ဟူ၍လည်း ဆိုကြပါသည်။ အထောက်အထား ကျမ်းဂန်လာမှန်ပါသလား။ တပည့်တော်များ လေ့လာနိုင်ရန် ညွှန်ပြပေးတော်မူပါဘုရား။

အရှင်သုခ၊ မန္တလေး။

ဖြေ။ ။ တပို့တွဲလဘွဲ့ တေးထပ်တစ်ပုဒ်တွင် ချမ်းဆိုသမျှ စံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူး၊ ရွှေလက်ကင်သည်။ ရေစက်သွင်အေးသည့် သည်လ"စသည် ရေးစပ်ထားသော ကဗျာများအရ မြတ်စွာဘုရား မီးလှုံကြောင်း ယူဆ၍ မီးပူဇော်ပွဲများ၊ မီးပုံပွဲများ အချို့ဒေသတို့တွင် ပြုလုပ်ကြောင်း ကြားသိရပါသည်။ ပါဠိ အဋ္ဌကထာတို့တွင် လာရှိသည်ဟု မသိရပါ။

*

www.dhammaransi.com

## ရေသပ္ပါယ်ခြင်း

မေး။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား ဆင်းတုတော်များ ရေလောင်းသပ္ပာယ်နေသည်ကို ရွှေတိဂုံဘုရားပေါ်၌ အများဆုံး တွေ့ရပါသည်။ တချို့က ဦးခေါင်းပေါ်မှစ၍သော်လည်းကောင်း၊ လည်ပင်းနားမှစ၍သော်လည်းကောင်း၊ ရေလောင်းကြပါသည်။ မည်သည့်နေရာမှ ရေလောင်းသပ္ပာယ်လျှင် မည်သို့ စိတ်ထားရမည်။ မည်သို့သော အကျိုးရမည်ကို ဖြေကြားပေးတော်မူပါ ဘုရား။

မဉာဏ်လွန်၊ ကမာဝက်၊ မုဒုံ။

ဖြေ။ ။ ရွှေတိဂုံဘုရားပေါ်၌ ဘုရားရေသပ္ပာယ်ကြသူများမှာ အချိန်အခါ ဟူ၍ မရှိ။ ဗေဒင်ဆရာက ယတြာချေခိုင်းလျှင် ဘုရားရုပ်ပွားတော်များကို သင်္ကြန်ရေလောင်းသကဲ့သို့ လောင်းနေကြသည်မှာ ကုသိုလ်မရ။ အပြစ်ရဖွယ်သာ ဖြစ်စရာ ရှိပါသည်။ တကယ်ရေသပ္ပာယ်လိုသော စေတနာရှင်များမှာ ရွှေတိဂုံဘုရားပေါ်သို့ပင် သွားနေစရာမလို။ ကိုယ့်အိမ်ရှိ ဘုရားရုပ်ပွားတော် (ကြေးဆင်းတု၊ ကျောက်ဆင်းတု)ကို နွေလအခါ ပူသောအချိန်တွင် ကျောင်းဆောင်မှ ပင့်၍ အိမ်ဦးတွင် ချေးညှော်စင်အောင် ချေးချွတ်ဆေး၊ ဆပ်ပြာ၊ အဝတ်သန့်သန့်၊ ရေသန့်သန့်ဖြင့် သင့်လျော်ရာနေရာမှ လောင်း၍ ရိုသေလေးစားစွာ ရေသပ္ပာယ် ကုသိုလ်ယူသင့်ပါသည်။ သင်္ကြန်အခါ နှစ်သစ်ကူးအခါတို့တွင် ကျောင်း၊ ကန်၊ ဘုရားတို့၌ ဥပုသ်စောင့်ကြသော ဥပုသ်သည် ကျား၊ မ မဟူ ညနေပိုင်းတို့တွင် ကျောင်းရှိ ကြေးဆင်းတု၊ ကျောက်ဆင်းတုများကို ရိုသေစွာ ရေသပ္ပာယ်ကြသည်ကို တွေ့ရ၊ ကြုံရလေ့ရှိပါသည်။ အချို့ရေအေးအေးတွင် အမွှေးနံ့သာများ ထည့်၍ ရေသပ္ပာယ်ကြသည်ကိုလည်း တွေ့ရပါသည်။ ထိုကဲ့သို့ ကုသိုလ်ဖြစ်အောင် ရေသပ္ပာယ်သင့်ပါသည်။

*

www.dhammaransi.com

## ဗောဓိပင်ကို ထီးတင်ခြင်း

မေး။ ။ အရှင်ဘုရား၊

ဗောဓိပင်သည် ပရိဘောဂစေတီထိုက်တော်မူသည်ကို တပည့်တော် နားလည်ပြီး ဖြစ်ပါသည် ဘုရား။ ထိုဗောဓိပင်အား စေတီတော်များကဲ့သို့ ထီးတော်တင်လှူ ပူဇော်ထားသည်ကို မြင်ရပါ၍ ပို၍ အကျိုးသက်ရောက်မှု ရှိ၊ မရှိ။ လုပ်သင့်၊ မလုပ်သင့်နှင့် သာသနာတော်အတွက် အနှောင့်အယှက် ဖြစ်နိုင်၊ မဖြစ်နိုင်ကို ဖြေကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ထား အပ်ပါသည် ဘုရား။

ဦးသောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း။

ဖြေ။ ။ ဗောဓိပင်ကို စေတီတော်များကဲ့သို့ ထီးတင်ခြင်း ထုံးစံမရှိပါ။

ညောင်ရေလောင်းခြင်း စသော သင့်လျော်သော ပူဇော်မှုမျိုးကိုသာ ပြုသင့်ပါသည်။ မဟာဝင်ဝတ္ထု၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗောဓိပင်ကို ပူဇော်ဦးအံ့ဟုကြံ၍ ဗောဓိပင်ကို ပလ္လင်မြှင့်ခြင်း၊ တံတိုင်းကာခြင်း၊ တံခွန်ဆွဲ ခြင်း၊ ရွှေသလဲ၊ ငွေသလဲကြဲခြင်း အစရှိသောပူဇော်ခြင်း အထူးကို ပြုတော် မူ၏။ (မဟာဝင်ဝတ္ထု ၃၃၈)စသည်ဖြင့် ပါရှိသဖြင့် ဗောဓိပင်နှင့် သင့်လျော် သော ပူဇော်ခြင်းမျိုးတို့ဖြင့် ပူဇော်ခြင်းသည်သာ သူတော်ကောင်းတို့ ချီးမွမ်းဖွယ် ဖြစ်ပါသည်။ သာသနာတော်တစ်လျှောက်လုံး၌ ဗောဓိပင်ကို ထီးတင်ခြင်းဟူသော ပူဇော်မှုမျိုး မရှိခဲ့ဖူးကြောင်း သတိပြုဖွယ် ဖြစ်ပါ သည်။

*

## အမေကို ကျွေး။ ဘုရားကို လှူ

မေး ။ ။ အရှင်ဘုရား၊

တပည့်တော်အခေါ်က 'ဘုရားကို ဆွမ်းကပ်တာထက် ကိုယ့်အမေ ကို ကျွေးတော့ ပိုပြီး ကုသိုလ်မရဘူးလားတဲ့။ အမေက လက်ငင်းစား

ရတယ်’ဟု ပြောပါသည်။ အဲသည်အမေးကို ဖြေကြားတော်မူပါဘုရား။ ဥပမာလေးနှင့် ပြောပြလျှင် သိပ်ကောင်းမှာပါဘုရား။ အရှင်ဘုရား၏ အဖြေကို တပည့်တော် စောင့်မျှော်နေမှာပါဘုရား။ ဖြေဆိုပေးတော်မူပါ ဘုရား။

ဒကာ ကျော်မင်းလွင်။

ဖြေ။ ။ လောကတွင် ဘုရားသာ အမြတ်ဆုံးဖြစ်၍ ဘုရားကို လှူပြီးမှ စားသောက်ကြခြင်းမှာ ဗုဒ္ဓဘာသာတစ်လောကလုံး၏ ထုံးတမ်းစဉ်လာ ဖြစ်ပါသည်။ အမိ၊ အဖ၊ ဆရာသမားတို့မှာလည်း မိမိ၏ စားဦးသောက်ဦးကို ပေးလှူရမည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ အဆင့်အတန်းအားလျော်စွာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနောက်မှ ပေးလှူရမြဲဖြစ်ပါသည်။ ဥပမာအားဖြင့် ကျီး၊ ခွေးစသော တိရစ္ဆာန်များထက် လူ၊ ဖုန်းတောင်းယာစကာများကို ဦးစွာပေး ကျွေးသင့်ပါသည်။ ထိုထက် လူသူတော်စင်များ၊ မိဘ၊ ဆရာသမားများ၊ ရဟန်းသံဃာနှင့် ရတနာသုံးပါး အဆင့်ဆင့် ဦးစားပေး လှူဒါန်းကြရပါသည်။

*

## ချမ်းသာ ခုနစ်ဝ

မေး။ ။ အရှင်ဘုရား၊

ဆွမ်းအလှူရှင်တို့အား ဆရာတော်များက “ယခုကပင်၊ နိဗ္ဗာန်ဝင်အောင်၊ ကျိုးအင်ငါးချက်၊ နေ့စဉ်တက်ပြီး၊ ဆက်ဆက်မြင့်ရာ၊ ချမ်းသာခုနစ်ဝ၊ ကိုယ်ပိုင်ရ၍၊ ဘဝဆုံးခန်း၊ နိဗ္ဗာန်နန်းကို၊ စံမြန်းကြရပါစေသောဝ်”ဟု ဆုပေးလေ့ရှိကြပါသည်။ ယင်း၌ ချမ်းသာခုနစ်ဝဆိုသော စကားကို တပည့်တော်များ နားမလည်ပါ၍ ရှင်းပြတော်မူပါဘုရား။

အရှင်ပညာသီရိ (မိတ္ထီလာ)

www.dhammaransi.com

ဖြေ။ ။ ဆွမ်းအကျိုးငါးပါးမှာ သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ ဖြစ်၍ ၎င်းအကျိုးငါးပါး ဤဘဝတွင် ရရှိလျက် နောင်လူ့ဘဝ၊ နတ်ပြည်(ခြောက်ထပ်နှင့် ခုနစ်ဘဝပါ) ချမ်းသာခုနစ်ဝရ၍ နိဗ္ဗာန်အထိ အကျိုးပြုပါစေဟု ဆိုလိုပါသဖြင့် လူနှင့်နတ်ပြည် ခြောက်ထပ်ကို ချမ်းသာခုနစ်ဝဟု ယူလိုပါသည်။

*

## ဆွမ်းသွတ်ခြင်း

မေး။ ။ အရှင်ဘုရား၊

လူ့ဘဝမှာ လူတစ်ယောက် ကွယ်လွန်သွားပြီဆိုလျှင် ဗုဒ္ဓဘာသာ ထုံးစံအတိုင်း အသုဘကိစ္စ ပြုလုပ်၍ ခုနစ်ရက်လည်လျှင် ဆွမ်းသွတ် (သပိတ်သွတ်)ကြပါသည်။ ၎င်းဆွမ်းသွတ်ခြင်း အဓိပ္ပာယ်ကို ဖြေကြားပေးတော်မူပါဘုရား။

သီဟကိုကို၊ ပဲခူး။

ဖြေ။ ။ လူ့ဘဝမှ ကွယ်လွန်သွားသူသည် အကယ်၍ ပေတလောက (ပရဒတ္တူပဇီဝိကခေါ် လူ့ဘဝက အမျှပေးဝေသည်ကို သာဓုခေါ်နိုင်သော အဆင့်မြင့်) ပြိတ္တာမျိုး ဖြစ်နေလျှင် ၎င်းအား ရည်ညွှန်း၍ ကျန်ရစ်သူများက ကုသိုလ်ပြု အမျှပေးဝေရပါသည်။ သာဓုခေါ်လျှင် ၎င်းတို့ ကိုယ်တိုင် ကုသိုလ်ပြုသကဲ့သို့ ကောင်းကျိုးကို ခံစားနိုင်ပါသည်။ ဗုဒ္ဓဘာသာတို့သည် ကုသိုလ်၊ အကုသိုလ် ရောနှောအကျိုးပေးလျှင် ထိုပေတလောကသို့ အရောက်များတတ်သည်။ သို့ဖြစ်၍ သေပြီးနောက် သေသောနေ့တွင် သက်ပျောက်သပိတ်ဟူ၍ လည်းကောင်း၊ ချသောနေ့တွင် မြေဆင်းသပိတ်ဟူ၍လည်းကောင်း၊ ရက်လည်နေ့တွင် ရက်လည် သပိတ်ဟူ၍လည်းကောင်း အရပ်ထုံးစံအားလျော်စွာ လှူဒါန်း အမျှပေးမှုပြု

ကြလေ့ရှိပါသည်။ တစ်ချိန်ချိန်တွင် သာစုခေါ်နိုင်က ကွယ်လွန်သူအဖို့ ကောင်းကျိုးချမ်းသာ ရရှိနိုင်ပါသည်။ သံဃာတော်တို့၏ သပိတ်ထဲသို့ လောင်းလှူသွတ်သွင်း၍ အမျှပေးဝေကြရသဖြင့် သပိတ်သွတ်သည် (ဆွမ်းသွတ်သည်)ဟု ဝေါဟာရ ပြုထားကြပါသည်။

*

## ဉစ္စာစောင့်

မေး။ ။ အရှင်ဘုရား၊

တပည့်တော်တို့ လူ့ဘုံလောကကို ဉစ္စာစောင့် သိုက်နန်းရှင်တွေဟာ လာချင်တိုင်း လာ၊ ပြန်ချင်တိုင်း ပြန်သွားလို့ ရတယ်လို့ လူတွေအတော်များများက ယုံကြည်နေကြပါတယ် ဘုရား။ အဲဒါ ဖြစ်နိုင်ပါသလား။ နောက်ပြီး ဉစ္စာစောင့်နှင့်သိုက်နန်းရှင်ဆိုတာ မတူဘူးလို့ ပြောကြတယ်ဘုရား။ ဘယ်လို ကွာခြားပါသလဲ။ တကယ်ကော ရှိမရှိ ဖြေကြားပေးတော်မူပါဘုရား။

မောင်ချိုလေး၊ ပဲခူး။

ဖြေ။ ။ ဉစ္စာစောင့်ဟူသည် ဘုမ္မစိုးနတ်မင်းကြီး၏ လက်အောက်ခံ ပေတမျိုးနွယ်များ ဖြစ်ကြသည်ဟု ဆိုသည်။ လူတို့ တစ်ခါတစ်ရံ တွေ့ကြ၊ ကြုံကြသဖြင့် လူ့ဘဝနှင့် နီးစပ်သည်ဟု ထင်ရသော်လည်း အမှန်အားဖြင့် ဘဝချင်း ကွာခြားလှပါသည်။ ဘုမ္မသိတပေတ (မြေကို မှီနေသော ပြိတ္တာမျိုး)များစွာရှိသဖြင့် ၎င်းအမျိုးထဲမှ ဖြစ်နေသော ဉစ္စာစောင့် သိုက်နန်းရှင်ဆိုသည်များလည်း ရှိမည်ဆိုက ရှိနိုင်ပါသည်။ လူများ၌ အဆင့်အတန်းအမျိုးမျိုး ရှိသလို ပြိတ္တာများလည်း အဆင့်အတန်းအမျိုးမျိုး ရှိနိုင်ကြောင်း ပေတဝတ္ထု တွင် ဖတ်ရှုသိသာရပါသည်။

*

www.dhammaransi.com

## လင်ကုသိုလ်ပြုက မယားရ၊ မရ

မေး။ ။ အရှင်ဘုရား

လင်ယောကျ်ားက တစ်နေရာတွင် ကုသိုလ်ပြုခဲ့ပါလျှင် အိမ်မှာနေသော မယား ကုသိုလ် ရ၊ မရ၊ မယား အိမ်က လှူဒါန်းမှုပြုလျှင် ခရီးသွားနေသော လင်ကုသိုလ် ရ၊ မရ သိလိုပါသည်။ မယားပြုက သိသိ၊ မသိသိ လင် ကုသိုလ်ရသည်ဟု ပြောကြားသည်ကို ကြားရပါသည်။ ရှင်းရှင်း ဖြေကြားတော်မူပါဘုရား။

ဒေါ်ညီမ၊ ပြည်မြို့။

ဖြေ။ ။ အပဒါန်ပါဠိတော် အဋ္ဌကထာ၊ ထေရီထေရာပါဠိတော် အဋ္ဌကထာတို့၌ဘုရားလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း၊ ရဟန္တာယောကျ်ားအလောင်း၊ ရဟန္တာမိန်းမ အလောင်းတို့သည် ဆုတောင်း၍ ကုသိုလ်ပြုသဖြင့် မိမိတို့ကုသိုလ် ပါရမီအားလျော်စွာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရကြသည်။ ယောကျ်ားဆုတောင်း၍ ပြုသောကြောင့် ယောကျ်ားသာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဖြစ်သည်။ မိန်းမဆုတောင်း၍ ပြုသောကြောင့် မိန်းမသာ ရဟန္တာ(မိန်းမ)ဖြစ်သည်ဟု လာသည်။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် ယသော်ဓရာအလောင်း သုမိတ္တာ သူဌေးသမီးဖြစ်စဉ်က ငါတို့ ဘုရားလောင်း၏ ဇနီးမယား ဖြစ်ရန် ဆုတောင်း၍ ဘုရားအလောင်းနှင့်အတူ ဖြစ်ရသော ဘဝတိုင်း၌ ကုသိုလ်ပြုဖက်ဖြစ်သော်လည်း ရဟန္တာမလောင်းအဖြစ် ပါရမီ မဖြည့်နိုင်ခဲ့သေးပေ။ ဘုရားလောင်းသာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ခဲ့သည်။ ပဒုမုတ္တရ ဘုရားလက်ထက် (ကမ္ဘာတစ်သိန်းအလို)ကျမှ ယသော်ဓရာအလောင်း ကုသိုလ်ပြု ဆုတောင်း၍ ရဟန္တာ ဖြစ်ရန် ပါရမီ ဖြည့်ရသည်။ ထိုအခါမှ ပါရမီရှင်စစ်စစ် ဖြစ်ရ၏။ ဤခေတ်တွင် ပါရမီရှင်ဟု လွယ်လွယ်ခေါ်နေကြသည်။ ရှေးဦးစွာ ဗောဓိဆုတစ်ဆုဆုကို တောင်းရဦးမည် ဖြစ်၏။ ဆုတောင်းပြီးမှ

www.dhammaransi.com

ထိုဆုပြည့်ရန် ဒါန စသည့် ပါရမီတို့ကို ပြုလုပ်ရမည် ဖြစ်သည်။ ဆုမတောင်းဘဲ လှူဒါန်းခြင်းစသည်မှာ ပါရမီ မဟုတ်သေးကြောင်း သတိပြုရပေမည်။

*

## ကံ စိတ် ဥတု အာဟာရနှင့် သုံးဆယ့်နှစ်ကောဋ္ဌာသ

မေး ။ ။ အရှင်ဘုရား

ဆံပင် မွေးညင်း စသော ၃၂ ကောဋ္ဌာသကို ပထဝီ ဓာတ် ၂၀၊ အာပေါဓာတ် ၁၂ ပါးဟု ခွဲထားသည်ကို သိရပါသည်။ တစ်ခါက အရှင်ဘုရားသည် ၎င်း ၃၂ ကောဋ္ဌာသကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ ၄ ပါးနှင့် ခွဲပုံကို ရေးသားသည်ဟု သိရပါသည်။ ထိုခွဲပုံကို တပည့်တော်အား အကျဉ်းမျှ ဖြေပြစေလိုပါသည် ဘုရား။

သိလိုသူ စောမြမောင်၊ ဘားအံ။

ဖြေ ။ ။ ဆံပင် မွေးညင်း စသော ၃၂ ကောဋ္ဌာသတွင် ပြည်၊ အစာသစ်၊ အစာဟောင်း၊ ကျင်ငယ်၊ ဥတုကြောင့် ဖြစ်သည့် ၄ ပါး။ နှပ်၊ တံတွေး၊ ချွေး၊ မျက်ရည်၊ ဥတု။ စိတ် ၂ ပါးကြောင့် ဖြစ်သည့် ၄ ပါး၊ ၎င်း ၈ ပါးမှ ကြွင်း ၂၄ ပါးမှာ ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်သည်ဟု မှတ်သားသင့်ပါသည်။ ၎င်းအကြောင်း မှတ်ဖွယ် ကဗျာတစ်ပုဒ် ကင်းဝန်မင်းကြီး ကဗျာစုစာအုပ်တွင် ဤသို့တွေ့ရသည်။

"ဥတုဖြစ်မှာဖြင့်၊ ပြည် စာသစ်၊ ကျင်နှစ်တန်။ နှပ် တံတွေး ချွေး၊ မျက်ရည် လေးပုံစုမှာ၊ ဥတု စိတ်နှစ်ပါးငယ်ကြောင့်၊ ပွားဘိအမှန်။ ။ နှစ်ဆယ့် လေး၊ စုဆေးကြ ကြွင်းအကျန်၊ ငါ်ဘ် ကံ ဥ အာ လေး။ သမုဋ္ဌာန်၊ ဟုတ်မှန်အောင် မှတ်ယူ သိလေဟု၊ ညွှန်းဘိလတ်သေး"။ ။

*

www.dhammaransi.com

## ဗုဒ္ဓဘာသာနှင့် သုံးဆယ့်ခုနစ်မင်း နတ်များ

မေး။ ။ အရှင်ဘုရား၊

ဗုဒ္ဓဘာသာဝင် အမည်ခံအတော်များများ ၃၇ မင်းနတ် ကိုးကွယ်နေကြသည်။ လက်ရှိကောင်းကင်ယံတွင် နေထိုင်ကြကုန်သော ဝိသာခါကျောင်းအမ၊ အနာထပိဏ်သူဌေးကြီးကဲ့သို့ နတ်ပြည်နေနတ်များကိုမူ ကိုးကွယ်သည်ဟုတော့ မကြားတွေ့ရပါ။ စင်စစ် ၃၇ မင်း နတ်များသည် အစိမ်းသေများဟု စာပေလာရှိထားရာ ဗုဒ္ဓဘာသာဝင် အမြတ်စား ဖြစ်လိုကြသူများအတွက် ဆုံးမ ဖြေကြားပေးတော်မူပါဘုရား။

ဦးစောဌေး၊ တောင်ကြီး။

ဖြေ။ ။ ဝိသာခါ၊ အနာထပိဏ်တို့သည် နိမ္မာနရတိနတ်ပြည် တာဝတိံသာ နတ်ပြည်ဟူသော နတ်ပြည် ခြောက်ထပ် အထက်တန်းစား နတ်မိဖုရားကြီး၊ နတ်မင်းကြီးများ ဖြစ်နေကြသည်။ ၎င်းတို့သည် လူ့ပြည်သို့ လာလေ့မရှိကြ။ လူတို့၏ အနံ့ကို မခံနိုင်ကြပါ။ ယူဇနာပေါင်းများစွာမှပင် လူတို့အနံ့ဆိုးများက လှိုင်၍နေသည်ဟု ဆိုကြသည်။ ဘုရားရဟန္တာအရိယာ သူတော်ကောင်းတို့၏ သီလရနံ့များကြောင့်သာ တစ်ခါတစ်ရံ လာရောက်နိုင်ကြသည်။ ယခုခေတ် လူများသည် ၎င်းနတ်ကောင်း၊ နတ်မြတ်များကို အဆင့်မမီနိုင်ကြ။ လူ့ရွာရှိ ဖော်ပြပါ အစိမ်းသေ နတ်များလောက်သာ အဆင့်မီကြပြီး ထိုနတ်များကလည်း နတ်ဆိုးများပီပီ ထိုသူတို့အား မှိုခိုနှိပ်စက်၍ စားနေကြသည်။ လူတို့ကလည်း သူခိုး၊ ဓားပြများကို ရိုက်နှက်မည်ကို စိုးရိမ်၍ ရှိခိုးနေကြသကဲ့သို့ ကိုးကွယ် ပသနေကြရခြင်းသာ ဖြစ်ရာ ဗုဒ္ဓဘာသာသူတော်ကောင်းတို့ အလုပ် မဟုတ်သဖြင့် ယင်းနတ်ဆိုးများအား အဆက်အဆံမလုပ်ဘဲ ကုသိုလ်တရားသာ အားထား လုပ်ဆောင်၍ အမျှအတန်း ပေးဝေနေသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဘဒ္ဒန္တတိလောကသာရ (ရဝေထွန်း)

www.dhammaransi.com